
www.burmeseclassic.com

# KENILWORTH

**SIR WALTER SCOTT**



ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၁၉၇/ ၂၀၀၁ (၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၂၇၃/ ၂၀၀၀ (၁၁)

❒

**စီစဉ်သူ**

ကိုမြင့်ထွန်း

❒

**ပုံနှိပ်ခြင်း**

ဒုတိယအကြိမ် - (မေလ၊ ၂၀၀၁)
အုပ်ရေ - (၁၀၀၀)

❒

မျက်နှာဖုံးပန်းချီ - တင်မောင်မျင့်
ကာလာခွဲ - *Alpha*
အတွင်းဖလင် - ဇမ္ဗူအေး

❒

**ပုံနှိပ်သူ**

ဒေါ်စိန်စိန် (၀၅၄၀၄) ရောင်စဉ်အော့ဖ်ဆက်
အမှတ် (၁၆၃) ၄၈လမ်း၊ ဗိုလ်တထောင်။

❒

**ထုတ်ဝေသူ**

ဦးကျော်ဆန်း (၀၉၃၂)၊ ရဲအောင်စာပေ
အမှတ်(၂)၊ ချွန်း(၁)လမ်း။ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

❒

**တန်ဖိုး**

၆၀၀ ကျပ်

# ( ၁ )

၁၈ ရာစုနှစ်အတွင်း အလစ်ဇဘက်ဘုရင်မကြီးလက်ထက်၌ 'အော့စဖို့ မြို့နှင့် ၃-၄ မိုင်ခန့်ဝေးသော 'ကူးနား' ရွာကလေးတွင် 'ဝက်ဝံနက်' ခေါ် ထင်ရှားသော ထမင်းဆိုင်ကလေးတစ်ဆိုင်ရှိ၏။ ပိုင်ရှင်မှာ အသက်(၅၀)ကျော်ခန့်ရှိ 'ဂျိုင်းဂိုစလင်း' ဆိုသူဖြစ်၍၊ ခေတ်မီသော အတွေးအခေါ်များရှိခြင်း၊ ငွေရေးကြေးရေးတွင် မှန်ကန်ခြင်း၊ အရက်ကောင်းများ သိုလှောင်ထားသည့် မြေတိုက်တစ်ခုရှိခြင်း၊ လတ်တလော ထိုးထွင်းဉာဏ်ကောင်းခြင်းနှင့် သမီးချောတစ်ယောက်ရှိခြင်း စသည့် ဂုဏ်အင်္ဂါများနှင့် ပြည့်စုံသူဖြစ်လေသည်။

တစ်နေ့သော ညနေစောင်းတွင် ဝက်ဝံနက် ထမင်းဆိုင်ဝင်းအတွင်းသို့ ခရီးဝေးမှ လာခဲ့ဟန်တူသော ခရီးသည်တစ်ဦး ဆိုက်ရောက်လာပြီးလျှင် ထိုသူသည် မြင်းထိန်း၏လက်ထဲသို့ မြင်းကိုပေးအပ်လိုက်လေသည်။

ရောက်လာသော ဧည့်သည်မှာ ရုပ်လက္ခဏာအနေအထားအားဖြင့်လည်းကောင်း၊ ဟန်အမူအရာအားဖြင့်လည်းကောင်း၊ ပြောဆိုပုံ

www.burmeseclassic.com



အားဖြင့်လည်းကောင်း၊ များစွာ နှစ်လိုဖွယ်မရှိသကဲ့သို့ ဖြစ်နေသော်လည်း အလုံးစုံပေါင်းစပ်၍ ကြည့်သော် ယင်းတို့မှာ ရုပ်ရည်နှင့်မလိုက်သကဲ့သို့ရှိနေ၏။

'အလို မိုက်၊ လူကလေး . . မင်း မိုက်မဟုတ်လားဟေ့'

ဟု ထမင်းဆိုင်ပိုင်ရှင်ဖြစ်သူက ဆီးကြိုနှုတ်ဆက်လိုက်၏။ အကြောင်းသော်ကား ယခုရောက်လာသူမှာ အခြားမဟုတ်ဘဲ သူ၏အစ်မသား 'မိုက်ကယ်လင်းဘုန်း' ဖြစ်သောကြောင့်ပေတည်း။

'ကျွန်တော် ဆယ့်ရှစ်နှစ်လုံးလုံး ကမ္ဘာကို အနှံ့လှည့်ပတ်သွားနေရာက ပြန်ရောက်လာတော့၊ ဦးလေးမျက်စိများ မှားနေမလားလို့'

ဟု မိုက်က ပြန်ပြောလိုက်လေသည်။

'ဒီ ၁၈ နှစ်အတွင်းမှာ မင်းရဲ့ အမူအကျင့်တချို့ကို ပြုပြင်ပြောင်းလဲခဲ့လိမ့်မယ်လို့ ငါတော့ယုံကြည်တာပဲကွယ် . . မင်းကို မြင်ရတာနဲ့ ဟောဟိုက ရေငုံပြီးထိုင်နေတဲ့ ငါ့ဧည့်သည်ကိုတောင် သွားပြီးသတိရမိပြန်ပါပြီ၊ ဒီလူက သူ အခုရောက်နေတဲ့ ၂ ရက်အတောအတွင်းမှာ သူ့အလိုရှိတာတွေ စားစရာတွေမှာတာကလွဲပြီး စကားတစ်လုံးမှမပြောဘူးကွဲ့ . . စားသောက်သုံးစွဲလိုက်တာ မင်းညီမင်းသား တစ်ပါးကျနေတာပဲ၊ ပြီးတော့ ဘယ်နေ့ကျ ဒီကထွက်သွားမယ် ဆိုတာလည်းမသိရဘူး . .'

ထို့နောက် လက်ဝဲဘက် လက်မောင်းပေါ်၌ ဖြူဖွေးသောလက်သုတ်ပဝါကို ခန့်ငြားစွာတင်လျက်၊ လက်ယာလက်ထဲ၌ ငွေအရက်ဘူးကို ကိုင်စွဲထားသော ထမင်းဆိုင်ရှင်သည် အထက်က သူပြောခဲ့သည့် ဧည့်သည်ရှိရာသို့ လျှောက်သွားလေရာ၊ ထမင်းဆိုင်ထဲတွင်ရောက်ရှိ၍နေကြသော ပရိသတ်၏ မျက်လုံးများသည် ထိုသူ့အပေါ်သို့ ပျံ့ဝဲကျရောက်သွားလေသည်။





ထိုသူမှာ အသက် ၂၅ နှစ်နှင့် ၃၀ အတွင်းခန့်ဖြစ်လျက်၊ သင့်တင့်လျောက်ပတ်သော အဝတ်အစားများကို ရိုးသားစွာ ဝတ်ဆင်ထားသော်လည်း၊ ခန့်ငြားတည်ကြည်သော ကိုယ်ဟန်အမူအရာရှိသည်ဖြစ်ရာ သူ၏အဆင့်အတန်းထက် သူ၏အပြုအပြင်ကို နှိမ့်ချထားဟန်ရှိ၏။ မည်းနက်သော ဆံပင်၊ မည်းနက်သော မျက်လုံးများနှင့် သူ၏မျက်နှာ ဟန်အမူအရာမှာ လေးလေးနက်နက် စဉ်းစားတွေးဆတတ်သည့် ဉာဏ်နှင့် ပြည့်စုံဟန်တူလေသည်။

ဆိုင်ရှင် 'ဂျိုင်း'က သူ၏တူတော်မောင် ပြန်လည်ရောက်ရှိလာသည့် အထိမ်းအမှတ်အဖြစ်ဖြင့် ကျင်းပမည့် စားသောက်ပွဲကလေးတွင် ကိုယ်တိုင်ပါဝင်စားသောက်ခြင်းဖြင့် ဂုဏ်ပြုပါရန် ဧည့်သည်သူစိမ်းဖြစ်သူအား ရိုသေစွာ ဖိတ်မန္တကပြုလေသည်။ ပထမသော် ဧည့်သည်သည် ဖိတ်ကြားချက်ကို လက်မခံလိုသကဲ့သို့ သူ၏ဦးခေါင်းကိုယမ်းခါလိုက်၏။ သို့သော် ထမင်းဆိုင်ရှင်ကြီးက ယင်းကဲ့သို့ ငြင်းဆန်ခြင်းသည် လူထဲတွင် မဝင်ဆန့်သည့် ရိုင်းစိုင်းသော အပြုအမူဟူ၍ 'ကူးနား' ရွာသားများက ယူဆလိမ့်မည်ဖြစ်ပါကြောင်းနှင့် သူ့အား ရော့လည်းစွာ ထပ်မံရှင်းလင်းပြလေသည်။

ထိုအခါမှ သူသည် နေရာမှထပြီးလျှင် မိမိတို့၏ ငွေကလေးများဖြင့် အရက်ကို ခြိုးခြံစွာသောက်နေကြရာမှ ဆိုင်ရှင်ကြီး၏ စေတနာဖြင့် အရက်ကောင်းများနှင့် အစားအသောက်ကောင်းများကို ဖောဖောသီသီဝဝလင်လင် စားသောက်ကြရဦးမည်ကိုမျှော်မှန်းလျက် အာခွန်းရှင်ကာ တသောသောဖြစ်နေကြသော ရပ်ရွာထဲမှ လူ့ပုံအလဲ့သို့ မိုက်ကယ်လင်းဘုန်းနည်းတူ ဝင်ရောက်ရောနှောထိုင်လိုက်တော့၏။

'ကိုင်း ကျုပ်ရဲ့ ဧည့်သည်တော်ကြီးကို ဘယ်လိုနာမည်နဲ့ အခေါ် မိတ်ဆွေတွေကို မိတ်ဆက်ပေးရပါ့မလဲ . .'



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော့်ကို ထရိုက်ဆီးလီးယန်းလို့ ခေါ်နိုင်ပါတယ် ဆိုင်ရှင်ကြီး ခင်ဗျာ . .'

သို့နှင့် သူသည် 'မစ္စတာ ထရက်ဆီးလီးယန်း'အား သူ့တူ၏ အပေါင်းအသင်းများနှင့် မိတ်ဆက်ပေးလေရာ သူတို့သည် မိမိတို့၏ မိတ်ဆွေသစ်အတွက် ကျန်းမာစေလိုကြောင်းနှင့် အရက်များကို သောက်ကာ ဆုမွန်ကောင်းများကို တောင်းဆိုကြပြီးနောက် ထွေရာလေးပါးစကားများပြောကာ အသီးသီး စကားလက်ဆုံကျလျက်ရှိကြလေ၏။

နောက်ဆုံး၌ မိုက်ကယ် စုံစမ်း မေးမြန်းလျက် ရှိသည့် အကြောင်းအရာများထဲတွင် 'တော်နီဖော်စတာ' ဟူသော အမည်ပါလာသဖြင့် 'မင်း ပြောတာ ဘယ် တော်နီဖော်စတာလဲ' ဟု ထမင်းဆိုင်ရှင်ကြီးက လှမ်းမေးလိုက်လေသည်။

'ဘုန်းတော်ကြီးလက်တီမာနဲ့ရစ်ဒလေးတို့ကို မီးရှို့သတ်တုန်းက ပါးကွက်သားရဲ့ မီးတုတ် လေတိုက်လို့ငြိမ်းသွားပြီး ဘယ်သူမှ မီးပေးမယ့်လူမရှိတော့ သူက မီးပုံကို မီးညှိဖို့ မီးယူပေးလို့ မီးတုတ် တော်နီလို့ အခေါ်ခံရတဲ့ လူဟာကောဗျာ . .'

'အဲဒီ တော်နီဖော်စတာတော့ စီးပွားတွေ ဘာတွေတက်လို့ ရှိပါ့ကွယ် . . နို့ပေမယ့် မင်းအချောင် စားခုတ်မခံချင်ရင်၊ သူ့ကို မီးတုတ် တော်နီလို့ သွားမခေါ်လေနဲ့ မောင်ရင်ရေ . .'

'ဘယ့်နှယ့်ကြောင့်လဲဗျ . . သူက ဒါကို ရှက်လို့တဲ့လား။ မီးကင်ထားတဲ့ မစ္စာဒိဋ္ဌိတစ်ယောက်ကိုမြင်ရတာ နွားကင်တစ်ကောင်ကို မြင်ရတာလိုပဲ သဘောကျတယ်လို့ သူပြောပြီး ကြွားဖို့ပဲရှိတယ် မဟုတ်လား'

'အေးလေ . . သူ့အဖေက အဗင်ဒန်မြို့က ဂိုဏ်းအုပ်ဘုန်း





တော်ကြီးရဲ့ တရားသူကြီးလုပ်နေတဲ့ အချိန်တုန်းကတော့ ဟုတ်တာပေါ့၊ နို့ပေမယ့် အဲဒီကတည်းက တော်နီဟာ စင်ကြယ်တဲ့မိန်းမတစ်ယောက်ကို လက်ထပ်ပြီး ရေဖျန်းဂိုဏ်းသားတစ်ယောက်ဖြစ်လာခဲ့တယ် . .'

'ပြီးတော့ မျက်နှာထားတင်းတင်းနဲ့ ဦးခေါင်းကိုမော့ပြီး သူ့ မိတ်ဆွေဟောင်းတွေအပေါ်မှာလည်း မထီလေးစားလုပ်လာတယ်' ဟု အဗင်ဒန်မှ (လောရင့်ဂိုလ်သရက်)ဆိုသူ သိုးမွေးနှင့်အထည် ကုန်သည်တစ်ဦးက ဝင်၍ပြောလိုက်လေသည်။

(လင်းဘုန်းက ဆက်လက်၍)

'ဒါဖြင့် သူက ချမ်းသာနေတာပေါ့လေ . . လူဆိုတာ ဒီလိုပဲ၊ ကိုယ်ပိုင်ရွှေဒင်္ဂါးကလေး ဘာလေးနဲ့ဖြစ်လာရင်၊ ကိုယ့်ပိုက်ဆံအိတ်လာထိမယ့်လူတွေကို အဝေးက ရှောင်သွားလေ့ရှိတတ်တာဟာ ဓမ္မတာပဲ'

(သိုးမွေးကုန်သည်က ထ၍)

"ချမ်းသာတာမှ တကယ့်ကို ချမ်းသာနေတာပဲ။ ဟို ဘုရားရှိခိုးကျောင်းဝင်းဘေးက "ကူးနှာ:ပလေ့" ဆိုအိမ်ကြီးကို ခင်ဗျား မှတ်မိတယ် မဟုတ်လား"

'မှတ်မိပြီလားဗျာ . . အဲဒီက သစ်သီးခြံထဲကို ကျွန်တော် ၃ ခါတောင် ဝင်ခိုးဖူးသေးတယ်၊ အဲဒါ ဘာဖြစ်သလဲ၊ ဒီအိမ်ကြီးက အဗင်ဒန်မှာ ပလိပ်ရောဂါလား ဘာလားဖြစ်တုန်းက ဂိုဏ်းအုပ်ဘုန်းကြီးရဲ့ အိမ် ဖြစ်လာခဲ့တာပဲ . .'

'အေး . . အဲဒါက ဟိုးတုန်းကကွ . . တော်နီဖော်စတာက ဒီအိမ်ထဲမှာ အခွင့်အရေးရှိနေလေတော့ ဝတ္ထုကမြေတွေကို နှန်းတော်က ရထားတဲ့ နန်းတွင်းအရာရှိကြီးတစ်ဦးဆီက အမိန့်နဲ့ အဲဒီအိမ်မှာ ခုနေ

www.burmeseclassic.com



တယ် . . အဲဒီ စံအိမ်ကြီးမှာနေပြီး ကူးနားရွှာက ဘယ်ဆင်းရဲသားပါမွှားနဲ့မှ အဖက်လုပ်စရာမလိုလေတော့၊ သူ့ကိုယ်သူ ဆာဘွဲ့ရပြီးထားတဲ့ သူရဲကောင်းကြီးတစ်ယောက်လို အောက်မေ့ပြီး ဟန်ကြီး ပန်ကြီးလုပ်နေတာပေါ့လေ'

'နေပါဦးဗျ . . တော်နီမှာ သွေးကြီးတာကြောင့်သာ မဟုတ်ဘူး၊ ဒီကိစ္စထဲမှာ မိန်းမချောကလေးတစ်ယောက်လည်း ပါနေသေးတယ်၊ တော်နီက ဒီမိန်းကလေးကို နေပြောက်ကလေးတစ်စက်တောင်မှ မထိုးရအောင် စောင့်ရှောက်ထားတယ်'

ထိုအခါ တစ်ချိန်လုံး နှုတ်ဆိတ်လျက်ရှိနေခဲ့သော ထရက်ဆီးလီးယန်းက ပထမဆုံးအကြိမ် ဝင်ရောက်လျက် . .

'ဘယ့်နှယ့်ဗျ . . ဒီ ဖော်စတာဟာ လက်ထပ်ပြီးပြီလို့ ခုတင်က ခင်ဗျားတို့ပဲ ပြောခဲ့ကြတယ် မဟုတ်လား'

'လက်ထပ်ခဲ့တာ မှန်ပါတယ် . . နို့ပေမယ့် အဲဒီမိန်းကလေးက သေသွားပြီ၊ တော်နီမှာ တိတ်တိတ်ပုန်းမွေးထားတဲ့ သမီးတစ်ယောက် ရှိရင်ရှိမှာပဲ၊ အဲဒါကြောင့် တော်နီဟာ ဒီမျက်နှာစိမ်း မိန်းကလေးကို လက်ထပ်ယူလိမ့်မယ်လို့ လူတွေက ထင်ကြေးပေးနေကြတာပေါ့'

'ဒီမိန်းကလေးအကြောင်းကို သူတို့က ဘာကြောင့် ဒီလောက်ရေးကြီးခွင်ကျယ်လုပ်ပြီး ပြောနေရတာတဲ့လဲ'

'ဒီမိန်းကလေးဟာ နတ်သမီးလောက်ချောတယ်လို့ လူတွေက ပြောနေကြတာရယ် . . သူဘယ်က ရောက်လာမှန်း ဘယ်သူမှမသိတာရယ် . . သူ့ကို ဘာကြောင့် ဒီလိုလှောင်ချိုင့်ထဲမှာထည့်ပြီး ပိတ်ထားတယ်ဆိုတာ လူတိုင်းသိချင်နေကြတာရယ်၊ အဲဒါတွေက လွဲပြီး ဘာကြောင့်ဆိုတာ ကျုပ်လည်းမသိဘူးဗျာ၊ ကျုပ်အဖို့တော့ ဒီမိန်း





ကလေးကို တစ်ခါမှလည်း မမြင်ဖူးပါဘူး၊ ခင်ဗျားတော့ မြင်ဖူးလိမ့်မယ်ထင်တယ် မစ္စတာဂိုလ်သရက် . .'

မြင်ဖူးတာပေါ့ဗျာ . . ဒီလိုဗျ တစ်နေ့တော့ ကျွန်တော်က အဗင်ဒန်က မြင်းစီးပြီးပြန်လာတယ်၊ စံအိမ်ကြီးရဲ့ ဆေးခြယ်ထားတဲ့ ပြတင်းပေါက်ကြီးအောက်က ကျွန်တော်ဖြတ်ပြီးလာတော့ စာခန်းဆီးကို ဆွဲပြီးဖွင့်လိုက်တဲ့အသံ ကြားလိုက်ရတယ်၊ လား လား . . မော့ကြည့်လိုက်တော့ ကိုယ့်မျက်စိကိုတောင် မယုံမိဘူး၊ ပြတင်းပေါက်မှာ ရပ်နေတဲ့ မိန်းမတစ်ယောက်ဟာ ချောလိုက်တာမှ ကျွန်တော့်တစ်သက်နဲ့တစ်ကိုယ် ဒီလိုချောပုံလှပုံမျိုး တကယ့်ကို တစ်ခါမှ မမြင်ဖူး မတွေ့ဖူးပါဘူးဗျာ . .'

'သူ့ပုံပန်းသဏ္ဍာန်ကို တစ်ဆိတ်လောက် မသိရဘူးလားဗျာ'

'အိုဗျာ သူဝတ်ထားတာ ကတော့ဖြင့် ဘုရင်မ ကိုယ်တိုင်တောင် အသုံးပြုလောက်တဲ့ ကောင်းပေ့ ညွန့်ပေ့ဆိုတဲ့ အဝတ်အစားအသစ်အဆန်းတွေပါပဲ၊ နို့ပေမယ့် သူ့ကို ကျွန်တော်မော့ကြည့်လိုက်ဖို့အချိန် နည်းနည်းပဲ ရလိုက်တယ်၊ ဖြစ်ပုံက ဒီလိုဗျ . . ခုလို အခွင့်ကောင်းကြုံတုန်း သူ့ကို ကျွန်တော်က ပြုံးပြီး မိတ်ဖွဲ့နှုတ်ဆက်တော့မလို လုပ်နေတုန်းမှာ . .'

(စကားမဆုံးမီ လင်းဘုန်းကဝင်၍)

'သစ်ကြားသီးကလေးကို မျောက်လွှဲကျော်ကြီးက သွားကြီးဖြီးပြီး ပြုံးနေတဲ့ပုံမျိုး ဖြစ်မှာပေါ့လေ'

လင်းဘုန်း၏ ပြောင်လှောင်ခြင်းကို ဂရုမစိုက်ဘဲ ဂိုလ်သရက်က ဆက်လက်၍ . . .

'ရုတ်တရက် တော်နီဖော်စတာ ကိုယ်တိုင် တုတ်ကြီးတစ်ချောင်း ကိုင်လျက် ပေါ်လာပြီးတော့ . .'



www.burmeseclassic.com

www.burmeseclassic.com



(စကားမဆုံးမီ ဆိုင်ရှင်ကြီးက ဝင်၍)

'စော်ကားရမလားဆိုပြီး ခေါင်းကိုရိုက်ခွဲလိုက်ရော ဆိုပါတော့'

(ဂိုလ်သရက်က ဒေါသဖြစ်လာဟန်ဖြင့် ဆက်၍)

'ဒါမျိုးကအပြောလောက် အလုပ်ကမလွယ်ပါဘူးဗျာ၊ မဟုတ်ပါဘူး၊ ခေါင်းတွေ ဘာတွေ ရိုက်ခွဲတာ မပါပါဘူး၊ တုတ်ကြီးကိုကိုင်ပြီး သူ ရှေ့တိုးလာဟာတော့ မှန်ပါတယ်၊ ပြီးတော့ ကျွန်တော့်ကိုမေးတယ်၊ လူအများနဲ့ဆိုင်တဲ့လမ်းက ဘာကြောင့်မသွားတာလဲတဲ့၊ မိန်းကလေး ရှေ့မှာမို့ပေါ့ဗျာ၊ နို့မဟုတ်ရင်တော့ ဒီလို စော်စော်ကားကား မေးရပါ့မလားဆိုပြီး မုချသူ့ခေါင်းကြီးကို ကျွန်တော်ရိုက်ခွဲမိခဲ့ပြီးသားပဲ . . .'

'အဲဒါတွေ ဘေးဖယ်ထားစမ်းပါဦး၊ စင်စစ်တော့ ခင်ဗျားမှာ အင်မတန်ကြုံရခဲတဲ့ လာဘ်ကြီးတစ်ခုနဲ့ လွဲသွားတာပဲ . . .'

'အဲဒီ လာဘ်ကြီးကို ခင်ဗျားကိုယ်တိုင်ပဲ ယူပါတော့ မိုက်ကယ်ရယ် . . .'

'ပေါင်မုန့်တစ်အိတ်သာ ရမယ်ဆိုရင် ဘာကြောင့် ကျွန်တော်မယူရမှာလဲ၊ အော် . . နေဦး . . နေဦး . . ကျွန်တော့်မှာ ဖျင်စ လိုနေတယ်၊ နက်ဖြန်ကာကျရင် ကျွန်တော် အဲဒီစံအိမ်ကြီးကိုသွားပြီး ကျွန်တော့်ကို သူ့ဧည့်သည် အချောအလှကလေးနဲ့ မိတ်ဆက်ပေးဖို့ တော်မီဖော်စတာကို ပြောရဲ မပြောရဲ ဟောဒီ ရွှေဒင်္ဂါး ၅ ပြားနဲ့ ခင်ဗျားက ဟော်လန်စ (ဟော်လန်ပြည်တွင် စတင်ပြုလုပ်သော ဖျင်စမျိုး) တစ်စကြေး လောင်းမလား'

'လောင်းမယ်ဗျာ၊ ဟောဒီက ကျွန်တော်တို့ ထမင်းဆိုင်ရှင်ကြီးက လောင်းကြေးကို ဒိုင်အဖြစ်နဲ့ သိမ်းထားလိမ့်မယ် . . ကျွန်တော့်ဆီက ဖျင်စအယူလွှတ်ခိုင်းတဲ့ အချိန်အထိ ရွှေဒင်္ဂါးကို ကျွန်တော် ချ





လောင်းထားမယ်'

'ခင်ဗျား ခွင့်ပြုမယ်ဆိုရင် အဖော်ရအောင် လောင်းကြေးထဲမှာ ကျွန်တော် တစ်ဝက်ဝင်ခံပါမယ်'

ဟု ထရက်ဆီးလီးယန်းက လင်းဘုန်းအား လှမ်းပြောလိုက်သည်။

'ဒီလိုလုပ်ရလို့ ခင်ဗျားအတွက် ဘယ်လိုများအကျိုးထူးမှာမို့လဲ'

'ခင်ဗျားရဲ့ စွမ်းရည်သတ္တိကို အမှတ်တရ ဖြစ်ဖို့ကလွဲပြီး ကျွန်တော့်အတွက် ဘာမှတော့ အကျိုးမရှိဘူးပေါ့ဗျာ . . နို့ပေမယ့် ကျွန်တော်က ထူးထူးဆန်းဆန်း အဖြစ်အပျက်တွေ စွန့်စားမှုတွေကို တမင်လိုက်ပြီး ရှာဖွေနေတဲ့ ခရီးသည်တစ်ယောက်ပဲဗျ . . .'

'သိုက်တူးတာကို ခင်ဗျားလိုက်ပြီး ကြည့်ချင်သပဆိုရင်လည်း လိုက်ပေါ့ဗျာ၊ ကျွန်တော်ကတော့ ကျွန်တော့်စွမ်းရည်သတ္တိအတွက် သက်သေ ဘယ်နှစ်ယောက်ပဲရှိရှိ ဂရုမစိုက်ပါဘူး၊ ဒါကြောင့် ဟောဒီမှာ ကျွန်တော့်ရဲ့ စွန့်စားခြင်း အောင်မြင်မှုအတွက် ကျွန်တော်အရက်သောက်ပါတယ် . .'

ထို့နောက် လူစုကွဲသွားကာ ဧည့်သည်များလည်း အသီးသီး ထွက်ခွာသွားကြလေသည်။

*



www.burmeseclassic.com

www.burmeseclassic.com

## ( ၂ )

နောက်တစ်နေ့နံနက်၌ မိုက်ကယ် လင်းဘုန်းသည် မစ္စတာ ထရက်ဆီးလီးယန်းနှင့်အတူ အန်တော်နီဖော်စတာ၏ အိမ်ကြီးရှိရာသို့ သွားရောက်ကြလေ၏။ ရောက်ရှိကြသောအခါ ထောင်တစ်ခုထက်ပို၍ နိုင်ခန့်လုံခြုံသည်ကို သတိပြုရင်း၊ လင်းဘုန်းသည် စံအိမ်ကြီး၏ ကြီးမားသော တံခါးကြီးကို ရဲဝံ့စွာပင် ခပ်ပြင်းပြင်းခေါက်လိုက်လေသည်။ တစ်ချက်ထက်ပို၍ မခေါက်ရမီ အသက်ကြီးပြီး မျက်နှာထား ခပ်ဆိုးဆိုးနှင့် အစေခံတစ်ယောက်သည် သံမင်းတုန်းကြီးများဖြင့် သေချာစွာ ပိတ်ဆို့ထားသော တံခါးကြီးမှ 'ချောင်းကြည့်ပေါက်' ကလေးကိုဖွင့်ကာ သူတို့အား ကြည့်ရှုပြီးလျှင် ကိစ္စကို မေးမြန်းလေသည်။

'အရေးကြီးတဲ့နယ်ပယ်ကိစ္စနဲ့ပတ်သတ်ပြီး မစ္စတာဖော်စတာနဲ့ စကားပြောစရာရှိလို့ပဲ'

ဟု မိုက်ကယ်လင်းဘုန်းက ပြန်ပြောလိုက်သဖြင့် အစေခံလည်း သူ့သခင်ထံ သွားရောက်ပြောကြားရန် ထွက်ခွာသွား၏။

မကြာမီ ထိုသူပြန်လာ၍ တံခါးကိုဖွင့်ပေးပြီးလျှင် သူတို့အား





အဆောက်အဦများ ပတ်လည်ဝိုင်းရံနေသော လေးထောင့်ကွက်လပ်လေး တစ်ခုရှိရာသို့ ခုံးပေါက်ကြီးတစ်ခုအောက်မှ တစ်ဆင့်ခေါ်ဆောင်သွားလေသည်။ ခုံးပေါက်ကြီးနှင့် မျက်နှာချင်းဆိုင်တွင် အခြားတံခါးတစ်ခုရှိ၍ အစေခံသည် ထိုတံခါးကိုသော့ဖွင့်ပြီးလျှင် ကျောက်ပြားများခင်းလျက် အိမ်ထောင်ပရိဘောဂ အနည်းငယ်မျှသာရှိသော ဧည့်ခန်းတစ်ခုထဲသို့ ခေါ်သွားကာ သူတို့အား နေရာထိုင်ခင်းပေးလေသည်။ အခန်းတွင်းရှိ အိမ်ထောင်ပရိဘောဂများကား အကြမ်းဆုံးနှင့် ရှေးအကျဆုံး ပုံစံများဖြစ်ကြသည်။

သူတို့သည် အတန်ကြာ စောင့်ဆိုင်းနေကြရလေ၏။ အိမ်ရှင်ရောက်လာသောအခါ အိမ်ရှင်သည် သူတို့အား တစ်ချက်မျှစိုက်၍ ကြည့်လိုက်ပြီးနောက်၊ ခြေလှမ်းကို ရေတွက်သကဲ့သို့ မျက်လွှာချကာ အခန်း အလယ်သို့ လျှောက်လာပြီးလျှင် . . .

'ဘာယ်လိုအကြောင်းနဲ့ ဒီကို အလည်အပတ်ရောက်လာကြတာလဲ ခင်ဗျာ'

ဟု မေးလိုက်လေသည်။

ထိုအခါ မိုက်တယ်သည် ခပ်အင်အင်ဖြစ်နေသော အိမ်ရှင်၏ လက်ကို အားပါးတရ ကိုင်ဆွဲလှုပ်ယမ်းလျက် . . .

'ဘယ့်နှယ့်လဲ မိတ်ဆွေကြီး တော်နီဖော်စတာ . . နှစ်ပေါင်း ဒီလောက်ကြာတဲ့အတွင်းမှာ ခင်ဗျားဘယ်လိုများ ရှိနေပါသလဲခင်ဗျား နေပါအုံးဗျ . . ခင်ဗျားနဲ့ တွဲဘက်ဖြစ်တဲ့ မိတ်ဆွေရင်း မိုက်ကယ် လင်းဘုန်းကိုတောင် မမှတ်မိတော့ဘူးလား . .'

'မိုက်ကယ်လင်းဘုန်း . . ဟုတ်စ'

'ဟုတ်ပါတယ်ဗျာ . . မိုက်ကယ်လင်းဘုန်းမှ အစစ်ပါပဲ'

'ဒါဖြင့် ဒီကလူကြီးမင်းက ဘယ်သူလဲ၊ ခင်ဗျားလို ဧည့်သည်များ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ပဲလား . . .'

'သူက မစ္စတာ ထရက်ဆီးလီးယန်းပါတဲ့ ဖော်စတာ၊ သူ့ကို ရှိသေလေးစားထိုက်တဲ့ ဂုဏ်အင်္ဂါအပေါင်းနဲ့ပြည့်စုံတဲ့ ကောနစ်နယ်သား လူကြီး လူကောင်းတစ်ဦးအဖြစ်နဲ့ အသိအမှတ်ပြုစေလိုပါတယ်'

'ဒါဖြင့် မင်းနဲ့ တခြားအခန်းတစ်ခုထဲမှာ ငါစကားပြောချင်တယ် မိုက်ကယ်၊ ဘာကြောင့်လဲဆိုတော့ ငါပြောစရာရှိတဲ့စကားကို မင်းတစ်ယောက်တည်း ကြားစေချင်လို့ပဲ၊ လူကြီးမင်းခင်ဗျာ တစ်ဆိတ် ဒီအခန်းထဲက အပြင်ကိုမထွက်ဘဲ စောင့်ဆိုင်းနေစေချင်ပါတယ်၊ အပြင်ကို မထွက်စေချင်တဲ့ အကြောင်းကတော့ သူစိမ်းတစ်ရံဆံ လူတစ်ယောက်ကိုမြင်ရင် အထိတ်တလန့် ဖြစ်သွားမယ့်သူတွေ ဒီအိမ်ထဲမှာရှိလို့ပါပဲ'

ထရက်ဆီးလီးယန်းက ငြင်းဆန်ခြင်း မပြုသဖြင့်၊ မိတ်ဆွေဟောင်းနှစ်ယောက်တို့လည်း အခန်းထဲမှထွက်သွားကြရာ၊ သူသည် ဧည့်ခန်းတွင် တစ်ယောက်တည်းကျန်ရစ်ခဲ့လေသည်။

နှစ်ယောက်ချင်းရှိသောအခါတွင် ဖော်စတာကစ၍ . . .

'ကိုင်း လိုရင်းကိစ္စကို စကားတစ်ခွန်းတည်းနဲ့ပြီးအောင် ငါ့ကို ပြောစမ်း၊ မင်း ငါနဲ့ ဘာကိစ္စရှိလို့ ဘယ်လိုမျှော်လင့်ချက်နဲ့ ဒီကိုလာရတာလဲ . .'

'ကိစ္စကတော့ ကျွန်တော့်ရဲ့ ကြီးပွားရာ ကြီးပွားကြောင်းလည်းပါတယ်ဆိုပါတော့လေ၊ နို့ပေမယ့် အကြောင်းရင်းကတော့ ခင်ဗျားမှာ အခု စီးပွားတိုးတက်ချမ်းသာနေလေတော့၊ ခင်ဗျားရဲ့ စည်းစိမ်ဥစ္စာတွေကို ကာကွယ်စောင့်ရှောက်ဖို့ အကာအကွယ်တွေလိုတယ်မဟုတ်လား၊ အဲဒီ အကာအကွယ်တွေအတွက် ကျွန်ုပ်ဖော်က မိတ်ဆွေကောင်းပီပီ အကူအညီပေးဖို့ စောင့်ရှောက်ဖို့ လာခဲ့တာပဲ'





'မင်းတို့ ငါတို့လိုလူမျိုးနှစ်ယောက်မဟုတ်ဘူး . . တစ်ရာ ကျော်မက အထောက်အပံ့ပေးနိုင်တဲ့ ပေထရွှန်တစ်ယောက်ဆီမှာ သာ ပြီး မင်းကိုအမှုထမ်းစေချင်တယ်၊ အဲဒီလိုပုဂ္ဂိုလ်မျိုးဆီမှာ အမှုထမ်းဖို့ အရည်အချင်း မင့်မှာကောင်းကောင်းပြည့်စုံနေတာပဲ'

ထိုအခိုက် တစ်ဘက်ခန်းမှ ရုတ်တရက် စူးရှစွာထွက်ပေါ်လာသော အော်သံတစ်ခုကြောင့် သူတို့သည် စကားပြောပျက်သွားကြ၏။ အန်တော်နီဖော်စတာသည် မိမိကိုယ်ကိုမိမိ ရေဖျန်းဂိုဏ်းဝင်တစ်ယောက်ဖြစ်သည်ကိုမေ့လျော့ကာ . . .

'အဗင်ဒန်လက်ဝါးကပ်တိုင်တော်ကြောင့် ကျုပ်တော့ ကိုယ်ကျိုးနည်းပါပြီ . .'

ဟု ရုတ်တရက်ဟစ်အော်လိုက်ပြီးလျှင် အော်သံကြားရသောနေရာဆီသို့ တဟုန်ထိုးပြေးထွက်သွားလေရာ မိုက်ကယ်လင်းဘုန်းလည်း နောက်မှထက်ချပ် လိုက်ပါသွားလေသည်။

ဧည့်ခန်းထဲ၌ ကျန်ရစ်ခဲ့သော ထရက်ဆီးလီးယန်းသည် သူ၏ ကိုယ်ရေးကိုယ်တာထဲသို့ စိတ်ရောက်သွားကာ . . .

'သြော် . . အေမီ . . အေမီ . . မင်းအခုလို မိုက်မိုက်မဲမဲလုပ်သွားတာကြောင့် ကျုပ်ကိုအထင်ကြီးနေတဲ့လူတွေရဲ့ တံတွေးခွက်ထဲမှာ ကျုပ်တော့ ပက်လက်မျောရတော့မယ်၊ နို့ပေမယ့် တစ်ခါက မင်းဟာ ကျုပ်ရဲ့ အချစ်မြတ်နိုးဆုံး ဖြစ်ခဲ့ဖူးတဲ့အတွက် မင်းနောက်ကို မတွေ့မချင်းလိုက်ဖို့အရေးကို ဘယ်တော့မှ လက်မလျော့ . .'

ညင်သာသော အသံကလေးတစ်သံကြောင့် သူသည် [illegible] နဲ့ လှည့်ကြည့်လိုက်ရာ လှပဆန်းကြယ်သော အဝတ်အစား[illegible] ကာ သားတံခါးပေါက်မှ ဝင်လာသော အသက် ၁၈ နှစ်[illegible] မိန်းမပျိုတစ်ယောက်ကို မြင်ရလေသည်။ မိန်းမပျိုမှာ သူ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ပင်ဖြစ်ကြောင်း ကောင်းစွာမှတ်မိတော့၏။ မိန်းမပျို၏မျက်နှာမှာ သွေးမရှိ သကဲ့သို့ ဖွေးခနဲဖြစ်သွားပြီးနောက် မျက်နှာကိုလက်ဝါးဖြင့် အုပ်ထားလိုက်သည်။ ထရက်ဆီးလီးယန်းသည် ကြက်သေ သေလျက် ရှိနေရာမှ ကြိုကြိုက်ခဲသော အခွင့်အရေးကို လက်မလွှတ်လိုသဖြင့် အသံနိမ့်ကာ . . .

'ကျုပ်ကို မကြောက်ပါနဲ့'

ဟု ပြောလိုက်၏။

မိန်းမပျိုသည် လှပသောမျက်နှာပေါ်မှ လက်ကလေးများကို ရုတ်သိမ်းလိုက်ပြီးနောက် . . .

'ရှင့်ကို ဘာကြောင့် ကျွန်မကြောက်ရမှာလည်း ထရက်ဆီးလီးယန်း၊ ပြီးတော့ ရှင့်ကို မဖိတ်ခေါ်ဘဲ၊ အလိုမရှိဘဲ ကျွန်မနေတဲ့ ပိုင်နက်ထဲကို ဘာကြောင့်ဝင်လာရတာလဲ . .'

'မင်းနေတဲ့ ပိုင်နက် ဟုတ်စ . . အေမီ၊ ဘုရားရေ၊ အကျဉ်းထောင်တစ်ခုဟာ မင်းရဲ့နေအိမ်လားကွယ် . .'

'ဒီဟာ ကျွန်မအိမ်ပဲ . . အနိုက်အတန့် ကျွန်မနေတဲ့အိမ်ပေါ့၊ ကျွန်မ စိတ်ဆန္ဒအတိုင်း 'တစ်သီးတခြား နေချင်တဲ့စိတ်ရှိလို့နေရင်၊ ဘယ်သူက ကျွန်မအလိုကိုဆန့်ကျင်ပြီး လာပြောဦးမှာလဲ . .'

'တခြားသူ ဟုတ်ပါရိုးလား မင့်အဖေပေါ့၊ သူကိုယ်တိုင် မတတ်နိုင်တဲ့ကိစ္စမို့ ကျုပ်ကို ကိုယ်စားလှယ်လွှဲပြီး လွှတ်လိုက်တဲ့ မင့်အဖေပေါ့၊ ဟောဒီမှာ ဝေဒနာခံစားနေရတဲ့အထဲက ရေးလိုက်တဲ့စာ'

'ဝေဒနာ . . . ဟုတ်လား၊ ဟင် ဒါဖြင့် ကျွန်မဖေဖေ မကျန်းမာ ဖြစ်နေတာပေါ့နော်'

'ဟုတ်တယ် မမာတာမှ အတော် မကျန်းမမာဖြစ်နေတာပဲ၊ အခု ချက်ချင်း မင်းထလိုက်ရင်တောင် သူ့ကို ပြန်ကျန်းမာလာအောင်





တ်နိုင်တော့မယ် မဟုတ်ဘူး၊ နို့ပေမယ့် မင်းသသောတူရင် ဒီနေရာ ချက်ချင်းထွက်သွားနိုင်ဖို့ စီစဉ်ရလိမ့်မယ်'

'အို ဖေဖေ့ဆီကိုတော့ ကျွန်မ အမှန်လိုက်မှာပေါ့ရှင်၊ အခွင့်ရ ာနဲ့တစ်ပြိုင်နက် တစ်နာရီတောင် မဆိုင်းပါဘူး၊ သူ့ဆီသာ သတင်း ားပေးချေပါ'

'ဩော် အခွင့်တောင်းရဦးမယ်လား၊ အဖေတစ်ယောက်လုံး ာမလောက် ဖြစ်နေတဲ့ကိစ္စတောင် အခွင့်တောင်းရမယ်ဦးမယ် ဟုတ် နေပါဦး ဘယ်သူ့ဆီကို အခွင့်တောင်းရမှာလဲ၊ မိတ်ဆွေ ယောင် ာင်ပြီး မင့်အဖေလက်ထဲက မင့်ကိုခိုးထွက်ပြေးတဲ့ လူလိမ်ဆီကို ား၊ ဒီမှာကြည့်စမ်း အေမီ၊ အသည်းကွဲနေရှာတဲ့ မင့်အဖေနာမည်နဲ့ င့်ကိုကျုပ်အမိန့်ပေးတယ်၊ မင်းကျုပ်နောက်ကို ခုလိုက်ခဲ့ပါ . .'

သို့ပြောဆိုပြီးနောက် သူသည် လက်ကိုဆန့်တန်းကာ မိန်းမ ျိုအား ကိုင်ဆွဲရန် ရှေ့သို့ တိုးလိုက်လေသည်။ သို့သော် မိန်းမပျိုက ကိုင်မခံဘဲ ကိုယ်ကိုနောက်သို့ယို့၍ တိမ်းရှောင်လိုက်ပြီးနောက် ငယ် ံပါအောင် ဟစ်အော်လိုက်သဖြင့်၊ လင်းဘုန်းနှင့် ဖော်စတာတို့ ချက် ျင်း ရောက်ရှိလာကြလေသည်။

အခန်းထဲသို့ ဝင်မိလျှင် ဝင်မိချင်း ဖော်စတာက . . .

'ဒီမှာ ဘာတွေများဖြစ်နေကြပါလိမ့်ကရို' ဟု အော်ဟစ်လိုက် ြီးမှ တောင်းပန်သလိုလို အမိန့်ပေးသလိုလိုအသံမျိုးဖြင့် မိန်းမပျိုအား ဒမ် ဘာကြောင့် အခွင့်မပြုတဲ့ဒီနေရာကို ခင်ဗျားရောက်နေရတာလဲ၊ ြန်သွားပြန်သွား . . ဒီကိစ္စဟာ သေရေး ရှင်ရေးကိစ္စကြီး၊ ကိုင်း ိတ်ဆွေ ခင်ဗျားလည်း ဘယ်သူပဲဖြစ်ဖြစ် ကျုပ်ခွားရိုးနဲ့ ခေါင်းနဲ့ မိတ် ဆက်ရခင် ဒီ ဂိမ်ထဲက ထွက်သွားစမ်းပါ၊ ကဲ လင်းဘုန်း သူ့ ာက်သမားကို ဒီနေရာက ခပ်မြန်မြန် ဆွဲထုတ်သွားစမ်းပါဦးထ'



www.burmeseclassic.com

www.burmeseclassic.com



'ဒီကိစ္စထဲမှာ ကျွန်တော်မပါဘူးဆိုတာ ကျိန်ပြောပါတယ်ဗျာ၊ သူက သူ့အလိုအလျောက် ကျွန်တော်နဲ့ အဖော်လိုက်လာခဲ့တာပါ၊ ပြီးတော့ ဓားသမားတွေရဲ့ ဥပဒေအရ မနက်က အတူသောက်လာတဲ့ အရက်တစ်ခွက်ကြောင့် ကျွန်တော်လည်းသူ့ကို အနှောင့်အယှက် မပေးနိုင်ဘူး . . နို့ပေမယ့် ကျွန်တော့်ရဲ့ ကောနစ်နယ်သားရဲဘော်ကြီး ခင်ဗျား၊ ခင်ဗျားက ကောနစ် လေနီကြမ်းကို ဒီယူလာတာကိုးဗျ၊ ကိုင်း၊ ကိုင်း တစ်ဆိတ်လောက်ကျေးဇူးပြုပြီး ဒီက ခပ်မြန်မြန်ကလေး ထွက်သွားလိုက်စမ်းဗျာ . .'

'သွားတာပေါ့ မိတ်ဆွေ . . ကိုင်း မဒမ် မင်းကိုလည်း ကျုပ်နှုတ်ဆက်ပါတယ်၊ မင်းဖခင်ရဲ့ ရင်ခေါင်းထဲမှာ ငွေ့ငွေ့လေးကျန်နေသေးတဲ့ အသက်ကလေးတော့ ကျုပ်ဆီက သတင်းကြားရတာနဲ့ တစ်ပြိုင်နက် ပြွတ်ခနဲ ချက်ချင်းထွက်သွားပြီးသားပဲ'

သူအခန်းတွင်းမှ ထွက်ခွာသွားသောအခါ၊ မိန်းမပျိုကလေးက အားနည်းသောအသံကလေးဖြင့်လှမ်း၍ . . .

'ထရက်ဆီးလီးယန်း အရင်စလို မလုပ်နဲ့နော်၊ ကျွန်မအကြောင်း မကောင်းသတင်းတွေ အရမ်းမဲ့ သွားပြီးမပြောလိုက်ပါနဲ့'

'တယ်လည်း ဟန်ကျနေပါကလား၊ ကိုင်း . . ကျုပ်ရဲ့သခင်မလေးရယ် ခင်ဗျားအခန်းကိုပြန်သွားပြီး ဒီကိစ္စကို ဘယ်လိုဖြေရှင်းရမယ်ဆိုတာ စဉ်းစားကြရအောင် ကျုပ်တောင်းပန်ပါတယ်'

'ရှင့်အမိန့်နဲ့တော့ ကျွန်မ ဒီနေရာက မသွားနိုင်ဘူး'

'ဘာပဲဖြစ်ဖြစ် ခင်ဗျားအခန်းကို ခင်ဗျား သွားရလိမ့်မယ် သခင်မ၊ ယဉ်ယဉ်ကျေးကျေး ဖွယ်ဖွယ်ရာရာပြောနေဖို့ အချိန်လည်း မရှိဘူး၊ ကိုင်း မိုက်ကယ်ရေ . . ဟောဒီက ခေါင်းမာလှတဲ့ မိန်းကလေးကို ငါအကျိုးအကြောင်းပြောနေခိုက်မှာ မင်းက မင်းရဲ့လူမိုက်ကို ဝင်း





အပြင် စိတ်ချလက်ချရောက်သွားအောင် တစ်ဆိတ်ဂရုစိုက်ပြီး နောက်က လိုက်သွားလိုက်စမ်းပါကွာ'

'ခင်ဗျားပြောတဲ့အတိုင်း သူ့နောက်က ကျွန်တော်လိုက်သွားပါ့မယ်၊ နို့ပေမယ့် သူ့ကို နာကျင်အောင်တော့ ကျွန်တော်မလုပ်နိုင်ပေဘူး . .'

ဟု ပြောရင်း မိုက်ကယ်လင်းဘုန်းလည်း အခန်းတွင်းမှ ထွက်ခွာသွားလေသည်။

ထရက်ဆီးလီးယန်းလည်း ဒေါသစိတ်မွှန်နေသဖြင့် ရှာဘက်သို့ထွက်သည့်လမ်းကို လိုက်ရန်အစား၊ နောက်ဖေးဘက်တံခါးတစ်ခုရှိရာသို့ ခြေလှမ်းကျဲကျဲဖြင့် မဆင်ခြင် မရူးစမ်းဘဲ သွားနေမိရာ နောက်ဆုံး၌ တောအာက်သို့ထွက်သွားနိုင်သော ဝင်းပေါက်တစ်ခုသို့ ရောက်လာလေသည်။

တံခါးပေါက်ကိုဖွင့်၍ရလျှင်ရ မရလျှင်ကျော်၍တက်မည်ဟူသော စိတ်ကူးဖြင့် အနီးသို့ချည်းကပ်လာသည်တွင် တံခါးအပြင်မှ သော့ပေါက်ထဲသို့ တစ်စုံတစ်ယောက်က သော့တစ်ချောင်း ထိုးသွင်းလိုက်သည်ကို ရုတ်တရက်တွေ့ရှိလိုက်ရပြီးနောက် တံခါးပွင့်သွားရာ သူနှင့် ၄ ကိုက်ခန့်အကွာတွင် မြင်းစီးဝတ်ရုံနှင့် ၄က်မွေးစိုက်ဦးထုပ်တစ်လုံးကို ဝတ်ဆင်ထားသော မြင်းစီးသမားတစ်ယောက် ဝင်ရောက်လာသည်။ သူတို့သည် တစ်ယောက်ကိုတစ်ယောက် ရှုံ့ရှာမုန်းတီးသော အသံ အံ့အားသင့်သောအသံများဖြင့် တစ်ယောက်က 'တားနေး' ဟု အော်လိုက်ရာ တစ်ယောက်က 'ထရက်ဆီးလီးယန်း' ဟုအော်၍ ခေါ်လိုက်မိကြလေသည်။

'မင်းက ဒီမှာ ဘာလာလုပ်တာလဲ'

ဟု လူစိမ်းဖြစ်သူက အံ့ဩခြင်း ပြေပျောက်သွားပြီးသည့်



www.burmeseclassic.com

www.burmeseclassic.com



နောက် ထရက်ဆီးလီးယန်းအား လှမ်းမေးလိုက်လေသည်။

'ဒါ ထားစမ်းပါအုံး ဗားနေး . . မင်းကကော ဒီကိုဘာလို့ ရတာလဲ၊ လူကောင်းတစ်ယောက်ကို သက်သက်မဲ့ရန်မူရအောင် တာလား၊ ဒါလောက်တောင်ရှိလှတဲ့ ခွေးကောင် မင့်ကိုယ်မင်း တ နိုင်သလောက် ခုခံပေတော့ ဟေ့ . .'

ထိုအခါ ဗားနေးသည် သူ၏ ဝတ်ရုံကြီးကို လက်ဝဲဘ လက်ပေါ် လွှမ်းတင်ပြီးနောက် ဓားကိုဆွဲထုတ်ကာ ထရက်ဆီးလီးယ အား စိတ်အားထက်သန်စွာ ဝင်ရောက်တိုက်ခိုက်လေရာ ပထမ တိုက်ပွဲမှာ သူ့ဘက်မှ အရေးသာသကဲ့သို့ ရှိနေ၏။ သို့သော် ယင်း အရေးသာခြင်းမှာ တာရှည်မခံချေ။ ထရက်ဆီးလီးယန်းသည် လ ဓားချေရန် သန္နိဋ္ဌာန်ချထားသူဖြစ်သည့်ပြင် ဓားရေးကိုလည်း ကော စွာ ကျွမ်းကျင်သူ တစ်ယောက်ဖြစ်ရကား ဗားနေးမှာ တဖြည်းဖြ အရေးနိမ့်လျက် ထရက်ဆီးလီးယန်း၏ဓားချက်ကိုပင် အနိုင်နိုင်ရှေ တိမ်းကာ မိမိကိုယ်ကို ခုခံကာကွယ်နေရသည့်အဖြစ်သို့ ရောက်နေ သည်။ နောက်ဆုံး၌ သူသည် မိမိထက် အင်အားသာနေသော ရန် အား လူချင်း ပူး၍သတ်ရန် ကြိုးစားလေ၏။ သို့ဖြစ်၍ သူသည် ထ ဆီးလီးယန်း၏ ဓားချက်တစ်ချက်ကို မိမိ၏လက်မောင်းပေါ်၌ ဒိ သဖွယ်ရစ်ပတ် ကာကွယ်ထားသော ဝတ်ရုံကြီးနှင့် စွန့်စား၍ခံလို ပြီးနောက်၊ ရန်သူက အဝတ်နှင့် ထွေးလုံးရစ်ပတ်ဖြစ်နေသော သူ၏ ကို ပြန်၍ဆွဲယူခြင်းမပြုနိုင်မီ ဓားရော လူပါ ရန်သူ၏အနီးသို့ အတ တိုးဝင်လိုက်လေသည်။ သို့ရာတွင် ထရက်ဆီးလီးယန်းမှာ သ ကောင်းသူဖြစ်ရကား ခါးမှ ဓားမြှောင်ကို ရုတ်တရက် ဆွဲနှုတ်လို ပြီးလျှင် တိုးဝင်လာသောရန်သူ၏ ဓားချက်ကို ဓားမြှောင်သွား အချိန်မီ ခုခံဖယ်ရှားပစ်လိုက်လေသည်။ သို့မဟုတ်ပါက ဤနေရာ





တိုက်ပွဲပြီးဆုံးခြင်းသို့ ရောက်သွားမည်မှာ သေချာလှပေသည်။ သို့နှင့် တစ်ဦးနှင့်တစ်ဦး သဲသဲမဲမဲ ထပ်မံတိုက်ခိုက်ရင်း၊ ဗားနေးသည် ချိုင့် တစ်ခုထဲသို့ ခြေကျွံကာ ဒူးထောက်လဲကျသွားသည်တွင် သူ၏ဓားမှာ လည်း တစ်ဘက်မှ ပြင်းထန်စွာ ကျရောက်လာသော ရန်သူ၏ဓား အရှိန်ဖြင့် လက်တွင်းမှ အတော်လှမ်းလှမ်းသို့ လွင့်စင်သွားလေ၏။ သူပြန်၍ မထနိုင်မီပင် ရန်သူ၏ဓားသည် သူ၏လည်မျိုသို့ ထောက် လျက်ရှိနေလေပြီ။

'မင်း သစ္စာဖောက်ထားတဲ့ အကျဉ်းသမားရဲ့ လွတ်နိုင်မယ့် နည်းလမ်းကို ချက်ချင်းပြောရင်ပြော၊ နို့မဟုတ်ရင်တော့ နေမင်းကို နောက်ဆုံးကြည့်ခြင်းနဲ့သာ ဝအောင်ကြည့်ထားလိုက်ပေတော့'

ဗားနေးသည် မည်သို့ပြန်ပြောရမည် မသိဘဲရှိရာမှ ရုတ်တရက် ကြိုးစားထရန် ဟန်ပြင်လိုက်သည့်ခဏ၌ ထရက်ဆီးလီးယန်း ကလည်း လည်မျိုထဲသို့ ဓားသွားကို ထိုးနှစ်ရန် လက်ကိုနောက်ပြန် ဆုတ်၍ အားယူလိုက်လေသည်။ သို့ရာတွင် ဓားသွားချင်းထိခိုက်သံ များကို ကြားရသဖြင့် အချိန်မီရောက်၍လာသော မိုက်ကယ်လင်းဘုန်း က ထရက်ဆီးလီးယန်း၏လက်မောင်းကို နောက်မှကိုင်ဆွဲထားလိုက် သောကြောင့်သာ ဗားနေး၏အသက်မှာ လက်မတင်ကလေးကပ်၍ ချမ်းသာရာရရှိသွား လေသည်။

'လာပါ ရဲဘော်ရယ် . . ဒီလောက်ဆိုရင် တော်လောက်ပါပြီ ခင်ဗျား ဓားကိုချလိုက်ပါတော့၊ ဝက်ဝံနက်က ကျုပ်တို့ကို မျှော်လှရော မယ်၊ ကဲ သွားကြပါစို့ရဲ့ . .'

ထရက်ဆီးလီးယန်းသည် လင်းဘုန်း၏လက်မှ ရုန်းကန် ရင်း . . . 'သွားစမ်း လူယုတ်မာ . . ခင်ဗျားက ကျုပ်တို့ကြားမှာ ဘာ ရှုပ်ရဲတယ်ပေါ့လေ'



www.burmeseclassic.com

www.burmeseclassic.com



'လူယုတ်မာ လူယုတ်မာတဲ့ . . အေးကွယ် ဒီစကားကိုဗော နောက်မှ ဓားကလေး အေးစက်စက်နဲ့ ဖြေရှင်းရသေးတာပေါ့၊ ဒီ အတွင်းမှာတော့ ခင်ဗျားမြင်တဲ့အတိုင်း ကျုပ်တို့ဘက်က နှစ်ယောက် ခင်ဗျားက တစ်ယောက်တည်းဖြစ်နေတယ်၊ ကိုင်း သွား . . သွား'

ဗားနေးသည် ချက်ချင်းပင် ဓားကို ကောက်ယူလိုက်ပြီးဖြစ်ေ ကား ထရက်ဆီးလီးယန်းသည် ဆက်လက် တိုက်ခိုက်မည်ဆိုက မိုင မဲရာကျမည်ဖြစ်သဖြင့် နောက်ဖေးပေါက်မှ ချက်ချင်းပင် ထွက်သွား လေတော့၏။

ခြေထောက်၌ အတော်နာကျင်သွားသော ဗားနေးသည် ထွက်သွားသော ရန်သူကိုကြည့်ရင်း လင်းဘုန်းဘက်သို့လှည့်လျက်

'ခင်ဗျားက ဖော်စတာရဲ့ မိတ်ဆွေလား ကိုယ့်လူ'

'သူငယ်ချင်း အရင်းအချာတွေပါပဲ . .'

'ဒါဖြင့်ရော ဒီမှာ ခင်ဗျားအတွက် ရွှေဒင်္ဂါးတစ်ပြား ဟိုလူ ဘယ်မှာ စတည်းချတယ်ဆိုတာ သူ့နောက်က ခင်ဗျားလိုက်ကြည့်ပြီ ဟောဒီ အိမ်မှာ ကျုပ်ကိုလာပြောစမ်း၊ ခင်ဗျားအသက်ကို တန်ဖိုးထား ရင် သတိလည်းရှိစေ၊ နှုတ်လည်း ငြိမ်စေ ကြားလား . .'

'နားလည်ပါပြီဗျာ စိတ်ချပါ'

'ကိုင်း ဒါဖြင့် သွားပေတော့'

ဟု ပြောကာ ဗားနေးသည် အိမ်ကြီးဘက်သို့ တဖြည်းဖြည်း လျှောက်သွားလေ၏။

*



( ၃ )

ဖော်စတာသည် သူ၏ညီသည် မိန်းမချောကလေးနှင့် စကား ယှဉ်ပြိုင်ပြောဆိုရင်း၊ မိန်းမပျိုအား သူ၏အခန်းသို့ပြန်သွားရန် တောင်းပန်နေရဆဲ ဖြစ်လေသည်။ ထိုအခိုက် အိမ်ရှေ့တံခါးပေါက်ဆီမှ ရှိခနဲ လေချွန်သံတစ်ချက် ထွက်ပေါ်လာလေသည်။

'အဲ ခုမှ ကျုပ်တို့လုလုကြီး ဒုက္ခရောက်တော့မယ်၊ အိမ်ရှေ့က ခင်ဗျားမောင်တော်ရဲ့ အချက်ပေးသံပဲ ခင်ဗျာ့၊ ဒီအိမ်ထဲမှာဖြစ်ခဲ့တဲ့ ဗရုတ်ဗရက်ကိစ္စတွေကို ကျုပ်ဖြင့် ဘယ်လိုအစီရင်ခံရမှန်းတောင် မသိ ဘူး'

'အေးအေးဆေးဆေးနဲ့ ရှင့်သခင်ကို တံခါးဖွင့်ပေးမှာသာ ပေး စမ်းပါရှင်၊ အို မောင် . . မောင် . . ကျွန်မချစ်တဲ့မောင် . .'

ဟု ပြောဆိုရင်း မိန်းမပျိုသည် ဧည့်ခန်းတံခါးဝသို့ ခပ်သုတ် သုတ် လျှောက်သွားလေသည်။

'ဖွီ လက်စသတ်တော့ ရစ်ချုပ်ဗားနေးကိုး'

'ဗားနေးက အခန်းတွင်းသို့ဝင်လာကာ မိန်းမပျိုအား ဆေးများ သောအမူအယာဖြင့် အရိုအသေပေးရင်း . . .'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ် မဒမ် .. ရစ်ချပ်ဗားနေးပဲ၊ နို့ပေမယ့် နေမင်းကြီး ထွက်ပေါ်မလာခင်မှာ အထိမ်းအမှတ်ဖြစ်တဲ့ ရှေ့တော်ပြေးလင်းရောင်ခြည်လေးကိုပဲ ပထမ လက်သင့်ခံသင့်တယ်မဟုတ်လား . .'

(ရွှင်ပြုံးသောမျက်နှာဖြင့် မိန်းမပျိုက)

'ဘယ့်နှယ့်လဲ၊ ကျွန်မ မောင်တော် ဒီကနေ့ည လာမယ်မဟုတ်လား'

'မှန်ပါတယ် လာဖို့ကြံစည်နေပါတယ်'

(မိန်းမပျိုသည် ဧည့်ခန်းတံခါးဝသို့ ပြေးလွှားလျက် . .)

'ဂျေးနက် ဂျေးနက် မမရဲ့အဝတ်အစားလဲတဲ့ အခန်းထဲကို မြန်မြန်လာခဲ့စမ်းပါ'

(ဗားနေးရှိရာသို့ ပြန်လာပြီးနောက် . .)

'ဒါထက် မောင်တော့်ဆီက ဘာစကားလက်ဆောင်များ ပါးလိုက်သေးသလဲ . .'

ဗားနေးသည် သူ၏ရင်ခွင်ထဲမှ ကြက်သွေးရောင်ပိုးစဖြင့်ရစ်ပတ်ထားသော အထုပ်ကလေးတစ်ထုပ်ကို ထုတ်ယူပြီးနောက် . . .

'ဟောဒီဟာနဲ့အတူ ဒီချစ်လက်ဆောင်ကလေးကို သူ့ရဲ့အချစ်ဘုရင်မဆီကို ပါးလိုက်ပါတယ် ခင်ဗျာ . .'

မိန်းမပျိုသည် ဂျေးနက်အား တကြော်ကြော်လှမ်းခေါ်ရင်း

'ဓားဖြစ်ဖြစ် ကပ်ကြေးဖြစ်ဖြစ် ဘာရရ မမဆီယူခဲ့စမ်းပါဟေ့'

ကြိုးထုံးမှာ အခြားအကူအညီကိုမလိုဘဲ သူ့သခင်မ၏ ထပ်တလဲလဲ အော်ခေါ်နေသံကြောင့် ပြေးလွှားလာသော အန့်ထော်နီဖော်စတာ၏ သမီးချောကလေးနက်၏ သေးသွယ်ပျော့ပြောင်းသော လက်ချောင်းကလေးများ၏အစွမ်းဖြင့် လွယ်ကူစွာ ပြေသွားလေသည်။

အထုပ်အတွင်းမှ အရှေ့တိုင်းထွက် ပုလဲတစ်ကုံးနှင့်အတူ စာတိုကလေး





တစ်စောင် ထွက်လာလေသည်။ မိန်းမပျိုသည် ပုလဲသွယ်ကို တစ်ချက်မျှ လှမ်းကြည့်လိုက်ပြီးနောက် စာကို စားတော့ ဝါးတော့မည်ကဲ့သို့ ဖတ်ရှုနေလေသည်။

'အဝတ်လဲတဲ့အခန်းထဲကို လိုက်ခဲ့မိန်းကလေး၊ မောင်တော် ဒီည ရောက်လာမှာမို့ မမတို့ အဝတ်အစား ကောင်းကောင်းမွန်မွန် လဲပြုထားရလိမ့်မယ်၊ ရှင့်ကိုလည်း ကောင်းကောင်းမွန်မွန် ဧည့်ခံဖို့ ကျွန်မကိုမှာ လိုက်ပါတယ် မစ္စတာ ဗားနေး၊ သူ့အမိန့်ကိုတော့ ကျွန်မက တရား ဥပဒေတစ်ခုလို လိုက်နာရမှာပါပဲ . . ဒီနေ့ညနေ ကျွန်မရဲ့ သီးသန့်ခန်းဆောင်ထဲကို ကြွရောက်စေလိုပါတယ်၊ မစ္စတာဖော်စတာ ရှင်ပါလာနော်၊ ပြီးတော့ ကျွန်မမောင်တော်ကို ဒီနေ့ညဧည့်ခံဖို့အတွက် ပြင်ဆင်ထားဖို့ကိုလည်း အမိန့်ပေးလိုက်ပါအုံး'

အခန်းတွင်းမှ မိန်းမပျိုထွက်သွားသောအခါ ဗားနေးက

'သူ့ရှေ့တော်ကို ဝင်ရောက်ဖို့ အခွင့်တွေ ဘာတွေပေးပြီး ပြောဆိုသွားလိုက်တာကဖြင့် တကယ့် အမတ်ကြီးကတော် ဖြစ်နေတဲ့အတိုင်းပါပဲဗျာ၊ ဒါနဲ့ ထရက်ဆီးလီးယန်းက ဘယ်လိုလုပ်ပြီး နောက်ဖေးတံခါးပေါက်ကို ရောက်လာရတာလဲ၊ ကျုပ်သခင်အကြောင်းကို သူသိမသွားလို့ တော်ပါသေးရဲ့ . . သူက ကျုပ်တစ်ယောက်နဲ့ပဲ ဆက်ဆံစရာရှိတယ် မှတ်နေတယ်၊ နို့ပေမယ့် သူဘယ်လိုနည်းနဲ့ ဒီကိုရောက်လာတယ် ဆိုတာ ပြောစမ်းပါအုံး . .'

'မိုက်ကယ်လင်းဘုန်းနဲ့အတူ ရောက်လာတာလေ'

'ဘယ်သူလဲ မိုက်ကယ်လင်းဘုန်းဆိုတာ၊ ဘုရားရေ နေထိလေထိတောင်မခံရအောင် လျှို့ဝှက်စောင့်ရှောက်ထားသင့်တဲ့ အရာတစ်ခုကို ခင်ဗျားက လူတကာမြင်အောင် တံခါးဝကနေပြီး ဖမ်းပြနေတယ်ပေါ့လေ'



www.burmeseclassic.com

www.burmeseclassic.com



'အလို ဒါဟာ ခင်ဗျားကို ကျုပ်ဆောင်ရွက်ပေးတဲ့ ကိစ္စတွေအတွက် ကျေးဇူးဆပ်လိုက်တာလား၊ မစ္စတာရစ်ချပ်ဗားနေး၊ ခင်ဗျားက ကျုပ်ကို မျက်နှာပြောင်ပြောင်နဲ့ ဓားသမားကောင်းကောင်းတစ်ယောက်အရာခိုင်းထားတယ် မဟုတ်လား၊ ကျုပ်အသိထဲမှာ ဒါမျိုးမရှိလို့ တော်ပါသေးရဲ့ဗျာ၊ အဲဒီ အရပ်မြင့်မြင့်လူဟာ ခင်ဗျားလိုချင်တဲ့လူပဲ၊ သူက သူ့အရည်အချင်းကိုပြပြီး ကျုပ်ဆီလာတွေ့ခွင့်တောင်းလို့ ကျုပ်လည်း ခင်ဗျားသဘောကျဖြစ်မလားလို့ တွေ့ခွင့်ပြုလိုက်မိတယ်၊ နဲတော့ ကြည့်စမ်းပါအုံးဗျာ သူနဲ့ဒီလို တွေ့လိုက်မိတဲ့အတွက် ကျုပ်မှာ အပြောခံနေရပါပကော . .'

'ကဲပါဗျာ ကျုပ်ကိုဖိနပ်ချွတ်ပေးဖို့ ခင်ဗျားအစေခံတစ်ယောက်ကိုသာ လွှတ်လိုက်စမ်းပါ၊ နောက်ပြီး ကျုပ်တို့ကို အကောင်းဆုံးအရက်တစ်ခွက်နဲ့ စားစရာလေး ဘာလေးလည်း လုပ်ပေးပါဦး၊ ဖိတ်ထားတဲ့နေရာကိုတော့ ကျုပ် ကျကျနနသွားရလိမ့်မယ်ဗျို့'

သူတို့သည် ချိန်းထားသည့်ညနေတွင် ညနေစာစားပွဲ၌ ထပ်မံ တွေ့ဆုံကြသေး၏။ ဗားနေးသည် နန်းတွင်းသားတစ်ယောက်ကဲ့သို့ ခံ့ညားစွာ ဝတ်စားထားလေသည်။ ဖော်စတာပင်လျှင် ဝတ်ကောင်းစားလှများဖြင့် အတော်ကြည့်၍ကောင်းနေလေသည်။ စားသောက်ပြီးသောအခါ ဗားနေးက အိမ်ရှင်ဖြစ်သူ အန်တော်နီဖော်စတာအား . . .

'ဘယ့်နှယ့်လဲ အန်တော်နီရဲ့၊ ကိုယ့်လူက တယ်ပြီးလှနေပါကလား၊ ဒါထက်စကားမစပ် လန်ဒန်က မှာလိုက်တဲ့အစီအစဉ်တွေအတိုင်း အနောက်ဘက်က အခန်းတွေကိုကော ကျုပ်သခင်ရဲ့သဘောကျ ပြင်ဆင်ပြီးပြီလား . .'

'ပြီးပါပြီဗျာ . . သခင်မကလေးအေမီဟာ အဲဒီအခန်းတွေထဲမှာ ရှိဗာဘုရင်မကြီးလို ခံ့ခံ့ညားညားကြီး စံပျော်နိုင်ပါတယ်'





'ဒီလိုဆို ကောင်းပါလေရဲ့ အန်တော်နီရယ်၊ ခင်ဗျားတို့ ကျုပ်တို့ရဲ့ ရှေ့ကောင်းစားရေးဟာ သခင်မလေးရဲ့ စိတ်ကြိုက်ပေါ်မှာ တည်နေတာဗျ၊ ကျုပ်ကတော့ သူ့အချစ်နဲ့ ရည်မှန်းချက်ပန်းတိုင်ကို မြှင့်တင်နိုင်မယ့် လူဆီကို ပို့ပေးတာပဲ၊ ထရက်ဆီးလီးယန်းတို့လို ရူးနှမ်းနှမ်းစိတ်ကူး ယဉ်သမားတစ်ယောက်ရဲ့ သတို့သမီးဖြစ်ရမယ့်ဘဝက လွတ်လပ်ပြီး အင်္ဂလန်မှာ ဂုဏ်အရှိဆုံး၊ ထိပ်တန်းအကျဆုံး နေရာရောက်အောင် အညတြမိန်းကလေးတစ်ယောက်ကို တွန်းတင်ပေးတာ ဘယ်သူလဲ၊ ကျုပ်ဗျ၊ သူတို့ချင်း တိတ်တစ်ဆိတ်တွေ့ရအောင် ကျုပ်က အကျိုးဆောင်ခဲ့ရတာတွေလည်း ခင်ဗျားကို မကြာခဏကျုပ်ပြောပါပြီကော၊ ဝင်းတံခါး ပေါက်က တံခါးခေါက်သံကြားရတယ် . . ပြတင်းပေါက်ကနေကြည့်၊ ဘယ်သူ့ကိုမှ မဝင်စေနဲ့'

ဖော်စတာက မှန်ပြတင်းပေါက်မှကြည့်ရှုပြီးနောက် . . .

'ညနေစာမစားခင်က ကျုပ်တို့ပြောခဲ့တဲ့ မိုက်ကယ်လင်းဘုန်းဆိုတဲ့လူပဲ'

'ဒီလူဆိုရင်တော့ ဝင်ပစေ။ ဟိုအကောင်အကြောင်း ကျုပ်ကို သတင်းပေးဖို့လာတာပဲ။ အီမန်ထရက်ဆီးလီးယန်ရဲ့ အသွားအလာကို ကျုပ်တို့ ကောင်းကောင်းကြီးသိထားဖို့ အရေးကြီးတယ်၊ ဝင်ပါစေလေ၊ နို့ပေမယ့် ဒီကိုတော့ ခေါ်မလာနဲ့၊ စာကြည့်ခန်းထဲကို ကျုပ်အခုပဲ လာခဲ့မယ် . .'

*



www.burmeseclassic.com

www.burmeseclassic.com

## ( ၄ )

ကူနားပလေ့စံအိမ်တော်ကြီး၏ အနောက်ဘက်အခြမ်းမှ အခန်းကြီး ၄ ခန်းကို ကြီးကျယ်ခမ်းနားစွာ အထူးတလည်ပြင်ဆင်ထား၏။ ယင်းကဲ့သို့ ပြင်ဆင်ခြင်းမှာလည်း ကျွန်ုပ်တို့ ဇာတ်လမ်းမဖွင့်မီ ရက်ပေါင်းအတန်ကြာကပင် ကြိုတင်ပြင်ဆင်ထားခြင်း ဖြစ်လေသည်။ လန်ဒန်မှ စေလွှတ်သော အလုပ်သမားများကို အလုပ်မပြီးမချင်း အဆောက်အဦး၏အပြင်ဘက်ကို ထွက်ခွင့်မပြုဘဲ ခိုင်းစေခဲ့ရာ၌ အလုပ်သမားများသည် ကြည့်ရှု၍မကောင်းအောင် ပျက်စီးယိုယွင်းနေသော ဘုန်းကြီးကျောင်းကြီးကို နန်းတော်တမျှ ခမ်းနားအောင် ပြန်လည်ပြုပြင် ဆောက်လုပ်ခဲ့ကြလေသည်။

ယခု ရေးသားဖော်ပြသော ညဥ့်၌ကား အဆိုပါအခန်းများကို ပထမဆုံးအကြိမ် မီးများထိန်လင်းစွာ ထွန်းညှိထားရာ၊ အင်္ဂလန်ပြည်၏ တန်ခိုးအကြီးမားဆုံး အမတ်ကြီးကတော်အဖြစ်ဖြင့် ချီးမြှောက်ခြင်းကို လျှို့ဝှက်စွာ ခံယူရရှိထားသည့် အမတ်ကတော်လေးအေမီသည် သူ၏ သတို့သားသဘောကျ ပြုပြင်စီမံထားသည့်အခန်းများကို တစ်





ခန်းဝင် တစ်ခန်းထွက် ကြည့်ရှုရင်း ကြည်နူးနှစ်သိမ့်လျက်ရှိလေသည်။

'လာဟော့ ဂျေးနက် . . အခန်းတွေပြင်ထားတာ သွားကြည့်ရအောင်'

အခန်းတွင်းသို့ ရောက်ကြသောအခါ အမတ်ကတော်လေးသည် အနားမှ တတွတ်တွတ် ပြောဆိုလျက်ရှိသော လက်စွဲတော်မကလေး၏ စကားကို တစ်ခါတစ်ခါတွင်နားထောင်၍လည်းကောင်း၊ တစ်ခါတစ်ခါတွင် မိမိတွေးချင်ရာကိုတွေးလျက်လည်းကောင်း ခြေပစ်လက်ပစ် လဲလျောင်းလိုက်လေသည်။ ထို့နောက် . . .

'ဟော နားထောင်စမ်း၊ မြင်းခွာသံ ကြားရတယ်၊ သူလာပြီ၊ သူရောက်လာပြီ'

ဟု အလန့်တကြား အော်ဟစ်လိုက်လေသည်။ နောက်တစ်ခဏ၌ ခေါက်တံခါးကြီးများ ပွင့်သွားပြီးလျှင် မြင်းစီးဝတ်ရုံရှည်ကြီးဖြင့် ခြုံညားသောအသွင်ရှိသည့် လူတစ်ယောက်သည် အခန်းတွင်းသို့ ဝင်လာလေသည်။ အမတ်ကတော်လေးသည် ထိုသူ၏လက်မောင်းများကြားထဲသို့ သူ၏ကိုယ်လုံးလေးကို ပစ်သွင်းလိုက်ပြီးနောက် ရင်ချင်းအပ်ကာ . . .

'ခုမှ ခုမှ မောင်မောင် ရောက်လာတော့တယ်နော် . .'

ဟု ဝမ်းသာအားရစွာ ပြောလိုက်လေတော့သည်။

အမတ်ကြီးသည် သူ့ကြင်ယာ၏ဆီးကြိုခြင်းကို အမြတ်နိုးဆုံးသော အပြုအမူဖြင့် ပြန်လည်တုန့်ပြန် လိုက်သော်လည်း သူ့ထံမှ ဝတ်ရုံကြီးကို မိန်းမပျိုက ယူမည်ပြုသောအခါ၌ကား သူသည် တားဆီးလိုက်လေသည်။

'မဟုတ်ပါဘူး . . ကျွန်မက ဝတ်ရုံကြီးကို မောင့်[illegible] ခွာကြည့်မလို့ပါ . . သာမန် မြင်းစီးသမားတစ်ယောက်လို [illegible]



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကို မောင်ပြောထားတဲ့စကားအတိုင်း တကယ့်အမတ်ကြီးတစ်ယောက်လို လာတယ်၊ မလာဘူးဆိုတာ ကျွန်မကြည့်ရလိမ့်မယ်၊ ဟောဟိုမှာ မောင်ထိုင်ပါ'

(အခန်းတွင်း၌ အထူးပြင်ဆင်ထားသော ကုလားထိုင်ကြီးကို ညွှန်ပြရင်း . .)

'လူတွေက ကြည်ညိုလေးစားပြီး ပူဇော်ထိုက်တဲ့အရာတစ်ခုနဲ့ တူအောင် အဲဟိုမှာ ခံ့ခံ့ကြီးထိုင်လိုက်စမ်းပါ မောင်'

'မောင်နဲ့အတူတူ မင်းလာထိုင်မယ်ဆိုရင် မောင်ထိုင်မှာပါ အချစ်ရယ်'

'အို . . ဒီလိုမဟုတ်ပါဘူး။ မောင်ရဲ့ခန့်ညားလှတဲ့ ရုပ်သွင်နဲ့ မင်းညီမင်းသားတွေ ဘယ်လို ဝတ်စားဆင်ယင်ကြတယ်ဆိုတာ ပထမဆုံးအကြိမ် အားရပါးရကြီး ရှုစားချင်လို့၊ ကျွန်မက ဟောဒီ မောင့်ခြေရင်းက ခြေတင်ခုံပေါ်မှာထိုင်မယ်'

ထို့နောက် သူသည် အင်္ဂလန်ပြည် အပျိုဘုရင်မကြီး၏ နာမည်ကြီးလှသော၊ နန်းတော်တွင် အရေးပါအရာရောက်သည့် အမတ်ကြီးတစ်ပါးဖြစ်သော သူ့မောင်တော်၏ ခံ့ညားလှသောအသွင်အပြင်နှင့် ရာဇမာန်ပါလှသော အဝတ်အစားများကို ကလေးငယ်တစ်ယောက်သဖွယ် တအံ့တသြ တစိမ့်စိမ့်ကြည့်ရှုနေလေသည်။ သို့ကြည့်ရှုလျက်ရှိရာမှ အမတ်ကြီး ဝတ်စားဆင်ယင်ထားသော အဆောင်အယောင်များအကြောင်းကို ရိုးသားစွာ မေးခွန်းများထုတ်လျက်ရှိလေရာ အမတ်ကြီးကလည်း ပြုံးရွှင်စွာ တစ်ခုစီ ရှင်းလင်းပြောပြလျက်ရှိ၏။

'ကဲ အချစ်ရေ၊ မင်းချစ်လင်ကို မြင်းစီးတဲ့ အဆောင်အယောင်တွေနဲ့ တွေ့ရလို့ အလိုဆန္ဒပြည့်ဝသွားပြီနော်၊ မင်းခမ်းမင်းနားဝတ်ရုံကြီးတွေနဲ့ တောင်းတွေ သရဖူတွေကိုတော့ နန်းတော်ခန်းမဆောင်တွေ





သာ အသုံးပြုရတယ်ကွဲ့ . .'

'ကောင်းပါပြီ မောင် . . ဒါနဲ့ နှမရဲ့ အလိုဆန္ဒတစ်ခုပြည့်ဝပြန်တော့ တခြားအသစ်တစ်ခု ဖြစ်လာပြန်ပြီ'

'သူဆင်းရဲမလေး အေမီရိုက်ဇတ်ရဲ့ အသည်းနှလုံးကို ဆွတ်ခူးအောင်မြင်တဲ့အချိန်တုန်းကလို နှမရဲ့ မောင်အမတ်ကြီးဟာ ဝတ်ရုံနီကြီးကို ဆင်မြန်းပြီး သူ့ခန်းမဆောင်ကြီးထဲဝင်လာတာကို အဲဒီအခန်းကထိုင်ပြီးစောင့်ကြည့်ချင်တာပါပဲ'

'ဒါက အလွယ်တကူ လိုက်လျောနိုင်တဲ့ ဆန္ဒတစ်ခုပဲကွယ်၊ မင်း အလိုရှိတယ်ဆိုရင် နက်ဖြန်ခါပဲ ဝတ်ရုံနီကြီးကို ဝတ်ဆင်ပြပါ့မယ်'

'ဒါဖြင့် မောင်ရဲ့ ဆင်းရဲသားအဝတ်အစားနဲ့ မောင့်ရဲ့ခမ်းနားတဲ့ အနေအထိုင်ဟာ ဘယ်လိုဆက်သွယ်နေတယ်ဆိုတာ သိရအောင် မောင့် ရဲတိုက်ကြီးတစ်ခုခုကို မောင်နဲ့အတူ လိုက်ရမလားဟင် . .'

(နံဘေးပတ်လည်ကို ကြည့်ရှုရင်း . . .)

'ဘာကြောင့်လဲ အေမီရယ်၊ ဒီအခန်းတွေကို လိုလေသေးမရှိအောင် ပြင်ဆင်မထားကြဘူးလား၊ မောင်က အစွမ်းကုန်ပြုပြင်ဖို့ အမိန့်ပေးလိုက်တာကို လိုလေသေးမရှိအောင် ပြင်ဆင်မထားကြဘူးလား၊ မောင်က အစွမ်းကုန်ပြုပြင်ဖို့ အမိန့်ပေးလိုက်တာကို သူတို့က တော်လျော်ရုံ လုပ်ထားကြတယ်နဲ့တူတယ်၊ နို့ပေမယ့် ဘာလိုတယ်ဆိုတာသာ အချစ်ကပြောပြပါ။ ချက်ချင်း အမိန့်ပေးလိုက်ပါ့မယ်'

'မဟုတ်ပါဘူး မောင်ရယ်။ မောင်က နှမကို သက်သက်ပြောင်လှောင်နေတာပါ။ ဒီအိမ်ကြီးရဲ့ ခမ်းနားပုံဟာ နှမစိတ်ကူးမျှော်မှန်းတာ ထက်တောင် ပိုပြီးခမ်းနားနေပါသေးတယ်။ နို့ပေမယ့် မောင့်ဓနီးဟာ ဒီခန်းမဆောင်ကြီးရဲ့ ခမ်းနားမှုတွေ၊ ဆင်ပြင်ထားတဲ့ ပိုး ဖဲ



www.burmeseclassic.com

www.burmeseclassic.com



ကတ္တီပါနဲ့ ကျောက်မျက်ရတနာရဲ့ အရှိန်အဝါမဟုတ်ဘဲ၊ အင်္ဂလန်ပြည်မှာ ဂုဏ်အကြီးမြင့်ဆုံးဖြစ်တဲ့ အမတ်ကြီးရဲ့ တရားဝင်ဇနီးသည်ဘ၀ကို တစ်နေ့နေ့မှာ မခံစားရတော့ဘူးလား'

'တစ်နေ့နေ့မှာ ဟုတ်စ၊ တစ်နေ့နေ့မှာတော့ မုချခံစားရလိမ့်ဦးမပေါ့၊ အဲဒီနေ့မျိုးကို မောင့်ထက်နှမက ပိုပြီး အလိုမရှိနိုင်ဘူးဆိုတာယုံစမ်းပါ။ နို့ပေမယ့် ခုနေတော့ မဖြစ်နိုင်သေးဘူး အချစ်ရယ်။ ခုလိုခိုးကြောင်ခိုးဝှက်နဲ့ နှစ်ကိုယ်ချင်း အမြတ်တနိုးလာတွေ့ရတာတွေဟာပဲ မောင့်ချစ်သူကိုလိုက်လျောနိုင်တဲ့ အချက်တွေဖြစ်နေသေးတာပဲ'

(နူးညံ့သိမ်မွေ့စွာ တစ်ဖက်သားကို ဆွဲဆောင်နိုင်သော အသံကလေးဖြင့် . .)

'နို့ပေမယ့် ဘာကြောင့် ဒီလိုမဖြစ်နိုင်ရမှာလဲ မောင်ရယ်၊ မောင့်လို တန်ခိုးအာဏာနဲ့ ပြည့်စုံတဲ့လူတစ်ယောက်ရဲ့အလိုကို ဘယ်သူက တားဆီးနိုင်ဦးမှာလဲ'

အမတ်ကြီးသည် မျက်မှောင်ကုတ်ကျသွားလေ၏။

'နှမ နားမလည်လို့ ဒီလိုပြောနေတာပါ . . လောလောဆယ်မဖြစ်နိုင်သေးတဲ့ဘဝကို တောင့်တနေတာဟာ သုခမဟုတ်ဘဲ ဒုက္ခကိုရှာတာနဲ့အတူတူပဲ၊ ဒီမှာ စီမံထားတာတွေအားလုံးဟာ နှမ စိတ်ကြိုက်နဲ့ တွေ့ မတွေ့ကို သိပါရစေလားကွယ် . . ဖော်စတာကကော နှမအပေါ်မှာ ဘယ့်နှယ့်လဲ . . နေရာတကာမှာ ရိုရိုသေသေ လေးလေးစားစားနဲ့ပြုစုရဲ့လား၊ ဒီလို မဟုတ်ဘူးဆိုရင်တော့ ဒီလူ မောင့်အကြောင်းသိရလိမ့်မပေါ့ . .'

'အို . . ဒီအကြောင်း နှမ ပြောစရာမလိုပါဘူး၊ ဒီလူကြီးကမောင့်အပေါ်မှာ သစ္စာရှိရှိနဲ့ သူ့အလုပ်ကို သူလုပ်တယ်။ ဒါထက်မစ္စတာဗားနေးနဲ့ မစ္စတာဖော်စတာတို့ကို နှမတို့နဲ့အတူ ညစာစားဖို့





ဖိတ်ထားတယ်၊ မောင် သဘောတူရဲ့လားဟင် . .'

'နှမ စီမံတာဆိုရင် ဘာမဆို မောင်သဘောတူပါတယ် . . ပြီးတော့လည်း ခုဟာက မောင့်လူယုံတော်ဖြစ်တဲ့ 'ရစ်ချက်ဗားနေး'နဲ့ မောင်တို့ ခုလောလောဆယ် ယုံကြည်အားကိုးနေရတဲ့ 'အန်တော်နီဖော်စတာကြီး' ကို ဂုဏ်ပြုတဲ့ကိစ္စဖြစ်လေတော့ မောင်က ပိုပြီးတောင်သဘောကျမိသေးတယ်။ ကိုင်း မောင်လည်း မြင်းကို ခရီးရှည်အပြင်းစီးလာရလို့ ဝိုင်ကလေးတစ်ခွက်လောက်တော့ အမောပြေသောက်ချင်ပါတယ်ကွယ် . .'

ယင်းသို့ ပြောရင်းဖြင့် သူသည် ချစ်လှစွာသော သူ၏ဇနီးသည်ကိုတွဲကာ တစ်ဘက်ခန်းမဆောင်ထဲသို့ ဝင်ရောက်သွားသည်တွင် ဗားနေးနှင့် ဖော်စတာတို့က သူတို့အား ရိုသေလေးစားစွာ ဆီးကြိုကြလေသည်။ ညစာစားပွဲကြီးမှာ တခမ်းတနား ပြင်ဆင်မွမ်းမံထားသော်လည်း စားသောက်သူများအား အနီးမှစောင့်ကာ ပြုစုလုပ်ကိုင်ပေးသည့် အစေခံဟု လုံးဝမရှိဘဲ ဂျေးနက်တစ်ယောက်သာလျှင် လိုရာကိုဆောင်ရွက်ပေးရန် အနီးမှ အသင့်စောင့်ဆိုင်းလျက်ရှိ၏။ အမတ်ကြီးဇနီးမောင်နှံက စားပွဲထိပ်တွင် နေရာယူကြလျက်၊ ဗားနေးနှင့် ဖော်စတာက နိမ့်ကျသူတို့၏ထုံးစံအတိုင်း စားပွဲအောက်ဘက်၌ နေရာယူ၍ ထိုင်ကြလေသည်။

နောက်ဆုံး၌ အိပ်ချိန်ရောက်လာသဖြင့် အမတ်ကြီးနှင့်အမတ်ကြီးကတော်တို့သည် သူတို့အခန်းရှိရာသို့ ထွက်သွားကြရာ၊ စံအိမ်ကြီးတစ်ခုလုံးမှာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိတော့၏။ နံနက်လင်းသောအခါ ဗားနေးက အမတ်ကြီး၏ဘဏ္ဍာစိုးအဖြစ်ဖြင့် ပြုဖွယ်ကိစ္စများကိုအသင့်ပြုလုပ်ဆောင်ရွက်ပေးလေသည်။

အမတ်ကြီးသည် အမတ်ကတော်လေးအား နှုတ်ဆက်ပြီး

www.burmeseclassic.com



နောက် ဗားနေးထံမှ ဆင်းရဲသားအောက်တန်းစားများ ဝတ်ဆင်သော ဝတ်ရုံတစ်ထည်နှင့် ဦးထုပ်ခပ်နွမ်းနွမ်း တစ်လုံးကိုယူကာ၊ မူလ သဏ္ဌာန်ပျောက်၍ သာမန်လူတစ်ယောက်အသွင် ရုပ်ဖျက် ဝတ်ဆင် လေသည်။ ထို့နောက် သူနှင့်ဗားနေးအတွက် မြင်းများ ရောက်ရှိလာပြီး လျှင် အမတ်ကြီးခမျာမှာ မခွဲချင် မခွာချင်နှင့်ပင် ပြတင်းဝမှ လက်ကိုင် ပဝါကလေးကို အဆက်မပြတ် ရမ်းပြနေရှာသော ချစ်ဇနီးအမတ် ကတော်ကလေးအား လက်တပြပြဖြင့် ပြန်လည်နှုတ်ဆက်ရင်း မြင်းကို စီးနင်းကာ ထွက် ခွာသွားလေသည်။

အန်တော်နီဖော်စတာအား လျှို့ဝှက်သည့်ကိစ္စနှင့်ပတ်သတ်၍ နှုတ်ပိတ်ခဲ့ပြီးနောက် ဗားနေးလည်း မိုက်ကယ်လင်းဘုန်းနှင့် စကား ပြောလိုသဖြင့် ဝက်ဝံနက်ထမင်းဆိုင်ရှိရာသို့ မြင်းနှင့်သွားရောက်လေ ၏။ မိုက်ကယ်က ထရက်ဆီးလီးယန်းသည် မည်သည့်အရပ်ကိုဟူ၍ မသိ၊ မမျှော်လင့်ဘဲ ညတွင်းချင်းထွက်ခွာသွားကြောင်း မျက်နှာပျက် ပျက်ဖြင့် ဆီး၍ သတင်းပေးလေသည်။ ဗားနေးသည် ထမင်းဆိုင်တွင် စုံစမ်းခြင်းအားဖြင့် မိုက်ကယ်၏စကားမှန်ကန်ကြောင်းသိရှိရပြီးနောက် စွန့်စားသွားလာခြင်းကိုဝါသနာပါသော လင်းဘုန်းအား သူ၏ ရှေ့အဖို့ ကြီးပွားရေးလမ်းစဉ်များကို ရှင်းလင်းပြောပြရာမှ နောက်ဆုံးတွင် မိုက်ကယ်လင်းဘုန်းသည် အမတ်ကြီး၏လက်အောက်တွင် ဝင်ရောက် အမှုထမ်းရွက်ရန် သဘောတူညီလိုက်လေသည်။ သို့ဖြစ်၍ နှစ်ယောက် သားသည် ထိုညအဖို့၌ အမတ်ကြီးစခန်းချလိမ့်မည်ဟူ၍ ယူဆရသော 'ဝှဒ်စတော့' မြို့ကလေးရှိရာသို့ မြင်းကိုယ်စီ စီးနင်းကာ အတူတကွ ထွက်ခွာသွားကြလေသတည်း။

*



( ၅ )

မစ္စတာထရက်ဆီးလီးယန်းသည် ဗားနေးနှင့်တိုက်ခိုက်ခဲ့ပြီး နောက် ဝက်ဝံနက်ထမင်းဆိုင်သို့ ပြန်လာခဲ့ပြီးလျှင် တစ်နေ့လုံး တံခါး ကို အလုံပိတ်ကာ တစ်ယောက်တည်း အခန်းအောင်း၍နေလေသည်။ ညဦးအချိန်သို့ရောက်သောအခါ သူ့ထံသို့ ထမင်းဆိုင်ရှင်ကြီးရောက် လာ၍ နှစ်ယောက်သား လျှို့ဝှက်စွာဆွေးနွေးပြောဆိုရင်းဖြင့် ထရက် ဆီးလီးယန်းက 'ကွန်ဝေါ'နယ်မှ ထရက်ဆီးလီးယန်းမိသားစုနှင့် 'ဒီဗွန် ရှိုင်ယာ' မှ ရိုဗတ်တို့မိသားစုများသည် တစ်ဦးနှင့်တစ်ဦး မည်သည့် အချိန်မှစ၍ မည်ကဲ့သို့ ခင်မင်ရင်းနှီးစွာ ပေါင်းသင်းလာခဲ့ကြပုံနှင့် 'ဆာ ဟူးရိုဗတ်' ကြီး၏ သမီးချောကလေး အေမီနှင့် သူ့အား မည်ကဲ့သို့ စေ့စပ်ကြောင်းလမ်းခဲ့ကြပုံတို့ကို ဆိုင်ရှင်ကြီးအား ပြန်လည်ပြောပြလေ သည်။ သူတို့၏လက်ထပ်ပွဲကို အေမီ၏တောင်းပန်ချက်အရ ၁၂ လမျှ ခွာ၍ ရွှေ့ဆိုင်းခဲ့ကြ၏။ ထိုအတောအတွင်း ရစ်ချက်ဗားနေး ပေါ်ပေါက် လာပြီးလျှင် ဆာဟူးဘက်မှ ဆွေမျိုးနီးစပ်တော်သည်ဟုဆိုကာ သူတို့ မိသားစုနှင့် မကြာခဏ အတူတကွ လာရောက်နေထိုင်လေ့ ရှိခဲ့လေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ယင်းသို့နေထိုင်ရာမှ ထိုသူနှင့် အေမီတို့၏ဆက်ဆံပုံများမှာ မူမမှန်ပဲဖြစ်လာသည်ကို တစ်စတစ်စ တွေ့ရှိလာလေသည်။ နောက်ဆုံး၌ ဖခင်ကြီး၏ 'လစ္စကုတ်ဟောလ်' ခေါ် စံအိမ်ကြီးမှ အေမီသည် တစ်ခါတည်း ပျောက်ကွယ်သွားလေရာ ထိုအချိန်မှစ၍ ဘားနေးလည်း လုံးဝ ပေါ်မလာတော့ချေ။ သို့နှင့် နောက်ဆုံး 'ကူးနားပလေ့' အိမ်ကြီးတွင် အေမီ ယနေ့နံနက် နောက်ဆုံးတွေ့ရကြောင်းနှင့် ထရက်ဆီးလီးယန်းက နိဂုံးချုပ်ပြောပြလေသည်။

ဂျိုင်းဂိုစလင်းကမူ သူ့အား ဒီဗွန်ရှိုင်ယာသို့ အမြန်ဆုံးပြန်သွားပြီးလျှင် ဆာဟူးရိုဗတ်အတွက် အသနားခံလွှာတစ်စောင် ရေးကာ ဘုရင်မကြီးထံ တင်သွင်းရန်သင့်ကြောင်း အကြံပေး၏။ ထိုမှူးသာမက မိုက်ကယ်လင်းဘုန်းက သူ့အား ကြွက်ကို ကြောင်ချောင်းဘိသကဲ့သို့ မျက်ခြည်ပြတ်မခံဘဲ ချောင်းမြောင်းနေသဖြင့် ဘေးအန္တရာယ်တွေ့မည်ကို စိုးရိမ်ရကြောင်းပြောကြားကာ ထရက်ဆီးလီးယန်းအား ထိုညဥ့်ပင် ထွက်ခွာသွားရန် တိုက်တွန်းလေသည်။ ထရက်ဆီးလီးယန်းလည်း ထိုအကြံပေးချက်အတိုင်းလိုက်နာလျက် မြင်းနှင့်အမြန်ဆုံးထွက်ခွာသွားလေသည်။ ယင်းသို့မထွက်ခွာမီ အကယ်၍သူသည် သူ၏လက်စွပ်အမှတ်အသားဖြင့် သတင်းပို့သူတစ်ယောက်ကို စေလွှတ်ခဲ့သော် ထိုသူအား ကူးနားပလေ့စံအိမ်ကြီးမှ သိရှိသမျှသတင်းများကို ပေးလိုက်ရန် ဂိုစလင်းနှင့် အစီအစဉ်ပြုလုပ်ခဲ့လေ၏။

ထိုနေ့နံနက်၌ ထရက်ဆီးလီးယန်းသည် 'ဗတ်ရှိုင်းယား' ခေါ် မြို့ငယ်လေးမှ မထွက်သေးမီ သူ့မြင်း၏ ရှေ့ခြေထောက်တစ်ဘက်မှ သံခွာကျွတ်ထွက်သွားသဖြင့် ပန်းဘဲသမားတစ်ယောက်ကို စုံစမ်းသည်တွင် ကံအားလျော်စွာ ဝေလန်စမစ်ဆိုသူ၏ ပန်းဘဲဖိုသို့ ရောက်သွားလေသည်။ ထိုသူကား အဘက်ဘက်က စုံသူဖြစ်၏။ အဘယ်





ကြောင့်ဆိုသော် သူသည် အကောင်းဆုံး မြင်းသံခွာရိုက်သမားတစ်ယောက် ဖြစ်ရုံမဟုတ်သေးဘဲ၊ လူနှင့်တကွ တိရစ္ဆာန်များကိုပါ ကုသနိုင်သည့် ဆေးပညာကိုပါ အတော်အတန်ခေါက်မိသူဖြစ်၏။ ကရေချသည်တစ်ယောက်ဖြစ်၍ လမ်းလျှောက်မျက်လှည့်ဆရာလည်း လုပ်ခဲ့ဖူးလေသည်။ စင်စစ်သော်ကား သူသည်တစ်ကြိမ်က 'လစ္စကုတ်ဟောလ်' အိမ်ကြီးတွင် ကပြခဲ့ဖူးသောကြောင့် ထရက်ဆီးလီးယန်းအား လူရောနာမည်ပါ သိဖူးသူဖြစ်လေသည်။

ထိုအချိန်က ဝေလန်စမစ်မှာ 'စုန်း' ဟူ၍ စွပ်စွဲခြင်းခံရသဖြင့် အသက်ဘေးကို စိုးရိမ်ကြောက်ရွံ့သောကြောင့် ထိုအရပ်မှ ထွက်ပြေးရန် ကြံစည်နေသူတစ်ယောက်ဖြစ်လေသည်။ သို့နှင့် သူသည် ထရက်ဆီးလီးယန်းနှင့်တွေ့ရသောအခါ သူ၏လက်အောက်အတွင်းတွင် ဝင်ရောက်အမှုထမ်းရန် လွယ်လင့်တကူ သဘောတူညီလိုက်လေသည်။ သို့ဖြစ်၍ သူတို့သည် မြင်းကိုယ်စီနှင့် အတူတကွလာခဲ့ကြရာ ထရက်ဆီးလီးယန်း ကူးနားမှထွက်ပြီး သုံးရက်မြောက်သည့် မွန်းတည့်အချိန်လောက်တွင် ဒီဗွန်ရှိုင်ယာနယ်စပ်ရှိ 'လစ္စကုတ်ဟောလ်' စံအိမ်ကြီးဆီသို့ ဆိုက်ရောက်လာခဲ့ကြလေ၏။

ဆာဟူးရိုဗတ်က သူ၏နာမည်နှင့်ဆောင်ရွက်ရန် ကိစ္စရှိသမျှ ထရက်ဆီးလီးယန်းအား အာဏာကုန်လွှဲအပ်သည့် ကိုယ်စားလှယ်စာတစ်စောင်ကို လက်မှတ်ရေးထိုးပေးလေသည်။ တရားရုံးတော်သို့ သွားရောက်ရမည့်ကိစ္စနှင့် ခရီးစဉ်အတွက် စီမံမှုများမှာလည်း ၂၄ နာရီအတွင်း၌ပင် စီမံပြုလုပ် ပြီးစီးသွားလေသည်။ သို့နှင့် သူသည် ထွက်ခွာတော့မည့်ဆဲဆဲတွင် အိမ်ဝင်းထဲသို့ဝင်လာသော မြင်းခွာသံများကို ကြားရပြီးနောက် 'မတ်စတာထရက်ဆီးလီးယန်း' သို့ဟူ၍ လိပ်စာပါ ထားသော စာတစ်စောင်နှင့်အတူ အမတ်ကြီးတစ်ယောက်၏ အစေ



www.burmeseclassic.com

www.burmeseclassic.com



အပါး အဝတ်အစားဖြင့် လူတစ်ယောက်ရောက်လာလေသည်။

ထရက်ဆီးလီးယန်းသည် စာကိုဖွင့်၍ဖတ်ရှုရာ အောက်ပါအတိုင်း တွေ့ရှိရလေသည်။

**ကျွန်ုပ်တို့၏ ချစ်လှစွာသောမိတ်ဆွေနှင့် ညီတော်မောင်မစ္စတာ ဆီးလီးယန်း . . .**

*'ကျွန်ုပ်သည် ယခုအခါ၌ များစွာ မကျန်းမမာဖြစ်လျက်ရှိနေသည့်ပြင်၊ ပတ်ဝန်းကျင်အခြေအနေအရလည်း များစွာ စိတ်မချမ်းသာဖွယ် အကြောင်းပေါ်နေသဖြင့် ကျွန်ုပ်တို့၏အနီးတွင် အားထားဖွယ်ဖြစ်သော မိတ်ဆွေများ ဝိုင်းရံနေသည်ကို လိုလားလျက်ရှိကြပါသည်။ ထိုသူများထဲတွင် နှလုံးရည် လက်ရုံးရည်နှင့်ပြည့်စုံသည့် ကျွန်ုပ်တို့၏ အရင်းနှီးဆုံးမိတ်ဆွေကြီးတစ်ဦးဖြစ်သော မတ်စတာထရက်ဆီးလီးယန်းကို ပါဝင်စေလိုသော ဆန္ဒရှိနေကြပါသည်။ သို့ဖြစ်၍ 'ဒက်ဖို့' မြို့အနီးရှိ ကျွန်ုပ်တို့၏ သိမ်ငယ်သောဂေဟာဖြစ်သည့် 'ဆာရေးကုတ်' သို့ တတ်နိုင်သမျှ အမြန်ဆုံးကြွရောက်လာပါရန် တောင်းပန်လိုက်ပါသည်။ သင်ရောက်လာသောအခါမှပင် စာနှင့်ရေးသားရန်မသင့်လျော်သော အကြောင်းကိစ္စများကို ကျွန်ုပ်တို့ ဆွေးနွေးကြပါဦးမည်။ သင့်အား ကျွန်ုပ်တို့ လှိုက်လှဲစွာ နှုတ်ဆက်လိုက်ပါသည်။*

*သင်၏ ချစ်လှစွာသောနှောင်တော် . . .*

*'ရတ်ကလစ်' (ဆတ်ဆက်အမတ်ကြီး)*

ထရက်ဆီးလီးယန်းက . . .

'စာပို့လာတဲ့လူကို ခုလွှတ်လိုက်စမ်းဟေ့ . .'

ဟု ပြောလိုက်သဖြင့် အခန်းတွင်းသို့ ထိုသူဝင်လာသောအခါ . . . 'ဟာ စတီဗင်ပါကလားဟေ့၊ ဘယ့်နှယ့် ငါ့ နှောင်တော်ကြီး ဘယ်လိုနေသလဲကွယ့်'





'မမာနေပါတယ် မစ္စတာထရက်ဆီးလီးယန်း၊ ဒါကြောင့် သူ့အနားမှာ မိတ်ဆွေကောင်းတွေ ဝိုင်းဝိုင်းဝန်းဝန်း ရှိနေစေချင်နေပါတယ် . .'

(စိတ်အားထက်သန်စွာဖြင့်)

'နေပါဦး ငါ့ နှောင်တော်ရဲ့၊ ရောဂါ ဘာရောဂါလဲကွယ့်၊ ငါဖြင့် သူမမာတဲ့အကြောင်းနဲ့ပတ်သတ်ပြီး ဘာမှမကြားမိပါဘူး'

'ဘာရောဂါရယ်လို့ ကျွန်တော်လည်း မသိပါဘူး ခင်ဗျာ၊ အတော်တော့ နေမကောင်းဖြစ်နေပါတယ် . . ဆေးဆရာတွေလည်း အနားမှာ ဝိုင်းနေကြတာပဲ၊ အိမ်သူအိမ်သားတွေကတော့ စုန်းပြုစားတာလိုလို ဘာလိုလို ထင်နေကြတယ် . .'

ထိုအခါ ဝေလန်စမစ်က ရှေ့သို့ လျှင်မြန်စွာ တိုးလာပြီးလျှင်

'ရောဂါလက္ခဏာတွေက ဘယ်လိုနေသလဲ'

ဟု ဝင်ရောက်မေးမြန်းလိုက်လေသည်။

(သတင်းပို့သူက နားမရှင်းသဖြင့်)

'ဘယ့်နှယ့်ခင်ဗျ'

'သူ့ရောဂါဖြစ်ပုံက ဘယ်လိုလဲ . . ဘယ်နေရာမှာ ဝေဒနာခံစားနေသလဲလို့ မေးတာပါ . .'

ထိုသူက တစ်စိမ်းတစ်ယောက်၏ မေးမြန်းစုံစမ်းခြင်းကို ပြန်ပြောရန် သင့် မသင့် မသိရှိသဖြင့်၊ ထရက်ဆီးလီးယန်းအား လှမ်းကြည့်လိုက်လေသည်။ ပြန်ဖြေရန် အချက်ပြသည်ကိုတွေ့ရမှ တဖြည်းဖြည်းအားအင်လျော့လာခြင်း၊ ညအချိန်၌ ချွေးများစွာထွက်ခြင်း၊ ခံတွင်းပျက်ခြင်း၊ သတိမေ့မျောသွားတတ်ခြင်း စသည့်လက္ခဏာများအကြောင်းကို တစ်ခုစီ ပြောပြလေသည်။

'ဒါဟာ ဗိုက်ထဲမှာ တရိရိ နာနေတဲ့ အနာတစ်ခုနဲ့ အောင့်စပ်



www.burmeseclassic.com

www.burmeseclassic.com



နေတယ်၊ ပြီးတော့ အဖျားလည်း နည်းနည်းဝင်နေတယ်'

(စာပေးလာသူက 'အဲ့ဩဟန်ဖြင့်)

'အဲဒီလိုပဲ ဖြစ်နေတာပဲ'

'ဒီရောဂါ ဘယ်လိုဖြစ်လာတယ်ဆိုတာ ကျုပ်သိပါတယ်၊ သူ့ကို ကျုပ်ကုနိုင်တယ် . .'

'ဒါဖြင့် ကျုပ်တို့ အဲဒီကို ချက်ချင်းသွားကြမယ်၊ ကျုပ်တို့ကို ဘုရားက အခေါ်လွှတ်တာပဲ . .'

သို့နှင့် ထရက်ဆီးလီးယန်းသည် မိမိအရေးတကြီးထွက်သွားရမည့်ကိစ္စကို ရှင်းလင်းပြောပြပြီးလျှင်၊ ဆာဟူးရိုဗတ်တို့အိမ်သားများထံ အခွင့်တောင်းပြီးနောက် ဝေလန်စမစ်နှင့် သတင်းပို့သူပါခေါ်လျက် လန်ဒန်မြို့သို့ ခရီးပြင်းနှင်ခဲ့ကြလေ၏။

'ဆာရေးကုတ်' သို့ ရောက်သောအခါ ရဲတိုက်ကြီးတစ်ခုလုံး ဆတ်ဆက်အမတ်ကြီး၏တပည့်များ၊ လူနာကိုမေးရန် လာရောက်ကြသော ဉာဉ့်သည်တော်များ၏ ငယ်သားများဖြင့်ပြည့်လျက်၊ လူတိုင်း၌လည်း လက်နက်များ ကိုင်စွဲထားသည်ကိုတွေ့ရ၏။ နန်းတော်တွင် သူနှင့်ပြိုင်ဘက်ဖြစ်သော ရန်သူတော် 'လီဆက်စတာ'က အလုံးအရင်းနှင့် ရုတ်တရက် ဝင်ရောက်တိုက်ခိုက်မည်ကို စိုးရိမ်ဘိသကဲ့သို့ ကြောင့်ကြ စိုးရိမ်သော အမူအယာများလည်း ရှိကြလေသည်။ သူရောက်လာသည်ကို လက်ပါးစေတစ်ယောက်က သွားရောက်အကြောင်းကြားလျက်ရှိစဉ်၊ အမတ်ကြီး၏လက်စွဲတော်တစ်ယောက်က အခန်းတစ်ခန်းသို့ခေါ်သွားရာ အခန်းထဲတွင် သူ့အားစောင့်ဆိုင်းနေသော လူနှစ်ယောက်ကိုတွေ့ရ၏။ ထိုသူနှစ်ယောက်တို့မှာ ရုပ်ရည်အားဖြင့်လည်းကောင်း၊ အဝတ်အစားအားဖြင့်လည်းကောင်း ကွာခြားလှပေ၏။ အကြီးဖြစ်သော အရွယ်ကောင်းကောင်းလူမှာ စစ်သားကဲ့သို့ ခပ်ရိုးရိုးဝတ်





ဆင်ထားလျက်၊ အရပ်ပုပု ကိုယ်လုံးကိုယ်ဖန်တုတ်တုတ်နှင့် အမူအယာ ခပ်ကြမ်းကြမ်းရှိပြီးလျှင် စဉ်းစားဆင်ခြင်ဉာဏ်နှင့် ပြည့်စုံဟန်တူလေသည်။ အသက် ၂၀ ခန့်ရှိလူငယ်မှာ ဇာပန်းများဖြင့် လှပစွာဖောက်ထားသော ကြက်သွေးရောင် ကတ္တီပါဝတ်ရုံ၊ ကြက်သွေးရောင်ဦးထုပ်နှင့် သုံးပတ်မျှရစ်ပတ်ထားသည့် ရွှေကြိုးကွင်းတွင် ဘွဲ့တံဆိပ်ကြီးတစ်ခု စသည့်အဆောင်အယောင်တို့ဖြင့် ထိုခေတ်က အထက်တန်းစားလူများ ဝတ်ဆင်လေ့ရှိသော အဝတ်များကို ဝတ်ဆင်ထားလေသည်။

ထရက်ဆီးလီးယန်း ဝင်လာသောအခါ နှစ်ယောက်စလုံးပင် ပျူပျူငှာငှာ နှုတ်ဆက်ကြလျက် အငယ်ဖြစ်သူက ပို၍စိတ်ပါလက်ပါ ရှိပုံရ၏။

'ကြွပါ ထရက်ဆီးလီးယန်းခင်ဗျာ . . ဘေးအန္တရာယ်နဲ့ ရင်ဆိုင်ရမယ့်ဆဲဆဲအချိန်မှာ ကျွန်တော်တို့ဆီရောက်လာတာ သိပ်အဆင်သင့်တာပါပဲ . .'

'ဒီလိုဆိုရင် ကျုပ်တို့အမတ်ကြီးရဲ့ အခြေအနေဟာ သိပ်ဆိုးဝါးနေတာပေါ့ . .'

'ဘယ့်နှယ့် . . ကျုပ်တို့ 'ဆီဆက်စတာ' အမတ်ကြီးက ဖြောင့်မှန်တဲ့စိတ်ရှိပါတယ် ခင်ဗျ . .'

'ကျွန်တော်တို့တော့ အဆိုးဝါးဆုံး အခြေအနေကို ရောက်နေကြတာပါပဲ ခင်ဗျာ . .' ဟု အကြီးဖြစ်သော လလောင့်ဆိုသူက အဖြေပေးလိုက်လေသည်။

'ဒါဖြင့် ဘာလို့ နောက်လိုက်နောက်ပါတွေ ဒီလောက်အများကြီး သူ့အနားမှာ ထားရတာလဲ . .'

ဟု လူငယ်ဖြစ်သူ 'ဝေါလတာရလေး' က ပြန်၍ မေးလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက် အမတ်ကြီး၏ ဘဏ္ဍာစိုး ဝင်ရောက်လာပြီးလျှင် ထရက်ဆီးလီးယန်းအား သူ၏သခင်ဖြစ်သူက တွေ့ဆုံစကားပြောလိုကြောင်းပြောသဖြင့် လိုက်ပါသွားရလေရာ၊ လျှော့ရိလျှော့ရဲဝတ်စားလျက် ရောဂါဝေဒနာဖိစီးနှိပ်စက်သဖြင့် အိပ်ရာပေါ်၌ ညိုးငယ်စွာလဲလျောင်းနေသော 'လော့ဆတ်ဆက်' အား တွေ့ရှိရလေသည်။ အမတ်ကြီးသည် ထရက်ဆီးလီးယန်းအား ချစ်ခင်ရင်းနှီးစွာဖြင့် ဝမ်းသာအားရဆီးကြိုနှုတ်ဆက်ပြီးနောက် သူ၏ကိုယ်တွင်းရေးကိစ္စများကို အတန်ငယ်ပြောကြားပြီးနောက် အမတ်ကြီး၏ ကျန်းမာရေးဘက်သို့ စကားဦးလှည့်လာသည်တွင် သူ၏ရောဂါလက္ခဏာများမှာ ဝေလန် တင်ကြိုပြောပြသည့်အချက်များနှင့် တစ်သွေမတိမ်း တူညီနေသည်ကို အံ့သြစွာတွေ့ရှိရ၏။ သို့ဖြစ်၍ သူသည် ဆိုင်းငံ့ခြင်းမရှိတော့ဘဲ အမတ်ကြီးခံစားနေရသော ဝေဒနာကို သူ့တပည့်က ကုသပေးရန်ကြံရွယ်ထားကြောင်း ထုတ်ဖော်ပြောဆိုလိုက်လေ၏။

'ဒါဖြင့် အဲဒီလူကို ငါ့ရှေ့ခေါ်ခဲ့ကြဟေ့ . .'

ဟု လူနာက အမိန့်ပေးလိုက်သဖြင့် ဝေလန်အား သူ့ရှေ့သို့ခေါ်သွင်းလာခဲ့ရလေသည်။

'ဒီဝေဒနာရအောင် စပြီးကြံစည်လိုက်တဲ့လူတွေက ကျုပ်ကိုတစ်ခါတည်းလက်စတုံးသွားအောင် မောင်မင်းကိုလွှတ်လိုက်တာ ဖြစ်ချင်ဖြစ်နေမယ် နို့ပေမယ့် စဉ်းစားချင်စဉ်းစားအုံး၊ တကယ်လို့ မောင်မင်းရဲ့ဆေးအတွက် ကျုပ်ရောဂါ ပိုဆိုးသွားမယ်ဆိုလို့ရှိရင်တော့ မောင်မင်းအဖို့ သက်သာမယ် မဟုတ်ဘူး . .'

'ဆေးရဲ့စွမ်းဆောင်ချက်နဲ့ ဘဝရဲ့ကုန်ဆုံးမှုဆိုတာက ဘုရားသခင်ရဲ့ အလိုတော်အတိုင်းဖြစ်လေတော့ ဒီလို စည်းကမ်းချက်ချမှတ်ထားတာဟာ ပြင်းထန်လွန်းလှပါတယ်၊ နို့ပေမယ့် ဘာပဲဖြစ်ဖြစ် ကျွန်





တော် စွန့်စားပြီး ကုပါ့မယ် . .'

'ကိုင်း ဒီလောက်တောင် မောင်မင်းက ကိုယ့်အစွမ်းကို ကိုယ်ယုံကြည်နေတယ်ဆိုရင်တော့ ကျုပ်အတွက် သမားတော်တွေက ဘာမှမတတ်နိုင်ကြတဲ့အတူတူ မောင်မင်းရဲ့အကုအသကိုပဲ ကျုပ်ကလည်းစွန့်စားပြီး ခံယူပါတော့မယ်၊ ကဲ အဲဒီဆေးကို ဘယ်လိုသောက်ရမယ်ဆိုတာသာ ကျုပ်ကိုပြောပေတော့ . .'

'ဒီဆေးကို ကျွန်တော် ခုချက်ချင်းစီမံပါ့မယ် . . နို့ပေမယ့် ကျွန်တော့်အဖို့မှာ အသက်နဲ့လဲပြီး ဆေးကိုကုသရခြင်းဖြစ်လေတော့ ဒီအထဲမှာ ဘယ်သမားတော်ကြီးကိုမှ ဝင်ရောက်စွက်ဖက်ခွင့် မပြုရဆိုတဲ့ စည်းကမ်းတစ်ချက်ထားဖို့ ခွင့်ပြုစေလိုပါတယ်'

'ကောင်းပြီး . . ကိုင်း မောင်မင်း ဆေးကိုသာ ပြင်ဆင်ပေတော့ . .'

ဝေလန်က အမတ်ကြီး၏ အမိန့်အတိုင်း ဆေးများကို စီစဉ်ဖော်စပ်လျက်ရှိခိုက်တွင် အစေခံများက ဆေးဆရာ၏ ညွှန်ကြားချက်အရ သူတို့၏သခင်ဖြစ်သူအား အဝတ်အစားများကို ချွတ်ပေးပြီးလျှင် အိပ်ရာပေါ်၌ အသာအယာ သိပ်ထားကြလေသည်။

'ဒီဆေးသောက်ပြီးတဲ့အခါကျရင် နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်မောကျသွားပါလိမ့်မယ်၊ အဲဒီအခါမှာ နှောင့်ယှက်လို့ရှိရင် အသက်ဘေးကို ထိခိုက်မှာစိုးရိမ်ရတဲ့အတွက် လူနာအိပ်ပျော်နေခိုက်မှာ အိပ်ခန်းဆောင်ကို အနှောင့်အယှက်လုံးဝမရှိစေရဘဲ စောင့်ရှောက်ထားဖို့ ကျွန်တော် သတိပေးပါတယ်၊ ကျွန်တော်ကိုယ်တိုင်ကတော့ အိပ်ခန်းဆောင်အမှုထမ်းတစ်ဦးဦးနဲ့အတူ အမတ်ကြီးရဲ့ဘေးနားမှာ စောင့်ကြည့်နေပါ့မယ် . .'

'ကိုင်း ဒါဖြင့် 'စတန်လေ' နဲ့ ဒီဆေးဆရာကလွဲပြီး အခန်းထဲ



www.burmeseclassic.com

www.burmeseclassic.com



က အားလုံးထွက်ကြပေစေ . .'

'ဒီဆေးသောက်ပြီး ဘယ်လိုနေမယ်ဆိုတာကို ကျွန်တော်စိတ်အင်မတန် ဝင်စားနေလို့ ကျွန်တော်ပါ ချန်နေရစ်ခဲ့ပါရစေ ခင်ဗျာ'

'ဒီလိုဆိုရင်လည်း နေခဲ့လေ၊ ကျုပ်တို့လုပ်ငန်းကို စမ်းကြရအောင် . .'

ထို့နောက် သူသည် လက်ပိုက်လျက် စိတ်ကိုဒုံးဒုံးချလိုက်ဘိသကဲ့သို့ တစ်စက္ကန့် နှစ်စက္ကန့်မျှ ငြိမ်သက်ကာ အာရုံစူးစိုက်လိုက်ပြီးနောက် ဆေးကိုလက်ဖြင့်ယူကာ တစ်ခါတည်းမျိုချလိုက်လေသည်။

အမတ်ကြီး၏ အိပ်ခန်းဆောင်ထဲတွင် သူ၏အစေခံ စတန်လေ၊ ဆေးဆရာဝေလန်နှင့် ထရက်ဆီးလီးယန်တို့မှတစ်ပါး မည်သူမျှ မကျန်ရစ်ခဲ့ချေ။ ဝေလန်စမစ်၏ တင်ကြိုပြောဆိုချက်အတိုင်း အမတ်ကြီးသည် လျင်မြန်စွာအိပ်ပျော်သွားပြီးလျှင် နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်မောကျလျက်ရှိလေရာ အိပ်ကန့်ဘေးမှ စောင့်ကြည့်နေကြသူများပင်ယင်းကဲ့သို့ အားအင်ချို့ယွင်းလျက်ရှိသော အခြေအနေမျိုးမှာ လူနာသည် အိပ်ပျော်လျက်ရှိရာမှ လုံးဝပြန်၍နိုးမလာတော့ဘဲ တစ်ခါတည်းအသက်ပျောက်၍ သွားချေတော့မည်လောဟု စိုးရိမ်ပူပန်လျက်ရှိနေကြလေ၏။ ဝေလန်စမစ်ကိုယ်တိုင်ပင် စိုးရိမ်မကင်းရှိသည့်ဟန်ဖြင့် လူနာ၏ အသက်ရှူပုံကို သေချာစွာ စမ်းသပ်ကြည့်ရှုလျက် ရှိလေသည်။

တဖြည်းဖြည်းနှင့် နံနက်လင်း၍ လာသောအခါ ထရက်ဆီးလီးယန်းသည် အစောင့်လွန်သွားသဖြင့် တစ်ကိုယ်လုံးညောင်းညာတောင့်တင်းလျက်ရှိရကား ခန်းမဆောင်ကြီးရှိရာသို့ ဝမ်းသာအားရဆင်းသက်လာနေစဉ် အမတ်ကြီးမှာ သူ့အလိုအလျောက်နိုးထလျက် သူ့ကိုယ်တွင်းမှ ရောဂါဝေဒနာ ခံစားနေရခြင်းများ သိသိသာသာယုတ်လျော့သွားပြီးလျှင် ရွှင်ရွှင်လန်းလန်း စကားပြောသည်ကို သူ





တွေ့ရကြောင်း နံဘေးပတ်ဝန်းကျင်ကိုလည်း ပေါ့ပါးဖြတ်လတ်သောအသွင်ဖြင့်ကြည့်ရှုနေသည်ကို တွေ့ရသဖြင့် ကိုယ်ရောစိတ်ပါ သိသာစွာ သက်သာပြောင်းလဲလာပြီ ဖြစ်ကြောင်းနှင့် သတင်းကောင်းပေးလေ၏။

နေ့လယ်ပိုင်းအချိန်တွင် ဘုရင်မကြီးလည်း 'ဆာရေးကုတ်'သို့ ကြွမြန်းတော်မူလာ၏။ အမတ်ကြီးက ဘုရင်မကြီးအား ခန်းမဆောင်ကြီးတွင် တွေ့ဆုံသောအခါ တစ်စုံတစ်ရာ မကျေမနပ်ဖြစ်နေသော ဘုရင်မကြီး၏ မျက်နှာထားကို ရုတ်ချည်းသိရှိလိုက်လေသည်။ သူ၏ မရှုဆိတ် နိုင်သောမျက်လုံးများသည် စစ်အင်္ဂါခင်းကျင်းသကဲ့သို့ လက်နက်ကိုယ်စီဖြင့် ရဲတိုက်ထဲ၌ အပြည့်အကြပ်ရောက်ရှိနေကြကုန်သော ဂုဏ်သရေရှိလူကြီးလူကောင်းများနှင့် နောက်ပါငယ်သားများကိုသတိပြု ကြည့်ရှုမိရကား မနှစ်မြို့သော စကားလုံးများသည် ဘုရင်မ၏နှုတ်ဖျားမှ ရှေးဦးစွာ ထွက်ပေါ်လာလေသည်။

'ဒါလောက်များပြားလှတဲ့ လုံတော်တွေ . . လက်နက်ခဲယမ်းမီးကျောက်တွေကို ကိုင်ထားရအောင် ဒါဟာ ဘုရင့်တပ်မတော်ကြီးတစ်ခုများ ဖြစ်နေလေရော့သလား ဆတ်ဆက်အမတ်ကြီးရဲ့၊ ဒါမှမဟုတ်ရင်လည်း ကျွန်ုပ်တို့လန်ဒန်ရဲတိုက်ကြီးကိုပဲ မျက်စိမှားပြီး ရောက်နေကြလေရော့သလား . .'

အမတ်ကြီးလည်း အကျိုးအကြောင်းကို အနည်းငယ် ရှင်းလင်း လျှောက်ထားကာ တောင်းပန်လေသည်။

'ဒါတွေ လျှောက်တင်ဖို့ မလိုပါဘူး အမတ်ကြီးရယ် . . အမတ်ကြီးနဲ့ ကျွန်ုပ်တို့ရဲ့ နန်းတွင်းသားဖြစ်တဲ့ တခြားမှူးမတ် မင်းကြီးတစ်ပါးနဲ့ ရန်မီးပွားကြမယ့်ကိစ္စထဲမှာ ကျွန်ုပ်တို့ ဝင်ပြီးပါရလိမ့်မယ်။ ပြီးတော့ ကျွန်ုပ်တို့ရဲ့မြို့တော်အနီးမှာ အဲလေ . . မြို့တော်အနီးမှာဖြစ်တော့



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး . . ကျွန်ုပ်တို့ရဲ ထီးနန်းဥပစာအတွင်းမှာပဲ အမတ်ကြီးတို့ တစ်ဦးကိုတစ်ဦး ပြည်တွင်းစစ်ပွဲကြီး တိုက်ခိုက်ကြဖို့အရေးနဲ့ ပတ်သတ်ပြီး ယဉ်ကျေးခြင်းမရှိဘဲ ဘေးရန်များလှတဲ့အပြုအမူတွေဖြစ်တဲ့ ခုလို လက်နက်တွေတပြင်ပြင်၊ နောက်လိုက်တွေတရန်းရန်းနဲ့ သင့်ဘေးပတ်ဝန်းကျင်မှာ စစ်တပ်ကြီးချထားသလို စီမံချထားတဲ့အလုပ်တွေကိုလည်း ဆုံးမချင်တယ် . .'

အမတ်ကြီးသည် ဘုရင်မကြီးအား အစားအသောက်အချိုအချဉ်ပွဲရံများ တည်ခင်းဆက်သပြီးသည်အထိ ဆက်လက်စံမြန်းနေပါရန် မရမက တောင်းပန်ခြင်းပြုသေး၏။ သို့သော် သူ၏လျှောက်တင်ချက်မှာ မအောင်မြင်ရှာပေ။ သို့ဖြင့် အရေးတယူပြုကာ ကိုယ်တော်တိုင်ကြွမြန်းလာသည်ကိုအကြောင်းပြု၍ အခွင့်အရေးပေးသော စကားများကို မိန့်ကြားရမည့်အစား သာမန် သလ္လာပ အာလာပ စကားများကို အနည်းငယ်မျှ ဝတ်ကြေဝတ်ကုန် ဆက်လက် မိန့်ကြားပြီးနောက် ဘုရင်မကြီးသည် 'ဆာရေးကုတ်' မှ ပြန်လည် ထွက်ခွာသွားတော်မလေသည်။

✷



( ၆ )

'ကျုပ်တော့ နက်ဖြန်ကျရင် ညီလာခံကို အခစားဝင်ဖို့ အမိန့်ရထားပြီ၊ သူတို့ပြောနေကြတဲ့ စကားအတိုင်းဆိုရင်တော့ ကျုပ်မိတ်ဆွေ ဆတ်ဆက်ကြီးအမတ်ကြီးနဲ့တွေ့ဖို့ပဲ၊ ဘုရင်မကြီးက ကျုပ်တို့ကိစ္စထဲမှာ ကြားဝင်ချင်နေတယ်၊ ဒါကြောင့် ဆာရေးကုတ်ကို သူ အလည်အပတ်ကြွရောက်သွားတာပဲ . . အဲဒီအတွက် မောင်မင်းသူ့စကားကို ဆင်ဆင်ခြင်ခြင်ပြောဖို့ လိုတယ်နော် . .'

ဟု လီဆက်စတာအမတ်ကြီးက 'ဗားနေး'အား ပြောလိုက်၏။

'ကျွန်တော်တော့ ဒါကို ဘယ်လိုမှ သဘောမထားပါဘူး၊ မဟုတ်ပါဘူး . . ဆတ်ဆက်အမတ်ကြီးဟာ အဲဒီလိုကြွရောက်လည်ပတ်ခြင်းခံရတဲ့အတွက် အကျိုးထူးမရတဲ့အပြင် အကျိုးတောင် ယုတ်လျော့သွားသေးတယ်လို့ သူတို့ပြောကြတဲ့စကားတွေကို နားနဲ့ဆတ်ဆတ်ကြားခဲ့ရတဲ့ သူလျှိုတစ်ဦးဆီက ကျွန်တော်သေသေချာချာသိရပါတယ်၊ ဒီဟာကြောင့်တော့ဖြင့် အရှင့်ကိုယ်ကို စိတ်ပင်ပန်းမခံပါနဲ့အရှင်၊ အားလုံးနေရာကျသွားလိမ့်မယ် . .'



www.burmeseclassic.com

www.burmeseclassic.com



[illegible] ဘယ်တော့မှ စိတ်ပျက်အားလျော့မသွားပါ [illegible]

'ဟုတ်ပါတယ် . . နို့ပေမယ့် အဲဒီစိတ်က အရှင့်ကိုမကြာခဏ ဆွဲငင်ယူက်နေပါတယ်၊ သစ်ပင်တစ်ပင်ကိုတက်မယ့်လူဟာ အပွင့်တွေကို မကိုင်ဆွဲဘဲ အကိုင်းတွေကိုသာ ကိုင်ဆွဲရပါတယ်အရှင် . .'

(စိတ်မရှည်ဟန်ဖြင့် . . )

'ဟုတ်ပါတယ်လေ . . ဟုတ်ပါတယ် . . မောင်မင်း ဘာဆိုလိုတယ်ဆိုတာ ကျုပ်သိပါတယ်၊ ကဲပါလေ 'ရတ်ကလစ်'ရဲ့ အပေါင်းအသင်း လူညစ်တွေကိုသာမကပဲ၊ တခြားဂုဏ်သရေရှိ လူကြီးတိုင်းနဲ့ နန်းတွင်းသားတိုင်းရဲ့ နောက်လိုက်ငယ်သားတွေကိုပါ တစ်ယောက်မကျန် ချေမှုန်းရအောင် ကျုပ်ရဲ့ငယ်သားတွေကို ကျကျနနသွားပြီး စီစဉ်ချေစမ်းပါ'

ဆတ်ဆက်နှင့် သူ၏'ပါတီ'ဝင်တို့၏ စိုးရိမ်မှု ကြီးတင်ပြင်ဆင်မှုများမှာလည်း လီဆက်စတာတို့ ပါတီထက် လျော့ပါးခြင်း မရှိပေ။

(အမတ်ကြီးက ထရက်ဆီးလီးယန်းအား . .)

'ဗားနေးအပေါ်မှာ စွပ်စွဲတဲ့အချက်နဲ့ပတ်သတ်တဲ့ ခင်ဗျားရဲ့ အသနားခံလွှာဟာ ခုနေဆိုရင် ဘုရင်မကြီးရဲ့လက်ထဲကို ရောက်သွားရောမယ်၊ ဒီလျှောက်လွှာကို ယုံကြည်စိတ်ချရတဲ့နေရာကနေပြီး ကျုပ်ပို့လိုက်ပါတယ် . . အမှုက လမ်းမှန်တဲ့အမှုလည်းဖြစ်တယ်၊ ပြီးတော့ အလစ်ဇဘက်ဘုရင်မကြီး ကိုယ်တော်တိုင်ကလည်း နှစ်ဦးနှစ်ဘက်လုံးရဲ့ မိုနိုအားထားရာဖြစ်လေတော့ ခင်ဗျားရဲ့စွဲဆိုချက်ဟာ အောင်မြင်ပါလိမ့်မယ် . . .'

နောက်ဆုံး၌ နှစ်ဦးနှစ်ဘက်စလုံးမှ စိုးရိမ်ကြောင့်ကျစွာ ကြို





တင်ပြင်ဆင်ရင်း စောင့်ဆိုင်းနေရသောအချိန်မှာ စေ့ရောက်လာသဖြင့် ရန်ဘက်ဖြစ်သော အမတ်ကြီးနှစ်ဦးတို့သည် နောက်မှ တစီတတန်းကြီး လိုက်ပါလာကြသော မိတ်ဆွေသင်္ဂဟများနှင့် ငယ်သားများကို ခေါင်းဆောင်ကာ နန်းတော်ဝင်းအတွင်းသို့ အခစားဝင်ရောက်လာကြလေ၏။

သူတို့ ရောက်ရှိလာကြသည်နှင့် တစ်ချိန်တည်းလိုမှာပင် ရဲတိုက် ခေါင်းလောင်းထိုးသံနှင့်အတူ နန်းတော်တံခါးကြီးများ ပွင့်သွားလေရာ အမတ်ကြီးများလည်း ခြွေရံသင်းပင်းကိုယ်စီနှင့် အသီးသီးဝင်ရောက် သွားကြလေသည်။ နောက်လိုက်နောက်ပါများသည် ခံ့ညားသော နန်းတော်ခန်းမဆောင်ကြီးထဲသို့ မိမိတို့အရှင်သခင်များနောက်မှ ထက်ချပ်မကွာ စီတန်းလိုက်ပါသွားကြလေရာ တူးမြောင်းကြီးတစ်ခုထဲသို့ တစ်ခုနှင့်တစ်ခု ရောယှက်ပူးပေါင်းခြင်းမရှိဘဲ ပြိုင်တူစီးဝင်သော ရေစီး ကြောင်းကြီးနှစ်သွယ်နှင့် သဏ္ဍာန်တူနေလေသည်။ ထို့နောက် အထပ်ထပ် စကြံအဆုံးမှ တံခါးကြီးများ ရုတ်တရက်ပွင့်လာကြပြီးလျှင် ညီလာခံခန်းမဆောင်ကြီးထဲ၌ ဘုရင်မကြီး ရောက်ရှိနေကြောင်း တီးတိုးကြေညာသံ ကြားကြရသဖြင့် ပရိသတ်များသည်လည်း ရှေ့တော်သို့ ဝင်ရောက်ခစားကြလေ၏။

ဘုရင်မကြီးသည် ယခင် ဝတ်စားဆင်ယင် နေကျထက် ခံ့ညားစွာဝတ်စားဆင်ယင်ပြီးလျှင် ဂုဏ်သရေရှိ မှူးမတ်ဗိုလ်ပါများ ခြံရံလျက် မိမိလက်အောက်ခံ ကျေးတော်မျိုး ကျွန်တော်မျိုးများ၏ ဝတ်ပြုခြင်းခံယူရန် အသင့်စောင့်ဆိုင်းလျက်ရှိလေသည်။ သူသည် လီဆက်စတာကို တစ်လှည့် ဆတ်ဆက်ကိုတစ်လှည့် လှမ်းကြည့်ပြီးနောက်

'လီဆက်စတာအမတ်ကြီးနဲ့ ဆတ်ဆက်အမတ်ကြီး မောင်မင်းတို့နှစ်ယောက်စလုံး တစ်ယောက်နဲ့တစ်ယောက် မိတ်ဆွေဖြစ်တို



www.burmeseclassic.com

www.burmeseclassic.com



ရောက်ကြဖို့ ကျွန်ုပ်အမိန့်ပေးတယ်၊ ဒီလိုမှမဟုတ်ရင်တော့ မောင်မင်းတို့ဟာ မောင်မင်းတို့နှစ်ဦးစလုံးအတွက် အဆမတန်အင်အားကြီးမား တဲ့ ရန်သူနဲ့ တွေ့ရလိမ့်မယ်ဆိုတာ ကျွန်ုပ်ဆင်မြန်းထားတဲ့ သရဖူနဲ့ ကျိန်ဆိုတယ်'

ရန်ဘက်နှစ်ဦးတို့သည် မည်သူကမျှ ဘုရင်မကြီး၏အလိုကို စတင်လိုက်လျော့လိုသောဆန္ဒ မရှိသည့်အလျောက် တစ်ဦးကိုတစ်ဦး မနှစ်မြို့သောမျက်လုံးများဖြင့် လှမ်း၍ကြည့်လိုက်ကြလေသည်။

'ဆတ်ဆက် ကျွန်ုပ်တောင်းပန်ပါတယ်၊ လီဆက်စတာ မောင်မင်းကိုတော့ ကျွန်ုပ်အမိန့်ပေးတယ်'

'ယင်းကဲ့သို့ ပြောဆိုလိုက်သော်လည်း သူ၏တောင်းပန် စကားမှာ အမိန့်သံပါနေလျက်၊ အမိန့်ပေးသည်မှာကား တောင်းပန်သံ ပါနေလေသည်။ သူတို့ကား မတုန်မလှုပ် ရှိမြဲရှိနေကြသည်တွင် ဘုရင် မကြီးက သည်းမခံနိုင်ဟန်ဖြင့် အသံကိုမြှင့်တင်ကာ အော်ဟစ်အမိန့် ပေးလိုက်လေသည်။

(ကိုယ်ရံတော်အရာရှိတစ်ဦးအား လှမ်း၍ . .)

'ဆာဟင်နရီ ကိုယ်ရံတော်တပ်စုတစ်စုကို အသင့်ပြင်ဆင် ထားပြီး လှေတော်တစ်စင်းကိုလည်း စီစဉ်ထားလိုက်၊ ကိုင်း ကျွန်ုပ်ရဲ့ ဆတ်ဆက်အမတ်ကြီးနဲ့ လီဆက်စတာအမတ်ကြီးတို့ တစ်ယောက်နဲ့ တစ်ယောက် လက်ဆွဲပြီးနှုတ်ဆက်ဖို့ မောင်မင်းတို့ကို ကျွန်ုပ်တစ်ကြိမ် ထပ်ပြီး အမိန့်ပေးတယ်၊ ငြင်းဆန်တဲ့လူဟာ ကျွန်ုပ်မျက်နှာကို ပြန် မတွေ့ရခင် ကျွန်ုပ်တို့ရဲ့ ရဲတိုက်ကြီးရဲ့လှေတော်ကို စီးနင်းလိုက်ပါတဲ့ အရသာကို ခံစားရလိမ့်မယ်၊ ကျွန်ုပ်တို့ချင်း မခွဲခွာကြခင်မှာ မောင်မင်း တို့ရဲ့ မြင့်မောက်လှတဲ့မာနကို ကျွန်ုပ်ချိုးနှိမ်ပစ်မယ်ဆိုတာကို ဘုရင်မ တစ်ယောက်အနေနဲ့ ကျွန်ုပ်ကတိပြုလိုက်မယ်'





'ထောင်ချခံရတာက မထောင်းသာလှဘူး၊ သခင်မရဲ့မျက် နှာကို သွားရမယ်ဆိုတာကတော့ အလင်းရောင်ရော ဘဝရော နှစ်ခု လုံး ချက်ချင်းဆုံးရှုံးရမှာပဲ . . ကိုင်း ဆတ်ဆက် . . ဟောဒီမှာ ကျုပ် လက် . .'

'ကျုပ်လက်လည်း ဟောဒီမှာ နို့ပေမယ့် . .'

'တော် တော် . . မောင်မင်းတို့ စကားထပ်မပြောကြနဲ့တော့ အဲဒီလိုမှပေါ့ . . မောင်မင်းတို့ရဲ့ သိုးထိန်းသမားနဲ့တူတဲ့ခေါင်းဆောင် တစ်ဦးနဲ့တစ်ဦး ညီညီညွတ်ညွတ် စည်းစည်းလုံးလုံးရှိမှသာ သိုးအုပ် နဲ့တူတဲ့ လူထုအပေါ်မှာ ကျွန်ုပ်တို့ကောင်းကောင်းမွန်မွန် အုပ်ချုပ်နိုင် ပေတော့မပေါ့ အမတ်ကြီးတို့ကို ကျွန်ုပ် ရှင်းရှင်းပြောရမယ်ဆိုရင် မောင်မင်းတို့ရဲ့ ခိုက်ရန်ဖြစ်ပွားမှုတွေ မိုက်မဲမှုတွေဟာ မောင်မင်းတို့ ငယ်သားတွေကို ကမောက်ကမ ကသောင်းကနင်းဖြစ်အောင် လမ်း ညွှန်ပေးနေကြတာပဲ။ လီဆက်စတာအမတ်ကြီး . . မောင်မင်းရဲ့ အိမ် တော်သားထဲမှာ ဗားနေးဆိုတဲ့ လူတစ်ယောက်များရှိသလား . .'

'ရှိပါတယ်သခင်မ . . 'နွှန်ဆပ်' စံနန်းတော်ကို အရှင်မ နောက်ဆုံးကြွရောက်တဲ့အချိန်တုန်းက သခင်မရဲ့ရွှေလက်တော်ကို နမ်းရှုပ်ခိုင်းဖို့ ဒီလူကို ကျွန်တော်မျိုး ရှေ့တော်ကိုသွင်းလာခဲ့ဖူးပါတယ်'

'အဲဒီလူက ဒီဗွန်ရှိုင်ယာက သူရဲကောင်းကြီးတစ်ဦး ဆာဟူးရို ဗတ်ရဲ့ သမီးကလေးကို ဖြားယောင်းသွေးဆောင်လို့ မိန်းကလေးဟာ သူ့ဖခင်အိမ်က သူနဲ့အတူထွက်ပြေးကြတယ်ဆိုတာ ကြားရတယ်၊ မောင်မင်းမျက်နှာကြည့်ရတာ သွေးမရှိသလို ဖြူဖတ် ဖြူရော်နဲ့ ဖျားများ နေသလား . .'

(မနည်းကြိုးစားလျက်)

'မဟုတ်ပါ သခင်မ'



www.burmeseclassic.com

www.burmeseclassic.com



(ဘုရင်မကြီးက ,တံခါးစောင့်အား . .)

'ဒီ ဗားနေးဆိုတဲ့လူကို ရှေ့တော်ချက်ချင်း သွင်းခဲ့စမ်း၊ ဒီလျှောက်လွှာထဲမှာ ထရက်ဆီးလီးယန်းဆိုတဲ့ လူတစ်ယောက်ရဲ့နာမည်လည်း ပါနေတယ်၊ သူတို့နှစ်ယောက်စလုံးကို လာခဲ့ကြပေစေ'

ဘုရင်မ အမိန့်အတိုင်း ထရက်ဆီးလီးယန်းနှင့် ဗားနေးတို့သည် ရှေ့တော်သို့အတူရောက်လာကြရာ ဗားနေးက ရှေးဦးစွာ လီဆက်စတာအား လှမ်းကြည့်လိုက်ပြီးနောက် ဘုရင်မကြီးအား လှမ်းကြည့်လေသည်။ ဘုရင်မကြီး၏အကြည့်များကား လေပြင်းမုန်တိုင်းကျတော့မည့်အသွင် ရှိနေသည်။ သူ့သခင်မှာမူ မျက်လွှာကိုအောက်ချလျက် ထိုအခက်အခဲကို မည်ကဲ့သို့ ချောမောပြေပြစ်စေမည်ကို အကဲခတ်၍ မရနိုင်ပေ။ သို့ရာတွင် ဗားနေးကား လိမ်မာပါးနပ်၍ အရှက်အကြောက် ကင်းမဲ့သလောက် မျက်နှာထားရဲတင်း၍ လတ်တလောဉာဏ်ကောင်းသူ ဖြစ်လေသည်။

ဘုရင်မက ဗားနေးအား အကဲခတ်သည့်အကြည့်မျိုးဖြင့် ကြည့်လျက် ဆာဟူးရိုဗတ်၏ သမီးကလေးအား သူလက်ထပ်ယူခဲ့သလောဟု မေးမြန်းလေသည်။ ထိုအခါ လီဆက်စတာမှာ သူ၏အသက်သည် ဗားနေး၏ အဖြေပေါ်တွင် တည်နေသဖြင့် အသည်းတထိတ်ထိတ်ရှိနေခဲ့၏။ ဗားနေးသည် ခဏမျှ ဆိုင်းငံ့နေပြီးနောက်

'မှန်ပါတယ် သခင်မ'

ဟု နောက်ဆုံးအဖြေပေးလိုက်လေသည်။

'မင်း လူလိမ်ပဲ'

ဟု လီဆက်စတာက ဟစ်အော်လိုက်၏။ သို့သော် ဒေါသစိတ်မွှန်ကာ သူ့နှုတ်မှထွက်သွားသောစကားများကို နောက်ထပ်ပြန်ဆက် ခွင့်မရတော့ချေ။





'နေစမ်းပါဦး အမတ်ကြီးရဲ့ . . မောင်မင်းဒေါသနဲ့ ဒီလူရဲ့စပ်ကြားမှာ ကျွန်ုပ်တို့ကြားဝင်ရလိမ့်မယ် . . ဒါထက် စွဲချက်တင်တဲ့လူ ထရက်ဆီးလီးယန်း ရှေ့တော်လာပေစေ . .'

ဘုရင်မရှေ့တော်သို့ ထရက်ဆီးလီးယန်း ရောက်လာသောအခါ သူသည် ရိုသေစွာ ဦးညွှတ်လေသည်။

(ဘုရင်မက လီဆက်စတာအား . .)

'ဒီလူအတွက် ဝမ်းနည်းရုံအပြင် ဘာမှ ကျွန်ုပ်တတ်နိုင်မယ် မထင်ပါဘူး . . ကျွန်ုပ်စုံစမ်းထောက်လှမ်းကြည့်တဲ့အခါ ဒီလူဟာ လက်ရုံးရည်ရော နှလုံးရည်ပါ စွယ်စုံပြည့်စုံတဲ့လူဖြစ်ကြောင်း သိရတယ်၊ ဒီမှာ မစ္စတာထရက်ဆီးလီးယန်းရဲ့ မြားတံပျောက်သွားတာပဲ၊ လေးကိုင်းကျိုးတာမှမဟုတ်ဘဲ၊ အဲဒီတော့ ဒီကိစ္စကို ရှေ့မဆက်ချင်ပါနဲ့တော့'

အထက်ပါမန့်ခွန်းကို ကောင်းစွာ ကြားလိုက်ရသော်လည်း ထရက်ဆီးလီးယန်းသည် ရပ်မြဲရပ်လျက်ရှိနေသဖြင့် ဘုရင်မကြီးက ဆက်လက်၍ . . .

'ဒီလူ ဘာလိုချင်တာလဲ . . ဒီ မိန်းမမိုက်ကလေးဟာ မောင်မင်းတို့နှစ်ယောက်စလုံးကို လက်မထပ်နိုင်ဘူး မဟုတ်လား . . သူကြိုက်တဲ့လူ ရွေးပြီးလက်ထပ်တာဖြစ်မှာပေါ့၊ ဘာပဲဖြစ်ဖြစ် သူဟာ ဗားနေးရဲ့လက်ထပ်ဇနီးဖြစ်နေပြီ . . .'

'ကျွန်တော်မျိုးရဲ့ စွဲဆိုချက်ဟာ ကျွန်တော်မျိုးနဲ့ လက်စားချေမှုနဲ့ အတူတူ သဲထဲရေသွန်ဖြစ်သွားတော့မှာပါပဲ သခင်မ၊ နို့ပေမယ့် ဗားနေးရဲ့ထွက်ချက်ဟာ မှန်ကန်တဲ့ အာမခံချက် မဟုတ်ဘူးလို့ ကျွန်တော်မျိုး ယူဆပါတယ်'

'ဒီလို သံသယဖြစ်မယ့်စကားမျိုးကို တခြားတစ်နေရာမှာသာ



www.burmeseclassic.com

www.burmeseclassic.com



ပြောမယ်ဆိုလို့ရှိရင် ကျွန်ုပ်ရဲ့ဓားဟာ . .'

(စကားမဆုံးမီ ထရက်ဆီးလီးယန်းက ပြောင်လှောင်သော အသံဖြင့် . .)

'သင့်ဓားလား ဟဲ ဟဲ . . သခင်မကြီးကသာ ခွင့်ပြုရင် ကျွန်ုပ်ရဲ့ဓားစွမ်းကိုလည်း . .'

(စကားမဆုံးမီ ဘုရင်မကြီးက . .)

'တိတ်ကြစမ်း နှစ်ယောက်စလုံး မောင်မင်းတို့ ဘယ်နေရာမှာ ရောက်နေကြတယ်ဆိုတာ သိကြရဲ့လား၊ လီဆက်စတာအမတ်ကြီး သင့်ရဲ့ကျေးကျွန်ဟာ 'အေမီရိုဗတ်'ကို လက်ထပ်ခဲ့ပါတယ်လို့ပြောတဲ့ စကားဟာ အမှန်ဖြစ်ကြောင်း မောင်မင်းရဲ့ဂုဏ်နဲ့ မောင်မင်းအာမခံနိုင်ပါ့မလား . .'

ဘုရင်မကြီး၏ ထိရောက်လှသော မေးခွန်းသည် လီဆက်စတာ အမတ်ကြီးအား ယိမ်းယိုင်လဲကျမည့်ကဲ့သို့ ဖြစ်သွားစေ၏။ သို့သော် နောက်ဆုတ်ရန် မဖြစ်နိုင်တော့ပြီ၊ သို့ဖြစ်၍ သူသည် အတင်ငယ် ဆုတ်ဆိုင်းဆိုင်းလုပ်နေပြီးနောက် . . .

'ကျွန်တော်မျိုးရဲ့ ယုံကြည်ချက်အရ၊ စင်စစ် ကျွန်တော်မျိုး သိရှိချက်အရဆိုရင် ဒီမိန်းကလေးဟာ လက်ထပ်ပြီး မိန်းမတစ်ယောက်ပါပဲ'

'ဘုန်းတော်ကြီးလှသော သခင်မကြီး . . ကျွန်တော်မျိုးသိချင်လို့ တစ်ခုလောက်မေးပါရစေ၊ ဘယ်အချိန်တုန်းက ဘယ်လိုအခြေအနေမျိုးနဲ့ တရားဝင်တဲ့ဒီလက်ထပ်ပွဲဟာ . .'

'ဘယ့်နှယ်ပြောတာလဲ . . တရားဝင်တဲ့လက်ထပ်ပွဲ ဟုတ်၏ ဒီဂုဏ်သရေရှိအမတ်ကြီးက သူ့ကျေးကျွန်ပြောတဲ့စကားဟာ မှန်ပါတယ်လို့ အာမခံတဲ့စကားကို မောင်မင်းမကြားဘူးလား ဟင်၊ နို့ပေမယ့်





မောင်မင်းက ဆုံးရှုံးတဲ့လူတစ်ယောက်လိုအဆိုရှိတော့ ဒီဟာ မောင်မင်းဖာသာ စဉ်းစားပေတော့၊ ဒီကိစ္စကို ကျွန်ုပ်တို့ကိုယ်တိုင် အားလပ်ချိန်ရတဲ့အခါ သေသေချာချာ ထပ်ပြီးစစ်ဆေးရလိမ့်မယ်။ လီဆက်စတာအမတ်ကြီး ဒီရက်သတ္တပါတ်ကုန်ဆုံးတဲ့နေ့ကျရင် မောင်မင်းရဲ့ 'ကီနဝါရဲတိုက်ကြီး' အရသာကို ကျွန်ုပ်တို့မြည်းစမ်းကြည့်လိုတယ်လို့ အမိန့်ရှိတာကို မောင်မင်းသတိရလိမ့်မယ်ထင်တယ်၊ ဟောဒီက မိတ်ဆွေကြီးဆတ်ဆက်အမတ်ကြီးကိုလည်း ကျွန်ုပ်တို့နဲ့အတူ ကြွရောက်ဖို့ မောင်မင်းက ဖိတ်ကြားစေလိုတယ် . . ဆတ်ဆက်နဲ့ လီဆက်စတာအမတ်ကြီးတို့ကို ကျွန်ုပ်စကားတစ်ခွန်း ထပ်ပြီးပြောစရာရှိပါသေးတယ်၊ သင်တို့ရဲ့လူတွေဖြစ်ကြတဲ့ ထရက်ဆီးလီးယန်းနဲ့ ဗားနေးတို့ကို ကီနဝါရဲတိုက်မှာ မောင်မင်းတို့နဲ့အတူ အသင့်ရှိနေပါစေ၊ နောက်ပြီး ဒီအရှုပ်အရှင်းကိုဖြစ်စေတဲ့ မိန်းမချောကလေးကိုလည်း ကျွန်ုပ်တို့တွေ့ရလိမ့်မယ်။ ကိုင်း ဗားနေး မောင်မင်းရဲ့မိန်းမဟာ ကျွန်ုပ်ရဲ့အမိန့်နဲ့ ကီနာဝါရဲတိုက်ကိုရောက်ပါစေ . . လီဆက်စတာအမတ်ကြီး . . ဒီကိစ္စကို သင်ကိုယ်တိုင် ဂရုစိုက်လိမ့်မယ်လို့ ကျွန်ုပ်မျှော်လင့်တယ်'

*



www.burmeseclassic.com

www.burmeseclassic.com

( ၇ )

ယခု ကျွန်ုပ်တို့ဓာတ်လမ်းသည် 'ကူးနားပလေ့' ရွာရှိ ဝက်ဝံနက် ထမင်းဆိုင်ကလေးသို့ ဦးလှည့်၍ လာခဲ့ပြန်သည်။ ကျွန်ုပ်တို့ ဖော်ပြသောညနေခင်း၌ ဧည့်ခန်းတွင် အဗင်ဒန်မှသိုးမွေးကုန်သည် 'ဂိုလ်သရက်'လည်း ရောက်ရှိနေ၍ ဆိုင်ရှင် ဂျိုင်းဂိုစလင်၏ ဖောက်သည်များနှင့်အတူ မီးဖိုနံဘေးတွင်ဝိုင်း၍ထိုင်ကာ ထိုနေ့သတင်းများကို တစ်ယောက်တစ်ခွန်း ပြောလျက်ရှိကြလေသည်။ ထိုအထဲတွင် ကုန်ထုပ်ကြီးကိုလွယ်ထားသည့် ဂနာမငြိမ်သော လမ်းလျှောက်ဈေးသည် တစ်ယောက်လည်းပါ၍ သူ့ကိုပင် ဝိုင်း၍ရယ်မောကြည့်ရှုနေကြ၏။

ထိုအခိုက် အပြင်မှ မြင်းခွာသံများကြားရသဖြင့် မြင်းကိုင်သမား 'ဟိုစတလာ' နှင့် 'တက်ပလာ' တို့သည် အပြင်သို့ ပြေးထွက်သွားကြရ၏။ နောက်ဆုံး၌ ကျွန်ုပ်တို့ဆိုင်ရှင်ကြီးကိုယ်တိုင်လိုက်၍ သွားရလေရာ တစ်ခဏမျှကြာလတ်သော် အရက်မူးလာသော သူ၏ တူတော်မောင် 'မိုက်ကယ်လင်းဘုန်း'အား ဆိုင်ထဲသို့ တွဲခေါ်လာသည်ကို တွေ့ရလေသည်။





'ဦးလေး . . ဦးလေး အရက်အကောင်းဆုံး ထုတ်ပေးစမ်းပါ၊ ကိုင်း မိတ်ဆွေတို့ လီဆက်စတာအမတ်ကြီးအတွက် သောက်လိုက်ကြစမ်း၊ အရင်က ကျေးရူးဆိုတာ သိတတ်မှ . . ဟုတ်တယ်မဟုတ်လား'

'ဟုတ်ပါတယ် ငါ့တူရယ် . .'

'ဘယ့်နှယ့်လဲ မစ္စတာလင်းဘုန်းရဲ့၊ ကျုပ်ဆီက အနိုင်ရသွားတဲ့ ပေါ်လန်စကို အကျီချုပ်မဝတ်သေးဘူးလား . .'

'ဟဲ ဟဲ ကျုပ်က လှောင်းလိုက်ချင်သေးတယ်ဗျာ၊ ဟော့ မစ္စတာတက်ပစတာရဲ့ အရက်ခွက်များဖြည့်စမ်းပါဦး၊ ဟဲ ဟဲ'

'အင်း ဒီလို အလောင်းအစားမျိုး ကျုပ်ဆီက ခင်ဗျားနိုင်ရင် ဒီတစ်ခါပဲနိုင်မယ် လင်းဘုန်း၊ အခု တော်နီဖော်စတာက ခင်ဗျားကို ဘယ်လောက်မုန်းနေတယ်ထင်သလဲ၊ သူ့အိမ်ရိပ်တောင် မနင်းရဘူးဆိုပြီး ခင်ဗျားကို ဆဲဆိုနေသတဲ့ . .'

'အောင်မယ် သူကလား ကျွန်တော့်ကို၊ ကောင်းပြီ ဟောဒီဦးလေးရဲ့ ထမင်းဆိုင်ရောက်အောင် ကျွန်တော့်အမိန့်နဲ့လာစေ့မယ်'

'ဟီ ဟီ . . . အပြောမကြီးစမ်းပါနဲ့ ကိုယ့်လူရယ်၊ တော်နီဖော်စတာလား ခင်ဗျာ့အမိန့်ကိုနာခံမှာ . . ရယ်ချင်လှသဗျာ၊ ကိုင်း ကိုင်း အိပ်ချေတော့ မိုက်ကယ်လင်းဘုန်း အိပ်ချေတော့ . .'

'ကျုပ်တို့ အရက်သောက်လို့ ၃ ပတ်မစေ့ခင် တော်နီဖော်စတာ ရောက်လာစေမယ်ဆိုတာ ကျုပ် ရွှေဒင်္ဂါး ၅၀ လောင်း[illegible] ခင်ဗျားက ရှုံးရင် ခင်ဗျာ့ဆိုင်က ဘီရို ၅ ထပ်မှာရှိတဲ့ကုန်တွေ [illegible] အားလုံးယူမယ်လေ . . .'

'ဒီလောက်များများတော့ ကျုပ်မလောင်းနိုင်ဘူး၊ [illegible] ပြားကြေး ဆတူပဲလောင်းမယ်၊ တော်နီဖော်စတာ ဘု[illegible] နောက် ဘယ်သူကခေါ်ခေါ် အိမ်ပြင်မထွက်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ကိုင်း ဒါဖြင့် ၅ ပြားကြေးပဲ စိန်လိုက် . . ဦးလေးက ဒိုင်လူကြီးလုပ်နော်၊ ခင်ဗျားကောင်လေးထဲက တစ်ကောင်လွှတ်လိုက်စမ်းဗျာ ဟောဒီစာ တော်နီဖော်စတာကို ပေးခဲ့ဟေ့၊ အင်မတန်အရေးကြီးတဲ့ စကားတစ်ခွန်း ငါကပြောချင်လို့ မြန်မြန်လာခဲ့ပါဆိုတဲ့အကြောင်းပြော ဟေ့ သူငယ် မြန်မြန်သွားစမ်း . .'

သူငယ်ကလေး ထွက်သွားပြီးနောက်၊ သူတို့သည် အရက်များကို ပျော်ရွှင်စွာသောက်ကြကုန်၏။ မကြာမီ သူငယ်ကလေး ပြန်ရောက်လာပြီးလျှင် ယခုပင် တော်နီဖော်စတာ လာရောက်မည့်အကြောင်း ပြောပြ၏။

(လင်းဘုန်းက လောင်းကြေးကို အတင်းလုလျက် . .)

'နိုင်ပြီ နိုင်ပြီ . . ကျွန်တော်နိုင်ပြီ'

'လာပဲ လာပါစေဦး လင်းဘုန်းရယ် . .'

'လာလို့ လမ်းပဲရောက်နေမှပဲဗျာ၊ ဟေ့ သူငယ် ဘာပြောလိုက်သလဲကွဲ့'

'ငါမလာရင် မဖြစ်ဘူးကွယ်ဆိုပြီး . . လူကြီးဟာ အပြာရောင်ကုတ်အကျီကြီးဝတ်၊ ဦးထုပ်ပြားကလေးဆောင်းပြီး လာနေပြီခင်ဗျ'

(လင်းဘုန်းက သူ့ကိုယ်သူ ပြောသကဲ့သို့ . .)

'သူပြောတာ ဟုတ်တာပဲ၊ ကဲ လာပါစေလေ . . မူးလို့ပဲနေနေ ကောင်းလို့ပဲနေနေ၊ ငါကမ္ဘာလျှောက်လှည့်နေတာ သူ့ကြောက်လို့မှ မဟုတ်ဘဲ'

မိုက်ကယ်လင်းဘုန်းသည် တော်နီဖော်စတာရောက်လာမည် ဆိုသဖြင့် အရက်မူးပြေသွားသကဲ့သို့ ရှိတော့၏။ သို့ရှိစဉ် ဂျိုင်းဂိုစလင်းသည် လမ်းလျှောက်ကုန်သည်နေသော အခန်းထဲသို့ လူများမမြင်အောင် ဝင်သွားလေသည်။ ထိုနောက် ဆိုင်ရှင်ဂိုစလင်းက . . .





'ကိုင်း ဒီလူတွေအလစ်မှာ ခင်ဗျားထွက်သွားပေတော့၊ ဒီမှာကြည့်စမ်း ဒီကျောက်ကို အထိမ်းအမှတ်အဖြစ်နဲ့ မစ္စတာထရက်ဆီးလီးယန်းဆီက ခင်ဗျားယူလာခဲ့တာမဟုတ်လား၊ ကျောက်ကတော့ လုပါပေ့ဗျာ'

သို့ဖြင့် သူသည် အောက်ထပ်တွင် လမ်းလျှောက်ကုန်သည်က တိတ်တဆိတ်ပေးသောကျောက်ကို ထုတ်၍ပြပြီးလျှင် အိတ်ထဲသို့ ပြန်၍ ထည့်လိုက်လေသည်။ ထို့နောက် ဂျိုင်းဂိုစလင်းက ဆက်လက်၍ . . .

'ကိုင်း . . ဒီတော့ ခင်ဗျားဟာ ခင်ဗျားရဲ့ဆရာကို ကျေးဇူးဆပ်ချင်သပဆိုရင် အခုလို အခါကောင်း အခွင့်ကောင်းကို လက်မလွှတ်စေနဲ့၊ တော်နီဖော်စတာဟာ အခုပဲ ရောက်လာလိမ့်မယ်၊ ဒီလိုဆိုရင် လင်းဘုန်းလည်း အရက်ဆက်သောက်ဦးမှာပဲ၊ သောက်မိရင်လည်း ဘုရင်မအမိန့်ပေးတောင် ဒီလူက ထမယ့်လူမဟုတ်ဘူး၊ အနည်းဆုံး သူတို့ ၁ နာရီတော့ ကြာမှာပဲ၊ ဒီတော့ ခင်ဗျားရဲ့ကုန်စုံထည့်တဲ့အိတ်ကို ကျောပိုးပြီးဝင်နိုင်အောင် ဝင်ပေတော့၊ သူ့သခင်မရှိတော့ အစေခံကြီးကိုလည်း နှုးနှပ်ရလိမ့်မယ် . . ဒီနည်းနဲ့ မိန်းကလေးရဲ့အခြေအနေကို သိအောင် လုပ်ပေတော့ ကိုယ့်လူ'

'ဝေလန်' မှာ ကူးနားပလေ့တွင် သတင်းထောက်လှမ်းရန် ထရက်ဆီးလီးယန်းက စေလွှတ်လိုက်သူဖြစ်သဖြင့် ဂိုစလင်း၏အကြံပေးချက်ကို ချက်ချင်းသဘောတူညီလေသည်။

သို့နှင့် သူသည် ကုန်စုံသည်ယောင်ယောင် မျက်လှည့်ဆရာယောင်ယောင် လွယ်အိတ်ကြီးကိုကျောပိုးကာ ဂျိုင်းဂိုစလင်း လမ်းပြသည့်အတိုင်း ဝက်ဝံနက်ထမင်းဆိုင်၏ လျှို့ဝှက်သော နောက်ဖေးတံခါးပေါက်မှ ထွက်ခဲ့ပြီးလျှင် ကူးနားပလေ့သို့ လာခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



မိန်းမကြီးတစ်ယောက်က ခြံတံခါးကိုဖွင့်ပေး၍ ထိုမိန်းမကြီး လက်ထဲသို့ ငွေဒင်္ဂါးတစ်ပြားထည့်လိုက်သောအခါ ဥယျာဉ်တံခါးကို ပင် ဖွင့်ပေးသဖြင့် ဝေလန်လည်း အတွင်းသို့ ဝင်ရောက်သွားလေ၏။ ထိုအချိန်၌ အမတ်ကတော်လေးနှင့် သူ၏လက်ပါးစေမိန်းကလေးမှာ ဥယျာဉ်အိမ်ကလေးအတွင်း၌ ရှိနေ၏။ သို့နှင့် အမတ်ကတော်က . . .

'ဂျေးနက်ရေ ထူးထူးဆန်းဆန်းကွယ် ဘယ့်နှယ့်ဟာလဲ'

'ကုန်စုံရောင်းတဲ့ လူတစ်ယောက်ပါ သခင်မရဲ့ . . လမ်း လျှောက်ကုန်သည်လို့ ခေါ်ကြတာပေါ့၊ အစောင့်က ဥယျာဉ်ထဲ ဘာလို့ အဝင်ခံရသလဲ မသိဘူး'

'ကောင်းတာပေါ့ ဂျေးနက်ရယ် . . ငါတို့ဒီမှာနေရတာ ပျင်းလှပြီ မဟုတ်လား၊ ဒီတော့ အချိန်ဖြုန်းရအောင် အခွင့်ရတာပေါ့၊ ဟော့လူ လာဦးလေ၊ အိတ်ကြီးထဲ ဘာအထူးအဆန်းတွေ ပါသလဲကြည့် ရအောင် အိတ်ကိုဖွင့်စမ်းပါဦး'

'သခင်မ ဘာကိုအလိုရှိပါသလဲ'

ဟု ဝေလန်က ပြန်၍မေးရင်း သူ၏အိတ်ကြီးကိုဖွင့်ပြီးလျှင် ဈေးရောင်းနေကျ ဈေးသည်တစ်ဦးကဲ့သို့ အိတ်ထဲတွင်ပါလာသည့် ပစ္စည်းများကို ကျင်လည်ဖျတ်လတ်စွာ ထုတ်ယူပြသလေသည်။

'ကျွန်မကို ဘာအလိုရှိသလဲတဲ့ ဟုတ်လား . . မေးဖို့ကောင်း တာက ရှင့်မှာ ဘာတွေရောင်းဖို့ပါသလဲလို့သာ မေးဖို့ကောင်းတာရှင့်၊ အဲဒီ ကင်ဘရစ် လည့်စီးပုဝါကလေးနဲ့ အကျီလက်တစ်စုံကို ကျွန်မတို့ ဖယ်ထားလိုက်စမ်းပါ။ ပြီးတော့ ဟိုဘက်က ရွှေကြယ်ဖောက်ထားတဲ့ ပိုးတွန့်စနဲ့ ရွှေကြယ်တပ်ထားတဲ့ ချယ်ရီသားရောင် ဝတ်ရုံတိုကလေး ကိုလည်းဖယ်ထားပါရှင်၊ အဲဒီ ဝတ်ရုံကလေးဟာမလှဘူးလား ဂျေး နက်ရယ်၊ ဩော် ဒါနဲ့ နေပါဦး၊ ရှင့်မှာ ရေမွှေးနဲ့ ပန်းပေါင်းအိတ်တွေ





သော မပါဘူးလား၊ ဒါမှမဟုတ်ရင်လည်း နောက်ဆုံးပေါ်ပုံစံမျိုးနဲ့ ရေမွှေး ဆွတ်တဲ့ပုလင်းတွေ ပါမလာဘူးလား'

ဝေလန်သည် သူ၏ လက်ရွေးစင်အမွှေးနံ့သာများနှင့် ရေမွှေး များကို ခင်းကျင်းပြသရင်း၊ လီဆက်စတာအမတ်ကြီးသည် ဘုရင်မ ကြီးနှင့် အခြွေအရံများကို ဧည့်ခံရန် သူ၏ကီနဝါရဲတိုက်ကြီးကို အထူး တလည် ခမ်းနားစွာ ပြင်ဆင်မွမ်းမံနေသည့်အချိန်မှစ၍၊ ယင်းပစ္စည်း များသည် နှစ်ဆမျှ ဈေးတက်သွားကြောင်းဖြင့် ပြောဆိုကာ အမတ် ကတော်လေးအား စကားတောက်ကြည့်လိုက်လေသည်။

(အမတ်ကလေးတော်လေးက အမှတ်မဲ့ဖြင့်)

'ဟင် . . ဒါဖြင့် ဟိုကောလဟာလသတင်းဟာ အမှန်ဖြစ်နေ ပါပကောလား ဂျေးနက်ရဲ'

ထို့နောက် သူသည် စကားပြောင်းလွှဲသွားစေရန် ဆေးများ နှင့် ရေမွှေးများကို ဆွဲအံကလေးများအတွင်း၌ တစ်သန့်စီထည့်သွင်း ထားသော သေတ္တာကလေးတစ်လုံးကိုကြည့်ရင်း . .

'ဒါနဲ့ ဒီငွေသေတ္တာကလေးထဲမှာ ကျကျနနထည့်ထားတဲ့ ပျော ဖတ်တဲ့ မှုံ့ညက်တွေကကော ဘာတွေလဲ'

ဟု ဆက်လက်မေးမြန်းလိုက်လေသည်။

'ဒီဟာက ဆေးပါသခင်မ၊ သခင်မတို့လို ပုဂ္ဂိုလ်မျိုးအဖို့ ဘယ် နည်းနဲ့မှ သုံးစွဲဖို့အကြောင်း ပေါ်ပေါက်မှာမဟုတ်တဲ့ ရောဂါမျိုး အတွက် ဆေးပါပဲ၊ တူရကီပဲကလေးတစ်မျိုးနဲ့ ဖော်စပ်ထားတဲ့ ဒီဆေး ကို နေ့စဉ် နည်းနည်းစီတစ်ပါတ်လောက် စားသွားလို့ရှိရင်၊ စိတ်ညစ် ညှိုးငယ် စိတ်ညစ်လို့ နောက်ကျိနေတဲ့ နှလုံးကို ပြန်လည်ကြည်လင်ပြီး တည်ငြိမ် သွားစေလိုပါတယ်'

(အမတ်ကတော်လေးက အသံခပ်ပြတ်ပြတ်ဖြင့် . .)



www.burmeseclassic.com

www.burmeseclassic.com



'ရှင် အရှူးလား . . . ကိုယ်ကို ဆေးကုတာနဲ့ စိတ်မှာဖြစ်ပေါ်နေတဲ့ ရောဂါပျောက်တယ်လို့ ဘယ်မှာများကြားဖူးသလဲ'

'ဘုရားသခင်နဲ့ အချိန်ကသာ ကုစားနိုင်မယ့် စိတ်နှလုံးမှာ အမြစ်တွယ်နေတဲ့ ရောဂါမျိုးကို ပျောက်ကင်းနိုင်လိမ့်မယ်လို့ ကျွန်တော် မဆိုလိုပါဘူး၊ ကျွန်တော်က ဒီ အာယုဝဍ္ဎနအားတိုးဆေးဟာ စိတ်ကြောင့် ကိုယ်ကိုထိခိုက်နေတဲ့ရောဂါကို ပျောက်ကင်းချမ်းသာအောင် ကုနိုင်စွမ်းရှိပါတယ်လို့သာ ပြောတာပါ'

'ငါတော့ ဒီဆေး နည်းနည်းလောက် ဝယ်ထားလိုက်ဦးမယ် ဂျေးနက်ရေ၊ ငါက စိတ်ကြောင့် ဦးနှောက်ကိုထိခိုက်တဲ့ ရောဂါမျိုး မကြာမကြာ ခံစားရတတ်တယ်'

အို ဒီလို ဝယ်လိုက်လို့ ဘယ်ဖြစ်ပါ့မလဲ သခင်မရဲ့၊ ဒီလူ ရောင်းတဲ့ဆေးဟာ ဆေးကောင်းပါလို့ ဘယ်သူက အာမခံမတဲ့လဲ'

'ကျွန်တော့်ဆေးအတွက် ကျွန်တော်ကိုယ်တိုင်ပဲ အာမခံပါမယ် ခင်ဗျား'

ဟုပြောကာ ဝေလန်သည် ဆေးတစ်ချို့ကိုယူပြီးလျှင် သူတို့ ရှေ့မှောက်တွင် မျိုချပြလိုက်ရာ၊ အမတ်ကတော်လေးလည်း ဂျေးနက် ထပ်မံတားမြစ်နေသည့်ကြားမှပင် ကျန်သည့်ဆေးများကို ဖွတ်တိုး၍ ဝယ်ယူလိုက်တော့၏။ သူသည် ဆေးတစ်ခွက်စာကို ချက်ချင်းပင် သောက် ချလိုက်လေရာ၊ သူစိတ်ထင်၍ပေလောမသိ ယခင်ကထက် ကိုယ်ရောစိတ်ပါ ရွှင်လန်းပေါ့ပါးလာသကဲ့သို့ ခံစားလိုက်ရလေသည်။ ထို့နောက် အမတ်ကတော်လေးသည် သူဝယ်ယူထားလိုက်သည့် ပစ္စည်းများကို အဆင့်ဆင့် စုပုံလိုက်ပြီးနောက်၊ ဈေးသည်အား ကျသင့်ငွေ တန်ဖိုးကို တွက်ချက်ပေးစေရန် သူ၏ပိုက်ဆံအိတ်ကို ဂျေးနက်အား လှမ်းပေး လိုက်သည်။ သူကိုယ်တိုင်မူ စိတ်လက်ရွှင်ပျစွာ စကားပြောရ





၍ မောပန်းသွားဘိသကဲ့သို့ ဈေးသည်အား နှုတ်ဆက်၍ အိမ်ထဲသို့ အမှတ်မဲ့ ဝင်ရောက်သွားသဖြင့် ဝေလန်မှာ သူနှင့်နှစ်ယောက်ချင်း စကားပြောရ ဆိုရမည့်အခွင့်အရေးကြီး လက်လွတ်သွားလေသည်။ ညသို့ပင်ဖြစ်စေ သူသည် ဂျေးနက်ထံမှပင် စကားစရရန် ကြိုးစားရ၏။

'သူငယ်မရဲ့ . . မင်းမျက်နှာက ကိုယ့်သခင်မကို တော်တော် ချစ်မြတ်နိုးပုံရတဲ့ မျက်နှာပဲကွဲ့၊ သူ့အတွက် သစ္စာရှိရှိနဲ့ အမှုထမ်းပေးဖို့ အများကြီးလိုလိမ့်မယ်'

'ဒါတွေအားလုံး ကျွန်မလက်ထဲမှာရှိနေတာပဲ၊ နို့ပေမယ့် အဲဒီ ကိစ္စက ဘာလဲဆိုတာ ကျွန်မကိုပြောပြစမ်းပါဦး . .'

'မင်းရဲ့သခင်မမှာ ဘေးအန္တရာယ်တွေ့ဖို့ရာ ရှိနေတယ်၊ ဘယ်လို ဘေးအန္တရာယ်မျိုးရယ်လို့တော့ ကျုပ်မခန့်မှန်းတတ်ဘူး၊ အဲဒီတော့ ကျုပ်ဆေးကို သူသောက်အောင် ဂရုစိုက်လိုက်ပါ၊ ဘာကြောင့်လဲဆိုတော့ (မိန်းကလေး၏နားအနီးသို့ကပ်၍ လေးနက်သောဟန်ဖြင့် အသံကိုနှိမ့်လျက်) ဒီဆေးက အဆိပ်ကိုဖြေနိုင်တဲ့ဆေးကွဲ့၊ ဟော သူတို့ ဥယျာဉ်ထဲကို ဝင်လာကုန်ကြပြီ'

အမှန်ပင် ကျယ်လောင်စွာ ပြောဆိုလာကြသော စကားသံများသည် ဥယျာဉ်တံခါးဝသို့ တဖြည်းဖြည်းနီးကပ်လာနေသည် ဖြစ်ရကား ဝေလန်စမစ်မှာ ကြောက်အားလန့်အားဖြင့် အနီး၌ထူထပ်စွာ ပေါက်ရောက်နေသော သစ်ပင်ပု အုပ်စုကလေးတစ်ခု၏ အလယ်သို့ ကဗျာကရာ ခုန်ဝင်လိုက်စဉ်၊ ဂျေးနက်လည်း ဥယျာဉ်အိမ်ကလေးထဲသို့ ဝင်သွားလေ၏။

လင်းဘုန်းသည် အသောက်ရေချိန်လွန်ကာ ပြောသင့်သည့် စကား မပြောသင့်သည့်စကားဟူ၍ ရွေးချယ်မနေတော့ဘဲ၊ သသော်ထက်



www.burmeseclassic.com

www.burmeseclassic.com



လွှတ် ပြောမိပြောရာ လျှောက်၍ပြောလာရာ၊ ဂျေးနက်ဖခင်နှင့် အဆေ
ကြီးတို့က ငြိမ်သက်အောင် နံဘေးမှထိန်း၍ ဥယျာဉ်အတွင်းသို့ ဝင်ယ
ကြလေသည်။

ယင်းကဲ့သို့ ရှုပ်ထွေးဆူညံနေသည့်အတွင်း ဂျေးနက်သည
သူ့သခင်မအခန်းတွင်းသို့ လစ်ကနဲဝင်သွား၏။ လေတိုက်ခြင်းခံရသော
သစ်ရွက်ကလေးကဲ့သို့ တစ်ကိုယ်လုံး တုန်လှုပ်ချောက်ချားလျက်ရှိ
သော်လည်း၊ သူ့အမှတ်မထင်ကြားခဲ့ရသည့် လင်းဘုန်းပါးစပ်မှ စွပ်စွ
ရွတ်ရွတ်ပြောဆိုလိုက်သော ကြောက်မက်ဖွယ်စကားများကိုမူကား သူ
သခင်မနားသို့ မပေါက်ကြားစေရန် လျှို့ဝှက်ထားတော့မည်ဟု ဆုံး
ဖြတ်လိုက်လေသည်။ ဘေးအန္တရာယ်ကို အတိအကျမသိရသော်လည်း
ကုန်စုံသည်၏အကြံပေးသွားချက်သည် သူ၏စိတ်ထဲတွင် စွဲ၍ကျန်ရ
ခဲ့၏။ သို့ဖြစ်၍ သူသည် ကုန်စုံသည်အာမခံ၍ရောင်းသွားသောဆေး
ကို သူ့သခင်မအား စားသုံးစေရမည်ဟု ဆုံးဖြတ်လိုက်သည်။ ယင်းကဲ့
သို့ အရိပ်အမြွက် ပြောဆိုသွားသောစကားများကို ဝေလန်လည်းကြား
လိုက်ရသည်။ သို့ဖြစ်၍ သူ၏ပညာနှင့်အကြံဉာဏ်ကိုအားကိုးကာ
သူသည် စိတ်တက်ကြွလာတော့၏။ သို့ရာတွင် အဆိုပါကိစ္စမှာ ဘေး
ရန်များ ပြားလှသဖြင့်၊ သပွက်အူကဲ့သို့ ရှုပ်ထွေးလှသော ယင်းအမှု၏
အခြေ အမြစ်ကို နိုက်နိုက်ချွတ်ချွတ်သိရှိအောင် ကြိုးစားပြီးလျှင် ဒုက္ခ
မီးဝိုင်းနေရှာသော အမတ်ကတော်လေးအား အကူအညီပေးနိုင်က ပေး
မည်ဟု ညတွင်းချင်းပင် ဆုံးဖြတ်ချက်ချလိုက်လေသည်။ 'ဒီကိစ္စထဲမှာ
ငါဝင် စွက်မယ်ဆိုလို့ရှိရင် ရပ်ဖျက်ပြီးလုပ်မှဖြစ်မယ် . . ဒီလိုဆိုရင်
ဂျိုင်းဂိုစလင်းနဲ့ နက်ဖြန်ပဲ ယတြာပြတ်ကိစ္စပြီးစီးအောင်စီမံပြီး၊ ငါ့ရဲ့လမ်း
ကြောင်းရော နေရာထိုင်ခင်းရော မကြာခဏ ပြောင်းလဲရလိမ့်မယ်၊ ဒါ
ထက် ဒီသူငယ်မလေးနဲ့ ငါတစ်ခါလောက် ထပ်တွေ့ချင်ပါသေးတယ်၊





သူ့ရုပ်ရည် သူ့အသိဉာဏ်ကလေးနဲ့ ခုလိုမီးတုတ်အန်တော်နီရဲ့လက်ခုပ်
တွင်းက ရေအဖြစ်ရောက်နေရှာရတဲ့ဘဝဟာ အဆင်မပြေပါဘူး' ဟု
တစ်ကိုယ်တည်း ညည်းတွားမိသည်။

ဝေလန်၏စကားများကို ကြားရသောအခါ ဂျိုင်းဂိုစလင်းမှာ
ဝမ်းမြောက်ခြင်းထက် ဝမ်းနည်းခြင်းက ပို၍သွားလေသည်။ ရိုးသား
လှသော ထမင်းဆိုင်ရှင်ကြီးသည် လီဆောက်စတာအမတ်ကြီး၏ အချစ်
တော်ကိစ္စထဲ၌ ပါဝင်ရခြင်းမှာ ဘေးရန်များလှကြောင်းသိရှိသဖြင့်၊
အကူအညီပေးရန် ဖြစ်မှဖြစ်ပါမည်လားဟု အောက်မေ့မိသည်။ သူ့
ပခုံးထက်မှ ဝန်ထုပ်ကြီးကျသွားတော့မည်ဖြစ်သဖြင့် များစွာဝမ်း
မြောက် သွားမိလေသည်။ သို့ဖြစ်စေကာမူ အရေးကြုံလာသောအခါ၌
သူသည် မစ္စတာထရက်ဆီးလီးယန်းကိုဖြစ်စေ သူ၏အထောက်တော်
များကို ဖြစ်စေ အရေးကြုံက အရပ်သားတစ်ယောက်အနေဖြင့် စွမ်းအား
ရှိသမျှ အကူအညီပေးရန် အသင့်ရှိနေတော့၏။

*



www.burmeseclassic.com

www.burmeseclassic.com

## ( ၈ )

တဖြည်းဖြည်း နီးကပ်၍လာသော ကီနဝါရဲတိုက်ကြီးမှ ညှော်ခံပွဲကြီး၏ ခမ်းနားကြီးကျယ်ပုံဂုဏ်သတင်းမှာ အင်္ဂလန်တစ်ပြည်လုံး ဟိုးလေးတကျော်ဖြစ်သည့် သတင်းကြီးတစ်ခုဖြစ်နေလေသည်။ သူ၏ အရေးပေးခြင်းကို အခံရဆုံးဖြစ်သည့် သူ့အချစ်တော်၏နေ့အိမ်၌ အလစ်ဇဘက်ဘုရင်မကြီးအား ညှော်ခံရန် ကြိုတင်ပြင်ဆင်လျက်ရှိသည့် ညှော်ခံပွဲကြီးအတွက် ခမ်းနားဂုဏ်တက်စေမည့် အရာမှန်သမျှတို့ကို ပြည်တွင်းမှလည်းကောင်း ပြည်ပမှလည်းကောင်း စုဆောင်းဝယ်ယူခြင်းလည်း ပြုလေသည်။

ဗားနေး၏အကြံဉာဏ်ကိုလည်း လီဆက်စတာအမတ်ကြီးသည် နားပူလောက်အောင် မကြာခဏတောင်းခံရင်းဖြင့် နှစ်ယောက်သား ခေါင်းချင်းရိုက်လျက်ရှိကြရာမှ၊ နောက်ဆုံးတွင် အမတ်ကတော်ကလေးအား ကီနဝါရဲတိုက်ကြီး၌ မည်သည့်နည်းဖြင့် မျက်နှာပန်းလှအောင် ပွဲထုတ်ရပါမည်နည်းဟူသော ပြဿနာဖြင့်သာလျှင် ဆွေးနွေးပွဲမှာ အဆုံးသတ်သွားလေ့ရှိခဲ့လေသည်။ ယင်းသို့ ဆွေးနွေးကြသော





အခါ၊ မည်သို့မျှ အကြောင်းမထူးဘဲ အချိန်သာလျှင် တစ်ရက်ပြီးတစ်ရက် ကုန်လွန်သွားခဲ့ရာ နောက်ဆုံး၌ကား အပြီးသတ်ဆုံးဖြတ်ချက်ကို မချမှတ်လျှင် မဖြစ်နိုင်သည့်အချိန်သို့ ရောက်လာခဲ့လေသည်။

'ကိုင်း ဗားနေးရယ်၊ မကြာခဏ ကျုပ်တို့ကို ကယ်နိုင်ခဲ့တဲ့ အောင် မင်းရဲ့ အကြံဉာဏ်တွေကို ထုတ်စမ်းပါဦး . . ကျုပ်မှာတော့ 'ဒတ်လေ' ဆိုတဲ့ နာမည်ကြီးတစ်လုံးနဲ့ဟာ မီးဝိုင်းသလို ဒုက္ခတွေဝိုင်းနေကုန်ပြီ . .'

(တစ်ခဏမျှ ဆိုင်းငံ့နေပြီးနောက် . .)

'မထင်မရှားသူတစ်ယောက်အဖြစ်နဲ့ ပတ်ဝန်းကျင်အခြေအနေအရ တစ်ခဏလောက် သည်းခံပြီးနေဖို့ ကျွန်တော့်သခင်မကို သွေးဆောင် ဖျောင်းဖျလို့ကော မဖြစ်နိုင်ဘူးလား . . .'

(လက်ကာပြရင်း . .)

'ဒါတော့ ဘယ်နည်းနဲ့မှမဖြစ်နိုင်ဘူး၊ အကြမ်းနည်းနဲ့ပဲ သုံးသုံး မောင်မင်းနာမည်ကိုတော့ သူတစ်နာရီလောက်တောင် ခံယူမှာမဟုတ်ဘူးဆိုတာ ကျုပ်သိတယ်၊ ဒီတော့ တခြားအကြံတစ်ခုကိုသာ မောင်မင်း ထပ်ပြီးထုတ်စမ်းပါ'

'ဒီလိုဆိုရင်တော့ ကျွန်တော်လည်း ဘာပြောရမယ်ဆိုတာ မသိတော့ဘူးအရှင်၊ နို့ပေမယ့် ဒီနေရာမှာ ကျွန်တော်သာဆိုရင်တော့ ကူးနားပလေ့ကို ဒုန်းစိုင်းချသွားပြီး၊ ကျွန်တော့်မယားကို သူရော ကျွန်တော်ပါ ဘေးရန်ကင်းရှင်းဖို့အရေးအတွက် သဘောတူအောင် အတင်းအကြပ် လုပ်မှာပဲ'

'ဒီလိုဆိုရင် မောင်မင်းပဲသွားပေတော့ ဗားနေး၊ မောင်မင်းက ဒီလိုကိစ္စမျိုးနဲ့ကြုံလာရင် အပြောအဟောကောင်းတဲ့လူဖြစ်တယ်ဆိုး သွမ်းလှတဲ့ ဒီပြစ်မှုကြီးကို ကျွန်ုပ်က တိုက်တွန်းရတဲ့သူဖြစ်လေတော့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကျူးလွန်မိတဲ့ အပြစ်ရဲ့ဒဏ်ချက်ကိုလည်း ကျုပ်ပဲ ခံရပေမှာပဲ ကဲ ဒီတော့ မောင်မင်းသွားပေတော့၊ ဘယ့်နှယ့် မောင်မင်းကို ကျုန်ုပ်က သွားဖို့ တောင်းပန်နေရအုံးမှာလား'

'မဟုတ်ပါဘူး အရှင်၊ နို့ပေမယ့် အင်မတန်အရေးကြီးလှတဲ့ ဒီကိစ္စကြီးမှာ အရှင်က ကျွန်တော့်ကို ယုံကြည်ကိုးစားစွာနဲ့ စေခိုင်းမယ် ဆိုလို့ရှိရင် ကျွန်တော့်ရဲ့အကြံပေးလမ်းညွှန်ချက်အတိုင်း တစ်စုံတစ်ရာ ယုံမှားခြင်းမရှိဘဲ လိုက်နာဖို့အကြောင်း စာတစ်စောင် သက်သေခံလက်မှတ်အဖြစ်နဲ့ သခင်မကိုပေးဖို့ အရှင်က ရေးပေးရလိမ့်မယ်'

လီဆက်စတာလည်း စာရေးကိရိယာများကို ယူငင်ပြီးလျှင် အမတ်ကတော်လေးထံသို့ စာရေးသားလေရာ စာ ၂ စောင် ၃ စောင်မျှရေးပြီးသည့်တိုင်အောင် သဘောမကျနိုင်သဖြင့် ရေးလိုက် ဆုတ်ပစ်လိုက်ဖြစ်နေလေသည်။ နောက်ဆုံးမှပင် သူ၏အသက်ဘေးအန္တရာယ်နှင့်ဂုဏ်ကိုပါ ထိခိုက်ဖွယ်ရာအကြောင်းများရှိနေသည့်အတွက် ကီနဝါရဲတိုက်ကြီး၏ ညှော့ခံပွဲကြီးများ ကျင်းပပြုလုပ်နေသည့်အချိန်တွင်း၌ ဗားနေး၏အမည်ကို ရက်အနည်းငယ်မျှ ခံယူနေပါရန် တောင်းပန်ချော့မော့ရေးသားထားသော စာကြောင်းအနည်းငယ်မှာ ရှုပ်ရှုပ်ထွေးထွေးနှင့်ပင် ရေးသားပြီးစီးသွားလေသည်။ ထို့ပြင် သူသည် ယင်းကဲ့သို့ ဖွင့်လှတ်နိုင်ဖွယ်ရာအကြောင်းမရှိသော လိမ်လည်လှည့်ဖျားရသည့် အမှုနှင့် ပတ်သက်သည့်ကိစ္စအဝဝတို့ကိုလည်း ဗားနေးကပင် တစ်ခုမကျန် ဆောင်ရွက်ပေးလိမ့်မည်ဖြစ်ကြောင်းနှင့် ထပ်မံထည့်သွင်းလိုက်သေး၏။ ထို့နောက် ယင်းသက်သေခံစာကို လက်မှတ်ထိုး၍ ချိတ်တံဆိပ်နှိပ်ပြီးလျှင် သူ၏အမိန့်အတိုင်း ထွက်ခွာရန် ဟန်ပြင်နေသော ဗားနေးရှေ့ရှိစားပွဲပေါ်သို့ ပစ်တင်ပေးလိုက်လေသည်။ ဗားနေးလည်း အချိန်ကုန်ခံကာ အဝတ်အစားလဲ၍ပင်မနေတော့ဘဲ ချက်ချင်းမြင်းပေါ်





သွားခနဲခုန်တက်ပြီးလျှင် နောက်ပါအစေခံတစ်ယောက်နှင့်အတူ ရှိင်ယာသို့ ထွက်ခွာသွားလေတော့၏။

'ကူးနား' ရွာသို့ သူရောက်လာသည့်အခါတွင် အမတ်တော်လေးသည် ဝင်းခြံအတွင်းမှ တခွပ်ခွပ်မြည်လာသော မြင်းခွာသံကို ကြားလိုက်ရသဖြင့် . . .

'ဒီဟာ လီဆက်စတာပဲ . . ဒါ ငါ့သခင်အမတ်ကြီးပဲ၊ ဒါ 'ဒတ်(ဒ)လေ*' ပဲစသည်ဖြင့် ဝမ်းသာအားရရေရွတ်ရင်း ပြတင်းပေါက်သို့ ပြေးသွားလေသည်။

စံအိမ်ကြီးထဲ၌ ပျာယာခတ်၍သွားသောအသံများကို ကြားလိုက်ရပြီးနောက် အခန်းတွင်းသို့ ဖော်စတာရောက်လာပြီးလျှင် အမတ်ကတော်လေးအား . . .

'ကျုပ်သခင်ဆီက မတ်စတာရစ်ချတ်ဗားနေး ရောက်ရှိလာပါတယ်၊ ညလုံးပေါက် မြင်းစီးလာရသတဲ့၊ ခု သခင်မလေးနဲ့ ချက်ချင်းတွေ့ဆုံပြီး စကားပြောဖို့ ခွင့်တောင်းနေပါတယ်'

(များစွာ စိတ်ပျက်သွားသောဟန်ဖြင့် . .)

'ဗားနေးတဲ့လား ကျွန်မကို စကားပြောချင်လို့ ဟုတ်စ၊ ထိုနို့ပေမယ့်လေ လီဆက်စတာဆီက သတင်းပါလာမှာပဲ၊ ကဲ ကဲ သူ့ကို ချက်ချင်းပဲ ဝင်ပါစေ . .'

ဗားနေးသည် သူ့သခင်နှင့်အတူ ယမန်နေ့နံနက်က နန်းတော် ညီလာခံသို့ အခစားဝင်သည့် အဝတ်အစားနှင့် အခန်းတွင်းသို့ ဝင် ရောက်လာလေရာ၊ ခံ့ညားသော ၎င်းအဝတ်အစားနှင့် တစ်ညဉ့်လုံး မြင်းစီးကာ ခရီးကြမ်းလာရသည့်အဖြစ်မှာ အဆင်မပြေဘဲ ရှိနေ၏။ သူ့မျက်နှာတွင် အရေးတကြီးစကားပြောလိုသည့်အမှုအယာလည်း

* ဒတ်(ဒ)လေ = လီဆက်စတာအမတ်ကြီးအား ရင်းနှီးစွာခေါ်သောအမည်။



www.burmeseclassic.com

www.burmeseclassic.com



ပေါ်ပေါက်နေလေသည်။ ထိုအချင်းအရာကို အမတ်ကတော်လေး ချက်ချင်း အကဲခတ်လိုက်မိသဖြင့် . . .

'ရှင် ကျွန်မ မောင်တော်ဆီက သတင်းတွေ ပါလာတယ် မဟုတ်လား မစ္စတာဗားနေး . .ဘုရားမလို့ ဖွဟဲ့ လွဲပါစေ ဖယ်ပါစေရှင် သူ ဖျားများနေသလားဟင်'

ဟု အလောတကြီး စတင်မေးမြန်းလိုက်မိလေသည်။

'မဟုတ်ပါဘူး မဒမ်၊ မဒမ်ရဲ့စိတ်ကို ငြိမ်ငြိမ်ထားစမ်းပါ၊ ပြီး တော့ ကျွန်တော်တို့ချည်းပဲလည်း မဟုတ်ကြဘူး၊ ကျွန်တော့်မှာ မဒမ် တစ်ယောက်တည်းသာ ကြားရမယ့်စကားတွေ သူ့ဆီကပါလာတယ်'

'ဂျေးနက်ရော မတ်စတာဖော်စတာရော အပြင်ခဏထွက်နေ ကြစမ်းပါ . . နို့ပေမယ့် ခေါ်လိုက်ရင် အလွယ်တကူ ကြားလောက်တဲ့ တစ်ဘက်ခန်းထဲမှာ နေကြပါနော်'

ဖော်စတာနှင့် ဂျေးနက်တို့သည် လေဒီလီဆက်စတာ၏ အမိန့်အတိုင်း တစ်ဘက်ခန်းထဲသို့ ထွက်သွားကြလေသည်။ အမတ် ကတော်နှင့် ဗားနေးတို့လည်း တစ်ဘက်ခန်းမှ မကြားနိုင်အောင် အသံ များကို နှိမ့်၍ပြောဆိုလျက် ရှိကြသော်လည်း၊ ချက်ချင်းပင် စကားသံ များမှာ မြန်လည်းမြန် များလည်းများ၍လာသည်ကို ကြားကြရလေ သည်။ နောက် တစ်ခဏ၌ ကျယ်လောင်နိုင်သမျှအသံကလေးဖြင့်

'တံခါးကို ဖွင့်လိုက်ပါ . . ကျွန်မရှင့်ကို အမိန့်ပေးတယ် တံခါးကိုသာ ဖွင့်လိုက်ပါ၊ ကျွန်မ တခြားဘာစကားမှ အဖြေမပေးနိုင် ဘူး'

ဟု ကျယ်လောင်စွာအော်ပြောလိုက်သော အမတ်ကတော် လေး၏အသံကို ကြားလိုက်ကြရလေသည်။ ထို့နောက် အသံမှာ တိုး တိုး ကြိတ်၍ပြောနေသော ဗားနေး၏အသံများထဲတွင် ရောနှောပျောက်





ကွယ်သွားပြန်လေသည်။ နောက်ဆုံးတွင်မှ . . .

'ဘာဖြစ်တယ် သွား . . သွား . . အပြင်ကိုထွက်'

ဟူသော အမိန့်ပေးသံနှင့်တကွ . . .

'ဂျေးနက်ရေ အိမ်ကို ညာသံပေးလိုက်စမ်းပါဟေ့၊ ဖော်စတာ တံခါးကိုရိုက်ဖွင့်စမ်းပါ၊ ဒီမှာ ကျွန်မ သစ္စာဖောက်သမားတစ်ယောက် နှောင့်ယှက်တာကို ခံနေရတယ်၊ တံခါးကို ပုဆိန်နဲ့သာ ပေါက်ဖွင့်ပါ၊ မတ်စတာဖော်စတာ ရှင့်အတွက် ကျွန်မတာဝန်ယူပါတယ်'

ဟု ငယ်သံပါအောင် အော်ပြောလိုက်သော အမတ်ကတော် လေး၏ အသံကို ကြားရလေတော့သည်။

ထို့ပြင် . . .

'ဒီလိုလုပ်စရာ မလိုပါဘူး မဒမ်'

ဟု ပြတ်သားစွာ ပြောလိုက်သော ဗားနေး၏အသံကိုလည်း နောက်ဆက်တွဲ ကြားလိုက်ရပြန်သည်။

သို့နှင့် တံခါး ပြုန်းခနဲပွင့်အသွားတွင် ဂျေးနက်နှင့် ဖော်စတာ တို့လည်း အော်သံများ၏အကြောင်းရင်းကို သိလိုဇောဖြင့် အတွင်းသို့ ပြေးဝင်သွားကြလေသည်။ လက်စွဲတော်မကလေးက သူ့သခင်မထံသို့ ပြေးသွားသည့်နည်းတူ အန်တော်နီဖော်စတာကလည်း ရစ်ချစ်ဗားနေး သို့ ခပ်သုတ်သုတ်လှမ်းသွားလေသည်။

(ဂျေးနက်က အမတ်ကတော်လေးအား . .)

'ဘာဖြစ်သွားသလဲ သခင်မ ဟင် . .'

(ဖော်စတာက ဗားနေးအား . .)

'ခင်ဗျား သူ့ကိုဘာလုပ်လိုက်သလဲဟင် . .'

(ဗားနေးက ဦးခေါင်းငိုက်စိုက်ချကာ မကျေနပ်သောအသံ ဖြင့်)



www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်လား ကျုပ် သူ့ကို ဘာမှမလုပ်ရပါဘူး၊ သူ့ရှမောင်တော်ရဲ့အမိန့်ကို ပြောပြတာကလွဲပြီး ဘာဆို ဘာမှမလုပ်ရပါဘူးဗျာ'

'ဘုရားရေ ဘုရား၊ ဂျေးနက်ရေ အဲဒါ သစ္စာဖောက်က ပြောင်ကိုလိမ်လိုက်တာပဲဟော့၊ လိမ်လည်းလိမ်ရပေမပေါ့လေ၊ သူက ကိုယ့်မောင်တော်ကို ဂုဏ်ပျက်အောင် ပြောမိပေတာကိုး . .'

'ခင်ဗျား ကျွန်တော့်ကို အထင်လွဲနေပြီ လေဒီ . . ဒီကိစ္စကို ခင်ဗျား ဒေါသပြေသွားတဲ့အထိ ဒီအတိုင်းထားလိုက်ဦး၊ နောက်ပြီးတော့မှ ကျွန်တော်အားလုံးရှင်းပြမယ် . .'

'ဒီအခွင့်အရေးမျိုးကို ရှင်ဘယ်တော့မှ ရမှာမဟုတ်ဘူး၊ သူ့ကိုကြည့်စမ်း ဂျေးနက် . . လူကြီးလူကောင်းဟန်နဲ့ ကျကျနနဝတ်စားထားပြီးတော့ ငါ့မောင်တော်ရဲ့ အလိုဆန္ဒအတိုင်း၊ အဲလေ . . မောင်တော်ရဲ့အမိန့်အတိုင်း ကီနဝါရဲတိုက်ကို သူနဲ့အတူသွားပြီး ဘုရင်မနဲ့ မူးမတ်ဗိုလ်ပုံအလယ် ငါနဲ့လက်ထပ်ထားတဲ့ ငါ့မောင်တော်ရဲ့ရှေ့ မှောက်မှာ မောင်တော်ရဲ့ကျေးကျွန်ဖြစ်တဲ့သူကို ငါ့ရဲ့အရှင်သခင် လင်အဖြစ်နဲ့ ငါက အသိအမှတ်ပြုရမယ်လို့ ငါ့ကိုလာပြီး သွေးဆောင်နေတယ်'

'ခင်ဗျား သူပြောတာ ကြားတယ်နော် ဖော်စတာ၊ သူငယ်မမင်းလည်း ဒီက သခင်မစကားကိုကြားတယ်နော်၊ စင်စစ်တော့ သူ့လက်ထဲမှာ ခုကိုင်ထားတဲ့ ကျွန်တော့်သခင်ရဲ့စာထဲမှာ ညွှန်ကြားတဲ့အလုပ်ကို သူဒေါသတကြီးနဲ့ ကန့်ကွက်နေတာပဲဆိုတာ ခင်ဗျားတို့ကြားကြရပြီ၊ ဒီကိစ္စရဲ့ ဘာချို့အကြောင်းအရာတွေကိုတော့ ထုတ်ဖော်ပြောလို့ မဖြစ်ဘူး'

'ဒတ်(ဒ)လေ' လိုပုဂ္ဂိုလ်မျိုးက ဒီလောက် သူရဲဘောနည်းတဲ့ အလုပ်မျိုး ဒီလောက် ဂုဏ်သိက္ခာနိမ့်ကျစေမယ့်အကြံမျိုးကို ထောက်ခံအားပေးလိမ့်မယ်လို့ ကျွန်မဘယ်တော့မှ မယုံကြည်ဘူး၊ အဲ တကယ်





ဒီကိစ္စအမှန်ဖြစ်တယ်ဆိုရင်လည်း အမြဲအမှတ်တရဖြစ်နေစေမယ့် ...ည်းကို တစ်ခါတည်း ဖျက်ဆီးပစ်လိုက်ရုံပဲရှိတော့တာပေါ့'

'ပြောပြောဆိုဆိုနှင့် အမတ်ကတော်လေးသည် လီဆက်စတာ ...စာကို အစိပ်စိပ်အမွှာအမွှာဖြစ်အောင် ဆုတ်ပစ်လိုက်ပြီးနောက်၊ အခဲ ...ကျေနိုင်သကဲ့သို့ စက္ကူစများကို ခြေထောက်နှင့်နင်းချေလိုက်သည်။ ...နောက် ဗားနေးအား . . .

'သွား . . သွား . . ရှင် အခုထွက်သွား၊ ရှင့်ကို ကျွန်မရွံတယ် ...တာမှ ရှင်နဲ့ဖက်ပြိုင်ပြီး ဒေါသထွက်မိဘာတောင် ကျွန်မရှက်မိ သေး...တယ်'

ဗားနေးသည် အလွန်အမင်း ဒေါသထွက်သည့်အမူအယာ...ဖြင့် အခန်းအပြင်သို့ ထွက်သွားလေရာ ဖော်စတာလည်း နောက်မှ ...လိုက်သွားလေ၏။

အမတ်ကတော်လေးလည်း ရှက်ကြောက်ခြင်း၊ ဒေါသထွက်...ခြင်းတို့ဖြင့် ပါးကလေးနှစ်ဘက် နီမြန်းကာ အခန်းထဲတွင် ခေါက်တုန့်...ခေါက်ပြန် လျှောက်နေလေသည်။

'လူလိမ် . . ကျွန်ယုတ်မာ . . ပြီးတော့လည်း သြော် . . လီ...ဆက်စတာ လီဆက်စတာ၊ ကျွန်မနဲ့ လက်ထပ်ထားတဲ့ အခွင့်အရေး...ကို ခဏကလေးဖြစ်ဖြစ် မောင်ကငြင်းချင်လို့လား၊ ဒါမှမဟုတ်လည်း ...မောင့်ကိုယ်တိုင်က တခြားလူဘက်ကို ယိမ်းယိုင်နေလို့လား၊ နို့ပေမယ့် ...ဒီလိုလည်း မဖြစ်နိုင်ပါဘူးလေ၊ ဒီလူယုတ်မာ လိမ်တာချည့်ပါပဲ၊ ဂျေး...နက် ငါဒီမှာ ရှေ့ဆက်ပြီးမနေတော့ဘူး၊ ငါ သူ့ကိုကြောက်တယ်၊ ...ငါ မင်းအဖေကိုလည်းကြောက်တယ်၊ ငါဒီလိုပြောရတာ စိတ်မကောင်း...ဘူး ဂျေးနက်ရယ် . . နို့ပေမယ့် ငါ မင့်အဖေကိုကြောက်လှတဲ့ ...ဗားနေးကို အကြောက်ဆုံးပါပဲလေ၊ အိုလေ ကူးနားက ငါထွက်ပြေးမှ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မှာပါပဲ'

'အမယ်လေး သခင်မရယ် ဘယ်ကို သခင်မထွက်ပြေးပါ့မလဲ၊ ပြီးတော့ ဒီနံရံကြီးတွေ အတွင်းက သခင်မ ဘယ်လိုလုပ်ပြီး ထွက်ပြေးမလဲ . .'

လက်ကလေးနှစ်ဘက်ကို ရင်ဝယ်ပိုက်ကာ အထက်သို့ မော့ကြည့်ရင်း . . .

'ငါလည်း မသိပါဘူး ဂျေးနက်ရယ်၊ ဘယ်လိုနည်းနဲ့ ဘယ်နေရာကို ထွက်ပြေးရမယ်ဆိုတာ မသိပါဘူးကွယ်၊ နို့ပေမယ့် ဘုရားသခင်ကတော့ ငါ့ကို ဒီလူယုတ်မာတွေရဲ့ လက်ထဲမှာ ပစ်ထားမယ် မဟုတ်ဘူး'

'ဒီလိုလည်း မထင်ပါနဲ့ သခင်မရယ်၊ ကျွန်မအဖေရဲ့စိတ်ထားဟာ စည်းကမ်းကြီးလွန်း စေ့စပ်သေချာလွန်းအားကြီးပေမယ့် စင်စစ်တော့ . .'

ဂျေးနက်၏စကားမဆုံးမီ အန်တော်နီဖော်စတာသည် ဖန်ခွက်တစ်ခွက်နှင့် ဓာတ်ဘူးငယ်တစ်ဘူးကိုကိုင်ကာ အခန်းတွင်းသို့ ဝင်ရောက်လာလေသည်။ သူ့အမူအယာကား ထူးခြားလျက်ရှိ၏။ အကြောင်းသော်ကား ယဉ်ကျေးဖွယ်ရာခြင်း၊ သူတစ်ပါး၏အလိုကို ရိုသေကျိုးနွံစွာ လိုက်လျောတတ်ခြင်း စသည့်အပြုအမူများပေါ်၌ ဖုံးလွှမ်းလျက်ရှိတတ်သည့် မျက်မှောင်ကြုတ်လျက်ရှိသော မျက်နှာထားကြီးကို ယခုအခါ လုံးဝမမြင်ရတော့ပေ။ သို့ရာတွင် သူ၏အပြုံးကား ယဉ်ကျေးဖွယ်ရာလော်ကွတ်ပျူငှာရှိခြင်းထက် ကြောက်ရွံ့ခြင်းက ပို၍ နေသကဲ့သို့ ရှိနေလေသည်။ ထို့ပြင် အမတ်ကတော်လေးအား မကြာမီက တုန်လှုပ်ချောက်ချားခဲ့ရသော စိတ်နှလုံးကို ပြန်၍ငြိမ်သက်ရွှင်လန်းသွားစေရန် အားတိုးဆေးကိုသောက်ရန် တိုက်တွန်းသည့်အခါ၌လည်း





သူသည် တစ်စုံတစ်ခု အန္တရာယ်ဖြစ်တော့မည်ကို စဉ်းစားနေသကဲ့သို့ ရှိနေလေသည်။ ထိုအခါ ဂျေးနက်က 'ကျွန်မ သခင်မကလေးကို သူ သောက်ချင်တဲ့အခါကျတော့မှ ကျွန်မထည့်တိုက်လိုက်ပါ့မယ် ဖေဖေ' ဟု ပြောလိုက်လေ၏။

ဖော်စတာက ထိတ်လန့်သောအမူအယာဖြင့် . . .

'ဟာ မဖြစ်ဘူးသမီး . . မဖြစ်ဘူး၊ ဒီကိစ္စမှာ သခင်မလေးကို သမီးဆောင်ရွက်ပေးလို့ မဖြစ်ဘူး . .'

'ဘာကြောင့်လဲ ဖေဖေ ဟင်၊ သခင်မလေးသောက်သင့်တဲ့ဆေးဆိုရင် ကျွန်မက ဘာကြောင့်ထည့်မပေးရမှာတဲ့လဲ ဖေဖေ'

(ခပ်ဆိုင်းဆိုင်းလုပ်နေရာမှ ဒေါသဖြစ်လာဟန်ဖြင့် . .)

'ဘာကြောင့် ဟုတ်လား . . ဘာကြောင့်ရမလဲ၊ ငါက မင်းကို မလုပ်စေချင်လို့ပေါ့ ကလေးမရဲ့၊ သွား သွား ညနေ ဓမ္မသင်တန်းကို သွားတက်ချေတော့'

'ဒီ ဓမ္မသင်တန်းကို နောက်ထပ်ကျွန်မကြားရဦးမှာပဲ၊ အဲဒီတော့ သခင်မလေးရဲ့အသက်ဘေးကို စိတ်မချရမချင်း ဒီနေ့ည ကျွန်မ ဘယ်ကိုမှ မသွားဘူး၊ ကဲ အဲဒီဓာတ်ဘူး ကျွန်မကိုပေးပါ ဖေဖေ . .'

(ဂျေးနက်သည် တွန့်ဆုတ်ဆုတ်လုပ်နေသော သူ့ဖခင်၏ လက် ထဲမှ ဓာတ်ဘူးကို လှမ်းယူပြီးနောက် . .)

'ကဲ ဖေဖေ . . ကျွန်မသခင်မနဲ့ တည့်တဲ့ဆေးဟာ ကျွန်မနဲ့လည်း တည့်မှာပေါ့နော်၊ ဖေဖေ့ကို ကျွန်မသောက်ပြမယ်'

ဖော်စတာသည် တစ်စုံတစ်ရာ မပြောဘဲ သူ့သမီးထံသို့ပြေးသွားပြီးလျှင် လက်ထဲမှဓာတ်ဘူးကို လုယူလိုက်လေသည်။ ထို့နောက် သူသည် မိမိပြုမူမိသော အပြုအမူအတွက် စိတ်ရှုပ်ထွေးသွားပြီးလျှင် မည်သို့ဆက်လက်ပြုမူရမည်ကို မသိသည့်ဟန်ဖြင့် ခြေကိုဆွ တစ်



www.burmeseclassic.com

www.burmeseclassic.com



လှမ်း နောက်တစ်လှမ်းထား၍ရပ်ကာ ဒေါသထွက်ခြင်း၊ ကြောက်ရွံ့ခြင်း၊ ယုတ်မာသောအမူကို ကျူးလွန်မိခြင်း စသည်တို့ပေါင်းစပ်ထားသော မျက်နှာထားဖြင့် သမီးဖြစ်သူအား စူးစူးဝါးဝါး ကြည့်ရှုနေလေသည်။ ဂျေးနက်က သူ့ဖခင်အား ပြန်၍ကြည့်ရင်း . . .

'ကျွန်မသခင်မကို ကျွန်မကိုယ်တိုင်တိုက်ဖို့လည်း ခွင့်မပြုဘူး ကျွန်မကိုယ်တိုင်သောက်ပြခွင့်လည်း မပြုဘူးဆိုတာတော့ တော်တော်ထူးဆန်းမနေဘူးလား ဖေဖေ'

ထိုအခါ၌ အမတ်ကတော်လေး၏ သတ္တိမှာ အသက်ပြန်၍ဝင်လာလေသည်။ သူသည် ရှေးဦးစွာ ထိတ်လန့်ထားသောအရှိန်ကြောင့် ပါးကလေးများ ဖြူဖတ်ဖြူယော်ဖြစ်နေကြသော်လည်း မျက်လုံးများမှာ တည်ငြိမ်လျက်ရှိပြီးလျှင် ခနဲ့တဲ့တဲ့အသံဖြင့် . . .

'ဒီလောက်ရှားပါးလှတဲ့ အားတိုးဆေးကို ရှင်ကိုယ်တိုင်သောက်ပြမလား မစ္စတာဖော်စတာ၊ ဂျေးနက်ကို သောက်ခွင့်မပြုပေမယ့် ရှင် ကိုယ်တိုင် ကျွန်မတို့ကို သောက်ပြဖို့တော့ ငြင်းမယ်မဟုတ်ဘူးထင်ပါ ရဲ့နော်၊ ကဲ သောက်ပြစမ်းပါရှင် . . ကျွန်မ တောင်းပန်ပါတယ်'

'ကျုပ် မသောက်နိုင်ဘူး'

ဟု ပြောပြီးနောက် ဖော်စတာသည် ချာခနဲလှည့်ကာ အခန်းထဲ မှထွက်သွားလေ၏။ ဂျေးနက်သည် ရှက်ကြောက်ခြင်း၊ ထိတ်လန့်ခြင်း၊ ဝမ်းနည်းခြင်းတို့ ရောယှက်နေသောမျက်နှာဖြင့် သူ့သခင်မအား လှမ်း ကြည့်လိုက်လေသည်။ ထို့နောက် . . .

'သွားဦးမယ် သခင်မ'

ဟု ပြောဆိုကာ သူ၏ခြုံစောင်ကလေးကို သွား၍ယူလေသည်။





'ငါ့ကို ပစ်သွားတော့မလို့လား ဂျေးနက်ရယ် . . ဒီလိုဆိုးဝါးတဲ့ အခြေအနေမျိုးကြီးမှာ ငါ့ကို ပစ်ထားခဲ့တော့မလို့လား'

(သူ့သခင်မထံ ပြန်ပြေးလာကာ လက်ကိုအကြိမ်ကြိမ် နမ်းရှုပ်ရင်း . .)

'သခင်မကို ပစ်ထားခဲ့မယ် ဟုတ်လား . . ကျွန်မ ဒီလိုများလုပ်ရင် မျှော်လင့်ချက်ဆိုတဲ့တရားဟာ ကျွန်မကို စွန့်သွားပါစေ၊ မသွားပါဘူး သခင်မရယ်၊ သခင်မ ကိုးကွယ်တဲ့ဘုရားသခင် ဟာ သခင်မ လွတ်မြောက်ရေးအတွက် လွတ်မြောက်ဖို့လမ်းဖွင့်ပေးလိမ့်မယ်လို့ သခင်မ ပြောခဲ့ဖူးတယ်လေ၊ အဲဒီအတိုင်းဘဲ အခုလွတ်မြောက်ဖို့လမ်းတစ်လမ်း ရှိနေပြီ၊ ကျွန်မကို နောက်ထပ်ပြီး ဒီအကြောင်းကို မမေးပါနဲ့တော့၊ ခု ချက်ချင်း ကျွန်မ ပြန်လာခဲ့ပါ့မယ် . .'

သို့ပြောဆိုပြီးနောက် ဂျေးနက်သည် ခြုံစောင်ကလေးကို သိုင်း ခြုံကာ အပြင်ဘက်ခန်းတွင်တွေ့ရသော အစေခံမိန်းမကြီးအား ဘုရား တက်ရန်သွားမည့်အကြောင်း ပြောခဲ့ပြီးလျှင် အိမ်မှထွက်သွားလေ၏။

ထိုအတောအတွင်း၌ သူ၏ဖခင်သည် သူနှင့်ကြံဖော်ကြံဖက်ဖြစ်သော သူ့အဖော်ထံသို့ ပြန်ရောက်နေလေ၏။

ဗားနေးက ဆီး၍ပြုံးလျက် . . .

'ဘယ့်နှယ့်လဲ ငှက်မလေးက သောက်ရဲ့လား'

'မသောက်ပါဘူးဗျာ၊ ကျုပ်လက်ထဲကဆိုရင် သူသောက်မှာမဟုတ်ဘူး၊ နေပါဦး ခင်ဗျားက ကျုပ်သမီးရှေ့မှာ လူသတ်မှုကျူးလွန်နိုင်းမလို့လား'

'ခင်ဗျားက ဒီလောက်တောင် ပြူးတူးပြဲတဲ တုန်တုန်ရီရီနဲ့ပြောနေရအောင်၊ ဒါဟာ လူသတ်မှုကျူးလွန်ဖို့ စီစဉ်ထားတာမဟုတ်ဘူးဗျ



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားကို မပြောခဲ့ဘူးလား၊ လူကြောက်ကြီးရဲ့၊ ဒါဟာ ၂ ရက် ၃ ရက်လောက် နည်းနည်းဖျားနေ နာနေအောင် ရည်ရွယ်ပြီးလုပ်တာပါ လို့ ခင်ဗျားကို မပြောခဲ့ဘူးလား'

သူသည် နေရာမှထ၍ စားပွဲပေါ်မှ ဓာတ်ဘူးကိုယူပြီးလျှင် အခန်းထဲမှ ထွက်သွားလေသည်။ တစ်ခဏမျှကြာသောအခါ ပြန်လာလျက် . . .

'ကျုပ်ဆောင်ရွက်ရမယ့်တာဝန်တော့ ပြီးသွားပြီ၊ ကိုင်း လာ ကျုပ်တို့အခန်း ကျုပ်တို့ပြန်ကြရအောင်၊ နက်ဖြန်ကျမှပဲ ဘယ်လိုအခြေ အနေရှိသလဲဆိုတာ ကျုပ်တို့ကြည့်ကြမယ်'

*



( ၉ )

နွေရာသီ၏ ညနေခင်းမှာ ကုန်ဆုံးသွားခဲ့၏။ ဂျေးနက်သည် သူကြာကြာနေလျှင် အိမ်က သက်မကင်းဖြစ်ကာ မေးမြန်းမည်ကိုစိုး၍ 'ကူးနားပလေ့'သို့ပြန်လာပြီးလျှင် သူ့သခင်မ၏အခန်းတွင်းသို့ ဝင်ခဲ့ရာ စားပွဲပေါ်၌လက်တင်ကာ လက်မောင်းကြားတွင် မျက်နှာအပ်လျက်ရှိသော သူ့သခင်မအား တွေ့ရှိရလေသည်။ ဂျေးနက်ဝင်လာသောအခါ သူသည် မော့ကြည့်ခြင်းလည်း မပြုချေ။

သစ္စာရှိလှသော လက်စွဲတော်မကလေးသည် သူ့သခင်မထံသို့ ပေါ့ပါးသွက်လက်စွာ ပြေးသွားပြီးနောက် အမတ်ကတော်ကလေးအား လက်နှင့်လည်းလှုပ်ခေါ်လျက် နှုတ်မှလည်း အဖြစ်အပျက်ကို မေးမြန်းလေ၏။ အမတ်ကတော်ကလေးသည် သွေးရောင်ကင်းမဲ့သော မျက်နှာ၊ တဖွေနှင့်တူသောမျက်လုံးများဖြင့် သူ့အဖော်မကလေးအား မော့ကြည့်လျက် . . .

'ဂျေးနက် ငါတော့ ဟိုဟာကို သောက်လိုက်ပြီ'

ဟု ပြောလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



'အမယ်လေး ဘုရားမတာပဲ၊ အဲလေ ကျွန်မဆိုလိုတာက ဒီဟာက သိပ်မဆိုးလို့ ဘုရားမတာလို့ပြောတာပါ၊ ဒီဆေး တစ်ခါ သောက်ဟာ သခင်မကို ဘေးဥပါဒ်ပေးမှာ မဟုတ်ပါဘူး၊ ကဲ ထပါ သခင်မရယ်၊ ကိုယ်ရော စိတ်ရော ထိုင်းမှိုင်းပြီး စိတ်ပျက်လက်ပျက် ဖြစ်နေတာကို တစ်ခါတည်းခါ ထုတ်ပစ်လိုက်စမ်းပါ'

'ဂျေးနက် ငါ့ကို မနှောင့်ယှက်နဲ့ကွယ်၊ ငါ့ဖာသာ ငါငြိမ်ငြိမ် နေပြီး အေးအေးဆေးဆေး အသက်ထွက်စမ်းပါရစေ၊ ငါအဆိပ်မိနေပြီ'

'မဟုတ်ပါဘူး သခင်မရဲ၊ အဆိပ်ဖြေဆေးကို ကြိုတင်ပြီး သောက်ထားခဲ့လေတော့ သခင်မ ခုသောက်ချလိုက်တဲ့ဆေးဟာ သခင်မကို ဒုက္ခမပေးနိုင်ပါဘူး၊ ဒါကြောင့် လွတ်မြောက်တဲ့လမ်းရှိတာ သခင်မကို ပြောရအောင် မြန်မြန်လာခဲ့တာပဲ'

(ကုလားထိုင်တွင် ကိုယ်ကိုမတ်၍ထိုင်လိုက်ပြီးနောက် . .)

'လွတ်ဖို့လမ်း ဟုတ်လား . . နို့ပေမယ့် ဂျေးနက်ရယ် လွန် ကုန်ပါပြီကွယ်'

'မလွန်ပါဘူး သခင်မရဲ၊ ကိုင်းထပါ ကျွန်မလက်ကို အားပြု ပြီးတော့ အခန်းထဲမှာ လမ်းလျှောက်စမ်းပါ၊ ဥပါဒါန်ကြောင့် ဥပါဒ် မရောက်ပါစေနဲ့၊ ကိုင်း ခုလိုဆိုတော့ သခင်မ ကိုယ်လက်အင်္ဂါတွေကို သခင်မ ပိုင်ပိုင်နိုင်နိုင်ကြီး အသုံးပြုလို့ရတယ်လို့ မထင်မိဘူးလား'

(ဂျေးနက်ကို အားပြုမှီတွဲကာ အခန်းထဲ၌ ခေါက်တုန့်ခေါက် ပြန်လျှောက်ရင်း . .)

'ဟုတ်တယ် ထုံထုံထိုင်းထိုင်းကြီးဖြစ်နေတာ တော်တော် သက်သာ သွားသလိုပဲ၊ နေပါအုံး ဒီလိုဆိုရင် ငါမျိုချမိတဲ့ဆေးဟာ ပြင်းထန်တဲ့ အဆိပ်ဆေးကြီးတစ်ခု မဟုတ်ဘူးလား၊ မင်းလည်း ထွက် သွားရော ဗားနေးလည်းရောက်လာပြီး ငါ့ကံကြမ္မာကို မြင်ရတဲ့မျက်လုံး





တွေနဲ့ ကြည့်ပြီး ဒီကြောက်စရာကောင်းတဲ့ဆေးကြီး သောက်ဖို့အမိန့် ပေးတော့တာပဲ၊ နို့ပေမယ့် ခု မင်းက လွတ်နိုင်မယ့်လမ်းကို ပြောနေပြန် ပြီ ငါ ဝမ်းသာရတော့မှာလား . . .'

'နားထောင်စမ်းပါဦး သခင်မရဲ၊ သခင်မရဲ့ စိတ်ချရတဲ့ မိတ် ဆွေကောင်းတစ်ဦးလို့ ယုံကြည်ရတဲ့လူတစ်ယောက်ဟာ ရုပ်အမျိုးမျိုး ဖျက်ပြီး ကျွန်မနဲ့စကားပြောခွင့်ရအောင် ကြံခဲ့တယ်။ ဘာကြောင့်လဲ ဆိုတော့ ကျွန်မစိတ်ထဲမှာ ဒီကိစ္စကို ဒီနေ့ညနေအထိ ကောင်းကောင်း နားမရှင်း သေးဘဲကိုး၊ အဲဒီလူဟာ သခင်မဆီကို ကုန်စုံလာရောင်းတဲ့ ဈေးသည်ကြီးပေါ့၊ ကျွန်မအပြင်ဘက်ကိုထွက်တိုင်း အဲဒီလူကြီးကို တွေ့မိတယ်။ ဒီနေ့ညကိစ္စကို လက်ငင်းကြုံတော့မှပဲ သူနဲ့စကားပြောဖို့ ကျွန်မဆုံး ဖြတ်လိုက်မိတယ်။ သခင်မထွက်ပြေးဖို့ကိစ္စအတွက် ခြံဝင်း အပြင်မှာ သူစောင့်နေတယ်၊ ကျွန်မကတော့ ဒီမှာနေရစ်ခဲ့ပြီး ဒီကိစ္စကို တော်တော် နဲ့လူမသိရအောင် ဟန်ဆောင်ပြီးနေရလိမ့်မယ်'

သို့ဖြစ်၍ သူတို့သည် ယူသွားရန် လိုအပ်သည်ထင်သော ပစ္စည်းကလေး အနည်းငယ်ကို အရေးတကြီး စုဆောင်းယူငင်ကြပြီး လျှင် ဂျေးနက်က ယင်းတို့ကို အထုပ်ငယ်ကလေးတစ်ခုဖြစ်အောင် ကျင်လည် စွာချည်နှောင်ထုပ်ပိုးလေသည်။ ထို့နောက် အမတ်ကတော် လေးသည် ဂျေးနက် ခရီးတို သွားသည့်အခါ ဝတ်ဆင်လေ့ရှိသည့် အဝတ်အစားများ ကို လဲလှယ်ဝတ်ဆင်လေ၏။

ပြင်ဆင်သင့်သော အရာအားလုံးသည် ပြည့်စုံစွာ ပြင်ဆင်၍ မပြီးသေးမီပင် လမင်းကြီးသည် ကောင်းကင်ယံတွင် ထိန်လင်းစွာ ထွက်ပေါ်လာလေရာ၊ စံအိမ်ကြီးအတွင်းမှ လူအားလုံးတို့သည်လည်း ကိုယ်စီ ကိုယ်ငှ ကိုယ့်အိပ်ခန်းရှိရာသို့ ဝင်ရောက်ကြကုန်ပြီဖြစ်သဖြင့် တစ်အိမ် လုံး တိတ်ဆိတ်လျက်ရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဝရမ်းပြေး အမတ်ကတော်လေးနှင့် သူ၏လမ်းပြလုပ်သူတို့သည် နောက်ဖေးတံခါးမှ အပြင်သို့ပေါက်သော ရိပ်သာလမ်းမြောင်လေးတစ်ခုအတိုင်း လျင်မြန်သွက်လက်စွာ ဖြတ်ကျော်လျက်ရှိကြလေသည်။ ထိုအခါမှပင် ဂျေးနက်က သူ့သခင်မအား မည်သည့်အရပ်သို့ ထွက်ပြေးရန် ကြံရွယ်ထားပါသနည်းဟု ပထမဆုံးအကြိမ် မေးမြန်းလေသည်။ အဖြေကို ချက်ချင်းပြန်မရသောအခါ ဂျေးနက်က . . .

'သခင်မဟာ ဘေးရန်ကို စိတ်ချရပြီး အကာအကွယ်ရမယ့် သခင်မ ဖခင်အိမ်ကို သွားလိမ့်မယ်ထင်ပါရဲ့'

ဟု ဆက်၍ပြောလိုက်လေသည်။

အမတ်ကတော်လေးက စိတ်မချမ်းမြေ့သည့်အသံဖြင့် . . .

'မဟုတ်ဘူး ဂျေးနက်၊ မမရဲ့စိတ်နှလုံး သန့်ရှင်းကြည်လင်ပြီး မမရဲ့နာမည်နဲ့ ဂုဏ်သတင်းပျံ့မွှေးနေတဲ့အချိန်မှာ မမဟာ လစ္စကုတ်ဟောက ထွက်လာခဲ့တယ်၊ အဲဒီတော့ မောင်တော်ရဲ့အခွင့်မရမချင်း ဂုဏ်မြောက်တဲ့ အဆင့်အတန်းကို ပေးနိုင်မယ့် မမတို့လက်ထပ်မင်္ဂလာပွဲကို လူသိနတ်ကြား မလုပ်ရမချင်း အဲ့ဒီကို မမ မပြန်ဘူး'

'ဒါဖြင့် ခုဘယ်ကို သွားမှာလဲ သခင်မရဲ့'

(ရဲရင့်လွတ်လပ်သော အမူအယာဖြင့် . .)

'ကီနဝါရဲတိုက်ကြီးကိုပေါ့ မိန်းကလေးရဲ့၊ ဒီပွဲတွေ လမ်းတွေကို မမကြည့်ဦးမယ်လေ၊ တစ်တိုင်းပြည်လုံး ဖိန့်ဖိန့်တုန်သွားအောင်ဖြစ်စေမယ့် ဒီ မင်းခမ်းမင်းနားနဲ့ ပွဲလမ်းသဘင်တွေကို ကြည့်ရဦးမယ်၊ အင်္ဂလန်ပြည့်ရှင် ဘုရင်မကြီးက မမမောင်တော်ရဲ့ ခန်းမဆောင်ကြီးတွေထဲမှာ ပွဲတော်စာ သုံးဆောင်တဲ့အချိန်မှာ လီဆက်စတာအမတ်ကြီးကတော်ဟာ မဖွယ်မရာတဲ့ ဧည့်သည်ဖြစ်နေလိမ့်မယ်လို့ မမ မထင်ဘူး'





နောက်ဆုံး၌ သူတို့ဉီည် နောက်ဖေးတံခါးသို့ ရောက်လာကြ၍ သော့ခလောက်ကို အတော်ခဲယဉ်းစွာ လှည့်ပတ်ဖွင့်ရပြီးသည့်နောက်ဆုံးတွင် ဂျေးနက်ယူဆောင်လာခဲ့သော မစ္စတာကီးခေါ် သော့ဘုရင်၏အစွမ်းဖြင့် ပွင့်ထွက်သွားလေ၏။ ထို့နောက် အမတ်ကတော်လေးသည် သူ့မောင်တော်၏အမိန့်ဖြင့် အပြင်ဘက်သို့ တစ်ဖဝါးမျှကျူးကျော်၍ ထွက်ရဟု ကြပ်တည်းစွာတားမြစ်ထားသည့် နယ်နိမိတ်ဖြစ်သော ခုံတံတိုင်းမှကျော်လွန်ကာ အပြင်ဘက်သို့ ရောက်ရှိသွားသောအခါ စိတ်မကောင်းဖြစ်မိရှာ၏။ ဝေလန်စမစ်ကား သူတို့ထွက်ပေါ်လာမည်ကို စိုးရိမ်ကြောင့်ကြစွာဖြင့် မျှော်လင့်စောင့်ဆိုင်းရင်း၊ လမ်းဘေးခြံစည်းရိုးတစ်ခုကို ကွယ်၍ စောင့်ဆိုင်းလျက်ရှိလေသည်။

ဂျေးနက်က သူတို့အနီးသို့ ဖြည်းညှင်းစွာ ချဉ်းကပ်လာသော ဝေလန်အား . . .

'ဘယ်နှယ့်လဲ အားလုံးစိတ်ချရပြီလား'

ဟု ဆီး၍ မေးလိုက်လေသည်။

'အားလုံး စိတ်ချရပါပြီ . . နို့ပေမယ့် သခင်အတွက်မြင်းတစ်ကောင် ရှာလို့မရပဲဖြစ်နေတယ်၊ ဂျိုင်းဂိုစလင်ဆိုတဲ့ လူကြောက်ကြီးကလည်း သူ ဒုက္ခရောက်မှာစိုးလို့ ကျုပ်ကို မြင်းတစ်ကောင်ရောင်းပါဆိုတာ ဘယ်လိုပြောလို့မှ မရဘူး၊ နို့ပေမယ့် ကိစ္စမရှိပါဘူးလေ . . သူ့ကို ကျုပ်မြင်းပေါ်အစီးခိုင်းပြီး ကျုပ်ကတော့ နောက်မြင်းတစ်ကောင်ရတဲ့အထိ သူ့နံဘေးကပဲ လမ်းလျှောက်ပြီး လိုက်ပါ့မယ်၊ ဂျေးနက်ကသာ မင်းပြောရမယ့် စကားတွေမေ့မသွားရင်တော့ နောက်က လိုက်လာကြမှာ မဟုတ်ဘူး'

'မမေ့ပါဘူး၊ နက်ဖြန်ခါကျတော့ ကျွန်မ သခင်မဟာ အိမ်ရှေ့က မထနိုင်တော့ဘူးလို့ ကျွန်မပြောလိုက်မှာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့လည်း သူဟာ ခေါင်းမလှုပ်နိုင်အောင် ကိုက်နေပြီး နလုံးလည်း တုန်နေလို့ သူ့ကိုနောက်ယှက်လို့မဖြစ်ဘူးလို့လည်း ပြောလိုက်တာပေါ့၊ မကြောက်ပါနဲ့လေ၊ သူတို့ကလည်း စကားအရိပ်နိမိတ်ကိုကြည့်ပြီး မင့်ကို နည်းနည်းပါးပါးလောက်ပဲ မေးပါမြန်းပါလိမ့်မယ်၊ ဒီရောဂါ ဘာရောဂါလဲဆိုတာ သူတို့သိပါတယ်'

သို့ ပြောဆိုပြီးနောက် အမတ်ကတော်လေးကို ဝေလန်က မြင်း ပေါ်သို့ တင်ပေးလိုက်လေသည်။

'ကိုင်း သွားကြပေတော့ . . သခင်မတို့ကို ဘုရားသခင် ကောင်းချီးပေးပါစေ . .'

ဟု ပြောဆိုပြီးနောက် ဂျေးနက်သည် နောက်ဖေးတံခါးပေါက်အတွင်းသို့ ပြန်ဝင်သွားပြီးလျှင် တံခါးကို ပြန်၍သော့ခတ်လိုက်လေသည်။ ထိုအခိုက်တွင် ဝေလန်က မြင်းဇက်ကြိုးကိုဆွဲ၍ မြင်း၏ ဦးခေါင်းဘေးမှကပ်ကာ လျှောက်လျက် သူတို့သည် ဆိတ်ငြိမ်သာယာသော လရောင်အောက်တွင် ခရီးထွက်ခဲ့ကြလေသည်။

သို့နှင့် 'ဒွန်နင်တန်' ခေါ် ရွာကလေးသို့ရောက်သောအခါ ဝေလန်သည် ၂ နာရီ၊ ၃ နာရီခန့် အမတ်ကတော်လေး စိတ်ချလက်ချ နားနေနိုင်ရန် ကျေးတောသား အထက်တန်းစားလူများ၏အသွင်သို့ ရုပ်ပြောင်းပစ်လိုက်လေသည်။ ထို့ပြင် လူများဂရုစိုက်ကြည့်ကြမည့် ဘေးမှ လွတ်ကင်းစေရန် အမတ်ကတော်လေးက ဝေလန်၏နှမငယ် အဖြစ်ဖြင့် သွားရန်ကိုပါ ဆုံးဖြတ်လိုက်ကြလေသည်။ သူ့မြင်းနှင့်ခြေညီ၍ အမျိုးသမီးတစ်ယောက် စီးနင်းရန် သင့်လျော်သော အလယ်အလတ်တန်းစား မြင်းတစ်စီးမှာလည်း ရှေ့ခရီးအတွက် ပြည့်စုံသွားလေသည်။ ယင်းကဲ့သို့ ကုန်ကျသော စရိတ်စကများအတွက် ဝေလန်မှာ ထရက်ဆီးလီးယန်း ထောက်ပံ့ထားသော ငွေများဖြင့် လုံလောက်စွာ





သုံးစွဲနိုင်ခဲ့လေသည်။ နာရီပေါင်း အချိန်အတန်ကြာ အနားယူခြင်းအားဖြင့် အမတ်ကတော်လေးမှာ ကိုယ်လက်များ ပြန်လည်လန်းဆန်းလာပြီးနောက် သူတို့သည် ကီနဝါရဲတိုက်သို့သွားရန် အကောင်းဆုံးလမ်းဖြစ်သည့် 'ဝါလစ်' လမ်းအတိုင်း ဆက်လက်ခရီးထွက်ရန် ပြင်ဆင်ကြလေသည်။

ဘုရင်မကြီး ဧည့်ခံပွဲတွင် အမြဲအသုံးတော်ခံရသည့် လူရွှင်တော်တစ်စုသည် ထိုပျော်ပွဲရွှင်ပွဲကြီး၌ ကပြရန် ကီနဝါရဲတိုက်သို့ သူတို့ထက် တစ်နာရီ နှစ်နာရီခန့်မျှစော၍ထွက်ခွာသွားကြောင်း ထမင်းဆိုင်ဝိုင်ရှင်က ပြော၍သိရ၏။ ထိုအခါ ပါးနပ်လှသော ဝေလန်လည်း မိမိတို့ချည်း သွားခြင်းထက် ထိုသူများကိုမီကာ ထိုသူများနှင့်အတူ ရောနှောသွားခြင်းက ပို၍စိတ်ချရပြီးလျှင် ချောင်ချိမည်အကြောင်း အကြံတစ်ခုပေါ်လာလေသည်။ သူသည် အမတ်ကတော်လေးအား သူ့အကြံကို ဖွင့်ဟတိုင်ပင်လေရာ ကီနဝါရဲတိုက်သို့သာ ရောက်လိုစိတ်စောနေသည့် အမတ်ကတော်လေးသည် တစ်စုံတစ်ရာ ကန့်ကွက်ခြင်းမပြုဘဲ သဘောတူလိုက်လေသည်။ သို့နှင့် သူတို့သည် မြင်းများကို ခပ်သုတ်သုတ်နှင်ခဲ့ရာ မကြာမီပင် လူရွှင်တော်ခရီးသည်စုကို မီ၍လာလေသည်။

ထိုလူစုထဲတွင် ဝေလန်နှင့်သိကျွမ်းခဲ့ဖူးသော 'ဒစ်ကီစလပ်' ဆိုသူ ခပ်ရှုပ်ရှုပ်သူငယ်တစ်ယောက်လည်း ပါလာ၏။ အပြန်အလှန် နှုတ်ဆက်ပြီးကြသောအခါ ဝေလန်က . . .

'ဒစ်ကီ မင်းတို့ ကီနဝါကို သွားကြတာဆိုရင် မင့်မျက်နှာချိုချို ပြုံးပြုံးကလေးကြည့်ပြီး မင့်အပေါင်းအဖော်တွေနဲ့ ပျော်ပျော်ပါးပါး လိုက်ပါရစေလားကွယ်'

'လိုက်တာတော့ ဟုတ်ပါပြီ၊ ခင်ဗျားက ဘယ်လိုလို[illegible] အဲလေ ကျွန်တော်ဆိုလိုတာက ဘယ်လိုနေရာကနေပြီး [illegible]'



www.burmeseclassic.com

www.burmeseclassic.com



'မျက်လှည့်ဆရာအဖြစ်နဲ့ပေါ့ကွ၊ ဒီပညာ ငါတတ်တယ်ဆိုတာ မင်းလည်း အသိသားပဲ'

'ဒါဖြင့် မိန်းကလေးကကောဗျာ . . မိန်းကလေးပါတယ်ဆိုတာ သိပ်အနှောင့်အယှက်များတာဗျ'

'သူက ငါ့နှမလေးပါကွယ်၊ သူက စောင်းတီးတတ်တယ်ကွယ့်၊ တေးချင်းလည်း ကောင်းကောင်းဆိုတတ်တယ် ပိုက်ဆံရနိုင်တာပေါ့'

သို့နှင့် ဝေလန်သည် လှုရှင်တော်ခရီးသည်စု၏ အကြီးအကဲဖြစ်သူအား သူကိုယ်တိုင် မျက်လှည့်အတတ်ကိုတတ်၍၊ သူ့နှမကလေးမှာ ဂီတပညာသည်တစ်ဦးဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုလေသည်။ သူ၏အစွမ်းကိုပြရန် တောင်းဆိုကြသောအခါ ဝေလန်သည် သူ၏မျက်လှည့်အတတ်ကို မည်မျှလောက် ကျင်လည်စွာပြလိုက်သနည်းဆိုမူ၊ ဒစ်ကီတို့လူစုသည် သူ့အားလက်ခံရန် တစ်ခါတည်းသဘောတူညီလျက် သူ့နှမကလေး၏အစွမ်းကိုလည်းပြရန် တောင်းဆိုကြပြန်၏။

ဒက်ကီစလပ်မှာ အမတ်ကတော်လေးအကြောင်းကို အမေးအစမ်းထုလုသည့်အပြင် အရာရာတွင် လောကွတ်ပိုလှသဖြင့် ဝေလန်ပင် သူ့အတွက် စိုးရိမ်စပြုလာတော့၏။ သို့နှင့် နှမယောင်ဆောင်နေသော အမတ်ကတော်လေးအား ခရီးပန်းသည်ဟုအကြောင်းပြကာ ဝါဝစ်မြို့မရောက်မီ ၂ မိုင် ၃ မိုင်ခန့်အကွာတွင် နေရစ်လိုကြောင်းပြောရန် အကြံပေးရလေ့သည်။ သို့နှင့် ရွာထမင်းဆိုင်ကလေး၌ အပန်းဖြေကြရ၏။

'ကိုင်း မဒမ် နက်ဖြန် စောစောထသွားကြရင် ကီနဝါကို လူတွေ စုစုရုံးရုံးမဖြစ်ခင် ရောက်ပါလိမ့်မယ်'

*



( ၁၀ )

နောက်တစ်နေ့နံနက်တွင်ကား အမတ်ကတော်လေးနှင့် လမ်းပြတို့သည် ခရီးလမ်းဆုံးဖြစ်သော ကီနဝါရဲတိုက်ကြီး၏ အပြင်ဘက် ဝင်းအတွင်းသို့ ဝင်ရောက်မိကြလေတော့၏။ သူတို့ရှေ့တွင်မူ အဆောင်ဆောင်အခန်းခန်းတို့ဖြင့် ခံ့ညားထည်ဝါလှသော ရဲတိုက်ကြီးသည် ငွါးငွါးစွင့်စွင့် ရပ်တည်လျက်၊ ဝင်းတံခါးပေါက်ကြီးများမှာလည်း ပွင့်လျက်ရှိသည်။ ခန်းဆောင်များတွင်လည်း ယော်သားများ အစေခံများနှင့် ပျော်ပွဲရွှင်ပွဲများတွင် ပါဝင်ကပြမည့် ဇာတ်သမားများ ဂုဏ်သရေရှိ ဧည့်သည်တော်များဖြင့် ပြည့်လျက်ရှိလေသည်။

ကြီးကျယ်ခမ်းနားး၍ ရုပ်ယှက်ခတ်ရှိသော ဉာဉ်ရှုခင်း၏ အလယ်တွင် ဝေလန်သည် သူ့မြင်းကို ဇက်သတ်လိုက်ပြီးလျှင် အနီးသို့ရောက်လာကြသော အမှုထမ်းများထဲမှ ဖော်ရွေပုံအရဆုံး လူတစ်ယောက်အား မျက်နှာချိုသွေး၍ နှုတ်ဆက်စကားပြောလိုက်လေသည်။ ထို့နောက် ထိုသူ၏လက်ထဲသို့ ငွေစတစ်စထည့်ပြီးလျှင် မိန်းမတစ်ယောက်အတွက် ခေတ္တတည်းခိုနိုင်မည့်နေရာတစ်ခုရရှိရန် ထိုသူနှင့်



www.burmeseclassic.com

www.burmeseclassic.com



အတန်ငယ် ဆွေးနွေးကြည့်လေသည်။ သူ စကားပြောမိသောသူမှာ အဆောက်အတန် ဩဇာရှိသောသူတစ်ယောက်ဖြစ်နေရကား ထိုသူသည် အစေခံတစ် ယောက်အား ဧည့်သည်များ၏ မြင်းများကိုကြည့်ရှုထားရန် အမိန့်ပေး ပြီးလျှင် သူတို့အား သူ့နောက်မှ ခေါ်ဆောင်သွားလေသည်။ ရဲတိုက်၏ အတွင်းဝင်းထဲသို့ ဝင်ရောက်မိကြသောအခါ 'မာဗင်'ဆိုသူအား အကျဉ်းချထားခဲ့ဖူးသဖြင့် 'မာဗင်ရဲတိုက်ဆောင်' ဟု အမည်တွင်သော ရဲတိုက်အဆောင်ငယ်တစ်ခုသို့ သူတို့အား ခေါ်ဆောင်သွားလေသည်။

ကြောင်လိမ်လှေခါးဖြင့်တက်ရသော ၎င်းရဲတိုက်၏ အပေါ်ထပ်တွင်ကား ယခုကဲ့သို့ လောလောဆယ်ဆယ် နေရာထိုင်ခင်း လိုနေသော အချိန်မျိုး၌ ဧည့်သည်များအား နေရာချထားရန် သင့်လျော်သည့် ရှစ်မြောင့်အခန်းငယ်တစ်ခုရှိ၍ ပြတင်းပေါက်မှာလည်း 'ပလဲဆင့်'ခေါ် ရှုမျှော်ခင်းကောင်းသောနေရာတစ်ခုသို့ မျက်နှာမူလျက်ရှိ၏။ ထိုနေရာ၌ ရေပန်းတိုင်များ၊ ကျောက်ရုပ်များနှင့် အခြားအလှအပ ပစ္စည်းများရှိလျက် ရဲတိုက်ကြီးမှ ဥယျာဉ်အတွင်းသို့ဝင်သော လမ်းပေါက်တစ်ခုဖြစ်လေသည်။ အခန်းတွင်း၌ကား ဧည့်သည်တစ်ယောက်အတွက် အသင့်ပြင်ဆင်ထားသော အိပ်ရာတစ်ခုနှင့် အခြားအိမ်ထောင်ပရိဘောဂများ ရှိ၏။ သို့ရာတွင် အမတ်ကတော်လေးသည် အဆိုပါပစ္စည်းများကို ဂရု စိုက်၍မကြည့်အားပေ။ အကြောင်းသော်ကား သူ၏အာရုံသည်စားပွဲပေါ်၌တင်ထားသော စာရေးကိရိယာရှိရာသို့ ချက်ချင်းရောက်ရှိသွားသောကြောင့်ဖြစ်လေသည်။ ယင်းကဲ့သို့သော ပစ္စည်းမျိုးကို ထိုခေတ်က အိပ်ခန်းများထဲ၌ တွေ့ရခဲသည်။ သူသည် လီဆက်စတာထံသို့ စာရေးအကြောင်းကြား၍ သူ့ထံမှ အဖြေပြန်၍မရမချင်း လျှို့ဝှက်စွာ စောင့်ဆိုင်းနေထိုင်မည်ဟု စိတ်ကိုပိုင်းဖြတ်လိုက်လေသည်။ သို့ဖြင့်





သူသည် စာတစ်စောင်ကိုချက်ချင်းပင်ရေးသား၍ ပြီးစီးလတ်လေသည်၊ ထိုစာကို သူ၏ဦးခေါင်းမှ ဆံပင်ဖြင့်လိမ်ကျစ်ထားသော ဖွတ်မီးကြိုးကလေးဖြင့် အချစ်အမှတ်အသား ကြိုးထုံးကလေးဖြစ်အောင် ချည်နှောင်လေသည်။ ထို့နောက် ဝေလန်အား . . .

'မိတ်ဆွေကြီးရယ် ဟောဒီစာကလေးကို လီဆက်စတာအမတ်ကြီးရဲ့ လက်ထဲရောက်အောင် တစ်ဆိတ်ပေး ပေးစမ်းပါ၊ ဒီစာကို သူ့လက်ထဲ လက်ထိလက်ရောက် ပေးဖို့ကိုလည်း ရှင့်ကို ကျွန်မ တောင်းပန်ပါတယ်'

ဟု ပြောလေသည်။

ဝေလန်လည်း အမတ်ကတော်လေးအား အခန်းထဲမှ လုံးဝမထွက်ဘဲ အတွင်းမှ မင်းတုန်းချထားရန် မှာကြားထားခဲ့ပြီးနောက် သူ၏ခိုင်းစေချက်အတိုင်း ပြီးမြောက်အောင် ဆောင်ရွက်ရန် ထွက်ခွာသွားလေသည်။ သို့စေကာမူ သူသည် လီဆက်စတာ၏လက်ထဲသို့ ထိုစာကိုမထည့်မီ ထရက်ဆီးလီးယန်းကို တွေ့အောင်ရှာဖွေ၍ ကီနဝါရဲတိုက်သို့ အမတ်ကတော်လေးရောက်နေကြောင်း ပြောကြားဦးမည်ဟု ကြံမိ၏။

သို့နှင့် ဝေလန်သည် သူ့ဆရာအား တွေ့နိုင်ရန် အောက်ထပ်ဝင်းအတွင်းမှနေ၍ သွားလာ ဝင်ထွက်သမျှလူများကို ကြည့်ရှုနေ၏။ အထူးသဖြင့် အဝတ်အစားများကိုလည်းကောင်း၊ မြင်းစီးသမားတိုင်း၏ မျက်နှာအမူအယာကိုလည်းကောင်း၊ တစ်ယောက်မကျန် စေ့စပ်စွာ အကဲခပ်ကာ စောင့်ဆိုင်းကြည့်ရှုလျက် ရှိလေသည်။ သို့ရှိစဉ် သူ၏ အကျီလက်မောင်းကို တစ်စုံတစ်ယောက်က ဆွဲလိုက်သဖြင့် လှည့်ကြည့်လိုက်ရာ သူမတွေ့လိုသော သူတစ်ယောက်နှင့် လာ၍တွေ့နေရ၏။ ထိုသူကား အခြားသူမဟုတ်၊ လူရွှင်တော် 'ဒစ်ကီစလပ်' ပင်ဖြစ်လေ၏



www.burmeseclassic.com

www.burmeseclassic.com



၏။ ဝေလန်သည် စိတ်ထဲ၌ မည်သို့ပင်ရှိနေကာမူ ယင်းကဲ့သို့ မမျှော်လင့်ပဲ တွေ့ဆုံရခြင်းအတွက် ဝမ်းမြောက်ဝမ်းသာဖြစ်သွားသည့် အမူအယာမျိုးကိုကား ဟန်ဆောင်ပြုလုပ်ပေးရမည်ဟု ရုတ်တရက်တွေးလိုက်မိလေသည်။

'ဟာ ကိုယ့်လူပါကလား ဟေ့'

'ဟုတ်တယ်ဗျို့ ကျွန်တော်ပဲ၊ ဒါထက်နေပါဦး ခင်ဗျားက ခင်ဗျားရဲ့နမဖြစ်တာထက်၊ ကျွန်တော့်နမဖြစ်ထိုက်တဲ့ ဟိုမိန်းကလေးအကြောင်း-ကျွန်တော်တို့ကို အသိမပေးတော့ဘူးလားဗျာ'

'ဒီမိန်းကလေးရဲ့အကြောင်းကို တစ်နေ့ကျရင် ငါသိသလို မင်းတို့လည်း အားလုံးသိရပါလိမ့်မယ်ကွာ'

ဒစ်ကီသည် ကျွမ်းတစ်ပတ်ပစ်ကာ ဝင်းပေါက်မှ လျင်မြန်စွာပြေးထွက်သွားလေရာ၊ တစ်ခဏအတွင်း၌ပင် မျက်စေ့အောက်မှ ပျောက်ကွယ်သွားလေ၏။ ဝေလန်သည် . . .

'ငါ ဒီရဲတိုက်ကြီးနဲ့ လွတ်ကင်းတဲ့နေရာကို ရောက်သွားရင် ကောင်းမှာပဲ၊ မစ္စတာထရက်ဆီးလီးယန်းကိုသာ ခုနေတွေ့ရမယ်ဆိုရင် မိုးပေါ်ပဲ တက်ရာရပါစေ ငါတက်ပြီး ရှာလိုက်ချင်ပါရဲ့' ဟု တွေးမိလေ၏။

ဝေလန်သည် ရဲတိုက်ကြီး၏ တစ်ဘက်အပေါက်မှ ယင်းကဲ့သို့ စိတ်အားထက်သန်စွာ စောင့်ဆိုင်းလျက်ရှိစဉ် အခြားတစ်ဘက်ပေါက်မှ ထရက်ဆီးလီးယန်းသည် ရဲတိုက်အတွင်းသို့ ဝင်သွားသဖြင့် မတွေ့ရဘဲ လွဲသွားခြင်းဖြစ်လေသည်။ အမှန်သော် သူကလည်း ဝေလန်အား ထိုနည်းတူပင် တွေ့ချင်လှ၏။

ထရက်ဆီးလီးယန်းသည် အစေခံလက်ထဲသို့ မြင်းကိုအပ်လိုက်ပြီးနောက် သူ့အတွက် ပြင်ဆင်ထားသော အခန်းရှိရာသို့ သွား





ရောက်ကာ ဘုရင်မကြီးရောက်လာသည့် အထိမ်းအမှတ်အဖြစ်ဖြင့် ရဲတိုက် ခေါင်းလောင်းသံကြီးထိုးသံ ကြားရသည့်အချိန်ထိ စာပေဖတ်ကာ အချိန်ကိုဖြုန်းရင်း စောင့်ဆိုင်းနေတော့မည်ဟု စိတ်ကူးမိ၏။

သို့နှင့် ထရက်ဆီးလီးယန်းသည် 'ဗာဗင်ရဲတိုက်' ဆောင်၏ တတိယထပ်ပေါ်သို့ တဖြည်းဖြည်းတက်သွားကာ သူ့အတွက်ထားသောအခန်းသို့ သွားရောက်သည်တွင် အခန်းမှာ သော့ပိတ်ထားသည်ကို အံ့သြစွာတွေ့ရလေ၏။ ထို့နောက်မှ ယင်းကဲ့သို့ လူအသွားရှုပ်ထွေးနေသည့်အချိန်များတွင် အခန်းများကို တတ်နိုင်သမျှ သော့ခတ်ပိတ်ထားရန်လိုကြောင်းနှင့် လက်ထောက်ဘဏ္ဍာစိုးက သတိပေးကာ သူ့အား သော့တူတစ်ချောင်းပေးထားသည်ကို သတိရမိလေသည်။ သို့နှင့်သူသည် ထိုသော့တူဖြင့်ဖွင့်လေရာ တံခါးသော့မှာ လွယ်ကူစွာပွင့်သွားလျက် တံခါးပွင့်သွားသည်နှင့်တစ်ပြိုင်နက် အခန်းထဲတွင်ထိုင်၍နေသော မိန်းကလေးတစ်ယောက်၏ ပုံသဏ္ဍာန်ကိုမြင်လိုက်ရ၍ ၎င်းမှာ 'အေမီရိုဗတ်' ဖြစ်ကြောင်း သိလိုက်လေသည်။

အမတ်ကတော်လေး၏အံ့သြခြင်းမှာလည်း ထရက်ဆီးလီးယန်းထက် အနည်းငယ်မျှ လျော့ပါခြင်းမရှိပါပေ။ နောက်ဆုံး၌ သူကစတင် ကာ ထရက်ဆီးလီးယန်းအား . . ;

'ထက်ဆီးလီးယန်း ရှင်ဘာကြောင့် ဒီကို လာရတာလဲ'

'ဒါ ထားစမ်းပါဦး . . မင်းကကော ချက်ချင်း မှန်လက်ထဲရောက်တော့မယ့် အကူအညီကို တောင်းဖို့လာတာ မဟုတ်ရင် ဘာကြောင့် ဒီကိုလာရတာလဲ၊ နေဦး နေဦး ဆတ်ဆက်အမတ်ကြီးကို ကျုပ်အခု သွားရှာလိုက်ဦးမယ်'

'ဒါတွေကြောင့် မဟုတ်ပါဘူး ထရက်ဆီးလီးယန်း၊ ရှင်ဟာသဘောထားကြီးတတ်ပါတယ်ရှင် . . ကျွန်မတစ်ခုလောက် တောင်း



www.burmeseclassic.com

www.burmeseclassic.com



ပန်ပါရစေ၊ မိတ်ဆွေကောင်းပီပီ ရှင့်ရဲ့ကိုယ်ကျိုးကို မငဲ့ကွက်ဘဲ အကူအညီပေးမှုကို ကျွန်မ ဘယ်လို တန်ဖိုးထားတယ်ဆိုတာကို ပြနိုင်မယ့်နည်းလမ်းတွေရှိပါတယ်၊ ၂၄ နာရီလောက်သာ အေမီကို အချိန်ပေးပါရှင်'

'အေမီ တခြားလူတွေက မင်းကို ကလေးဆန်တယ်၊ မဆင်မခြင်ဘဲ မိုက်မိုက်မဲမဲ လုပ်သွားတယ်လို့ အပြစ်ပြောကြပေမယ့် ဒီလိုနုနယ်တဲ့အရွယ်နဲ့ မိုက်မဲမှုတွေရဲ့အောက်မှာ နက်နဲကြီးမားတဲ့ အသိဉာဏ်ရှိမှာပဲလို့ ကျုပ်ကတော့ မှတ်ချက်ချခဲ့ပါတယ်၊ ဒါကြောင့် ခုကိစ္စမှာ ကျုပ်က နှုတ်နဲ့သော်လည်းကောင်း၊ အပြုအမူနဲ့သော်လည်းကောင်း လုံးဝ ဝင်ရောက်နှောင့်ယှက်ခြင်းမပြုဘဲ မင်းရဲ့ကံကြမ္မာကို ယုံကြည်စိတ်ချစွာ နဲ့ (၂၄)နာရီကြာအောင် မင့်လက်ထဲကို ကျုပ်လွှဲလိုက်မယ်'

'အဲဒီ ၂၄ နာရီ ကုန်သွားတဲ့အခါကျတော့၊ ရှင့်သဘောနဲ့ရှင် ထင်ရာကို ပြုလုပ်နိုင်ပါတယ်'

'ဒီပြင် မင့်အတွက် ကျုပ်ဘာများ ဆောင်ရွက်ပေးနိုင်တာ ရှိသေးသလဲ အေမီ'

'တကယ်လို့ . . အို အားကိုးရာမဲ့နေတဲ့ ကျွန်မရဲ့အခြေအနေကို ထုတ်ဖော်ပြီး ပြောရမှာရက်ဖို့တောင် ကောင်းနေပါပြီ၊ ဒီလိုပါ . . တကယ်လို့ ရှင်က ကျွန်မအတွက် ဒီအခန်းကို နောက်ထပ် (၂၄)နာရီ ဆက်လက်ပြီး အသုံးပြုခွင့်ပေးနိုင်မယ်ဆိုလို့ရှိရင် ကျွန်မကို ဒီမှာထားခဲ့ပြီး ရှင်ထွက်သွားဖို့ကလွဲလို့ ဘာမှမရှိတော့ပါဘူး'

'သိပ်ပြီး အံ့သြစရာ ကောင်းနေပါပကောလား . . အခန်းကလေးတစ်ခန်းရအောင်တောင် ဆင့်ဆိုနိုင်တဲ့ သြဇာအာဏာမရှိတဲ့ ရဲတိုက်ကြီးတစ်ခုမှာ မင်းအဖို့ ဘာများ မျှော်လင့်စရာတွေ စိတ်ဝင်စားစရာတွေ ရှိနေသေးသလဲ'





'နောက်ထပ် စောဒကတက်ပြီး မေးလားမြန်းမား လုပ်မနေပါနဲ့တော့ရှင်၊ သွားမှာသာ သွားပါတော့'

ဟု ပြောလိုက်သဖြင့် ထရက်ဆီးလီးယန်းလည်း စိတ်မပါဘဲဖြည်းညင်းစွာ ထွက်ခွာသွားစဉ် အေမီသည် . . .

'သြော် သူတော်ကောင်းကြီး အိမန်ရယ်၊ အေမီဟာ ရှင့်ရဲ့မြတ်နိုးမှုကို ခံယူထိုက်ကြောင်းထက် ဖော်ပြနိုင်မယ့်အချိန်ကို တစ်နေ့ကျတော့ ရောက်လာပါလိမ့်ဦးမယ်'

ဟု တစ်ကိုယ်တည်း ပြောလိုက်လေသည်။

ထရက်ဆီးလီးယန်းသည် ရဲတိုက်၏အပြင်ဝင်းထဲသို့ထွက်၍လာခဲ့ရင်း အေမီ၏ဇာတ်နှင့် မမျှော်လင့်ဘဲ ထူးဆန်းစွာ ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ဆုံရသော သူ၏အဖြစ်ကို မည်ကဲ့သို့ စဉ်းစားရမည်မသိသကဲ့သို့ ဖြစ်နေလေသည်။ ထို့ပြင် မိမိမှာ သူ၏ဖခင်က ယုံကြည်ကိုးစားစွာ ကိုယ်စားလွှဲအပ် စေလွှတ်ထားသူဖြစ်သဖြင့် ထိုမျှလောက်အချိန်ကြာအောင် သူ၏သဘောအတိုင်းပြုလုပ်ရန် အလွယ်တကူခွင့်ပြုခဲ့ခြင်းမှာ နည်းလမ်းကျပါ၏လော ဟုလည်း ဇဝေဇဝါ ဖြစ်နေလေသည်။ သို့သော် အေမီ၏တောင်းပန်ချက်ကို သူသည် အဘယ်သို့လျှင် ငြင်းဆန်နိုင်ပါအံ့နည်း။

ကီနုဝါရဲတိုက်သို့ သူကလေး မမျှော်လင့်ဘဲ ရောက်ရှိလာသည့် ကိစ္စနှင့်ပတ်သက်၍ အကျိုးအပြစ်များကို မဝေခွဲ မချိန်ဆနိုင်အောင် ဖြစ်နေမိစဉ် . . .

'အမယ်လေး သခင်ကို ခုမှပဲတွေ့ရတော့တယ်'

ဟု ပြောရင်း စိုးရိမ်တကြီးနှင့် အနီးသို့ရုတ်တရက် ချဉ်းကပ်လာသော ဝေလန်ကို ထရက်ဆီးလီးယန်းသည် ရုတ်တရက်တွေ့လိုက်ရလေသည်။ ဝေလန်သည် အသက်မရှူနိုင်ဘဲ ကူးနားပလေ့ သူ့



www.burmeseclassic.com

www.burmeseclassic.com



သခင်မလေး လွတ်မြောက်လာသည့်အကြောင်းကို သူ့နားနားသို့ကပ်ကာ ပြောလိုက်လေသည်။

'အခု ဒီရဲတိုက်မှာ ရောက်နေတယ် မဟုတ်လား . . ဒါကို ကျုပ်သိပြီးပါပြီ၊ သူ့နဲ့လည်း ကျုပ်တွေ့ပြီးပါပြီ၊ ဒါ ထားစမ်းပါဦး ခု ကျုပ်အခန်းထဲကို ရောက်နေတာဟာ သူ့သဘောနဲ့သူလာပြီး ခိုလှုံနေတာလား'

'မဟုတ်ပါဘူး သခင်၊ သခင်မလေးကို လုံခြုံအောင်ထားနိုင်မယ့် တခြားနည်းလမ်းကို ကျွန်တော်မတွေးတတ်အောင်ရှိနေတုန်း သခင် တည်းခိုမယ့်အခန်းကိုသိတဲ့ အစောင့်တစ်ယောက်နဲ့ အဆင့်သင့်သွားတွေ့လို့ပါ၊ ကျွန်တော့်သဘောကတော့ သခင်မလေးရဲ့စာကို လီဆက်စတာရဲ့လက်ထဲ အရောက်ပို့ပြီးတာနဲ့တစ်ပြိုင်နက်၊ ဒီရဲတိုက်ထဲမှာ တစ်မိနစ်တောင် ဆိုင်းပြီး မနေချင်တော့ပါဘူး၊ အမတ်ကြီးရဲ့လက်ထဲကို ရောက်မယ့်နည်းလမ်းကို သခင့်ဆီကသိရအောင်သာ အခုစောင့်နေတာပါ၊ စာကတော့ ဟောဒီစာပါပဲ . . အလို ဘယ်ရောက်သွားပါလိမ့်စကန္တ ကျွန်တော်အိပ်ရမယ့် ဟိုအနားက မြက်ခြောက်စင်ခန်းထဲမှာ ကျန်ရစ်ခဲ့ပါပြီ'

ထရက်ဆီးလီးယန်းက ရုတ်တရက် ဒေါသဖြင့် . . .

'အေး ခင်ဗျားတို့လို လူစားမျိုးတွေရဲ့အသက်ပေါင်း ၁၀၀၀ ထက် အဖိုးတန်တဲ့ အဲဒီစာကိုသာ ခင်ဗျားဖျောက်ပစ်လိုက်ရင်တော့ ခင်ဗျား သေဖို့သာ ပြင်ထားပေတော့ . .'

'မဟုတ်တာပဲ သခင် . . ကျွန်တော့် ခရီးဆောင်အိတ်ထဲမှာ သေသေချာချာထည့်ပြီး ထားခဲ့ပါတယ်၊ ကျွန်တော်ခုချက်ချင်း သွားယူလာခဲ့ပါမယ်'

'ဒါဖြင့် သွားယူချေ . . သစ္စာတော့ရှိပါစေနော် . . ဒီလိုဆိုရင်





ခင်ဗျား ဆုကောင်းကောင်းရလိမ့်မယ်၊ နို့ပေမယ့် ခင်ဗျားအပေါ်မှာ သံသယဖြစ်စရာ အကြောင်းတွေ ကျုပ်တွေ့ရရင်တော့ ခွေးလိုသေတဲ့ ခွေးသေတစ်ကောင်ဟာ ခင်ဗျားထက် ကုသိုလ်ကံကောင်းလိမ့်မယ်ဆိုတာ ခင်ဗျား မြဲမြဲမှတ်သွား . .'

ဝေလန်သည် ဦးညွတ်ကာ မိမိကိုယ်ကို စိတ်ချယုံကြည်သည့် ဟန်မျိုးဖြင့် ထွက်လာရသော်လည်း အမှန်အားဖြင့်မူ စိတ်နောက်ကျိရှုပ်ထွေးကာ ကြောက်ရွံ့တုန်လှုပ်လျက်ရှိလေသည်။ စာပျောက်ဆုံးသွားသည်မှာလည်း အမှန်ပင်ဖြစ်တော့၏။

'မဖြစ်ဘူး မဖြစ်ဘူး . . ကိုယ့်အသက်ဘေးနဲ့ နီးလှတဲ့အမှုကိစ္စတွေကို ဆောင်ရွက်ပေးရတဲ့ အဘိုးအခအတွက် ဒီလိုဆုငွေမျိုးတွေကိုသာ ရမယ်ဆိုရင်တော့ ခုချိန်ဟာ ငါ့ကိုယ်ကျိုးအတွက် ကြည့်ရမယ့်အချိန်ပဲ။ အသက်ဆိုတာ ရွှေထက်အဖိုးတန်တယ်၊ ဒီတော့ ငါအခုချက်ချင်း ထွက်ပြေးမှပဲ၊ မတ်စတာထရက်ဆီးလီးယန်းအတွက်တော့ သိပ်ဂရုစိုက်စရာမလိုပါဘူး၊ သူ့ကို တာဝန်ယူထားတာထက်တောင် ငါက ပိုဆောင်ရွက်ပေးပြီးပြီပဲ၊ သူ့ ဝရမ်းပြေး သူငယ်မလေးကိုလည်း သူနဲ့လက်လှမ်းမှီတဲ့နေရာကိုရောက်အောင် အခုလုပ်ပေးခဲ့ပြီ ဒီတော့ သူ့ကောင်မလေးကို သူကိုယ်တိုင်စောင့်ရှောက်ရုံ ရှိတော့တာပဲ နို့ပေမယ့် သနားစရာကောင်းတဲ့ သတ္တဝါမလေးဟာ သရဲ မင်းရဲ စီးနေကြတဲ့ ဒီ လူ့သောင်းကျန်းတွေကြားထဲမှာ ဒုက္ခတွေပွင်လယ်ဝေပြီး ကျန်ရစ်ခဲ့မှာ စိုးရိမ်ရသေးတယ်၊ ဒီတော့ သူ့အခန်းငါသွားပြီး သူ့စာပျောက်ပုံကို အကြောင်းကြားဦးမှပဲ၊ ဒါမှ သူရေးချင်ရင် နောက်ထပ်ပြီးရေးနိုင်မယ်၊ ကိုင်း ပြောနေကြာတယ် ခုချက်ချင်း သခင်မလေးဆီ သွားအကြောင်းကြားပြီးတာနဲ့ တစ်ပြိုင်နက် ငါလည်း လစ်မှပဲ . .'

သို့နှင့် သားကောင်ကို လိုက်လံ ချောင်းမြောင်းနေသော



www.burmeseclassic.com

www.burmeseclassic.com



ကြောင်တစ်ကောင်ကဲ့သို့ ဝေလန်သည် အမတ်ကတော်လေး၏ အခန်း ရှိရာသို့ ဂဏ္ဍာမငြိမ်သောမျက်လုံးများဖြင့် ခိုးကြောင်ခိုးဝှက်တက်သွား လေသည်။ တစ်ခါတက်လျှင် လှေကားကို နှစ်ထစ်ကျော်လှမ်းတက် လျက်ရှိစဉ် မိုက်ကယ်လင်းဘုန်းနှင့် ရတ်တရက် ရင်ဆိုင်တိုးမိလေရာ လင်းဘုန်းက စတင်ရန်စပြီးလျှင် သူ့အား ကလေကလွင့် ဂျပိုးတောလေ တစ်ယောက်အနေဖြင့် ရဲတိုက်အပြင်သို့ ရိုက်နှက်တွန်းထိုး၍ လွှတ် လိုက်လေသည်။

*



( ၁၁ )

နွေရာသီ၏ တစ်နေ့သော ဆည်းဆာချိန် ဖြစ်လေသည်။ (၁၅၇၅ ခု၊ ဇူလိုင်လ ၉ ရက်နေ့) နေဝင်သွားသည်မှာ အတော်ကြာ ပြီဖြစ်သဖြင့်၊ ပရိသတ်များသည် ကြွရောက်လာမည့် ဘုရင်မကြီးအား စိတ်အားထက်သန်စွာ မျှော်လင့်စောင့်ဆိုင်းလျက်ရှိကြလေသည်။ နာရီ ပေါင်းအတော်ကြာသွားပြီဖြစ်ရကား အရေအတွက်ကလည်း တိုးသည် ထက်သာ တိုး၍နေလေသည်။ ထိုခဏ၌ ကောင်းကင်လဟာပြင်ထဲသို့ ဒုံးပျံတစ်ခု ပစ်လွှတ်လိုက်သည်ကို ရတ်တရက် မြင်ကြရပြီးနောက် ချက်ချင်းပင် ရဲတိုက်ခေါင်းလောင်းကြီး ဆက်လက်ထိုးနှက်သည့်အသံ သည် ဝေးလံသော လယ်ကွင်းကြီးများအထိ ဖုံးလွှမ်းမြည်ဟီး သွားလေ သည်။

ပရိသတ်ကြီးသည် မီးကို ရေနှင့်သတ်လိုက်သည့်အလား ငြိမ် သက်သွားသည်။ ထို့နောက် တစ်ခဲနက်ထွက်ပေါ်လာသော ကောင်းချီး ပေးသံကြီးမှာ ကျယ်လောင်ပြင်းထန်လွန်းလှသဖြင့် အနီးပတ်ဝန်းကျင် မှ တော တောင်များပင် ပဲ့တင်ထပ်မျှ ဖိန့်ဖိန့်တုန်၍သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းလမ်းစစ်သားများကလည်း ထိုအော်သံကြီးကို အကြောင်းပြုကာ ဘုရင်မကြီး ကြွမြန်းဝင်ရောက်တော်မူလာပြီဖြစ်ကြောင်းနှင့် မုခ်ပေါက် အတွင်းမှ လူများသိရှိစေရန် ကြေညာလိုက်လေသည်။

ယင်းအသံများ လျော့ပါးပျောက်ကွယ်သွားသည်နှင့် တစ်ပြိုင် နက် ဝင်းတံခါးပေါက်ကြီးဆီမှ စူးရှထိန်လင်းစွာ ထွက်ပေါ်လာသော မီးရောင်ကြီးတစ်ခုကို မြင်ကြရ၏။ မီးရောင်ကြီးမှာ နီးကပ်လာလေ ပိုမိုကျယ်ပြန့်၍လာလေဖြစ်လျက်၊ လီဆက်စတာအမတ်ကြီး၏ ငယ် သားများ တစ်ဘက်တစ်ချက်စီ စီတန်းလျက်ရှိကြသော လူပကြည်နူး ဖွယ်ကောင်းသည့် ရိပ်သာလမ်းကလေးတစ်လျှောက် တဖြည်းဖြည်းရှေ့ သို့ တိုး၍လာနေလေသည်။ အဆိုပါ အစောင့်လူတန်းကြီးက . . .

'ဘုရင်မကြီး ကြွတော်မူလာပြီ ဘုရင်မကြီး ကြွတော်မူလာပြီ ငြိမ်ကြပါ . . ကိုယ့်နေရာမှာ ကိုယ်ရပ်နေကြပါ'

ဟု တစ်ယောက် တစ်ဆင့်စီ လှမ်းအော်ပြောကြလေသည်။ မြင်းတပ်ကြီးတစ်တပ်က ရှေ့ဆုံးတပ်ဦးမှ ခေါင်းဆောင်ချီတက်လာ သည်ဖြစ်ရာ မြင်းတပ်သားများ၏လက်ထဲမှ ၂၀၀ လောက်မျှရှိသော မီးတုတ်မီးစီးတို့ကြောင့် စီတန်းချီတက်လာကြသော အခမ်းအနား၏ ပတ်ဝန်းကျင်မှာ နေ့အချိန်တမျှ ထိန်လင်းလျက်ရှိ၏။ အထူးသဖြင့် အဓိကနေရာဖြစ်သော ဘုရင်မကြီး၏ ပတ်ဝန်းကျင်တွင် ထိန်ထိန်ညီး မျှ ထွန်းလင်းတောက်ပလျက်ရှိလေရာ၊ အခံ့ညားဆုံးသောအသွင်ဖြင့် ဝတ်စားဆင်ယင်ထားသော ဘုရင်မကြီး၏ကိုယ်ပေါ်မှ ရွှေငွေကျောက် သံပတ္တမြားများ၏အရောင်မှာ ကြည့်ရှုသူတို့၏မျက်စေ့ကို ကျိန်းစပ်အေး လုမတတ် တဖိတ်ဖိတ်တလက်လက်နှင့် အရောင်များထွက်လျက်ရှိ ပေတော့၏။ ဘုရင်မကြီးသည် နွားနို့ရောင်တမျှ ဆွတ်ဆွတ်ဖြူလျက်ရှိ သော မြင်းကြီးတစ်ကောင်ကို စီးနင်းလာသည်ဖြစ်ရာ မြင်းဇက်ကြိုးကို





ကိုယ်တော် တိုင်ပင် ခံ့ညားလှသော အမူအယာဖြင့် ဆွဲကိုင်လိုက်ပါ လာလေသည်။ ထီးဟန်နန်းဟန်ပါလှသော အမူအယာဖြင့် ခံ့ညား ညည်ဝါလှသော သူ၏အသွင်အပြင်ကို ပေါင်းစပ်လိုက်သောအခါ၌ ကား တစ်ရာသော ထီးဆောင်းမင်းတို့၏ အရှင်ဘုရင်မကြီးဖြစ်သည့် ရုပ်လက္ခဏာမှာ ထင်ရှားစွာ ပေါ်လွင်လျက်ရှိပေ၏။

ရွှေရောင်လွှမ်းလျက်ရှိသော အဝတ်အစားများနှင့် ဆင်ယင် ထားသော ကျောက်သံပတ္တမြားများကြောင့် ရွှေရုပ်ကြီးတစ်ရုပ်သဖွယ် ထင်မှတ်ရသော လီဆက်စတာ အမတ်ကြီးကလည်း ဘုရင်မကြီး တည်းခိုမည့် အိမ်ရှင်အဖြစ်ဖြင့်လည်းကောင်း၊ ဘုရင်မ၏မြင်းကို အုပ် ထိန်းသူ အဖြစ်ဖြင့်လည်းကောင်း၊ ဘုရင်မကြီး၏ လက်ယာနံဘေးမှ မြင်းစီးလျက် လိုက်ပါလာလေသည်။ သူစီးနင်းလာသည့် မြင်းနက်ကြီး မှာ အဖြူရောင်အမွေးဟူ၍ တစ်ပင်မျှမပါဘဲ ယခု မင်းခမ်းမင်းနား အတွက် အမတ်ကြီးကိုယ်တိုင် အဖိုးမြောက်မြားစွာပေး၍ ဝယ်ယူထား သော ဥရောပတိုက်မှ နာမည်အကြီးဆုံးသော စစ်မြင်းကြီးမျိုးဖြစ်လေ သည်။

ကျွန်ုပ်တို့သည် ကီနဝါရဲတိုက်ကြီးမှ ပွဲလမ်းသဘင်ကြီး၏ ကြီးကျယ်ခမ်းနားလှသော အစီအမံအခင်းအကျင်းများကို ပြည့်စုံအောင် အသေးစိတ်ရေးသားဖော်ပြနိုင်မည် မဟုတ်ပေ။ ဘုရင်မကြီးသည် တထိန်းထိန်း တထိုင်းထိုင်း ပစ်ပေါက်နေကြသည့် မီးရှူးမီးပန်းများ အောက်မှ ကီနဝါရဲတိုက်ကြီး၏ အတွင်းဘက်ဝင်းထဲသို့ ဝင်ရောက် လာလေ၏။ ထို့နောက်မှ လက်ဆောင်ပဏ္ဏာတော်များကို ဒူးထောက် ဆွတ်တွားကာ အသီးသီးဆက်သလျက်ရှိကြသော ရေးသူရဲကောင်း ကြီးများ၏အလယ်မှ တဖြည်းဖြည်းဖြတ်သန်းကာ နောက်ဆုံး၌ ညည့်ခံ ပွဲကြီးအတွက် အကောင်းဆုံးသော ပိုးပန်းပွားမြိတ်ကြီးများကို ဆင်



www.burmeseclassic.com

www.burmeseclassic.com



ယင်ချိတ် ဆွဲထားလျက် အမွှေးနံ့သာတို့ဖြင့် ကြိုင်လှိုင်သင်းပျံ့ကာ နားသောတ အာရုံခံစား၍ မငြီးနိုင်လောက်အောင် တငြိမ့်ငြိမ့်တီးမှုတ်လျက်ရှိသည့် တူရိယာသံများ ထွက်ပေါ်နေသော ရဲတိုက်ခန်းမဆောင်ကြီးအတွင်းသို့ ရောက်ရှိလာတော်မူလေသည်။ ကျယ်ပြန့်ခမ်းနားသော ခန်းမဆောင်ကြီး၏ တစ်ဘက်စွန်းတွင်ကား လှပဆန်းကျယ်သော ဗိတာန်မျက်နှာ ကျက်တစ်ခုဖြင့် အုပ်မိုးလျက်ရှိသည့် ရာဇပလ္လင်တစ်ခုရှိ၏။ ထိုရာဇပလ္လင်ဘေး၌ တံခါးပေါက် တစ်ခုရှိ၍၊ ထိုတံခါးပေါက်မှ ရှည်လျားစွာ စီတန်းနေကြသော အခန်းစုံများရှိရာသို့ တောက်လျှောက် ထွက်၍ သွားနိုင်လေသည်။ ထိုအခန်းများကို ဘုရင်မကြီးနှင့် နောက်ပါရံရွှေတော်များ သီးသန့်စံမြန်းတော် မူရန် ခမ်းနားနိုင်သမျှ ခမ်းနားစွာ ပြင်ဆင်မွမ်းမံထားလေသည်။

လီဆက်စတာ အမတ်ကြီးသည် ဘုရင်မကြီးအား ရာဇပလ္လင်ပေါ်သို့ တွဲမ တင်ပေးကာထိုင်စေပြီးနောက်၊ သူ၏ရှေ့တော်တွင် ဒူးထောက်ပြီးလျှင် ကျေးတော်မျိုး ကျွန်တော်မျိုးတစ်ယောက်အား အရှင်သခင်တစ်ပါးက ချီးမြှင့်တော်မူသည့် အထူးမြတ်လှဆုံးသော ဂုဏ်ကျေးဇူးတော်အတွက် မိမိက မမှန်းဆနိုင်လောက်အောင် ကျေးဇူးတင်ရှိလှပါကြောင်းနှင့် လျှောက်ထားလေသည်။

အလစ်ဇဘက်ဘုရင်မကြီးက သူ့အား ကိုယ်တော်တိုင် ဆွဲထူကာ ရပ်စေ၏။ သို့နှင့် သူသည် ရာဇပလ္လင်ဘေးတွင်ရပ်ရင်း ဘုရင်မကြီး စိတ်ရွှင်လန်း ချမ်းမြေ့စွာ စံမြန်းတော်မူနိုင်ရန် မည်ကဲ့သို့အမျိုးမျိုး အဖုံဖုံ စီမံပြင်ဆင်ထားကြောင်းတို့ကို ထပ်မံရှင်းလင်းလျှောက်ထားပြန်လေသည်။ ထို့နောက်မှ အမတ်ကြီးသည် သူနှင့်တကွ ဘုရင်မကြီးနှင့်အတူ ခရီးလမ်းတစ်လျှောက်လုံး လိုက်ပါလာကြသော မှူး မတ် ဗိုလ်ပါများအတွက်ပါ အနီးတွင် ဝတ္တရားကျေပွန်စွာ ခစားနိုင်ရန်အလို့ငှာ





သင့်လျော်သော အဝတ်အစားများကို မိနစ်အနည်းငယ်မျှ သွားရောက်ထဲလှယ်ခွင့်ပြုပါမည့်အကြောင်း လျှောက်ထားခွင့်ပန်လေသည်။

လီဆက်စတာသည် အခွင့်ရရှိသောအခါ ဘုရင်မကြီးအပါးမှ အခြားသူများနှင့်အတူ ထွက်ခွာသွားလေ၏။ အတန်ကြာ အနားယူပြီးနောက် ခန်းမဆောင်ကြီး၏ အောက်ဘက်မှ တံခါးပွင့်လာပြီးလျှင် အမတ်ကြီးသည် သူ၏ဆွေမျိုးသားချင်းများနှင့် သူ၏ဘက်တော်သားဖြစ်သော မှူးမတ်ပရိသတ်များခြံရံပြီးလျှင် ရဲတိုက်ခန်းမဆောင်ကြီးထဲသို့ ပြန်လည်ဝင်ရောက်လာလေသည်၊ ဘုရင်မကြီးက နှစ်သက်လိုလား သောအမူအရာဖြင့် ကြိုဆိုလျက် . . .

'ကျွန်ုပ်တို့မှာ တရားမျှတအောင် စီရင်ဖို့ အမှုကလေးတစ်ခုရှိနေကြသေးတယ် အမတ်ကြီးရဲ့၊ ဒီအမှုကလေးကလည်း ကျွန်ုပ်တို့ကို မိန်းမသားတစ်ဦးအနေနဲ့ရော အင်္ဂလိပ်လူမျိုးအပေါ် အုပ်ထိန်းစောင့်ရှောက်သူမိခင်အနေနဲ့ရော စိတ်ဝင်စားအောင် ဖန်တီးနေတယ်'

ဟု မိန့်ကြားလိုက်လေသည်။

ထိုမိန့်ကြားသံကို ကြားရသောအခါ လီဆက်စတာသည် အလိုအလျောက် တုန်လှုပ်ချောက်ခြားကာ ဦးခေါင်းလျှို၍ ကျသွားလေသည်။ သို့ရာတွင် လိုအပ်သည်ဟုယူဆကာ ချမှတ်ထားသော သူ၏ ကွေ့ကောက်သော လမ်းစဉ်အတိုင်းပင် လိုက်နာပြုလုပ်ရန် ဆုံးဖြတ်ချက် ချလိုက်လေသည်။ သို့ဖြစ်၍ ဘုရင်မကြီးက . . . 'ကျွန်ုပ်တို့ခုမိန့်ကြားနေတာဟာ ဗားနေနဲ့ထရက်ဆီးလီး ယန်းရဲ့အမှုလေ၊ ဒါနဲ့ သူငယ်မလေး ဒီမှာရောက်နေပြီလား အမတ်ကြီးရဲ့'

ဟု ဆက်လက် မေးမြန်းတော်မူ လိုက်သောအခါ သူသည်

'ဘုန်းတော်ကြီးလှသော သခင်မ သူငယ်မကလေး ဒီမှာ ရောက်မနေပါ'



www.burmeseclassic.com

www.burmeseclassic.com



ဟု အရဲသင့် ပြန်လည်တင်လျှောက်လိုက်လေသည်။

ဘုရင်မကြီးသည် မျက်မှောင်ကုတ်ကာ နှုတ်ခမ်းများကို စေ့လိုက်သည်။

'ကျွန်ုပ်၏အမိန့်ဟာ တိကျပြတ်သားတဲ့ အမိန့်ဖြစ်ပေတယ် မောင်မင်း'

'ဒီအမိန့်အတိုင်း လိုက်နာလို့ဖြစ်ရင်တော့ လိုက်နာဖို့ သင့်လှပါတယ် သခင်မကြီး၊ နို့ပေမယ့် ကိုင်း ဗားနေး ရှေ့ကိုတိုးလာခဲ့စမ်း။ သခင်မကြီးရှေ့တော်ကို ဘာကြောင့် သူငယ်မလေး လာရောက်မခစားနိုင်တဲ့အကြောင်း ရှင်းလင်းလျှောက်ထားပါလိမ့်မယ်'

ဗားနေးလည်း ရှေ့သို့တိုးလာပြီးလျှင် သူယုံကြည်ထားသည့်အတိုင်း ဘုရင်မကြီး၏ရှေ့တော်မှောက်သို့ ဝင်ရောက်ခစားရမည့် အမှုသည်တစ်ဦးဖြစ်သူ၏ ပျက်ကွက်ချို့ယွင်းခြင်းအတွက် ခွင့်လွှတ်တော်မူပါမည့်အကြောင်း လျှောက်ထားတောင်းပန်လေသည်။

'ဒီသူငယ်မလေးဟာ ယခု အဖျားရောဂါစွဲကပ်နေတဲ့အတွက် ခရီးပြင်းလာဖို့ မသင့်လျော်သေးတဲ့အကြောင်း၊ သူ့ကို အပ်နှံထားတဲ့ အိမ်ရှင် 'အန်တော်နီဖော်စတာ' ဆိုတဲ့ ပုဂ္ဂိုလ်ကြီးနဲ့ ကျွန်တော်မျိုးရဲ့ အရှင်သခင် လီဆက်စတာအမတ်ကြီးကိုယ်တိုင် အသိအမှတ်ပြုထားတဲ့ သမားတော်ကြီးတစ်ဦးဆီက သက်သေခံစာတွေ ဟောဒီမှာပါလာပါတယ် သခင်မကြီး'

ဘုရင်မကြီးသည် သက်သေခံစာများကို ကြည့်ရှုပြီးနောက်

'ဒီလိုဆိုတော့ အပြောင်းအလွဲတွေ ဖြစ်ကုန်တာပေါ့လေ ထရက်ဆီးလီးယန်းကို ရှေ့တိုးလာပါစေ၊ ကိုင်း မစ္စတာ ထရက်ဆီးလီးယန်း . . ဒီ အေမီရိုဗတ်အပေါ်မှာ စွဲစွဲလမ်းလမ်းဖြစ်နေပုံရတဲ့ မောင်မင်းအတွက် ကျွန်ုပ်တို့အများကြီး ကရုဏာသက်မိတယ်၊ ဟောဒီမှာ





သူ့ကို ကုသနေတဲ့ သမားတော်နဲ့ သူနေတဲ့ အိမ်ရှင်လူကြီးမင်းဆီက သက်သေခံစာတွေ'

'သခင်မကြီး ခွင့်ပေးသနားတော်မူမယ်ဆိုရင်တော့ ဒီသက်သေခံစာတွေဟာ မမှန်တဲ့အကြောင်း လျှောက်ထားချင်ပါတယ်'

ဟု ထရက်ဆီးလီးယန်းသည် လောလောဆယ် ရင်ဆိုင်တွေ့ကြုံနေရသော အခြေအနေကြောင့် အေမီအပေါ်၌ ထားခဲ့သော သူ၏ကတိကို သတိမရနိုင်တော့ဘဲ ဂမူးရှူးထိုး လျှောက်ထားလိုက်မိလေသည်။

'ဘယ့်နှယ့် မောင်မင်း . . မောင်မင်းက ကျွန်ုပ် အမတ်ကြီး လီဆက်စတာရဲ့ ဖြောင့်မှန်တဲ့သဘောကို စော်ကားပုတ်ခတ်လိုက်တာလား၊ ဟောဒီ သက်သေခံစာတွေကို မောင်မင်းလက်နဲ့ သေသေချာချာ စေ့စေ့စပ်စပ်ကိုင်ဖတ်ပြီးမှ တကယ်လို့ ဒီအကြောင်းနဲ့ပတ်သတ်ပြီး မောင်မင်း စောဒကတက်ချင်သေးသပဆိုရင်လည်း သက်သေခံအကိုးအကားနဲ့ ယောကျ်ားပီပီ လျှောက်လဲစမ်းပါ'

ထိုအခါမှ ထရက်ဆီးလီးယန်း၏ စိတ်ထဲတွင် သူ၏ ကတိစကားနှင့် ဖြစ်ပျက်နေကြသည့် အကြောင်းခြင်းရာများ ပြန်လည်ပေါ်ပေါက်လာတော့၏။ သို့ဖြင့် သူသည် အတွင်း၌ပါရှိသော စာသားများ၏ အဓိပ္ပါယ်ကို အလွယ်တကူ ဖတ်ရှု၍ သဘောမပေါက်သကဲ့သို့ စာများကို သူရှုးတစ်ယောက်ပမာ အထပ်ထပ် အပြန်ပြန်လှန်လှောကြည့်ရှု နေမိလေသည်။ ဘုရင်မကြီးမှာ စိတ်မရှည်အောင်ဖြစ်လာတော့သဖြင့် . . .

'ဘယ့်နှယ်လဲ . . ကျွန်ုပ်ကြားသိရတာကတော့ မောင်မင်းဟာ ဆာတတ်ပုဂ္ဂိုလ်တစ်ယောက်လို့ ကြားသိထားပါတယ်၊ နို့ပေမယ့် ခုတွေ့ရတာကတော့ဖြင့် မောင်မင်းဟာ တယ်ပြီး စာဖတ်နှေးပုံရပါ



www.burmeseclassic.com

www.burmeseclassic.com



ကလား၊ ကိုင်း ဒီသက်သေခံစာတွေ မှန်တယ် မမှန်ဘူးဆိုတဲ့ အကြောင်း မောင်မင်း ဘာပြောချင်သေးသလဲ'

(စိတ်ရှုပ်ဟန်ဖြင့် အတန်ကြာမှ . .)

'သခင်မကြီး တစ်ဘက်က သူတို့ကိုယ်သူတို့ ကာကွယ်နေကြတဲ့ လူတွေကသာ ခိုင်လုံကြောင်း သက်သေအကိုးအကားနဲ့ပြဖို့ဟာ သခင်မကြီးက ကျွန်တော်မျိုးကို သက်သေပြန်ပြခိုင်းနေပါတယ်'

(မနှစ်မြို့သောအမူအရာဖြင့် မျက်မှောင်ကြုတ်လျက်)

'ဘယ့်နှယ်လဲ ထရက်ဆီးလီးယန်းရဲ့ . . မောင်မင်းက စိတ်ကူး ယဉ်သလောက် ဝေဖန်တဲ့အတတ်ကိုလည်း တတ်ပါကလား၊ နို့ပေမယ့် မောင်မင်းက ဒီလောက်တောင် နည်းမှန် လမ်းမှန်အတိုင်းဖြစ်စေချင်တဲ့ဆန္ဒရှိနေလေတော့၊ ကိုင်း ဗားနေး . . အဲလေ ဒါမှမဟုတ်ရင်လည်း လီဆက်စတာ ဒီတာဝန်က မောင်မင်းတို့ရဲ့တာဝန်ကျနေမှကိုး ဒီတော့ ဒီသက်သေခံစာတွေနဲ့ပတ်သက်ပြီး မောင်မင်းတို့ ဘယ်လို အကိုးအကားတွေပြနိုင်သလဲ'

ဗားနေးက လီဆက်စတာအား ဟန့်တားထားရင်းဖြင့် . . .

'သခင်မကြီးအလိုတော်ရှိရင် ရှေ့တော် ယခုခစားနေတဲ့ 'အော့စဖို့မြို့စားကလေးက မတ်စတာအန်တော်နီဖော်စတာရဲ့ လက်ရေးနဲ့ သူ့အကျင့်စာရိတ္တကို ကောင်းစွာသိရှိကြောင်း လျှောက်ထားပါလိမ့်မယ်'

ဟု ရှေ့မှဦးစွာဝင်၍ လျှောက်တင်လိုက်လေသည်။

ထိုအခါ ဖော်စတာထံမှ တစ်ကြိမ်မက အတိုးကြီးစွာဖြင့် ငွေချေးခဲ့ဖူးသော အော့စဖို့မြို့စားကလေးက အန်တော်နီဖော်စတာသည် ချမ်းသာကြွယ်ဝသော မြေပိုင်ရှင်ကြီးတစ်ယောက်ဖြစ်၍ ယခုတင်ပြထားသော သက်သေခံစာမှ လက်ရေးသည်လည်း သူ၏လက်ရေး





အစစ် အမှန်ဖြစ်ပါကြောင်းနှင့် ထွက်ဆိုလေ၏။

'ကဲ . . ဒါဖြင့် သမားတော်ကြီးရဲ့ သက်သေခံစာအတွက်ကော ဘယ်သူက ထောက်ခံမလဲ၊ သူ့နာမည်ကအလပ်စကိုဆိုထင်ပါရဲ့'

ထိုအခါ ဘုရင်မကြီး၏ သမားတော်ကြီး 'ရစ်ချတ်မတ်စတာ' က ဒေါက်တာအလပ်စကိုမှာ ထူးချွန်သော ပညာရှိတစ်ယောက်ဖြစ်၍ နက်နဲသော သဘာဝတရားတွင် ကျွမ်းကျင်သူ ဖြစ်ပါကြောင်းနှင့် လျှောက်တင်လေ၏။

'ကိုင်း မစ္စတာထရက်ဆီးလီးယန်း ဒီအမှုဟာ ဒီမှာပဲလမ်းဆုံးပါပြီ၊ ဒီတော့ ဆာဟူးရီဗတ်နဲ့ ဒီကိစ္စအတွက် ပြန်လည်စေ့စပ်ရေးနဲ့ပတ်သတ်ပြီး ဒီနေ့ညဉ့်မနက်ခင် ကျွန်ုပ်တို့ တစ်ခုခု စီစဉ်ကြရလိမ့်မယ်၊ မောင်မင်းအဖို့တော့ မောင်မင်းရဲ့တာဝန်ကို လိုတာထက်ပိုပြီးတော့တောင် ရဲရဲဝံ့ဝံ့ဆောင်ရွက်ပြီးပါပြီ၊ နို့ပေမယ့် အချစ်စစ် အချစ်မှန်တို့ကြောင့် ဝေဒနာခံစားကြရတဲ့ ချစ်ဒုက္ခသည်တွေအပေါ် ကရုဏာသက်တဲ့စိတ်ထား ကျွန်ုပ်တို့မှာ မရှိဘူးဆိုရင်၊ ကျွန်ုပ်တို့ကို 'မိန်းမ' လို့ ခေါ်ထိုက်မှာမဟုတ်တော့ဘူး၊ ဒါကြောင့် မောင်မင်းရဲ့ ရဲတင်းလွန်းတဲ့ အပြုအမူတွေအတွက် မောင်မင်းကို ကျွန်ုပ်ခွင့်လွှတ်လိုက်မယ်'

ထိုအခါ ထရက်ဆီးလီးယန်းသည် ရှေ့သို့တိုးသွားပြီးနောက် ဒူးထောက်ထိုင်ချလိုက်ပြီးလျှင် ဘုရင်မကြီး၏ ဝတ်ရုံအနားစကလေးကို ကိုင်ဆွဲထားလိုက်လေ၏။

'သခင်မကြီး . . သခင်မကြီးဟာ ခရစ်ယာန်အမျိုးသမီးလည်း ဖြစ်ပါတယ်၊ နောက်ပြီး သခင်မကြီးရဲ့ တိုင်းသူပြည်သားတွေကို တရားမျှအောင် စီရင်ပေးဖို့ သူရဲဖူဆောင်းခဲ့တဲ့ ဘုရင်မကြီးလည်းဖြစ်တဲ့ အတိုင်း သေးငယ်တဲ့ တောင်းဆိုချက်ကလေး တစ်ခုတောင်းဖို့ ကျွန်တော်မျိုးကို ခွင့်ပြုတော်မူပါ . . ဒီအမှုကို ခုလို အရင်စလိုဆုံး[illegible]တော်



www.burmeseclassic.com

www.burmeseclassic.com



မမှုပါနဲ့၊ ကျွန်တော်မျိုးကို အချိန်(၂၄)နာရီပဲ ခွင့်ပေး သနားတော်မူပါ၊ ဒီအချိန်ကုန်ဆုံးသွားတာနဲ့ တစ်ပြိုင်နက် 'အော့စဖို့ရှိုင်ယာ'မှာ ဒီမိန်းမပျိုကလေး ဖျားနာနေပါတယ်လို့ တင်ပြထားတဲ့ ဒီသက်သေခံစာတွေ လုံးဝ မဟုတ်မမှန်တဲ့အကြောင်း ကျွန်တော်မျိုး လုံလောက်တဲ့သက်သေခံ ထုတ်ပြပါ့မယ်'

ထိုအတွင်း၌ ခြသေ့်မကဲ့သို့ ကြောက်ရွံ့ခြင်းကင်းသည့် စိတ်ဓာတ်ရှိသည်မှန်သော်လည်း ထရက်ဆီးလီးယန်း၏ ပြင်းပြလှသောစိတ်ဓာတ်ကြောင့် ရုတ်တရက် တုန်လှုပ်သွားမိသော အလစ်ဇဘက်ဘုရင်မကြီးက . . .

'ကျွန်ုပ်ရဲ့ ဝတ်ရုံအနားစကို လွှတ်ပါလေ . . ဇကန္တ ဒီလူ ရူးနေပြီထင်တယ်၊ နို့ပေမယ့် ဒီလောက် ပြင်းပြင်းထန်ထန်ကြီးတောင်းဆိုနေတဲ့ပုံကိုထောက်ရင်၊ ဒီအထဲမှာ ထူးဆန်းတာတစ်ခုခုတော့ ရှိမှာပဲ၊ ကိုင်း ပြောစမ်း ထရက်ဆီးလီးယန်း၊ ဒီ(၂၄)နာရီကျော်လို့မှ မောင်မင်းပြောခဲ့တဲ့အတိုင်း ဒီမိန်းမပျိုကလေး ဖျားနေတယ်ဆိုတာမဟုတ်မမှန်ကြောင်း သက်သေသက္ကာယနဲ့ ထုတ်မပြနိုင်ခဲ့လို့ရှိရင် မောင်မင်း ဘာလုပ်မလဲ'

'အဲဒီလိုဆိုရင် ကျွန်တော်မျိုးရဲ့လည်ပင်းကို တုံးပေါ်မှာ စင်းပေးပါ့မယ် သခင်မကြီး'

'အလို ဘုရားရေ . . ဒါဟာ ရူးသွပ်တာဆိုရင်လည်းဖြစ်မယ် ဒါမှမဟုတ် လှည့်ဖျားတာရင်လည်းဖြစ်မယ်၊ ကိုင်း 'ရလေး' မောင်မင်း မိတ်ဆွေရဲ့ အခြေအနေကတော့ဖြင့် သိပ်မဟန်လှဘူး၊ သူ့ကို ကျွန်ုပ်တို့နဲ့ လွှတ်ရာလွှတ်ကြောင်းကိုသာ ခေါ်သွားပေတော့၊ နို့မဟုတ်ရင် သူ့

* စိန့်လူဆေးရုံ – စိတ္တဇလူနာတို့အားကုသရာ လန်ဒန်အရှေ့ပိုင်းရှိဆေးရုံ





အဖို့ ဒီထက်ပိုဆိုးလိမ့်မယ်၊ ဘာကြောင့်လဲလို့ဆိုရင်၊ သူ့စိတ်ကူးယဉ်ပုံတွေက 'စိန့်လူ'* ဆေးရုံနဲ့သာ သင့်လျော်နေတာပဲ၊ နို့ပေမယ့် သူ့ကို သင့်လျော်တဲ့အချုပ်အချယ်နဲ့ထားပြီးလို့ရှိရင် မောင်မင်းကိုယ်တိုင်တော့ ချက်ချင်းပြန်လာခဲ့ပါဦး၊ ပညာရှိတဲ့ ယောကျ်ားရင့်မကြီးတစ်ယောက်ရဲ့ ဦးနှောက်ကို ဒီလောက် ဂယောင်ချောက်ခြားဖြစ်သွားအောင် လုပ်နိုင်တဲ့ ရုပ်ပါရုံရှင်ဟာ ဘယ်လိုနေသလဲဆိုတာ ကျွန်ုပ်တို့ကြည့်ချင်သေးတယ်'

ထရက်ဆီးလီးယန်းသည် ဘုရင်မကြီးအား ဆက်လက်လျှောက်ထားရန် ထပ်မံကြိုးစားလျက် ရှိသေး၏။ သို့ရာတွင် 'ရလေး' က ဘုရင်မကြီး၏အမိန့်အတိုင်း သူ့အား တွန်းထိုးဆွဲငင်ကာ ခန်းမဆောင်ထဲမှ အပြင်သို့ ထုတ်သွားလေသည်။

*

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၂ )

ထရက်ဆီးလီးယန်းကို ဆွဲခေါ်သွားပြီးသောအခါ ဘုရင်မကြီးက . . .

'ဒီလို ပညာရှိယောက်ျားကြီးတစ်ယောက်ရဲ့ အသိဉာဏ်တွေတောင် ဂယောင်ချောက်ချားဖြစ်နေတာမြင်ရတာဟာ တော်တော်စိတ်ရှုပ်စရာကောင်းတာပဲ၊ နို့ပေမယ့် ပရိသတ်ရဲ့အလယ်မှာ သူ့ဦးနှောက်ချို့ယွင်းပုံကို ဒီလိုထုတ်ဖော်ပြတာကတော့ သူ့ရဲ့စိတ်ကူးယဉ်နစ်နာချက်တွေနဲ့ စွပ်စွဲချက်တွေဟာ အခြေအမြစ်မရှိကြောင်း ထင်ရှားသွားတော့တာပေါ့လေ . . ဒီတော့ လီဆက်စတာအမတ်ကြီးရဲ့ ကျွန်ယုံတော် ဗားနေး၏ကောင်းစားရေးနဲ့ပတ်သတ်ပြီး၊ ကျွန်ုပ်တို့ကို မောင်မင်းသခင်က လျှောက်ထားခဲ့ဖူးတာကို အမှတ်ရပါတယ်၊ သူ့ရဲ့သစ္စာရှိရှိနဲ့ စွဲစွဲမြဲမြဲဆောင်ရွက်ခဲ့တာတွေဟာ မောင်မင်းအဖို့ အကျိုးရှိခဲ့သလို၊ မောင်မင်းအနေနဲ့ မောင်မင်းရှိသမျှ အင်အားစုဟာလည်း ကျွန်ုပ်တို့ရဲ့ အမှုတော်ကို ဦးလည်မသုံ ထမ်းဆောင်ခဲ့တာကို သိရှိတော်မူပြီးဖြစ်တဲ့အတိုင်း ဗားနေးဟာ ကျွန်ုပ်တို့ထံက ထိုက်သင့်တဲ့ဆုတော်လာဘ်တော်





ကို ရရှိရန် အကြောင်းရှိပေတယ်၊ ဗားနေးကို ကျွန်ုပ်တို့အထူးတလည် ဂုဏ်ပြုလိုသော်လည်း ကျွန်ုပ်တို့ဟာ အမတ်ကြီးရဲ့ ညွှန့်သည်ဖြစ်နေတဲ့အတွက် မောင်မင်းတို့အဖို့ ဒုက္ခတွေများနေမှာကိုလည်း စိုးရိမ်မိတယ်၊ ပြီးတော့လည်း ဗားနေးလက်ထပ်ယူခဲ့တဲ့ သမီးရှင်သူရဲကောင်းကြီး ဆာဟူးရီဗတ်ရဲ့ စိတ်ကျေနပ်မှုရအောင် စီမံဖို့ကလည်းရှိသေးတယ်၊ ကျွန်ုပ်ကတော့ ယခု ကျွန်ုပ်တို့ပေးအပ်ကြီးရှယ်နေတဲ့ ဂုဏ်ထူးဟာ သူ့သားမက်နဲ့ စေ့စပ်ပေးမယ့်ကိစ္စမှာ ပြေပြစ်အောင် သူ့ကို အကူအညီပေးနိုင်လိမ့်မယ်လို့ ယုံကြည်မိတာပဲ၊ ကိုင်း လီဆက်စတာ မောင်မင်းရဲ့ဓားကို ဆက်စမ်းပါ . .'

'ရစ်ချက်ဗားနေး ရှေ့ကိုတိုးလာပြီး ဒူးထောက်စမ်း၊ ဘုရားသခင်နှင့် စိန့်ဂျော့တို့၏အမည်တော်အားဖြင့် ကျွန်ုပ်တို့သည် မောင်မင်းအား သူရဲကောင်းဘွဲ့တံဆိပ်ကို နှင်းအပ်ပါသည်။ သစ္စာသတ္တိ ကုသိုလ်ကံတရားနှင့်ပြည့်စုံစေလော့ . . ကိုင်း ထပေတော့ ဆာရစ်ချက်ဗားနေး'

ဗားနေးလည်း သူ့အား ယင်းမျှလောက် ဂုဏ်ပြုခဲ့သော ပြည့်ရှင် ဘုရင်မကြီးအား လေးစားလှသော အမူအရာဖြင့် အရိုအသေပြုပြီးနောက်၊ နေရာမှထကာ နောက်သို့ပြန်ဆုတ်လာခဲ့လေ၏။

ထို့နောက် မကြာမီ ကြီးကျယ်ခမ်းနားလှသော ညစာစားပွဲကြီးကို ကျင်းပလေသည်။ ထိုနေ့ညဉ့် ကပြကြသော ပျော်ပွဲရွှင်ပွဲများမှာ အနုပညာဂုဏ်မြောက်လှသည့်ပြင် ဘုရင်မကြီးကလည်း နှစ်ခြိုက်စိတ်ဝင်စားစွာ အစမှအဆုံးတိုင် ရှုစားတော်မူသည်ဖြစ်ရကား။ လီဆက်စတာမှာ ရည်မှန်းထားသည့်အတိုင်း အကြံထမြောက်ခြင်း၏ ပီတိဟုန်ကို တသိမ့်သိမ့်ကြည်နူးစွာ ခံစားရင်း သူ့အခန်းသို့ပြန်ရောက်လာခဲ့လေသည်။ ဗားနေးလည်း သူ၏ခန့်ညားသော အဝတ်အစားတို့ကို သာမန် ရိုးရိုးအဝတ်အစားများနှင့် လဲလှယ်ဝတ်ဆင်ခဲ့ပြီးနောက် အခတ်

www.burmeseclassic.com



ကြိုး၍ အိပ်ရာဝင်ခါနီး ဝေယျာဝစ္စများကိုဆောင်ရွက်ပေးရန် သူ့သခင်အား အသင့်စောင့်ဆိုင်းနေလေသည်။

'ကျုပ်ဝတ်ရုံကို ကူချွတ်ပေးစမ်းပါ ဆာရစ်ချတ်ရယ်၊ ပြီးတော့ မောင်မင်းရဲ့ သူရဲကောင်းဂုဏ်ထူး ဝန်မလေးစေဘူးဆိုလို့ရှိရင်လည်း ကျုပ်ကိုယ်ကိုကျုပ် အိပ်ပျော်အောင် ကြိုးစားနေတဲ့အခိုက်အတန့်ကလေးမှာ ခဏလောက်နေလိုက်စမ်းပါ၊ ဒီနေ့ ရှုပ်ရှက်ခတ်သွားတဲ့ကိစ္စတွေဟာ ကျုပ်ကိုယ်ထဲကသွေးတွေကို ဆူဝေသွားအောင် လုပ်လိုက်တယ်လို့ ကျုပ်တော့ထင်တာပဲ၊ ဘာကြောင့်လဲဆိုတော့ သွေးတွေဟာ ခဲရေတွေများ စီးသလို ကျုပ်သွေးကြောတွေထဲမှာ စီးနေကြတယ်၊ မောင်မင်းကို ခဏကလေးပဲဖြစ်ဖြစ်စုံနေဖို့ ကျုပ်တောင်းပန်ပါတယ်၊ ဒါမှ မျက်တောင်လေးလာပြီး အိပ်ပျော်သွားမှာပဲ'

ဗားနေးလည်း သူ့သခင်အား အိပ်ရာထဲသို့ရောက်အောင် ကူညီပို့ဆောင်ပေးပြီးနောက်၊ ကြီးမားသော ငွေမီးအိမ်ကြီးတစ်ခုနှင့် ဓားတိုတစ်ချောင်းကို ကုတင်ခေါင်းရင်းအနီးရှိ ကျောက်စားပွဲပေါ်သို့ တင်ထားလိုက်လေသည်။ ထို့နောက် ကုတင်အနီးရှိ ကုလားထိုင်တစ်လုံးပေါ်တွင်ထိုင်ကာ သူစိတ်ဝင်စားသောအကြောင်းများကို ဦးလှည့်၍လာသည့်တိုင်အောင် လီဆက်စတာ ပြောဆိုသောစကားများကို ငြိမ်သက်စွာ နားထောင်လျက်ရှိ၏။

'ဘုရင်မကြီးက ကျုပ်ကို အရေးပေးတဲ့အကြောင်းကို လူတွေက အဲဒီလိုပြောနေကြတယ် မဟုတ်လား ဗားနေးရဲ့'

'ဟုတ်ပါတယ်အရှင်၊ ဒီအကြောင်းကို အင်မတန်ထင်ရှားနေလေတော့ သူတို့က တခြားဘာများပြောနိုင်ကြမှာတဲ့လဲ'

(အတန်ငယ် ငေးမောရပ်တန့်နေပြီးနောက် . .)

'စင်စစ်တော့ သူဟာ ကျုပ်ရဲ့ကောင်းမွန်မြင့်မြတ်လှတဲ့ အရှင်





သခင်မကြီးပါပဲ၊ နို့ပေမယ့် စကားပုံတစ်ခုရှိသေးတယ်၊ မင်းခစား ကမ်းနားသစ်ပင်တဲ့'

'ဒီလူတွေကို အရှင့်ရဲ့လက်ခုပ်ထဲမှာ ထည့်ထားရအောင် ဒီလူတွေရဲ့ စိတ်ဝင်စားမှုနဲ့ အရှင့်ရဲ့စိတ်ဝင်စားမှုကို တစ်စည်းတစ်လုံးတည်းဖြစ်အောင် အရှင် မပေါင်းစပ်နိုင်ခဲ့ရင်တော့ ဒီစကားဟာ အင်မတန် ကောင်းမွန်မှန်ကန်တဲ့ စကားတစ်ခုပေါ့'

(စိတ်မရှည်သည့် အမူအရာဖြင့် . .)

'မောင်မင်းက ကျုပ်ကို ဒီနေ့ည အထူးသတိထားပြီး စကားပြောနေပေမယ့်လည်း၊ မောင်မင်းဘာဆိုလိုတယ်ဆိုတာ ကျုပ်နားလည်ပါတယ်၊ ကျွန်ုပ်သဘောမျှရင် ဘုရင်မကြီးကို ကျွန်ုပ်လက်ထပ်သင့်တယ်လို့ မောင်မင်းက ဆိုလိုတာ မဟုတ်လား'

'ဒီစကားက အရှင့်စကားပါ၊ ကျွန်တော့်စကားမဟုတ်ပါဘူး၊ နို့ပေမယ့် ဘယ်သူ့စကားပဲဖြစ်ဖြစ်၊ ဒါကတော့ အင်္ဂလန်တစ်ပြည်လုံးက လူ ၁၀၀ မှာ ၉၉ ယောက် တွေးနေမိကြတဲ့အကြောင်းပဲ'

(အိပ်ရာပေါ်မှ ကိုယ်ကိုစောင်းလိုက်ပြီးနောက် . .)

'အင်း ဒါကတော့ ဟုတ်တယ်။ နို့ပေမယ့် အဲဒီ တစ်ရာမြောက်လူက ဒီအကြောင်းကို ပိုပြီးသိတာပဲ၊ ဥပမာ မောင်မင်းဆိုပါတော့၊ ကျော်နင်းနိုင်တဲ့ အခက်အခဲကိုသိတာပဲ'

'ဒီအခက်အခဲကို ကျွန်တော် မသိပါဘူးအရှင် . . အမတ်ဘတော်လေးက မသင့်တော်တဲ့အခြေအနေမှာ ရောက်နေတာပဲ'

'လူယုတ်မာ'

ဟု အော်ကာ အမတ်ကြီးသည် အိပ်ရာပေါ်၌ ငေါက်ခနဲထ၍ထိုင်လျက် သူ့ဘေးစားပွဲပေါ်မှ ဓား ကိုလှမ်းဆွဲရင်း . . .

'မောင်မင်းပဲ အဲဒီလို စိတ်ကူးနေ၊ ဒါနဲ့ နေပါဦး၊ မောင်မင်းလူ



www.burmeseclassic.com

www.burmeseclassic.com



သတ်မှုတော့ ကျူးလွန်မလာဘူး၊ မဟုတ်လား'

(ခေတ်ရားစွပ်စွဲခြင်းကို ခံရသည့် အပြစ်ကင်းမဲ့သော လူတစ်ယောက်၏အမူအရာဖြင့် . .)

'ဘယ်သူ့အတွက်ကြောင့် ဘာအတွက်ကြောင့် ကျွန်တော့်ကို ဒီလိုထင်ရတာလဲအရှင်၊ ကြောက်စရာကောင်းတဲ့ ဒီလိုစွပ်စွဲချက်ကို ခံရလောက်အောင် ကျွန်တော်လည်း ဘာစကားမှ မပြောမိသေးပါကလား၊ အမတ်ကတော်လေး နေထိုင်မကောင်းဘူးလို့သာ ကျွန်တော်ကပြောတာပါ၊ အမတ်ကတော်လေးဟာ ချစ်စဖွယ်ရုပ်ဆင်းအင်္ဂါနဲ့ ပြည့်စုံတဲ့ သူကလေးဖြစ်တာမှန်ပေမယ့်၊ သူဟာ မရဏဒုက္ခနဲ့ မကင်းနိုင်တဲ့သေမျိုးဖြစ်တယ်ဆိုတာကိုတော့ အရှင်သိသင့်ပါတယ်။ သူသေချင်သေသွားမယ်၊ ဒီလိုဆိုရင် အရှင်ဟာ လွတ်လပ်တဲ့သူတစ်ယောက် ဖြစ်သွားရော မဟုတ်လား'

'သွားစမ်းကွယ် သွားစမ်း၊ သွားစမ်း . .၊ ဒီအကြောင်းနဲ့ပတ်သတ်ပြီး နောက်ထပ် ကျွန်ုပ်မကြားပါရစေနဲ့တော့'

'ကောင်းသောညပါအရှင်'

ဟု နှုတ်ဆက်ကာ ဗားနေးလည်း အိပ်ခန်းထဲမှ ထွက်ခွာသွားလေ၏။

*



( ၁၃ )

ယခု ကျွန်ုပ်တို့၏ဇာတ်လမ်းသည် အခန်းကို အလုံပိတ်လျက်၊ အနိုင်နိုင် ချုပ်တီးအောင့်အီးကာ မရေမရာ စောင့်မျှော်နေရရှာသော အမတ်ကတော်လေး၏ အကျဉ်းထောင်ဟု ခေါ်ဆိုသင့်သော အခန်းကလေးရှိရာသို့ ဦးလှည့်လာခဲ့ပြန်၏။ သူသည် နေ့လယ်မှ ဆူဆူညံညံအသံများကို ကြားသိထားရသည်ဖြစ်၍ လီဆတ်စတာ၏လက်တွင်းသို့ စာမရောက်မီ အတန်ငယ် အချိန်ကြာဦးမည်ဟု ခန့်မှန်းထားမိ၏။ ထို့ပြင် သူ၏လျှို့ဝှက်သော အခန်းကျဉ်းကလေးထဲသို့ လာရောက်ခြင်းမပြု နိုင်မီ အမတ်ကြီးသည် အလစ်ဇဘတ်ဘုရင်မကြီး၏ အပါးတော်၌ ဝတ္တရားကျေပွန်အောင် ခစားရဦးမည်ကိုလည်း သူတွေးမိပြီး ဖြစ်လေသည်။

အချိန်သည် ညနေမှ ညဘက်သို့ကူးပြောင်းလာခဲ့သော်လည်း အမတ်ကြီးကား ပေါ်၍မလာချေ။ ကုသိုလ်ကံဆိုးလှသော အမတ်ကတော်လေးသည် သန်းခေါင်ကျော်ပြီးနောက် အချိန်တစ်ခုရှိ ကျော်မျှပင် ယုံကြည်ကိုးစားစိတ်ဖြင့် ဆက်လက်စောင့်မျှော်နေရှာသေး



www.burmeseclassic.com

www.burmeseclassic.com



၏ နောက်ဆုံး ကိုယ်ရောစိတ်ပါ အားအင်ကုန်ခမ်း နွမ်းလျလာသော အခါမှဝင် စိတ်နှလုံးကို ဒုံးဒုံးချကာ အိပ်ပျော်သွားရှာလေတော့၏။ မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိ၊ သူ လန့်နိုးလာသောအခါ၌ ကား ပျော်မြူးဖွယ်ကောင်းသည့် စစ်ခရာတုတ်သံများကို ကြားရလေ သည်။ ယင်းသည်ကား အနီးအပါးပတ်ဝန်းကျင်ရှိ တောများထဲသို့ အပျော် အမဲလိုက်ပွဲကြီးကို ဆင်နွှဲရန် ကီနဝါရဲတိုက်ကြီးမှလူများအား သတိပေး နှိုးဆော်သော ခရာသံများဖြစ်သည်။

ထိုခဏ၌ အခန်းတံခါးကို တစ်စုံတစ်ယောက်က ညင်သာစွာ ဖွင့်နေသကဲ့သို့ အသံတစ်ခုကို ကြားလိုက်ရသဖြင့် စိတ်ထဲတွင် ကြောက်ရွံ့ခြင်းနှင့် ဝမ်းသာခြင်းရောစပ်သော အရာသာတစ်မျိုးကို ခံစားမိ၏။ သို့နှင့် ရှေ့လောတကြီး တခါးကိုဖွင့်ပေးမည်ပြုရာမှ သတိ ပြန်ထားမိကာ . . .

'မောင်လားဟင်'

ဟု မေးလိုက်လေသည်။

'ဟုတ်တယ် နှမရေ'

ဟု အသံတိုးတိုးကလေးတစ်ခုက ပြန်ပြောလိုက်၏။

တံခါးကို ဖြုန်းခနဲဖွင့်လိုက်ပြီးနောက် 'လီဆက်စတာ' ဟု ဝမ်းသာအားရအော်ဟစ်ရင်း သူသည် ဝတ်ရုံကြီးကိုခြုံကာ အပြင်ဘက် ၌ ရပ်နေသောလူ၏ လည်ပင်းကို လှမ်းဖက်လိုက်လေသည်။

သို့ရာတွင် . . .

'မဟုတ်ပါဘူးလေ . . လီဆက်စတာ မဟုတ်ပါဘူး၊ နို့ပေ မယ့် ကျုပ်ဟာ ယောကျ်ားကောင်းတစ်ယောက်ပါပဲကွယ်၊ အမတ် ကတော် အချောအလှကလေးရဲ့'

ဟု ပြန်ပြောရင်း သူ့အား တင်းကြပ်စွာ ဖက်ထားလိုက်သော





သူသည်ကား မိုက်ကယ်လင်းဘုန်း ဖြစ်နေလေသည်။

အမတ်ကတော်လေးသည် အားအင်ရှိသမျှကို ဖျစ်ညှစ်ထုတ် ကာ သူ့လက်တွင်းမှလွတ်အောင်ရုန်းထွက်ပြီးလျှင် အခန်းအလယ်သို့ ရောက်အောင် ပြန်ဆုတ်သွားလေသည်။ အားကိုးရာမဲ့ဖြစ်နေသော အခြေအနေသည် သူ၏စိတ်ကို ရဲဆေးတင်ပေးလေသည်။

'ရှင် ဒုက္ခမရောက်ချင်ရင် ကျွန်မအနားကို ကပ်မလာနဲ့ နောက်ပြန်ဆုတ်လိုက်ပါ'

အမတ်ကတော်လေးက အမိန့်ပေးလိုက်လေသည်။

သို့သော် လင်းဘုန်းသည် ရှေ့သို့တိုးလာကာ သူ့အားလက် ကို ကိုင်ဖမ်းထားလိုက်ရကား၊ မည်သို့မျှ ဆက်လက်ခုခံရန် မတတ်နိုင် တော့သည်နှင့် ငယ်သံပါအောင် ဆက်ကာဆက်ကာ အော်ဟစ်လိုက် လေ၏။ လင်းဘုန်းက သူ့လက်ကိုမလွှတ်ဘဲ . . .

'အော် အော် မင်း အော်ချင်သလောက် အော်'

ဟု ပြောလိုက်လေသည်။

သို့ပင်ဖြစ်လင့်ကစား အမတ်ကတော်လေး၏ အော်သံကြောင့် ပင် ကီနဝါရဲတိုက်မှ အခန်းစောင့်ကြီး 'လောရင့်' သည် သူ့အားကယ် ဆယ်ရန် အချိန်မီရောက်ရှိလာတော့၏။

'သူတော်ကောင်း ကျေးဇူးရှင်ကြီးရယ်၊ ကျွန်မကို သနား သဖြင့် ဟောဒီလူ့ရဲ့လက်ကလွတ်အောင် တဆိတ်လောက်ကယ်ပါရှင်'

'မိန်းကလေး ပြောပုံကလေးက ယဉ်ကျေးသိမ်မွေ့လိုက်တာ ငါတော့ သူ့ကို ဝင်ကယ်ရမှာပဲ၊ ကိုင်း ဒီတော့ မိန်းကလေးကို လွှတ် လိုက်လေ့၊ နို့မဟုတ်ရင် မင့်ဦးနှောက်တွေကို ငါ့သော့တွဲနဲ့ ရိုက်ခွဲလိုက် မယ်'

လင်းဘုန်းသည် သူ၏မားပေါ်သို့ လက်ဝဲလက်ကို တင်ထား



www.burmeseclassic.com

www.burmeseclassic.com



လျက် လက်ယာဘက်လက်ဖြင့် အမတ်ကတော်လေးကို ဆွဲမြဲဆွဲထား ရင်း . . .

'အလို သော့တွဲတစ်တွဲနဲ့ အသက်မွေးနေရတဲ့ ခင်ဗျားလိုငှက် အိုကြီးကလား ကျုပ်ကိုဒီလိုပြောတာ၊ အဲလေ အကြောင်းသိအောင် ပြရ သေးတာပေါ့'

လော်ရင့်သည် ဓားကိုဆွဲမထုတ်နိုင်စေရန် လင်းဘုန်း၏ လက်ကို ကိုင်မြှောက်ထားလေသည်။ သို့နှင့် လင်းဘုန်းသည် သူ့အား ကြိုးစား၍ ခါထွတ်ပစ်နေခိုက်တွင် တစ်ဘက်မှ အမတ်ကတော်လေး သည် တစ်ချက်မျှ ကြိုးစား၍ ရုတ်တရက်ရုန်းကန်လိုက်ရာ သူ၏လက် မှာ မြဲမြဲစွာ ကိုင်ဆွဲထားသောလက်အိတ်ထဲမှ ချောခနဲလျှောထွက်ကာ လွတ် မြောက်သွားတော့သဖြင့် အခန်းထဲမှ တဟုန်ထိုး ပြေးထွက်ကာ အောက်သို့ တောက်လျှောက်ဆင်းပြေးသွားလေတော့၏။ ထိုအချိန်နှင့် တစ်ပြိုင်တည်းလိုပင် သတ်ပုတ်နေကြသော သူနှစ်ယောက်၏ ကြမ်း ပြင်ပေါ်သို့ လဲကျသွားသံကိုပါ ကြားလိုက်နေရသဖြင့် သူ၏ကြောက် စိတ်မှာ ဒီဂရီ ပို၍ တိုးသွားလေသည်။

တုန်လှုပ်ချောက်ချားလျက်ရှိရာသော အမတ်ကတော်လေး သည် မိမိကိုယ်မိမိ လွတ်မြောက်လာသည်ကို သိရလျှင်သိရခြင်း 'ပလဲဆင့်' ထဲသို့ ဝင်ပြေးပြီးလျှင်၊ အလှအပထားသော ရေပန်းကလေး တစ်ခုဖြင့် အဆုံးသတ်သည့် လိုဏ်ခေါင်းကလေးများအနက် အဝေးဆုံး သော လိုဏ်ခေါင်းကလေးရှိရာသို့ ပြေးလေသည်။ ရေပန်းကလေး ကား မှန်ကဲ့သို့လည်းကောင်း၊ **လက်ဆေးခွက်ကဲ့သို့လည်းကောင်း** နှစ်မျိုးနှစ်ဖုံ အသုံးချနိုင်သည်ဖြစ်ရာ **'အေဗီ'သည် အခွင့်ရခိုက်တွင်** တတ်နိုင်သမျှ ကိုယ်လက်များကို **ဆေးကြောသုတ်သင်ခြင်းပြုလေ** သည်။ ထို့နောက် အမှောင်မိုက်ဆုံး **ချောင်အကျဆုံးသောနေရာသို့**





သွားရောက်ပြီးလျှင် ရေညှိခုံကလေးကိုသော်လည်းကောင်း၊ ကြားမှ ဖြန်ဖြေစေ့စပ်ပေးမည့် သူတစ်ယောက်ကိုသော်လည်းကောင်း စောင့် မျှော်၍နေ၏။

ထိုနေ့ နံနက်ခင်း၌ အကြောင်းအားလျော်စွာ အမဲလိုက် အဝတ်အစားအပြည့်အစုံနှင့် ခန်းမဆောင်ထဲမှထွက်လာသူမှာ ဘုရင်မ ကြီး ပင်ဖြစ်တော့၏။ တံခါးခုံအပြင်ဘက်သို့ ခြေတစ်လှမ်းမျှပင် ဘုရင် မကြီး မရောက်သေးမီ လီဆတ်စတာသည် သူ၏နံဘေးသို့ရောက် လာပြီးလျှင်၊ အမဲလိုက်အစီအစဉ်များကို ပြည့်စုံအောင် မပြုလုပ်ရသေး သဖြင့် ထိုအချိန်အတောအတွင်း၌ 'ပလဲဆင့်' ဥယျာဉ်ဘက်သို့ ကြွ ရောက်ရှု စားတော်မူရန် အကြံပေးလျှောက်ထားလေသည်။

သို့နှင့် သူတို့သည် သာယာကြည်နူးဖွယ်ကောင်းသော ထို နေရာသို့ လျှောက်လာကြလေသည်။ ထို့နောက် အမတ်ကြီးက လှေ ကားထစ်ရှိသည့်နေရာများတွင် သူ၏အရှင်ဘုရင်မကြီးအား လက်ဖြင့် ဖေးမအကူ အညီပေးရင်း စကြံလမ်းတစ်ခုမှတစ်ခုသို့လည်းကောင်း၊ ပန်းခင်းတစ်ခုမှ တစ်ခုသို့လည်းကောင်း၊ ကူးပြောင်းသွားလာလျက် ရှိလေ၏။ အဝေးမှစောင့်ကြည့်နေသူများကမူ အလစ်ဇဘက်ဘုရင်မ ကြီး၏ ခံ့ညားလှသော ရာဇအိန္ဒြေတော်သည် မျက်နှာနေ မျက်နှာထား ၌လည်းကောင်း၊ ကိုယ်လက်လှုပ်ရှားပုံ ဟန်အမူအရာ၌လည်းကောင်း မတည့်မတန့် ယိမ်းယိုင်လှုပ်ရှားသော အမူအရာသို့ နူးညံ့သိမ်မွေ့စွာ ပြောင်းလဲသွားရခြင်းမှာ အကြောင်းမရှိဘဲ မဖြစ်တန်ရာဟု ထင်မြင် ချက်ပေးလျက်ရှိကြ၏။

ဘုရင်မကြီးကား စိတ်ကူးယဉ်ဆန်လှသော သူရဲသတ္တိ အကြောင်းများနှင့် ရောစပ်လျက်ရှိသည့် စကားများကို နှစ်ခြိုက်လျှက် ရှိသည့်အတိုင်း၊ လီဆတ်စတာအား အခါတိုင်းထက် အရေးသာ



www.burmeseclassic.com

www.burmeseclassic.com



နားထောင်လျက်ရှိဟန်တူလေသည်။ အမတ်ကြီးကမူ စိတ်နေမြင့်လျက်ရှိခြင်း၊ သို့မဟုတ် လိုအင်ဆန္ဒကြီးမားလျက်ရှိခြင်းဖြင့် နှစ်ခြိုက်ဖွယ်ကောင်းသော စကားလုံးများကို နားထောင်၍မငြီးလောက်အောင် စီစဉ်စပ်ဟပ်ကာ တစ်ခွန်းပြီးတစ်ခွန်း ပြောဆိုလျက်ရှိရာမှ နောက်ဆုံးတွင် အရင်စလိုရှေ့လောတကြီးပြောလျက်ရှိသော သူ၏စကားများမှာ ချစ်စကား ကြိုက်စကား ဖြစ်မှန်းမသိဖြစ်လျက် ရှိလေတော့၏။

ဘုရင်မကြီးက ကြေကွဲသောအသံဖြင့် . . .

'မဖြစ်နိုင်ဘူး ဒတ်(ဒ)လေ မဖြစ်နိုင်ဘူး၊ ကျွန်ုပ်ဟာ ကျွန်ုပ်လူမျိုးတွေရဲ့ မိခင်ဖြစ်ရမယ်၊ အဆင့်အတန်းနိမ့်ကျတဲ့မိန်းမကို ပျော်ရွှင်စေတဲ့ တခြားသံယောဇဉ်နှောင်ကြိုးတွေကို သူ့ဘုရင်မအတွက်တော့ ပယ်ရှားပစ်ရလိမ့်မယ်၊ တော်တော့ လီဆတ်စတာ . . နောက်ထပ် ဒီစကားကိုပြောဖို့ မကြိုးစားနဲ့တော့၊ ကျွန်ုပ်ဟာ တခြားမိန်းမတွေလို ကိုယ့်ပျော်ရွှင်မှုကို ကိုယ်ရှာနိုင်တယ်ဆိုရင်တော့၊ အင်း စင်စစ်မှာ . . နို့ပေမယ့် မဖြစ်နိုင်ပါဘူးလေ၊ မဖြစ်နိုင်ပါဘူး . . ခု အမဲလိုက်ဖို့ကို ဆိုင်းထားလိုက်ပါဦး၊ နာရီဝက်လောက် ဆိုင်းထားလိုက်ပါ၊ ကိုင်း ပြီးတော့ ကျွန်ုပ်ကိုထားခဲ့ပြီး ဒီကထွက်သွားစမ်းပါတော့ အမတ်ကြီးရယ် . .'

'ဘယ့်နှယ့် သခင်မကြီးကို ထားခဲ့ပြီး ထွက်သွားရမယ် ဟုတ်စ . . ကျွန်တော်မျိုးရဲ့မိုက်မဲမှုကြောင့် သခင်မကြီး စိတ်အနှောက်အယှက် ဖြစ်သွားပြီလား'

'မဟုတ်ဘူး . . လီဆတ်စတာ . . မဟုတ်ဘူး၊ နို့ပေမယ့် ဒါဟာ သက်သက်ရူးတာပဲ . . ဒီစကားမျိုးကို နောက်ထပ်မပြောမိစေနဲ့တော့၊ ကိုင်း သွား သွား . . ဒီကနဲ့ သိပ်မဝေးတဲ့နေရာမှာ သွားနေစမ်းပါ၊ ဒီအတွင်းမှာ ကျွန်ုပ် တစ်ယောက်တည်းနေတာကို ဘယ်သူမှ လာ





မနှောင့်ယှက်ပါစေနဲ့ . .'

ဘုရင်မကြီးစကားကို ကြားရသောအခါ လီဆတ်စတာသည် ဘုရင်မကြီးအား ရှိသေစွာ ဦးညွှတ်ပြီးလျှင် စိတ်မချမ်းသာသောအမူအရာဖြင့် ထိုနေရာမှတစ်လှမ်းချင်း ထွက်ခွာသွားလေသည်။ ဘုရင်မကြီးသည်လည်း သူ့အားနောက်မှ ငေးစိုက်ကြည့်ရှုလျက်ရှိရာမှ . .

'အင်း ဒီလိုဖြစ်နိုင်ပါ့မလား၊ အို မဖြစ်နိုင်ပါဘူးလေ၊ မဖြစ်နိုင်ပါဘူး၊ အလစ်ဇဘက်ဟာ အင်္ဂလန်ပြည်ရဲ့ တစ်ဦးတည်းဇနီးနဲ့ မိခင်သာ ဖြစ်ထိုက်တယ်'

ဟု ညည်းတွား ရေရွတ်လိုက်လေသည်။

ထိုအခိုက်တွင် ဘုရင်မကြီးသည် အနီးသို့တစ်စုံတစ်ယောက် ချဉ်းကပ်လာသည့် ခြေသံကိုကြားရသောကြောင့်၊ ထိုသူအား ရှောင်ကွင်းသည့်အနေဖြင့် သူ၏ရန်သူတော်ဒုက္ခသည်မကလေး ပုန်းအောင်းနေသည့်လိုဏ်ဂူကလေးထဲသို့ ရုတ်တရက်လှည့်၍ ဝင်လိုက်မိ၏။ အတွင်းဘက်သို့ တဖြည်းဖြည်းတိုး၍ လျှောက်သွားသောအခါ သူသည် ကျောက်ဖြူ တိုင်တစ်တိုင်၏ နောက်၌ ရပ်၍နေသော မိန်းမသဏ္ဌာန် တစ်ခုကို သတိထားလိုက်မိလေသည်။

မတုန်မလှုပ်ရှိနေသည့် ထိုလုပသော သဏ္ဌာန်ကလေးသည် သူ၏အဝတ်အစားများကို ကြည့်ရခြင်းအားဖြင့် မိမိကိုဧည့်ခံသည့် ဇာတ်သဘင်အဖွဲ့တစ်ခုခုမှ ပါဝင်ကပြသူတစ်ယောက်ဖြစ်ရမည်ဟု ဘုရင်မကြီးက မှတ်ချက်ချမိ၏။ ဇာတ်သမကလေးမှာ သူ့ရှေ့တော်တွင် ကပြရန် မဝံ့သဖြင့် လာရောက်ပုန်းအောင်းနေခြင်းဖြစ်မည်ဟုလည်း ထင်မိ၏။ သို့နှင့် အဲလစ်ဇဘက်ဘုရင်မကြီးက ကြင်နာသောအသံဖြင့် . . .

'ဘယ့်နှယ့်လဲ ဂူစောင့်နတ်သမီးကလေးရဲ့ 'ကြောက်စိတ်' လို့



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ကြတဲ့ စုန်းကဝေရဲ့ကျိန်စာမိနေလို့ စကားမပြောနိုင်ဘဲ ဆွံ့အနေသလား၊ ကျွန်ုပ်က သူ့ရဲ့အမိပတိရန်သူကြီးပါ၊ မိန်းကလေးရဲ့၊ သူ့ကျိန်စာတွေကို ကျွန်ုပ်နိုင်နိုင်ပါတယ်၊ ကိုင်း စကားပြောစမ်းပါ၊ မိန်းကလေး ကျွန်ုပ် မယ်မင်းကို အမိန့်ပေးနေတယ်'

ဒုက္ခသည် အမတ်ကတော်လေးသည် စကားနှင့်ပြန်လည်အဖြေပေးရမည့်အစား မြေပေါ်သို့ ဒူးထောက်ချလိုက်ပြီးနောက်၊ လက်နှစ်ဘက်ကို ယှက်ရင်း ဘုရင်မကြီး၏မျက်နှာတော်ကို ကြောက်ရွံ့အားကိုးသောအမူအရာဖြင့် မော့ကြည့်လျက်ရှိသည်ကို မြင်ရသဖြင့်၊ ဘုရင်မကြီး၏စိတ်တွင် အတော်ထိခိုက်သွားလေသည်။

'ဒါ ဘယ်လိုအဓိပ္ပါယ်ပါလိမ့်၊ ဖြစ်သင့်တာထက်တောင် ပိုပြီး လွန်ကဲနေပါပေါ့လား . . ထစမ်း၊ မိန်းကလေး၊ မယ်မင်း ကျွန်ုပ်ဆီက ဘာများအလိုရှိသလဲ'

(ကြောက်ရွံ့စွာဖြင့် . .)

'သခင်မကြီးရဲ့ အကာအကွယ်ကို လိုချင်လို့ပါ'

'ဒီအကာအကွယ်နဲ့ ထိုက်တန်တဲ့ အင်္ဂလန်ပြည်ရဲ့သမီးတိုင်းဟာ ဒီအကာအကွယ်ကို ရနေကြသားပဲ။ နို့ပေမယ့် မယ်မင်းရဲ့ဒုက္ခဟာ လေးနက်တဲ့ အကြောင်းရင်းရှိပုံရတယ်။ ကိုင်းလေ ဆိုပါဦး၊ မယ်မင်းက ကျွန်ုပ်တို့ရဲ့ အကာအကွယ်ကို ဘယ်လိုအကြောင်းနဲ့ အလိုရှိတာလဲ'

(အထစ်ထစ် အငေါ့ငေါ့ဖြင့် . .)

'ကျွန်တော်မ တောင်းပန် ကျွန်တော်မ အသနားခံ . . ကျွန်ကျွန်တော်မကို ဗားနေးဆိုတဲ့လူတစ်ယောက်ရဲ့ရန်က ကာကွယ်ပေးဖို့ သခင်မကို လျှောက်ထားအသနားခံပါတယ်'

'ဘာ ဗားနေး၊ ဟုတ်လား . . လော့လီဆက်စတာရဲ့ ကျွန်ဆာရစ်ချတ်ဗားနေးလား၊ ဘယ်နှယ့် မိန်းကလေး မယ်မင်းက သူနဲ့





ဘာတော်သလဲ'

ကျွန်တော်မ ကျွန်တော်မက သူ့ အကျဉ်းသမားပါ၊ ကျွန်တော်မရဲ့အသက်ကို သူ ရန်ရှာဖို့ ကြံစည်နေလို့ ကျွန်တော်မက ထွက်ပြေးလာခဲ့ရပြီး လာခဲ့ရပြီး . .'

'ကျွန်ုပ်ရဲ့အကာအကွယ်ကို တောင်းရတယ်ဆိုပါတော့၊ မယ်မင်းနဲ့ ထိုက်တန်ဆိုလို့ရှိရင် မယ်မင်းလိုချင်တာကို ရရစေမယ်လေ။ ဘာကြောင့်လဲဆိုတော့ ဒီကိစ္စကို ကျွန်ုပ်တို့ အစအဆုံး စစ်ဆေးကြည့်ရဦးမယ်၊ နေပါဦး မယ်မင်းဟာ (အမတ်ကတော်လေးအား တစ်ကိုယ်လုံးထွင်းဖောက်သွားလုမတတ်သော မျက်လုံးများဖြင့် စူးစူးဝါးဝါးငုံ့၍ကြည့်ရင်း) မယ်မင်းဟာ 'လစ္စကုတ်ဟောလ်'က ဆာဟူးရိုဗတ်ရဲ့ သမီး အေမီလား'

(ရပ်နေရာမှ ဒူးထောက်ချလိုက်ရင်း . .)

'ကျွန်တော်မကို ခွင့်လွှတ်တော်မူပါသခင်မကြီး၊ ကျွန်တော်မကို ခွင့်လွှတ်တော်မူပါ'

'မယ်မင်းကို ကျွန်ုပ်က ဘာအတွက် ခွင့်လွှတ်ရမှာလဲ မိန်းမမိုက်လေးရဲ့၊ မယ်မင်းဟာ မယ်မင်းအဖေရဲ့ သမီးမဟုတ်လား၊ ကလေးမတော့ ဦးနှောက်ပျက်နေပြီ၊ အဲလေ ကျွန်ုပ်တော့ မယ်မင်းရဲ့အကြောင်းကို တစ်လုံးတစ်ပါဒမကျန် စစ်ထုတ်ရတော့မှာပဲ။ ဂုဏ်သရေရှိတဲ့ မယ်မင်း ဖခင်အိုကြီးကို တစ်ပတ်ရိုက်ခဲ့တာပေါ့လေ၊ မယ်မင်း မျက်လုံးကပဲ သက်သေခံနေပြီ၊ ပြီးတော့ မစ္စတာထရက်ဆီးလီးယန်းကိုလဲ လိမ်ပြီး ဒီဗားနေးဆိုတဲ့လူကိုမှ လက်ထပ်ရပလေတယ်'

အေမီသည် နေရာမှ ခုန်ထလျက် . . .

'မဟုတ်ပါဘူး၊ သခင်မကြီးရဲ့ . . မဟုတ်ပါဘူး၊ ကျွန်တော်မဟာ ဒီကျွန်ယုတ်မာ၊ ဒီလူလိမ်ရဲ့ မိန်းမ လုံးလုံးမဟုတ်ပါဘူး၊ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော်စ ဘာနေးရဲ့ မိန်းမ မဟုတ်ပါဘူး၊ ကျွန်တော်မ သူ့မိန်းမဖြစ်ရမယ့် အစား သေခင်းရဲ့မိန်းမ ဖြစ်လိုက်ချင်ပါသေးတယ်'

အေမီ၏ လေးနက်လှသောစကားကြောင့် ဘုရင်မကြီးသည် အတန်ကြာငြိမ်သက်စွာရပ်၍ နေမိသေး၏။ နောက်မှ . . .

'ဒါဖြင့် ကျွန်ုပ်ကိုပြောစမ်း သူငယ်မ၊ မယ်မင်း ဘယ်သူ့မိန်းမ လဲဆိုတာ ဒါကို ကျွန်ုပ်သိရမှဖြစ်မယ်၊ ပြောလေ မြန်မြန်၊ အလစ် ဧဘက်ကို မယ်မင်း ပြက်ရယ်ပြုရင်၊ ခြသေ့်မတစ်ကောင်နဲ့ ကစားမိတာ ထက် ဆိုးနေလိမ့်မယ်နော် ...'

အေမီသည် ရုန်းကန်ခြင်းငှာ မစွမ်းနိုင်သော အင်အားကြီးတစ်ခုက သူကိုယ်တိုင်မြင်နေရသော ချောက်ကမ်းပါးကြီး၏အစွန်းသို့ သူ့အား ဆွဲခေါ်နေဘိသကဲ့သို့၊ ယခုလည်း ဘုရင်မကြီး၏ ပြင်းထန်လှသော အမိန့်နှင့် ခန့်ညားလှသော အမူအယာကြောင့် သူသည်အနည်းငယ်မျှပင် ဆုတ်ဆိုင်းရှောင်လွှဲ၍မနေနိုင်တော့ပေ။ သို့နှင့် အေမီသည် နောက်ဆုံး၌ စိတ်အားလျှော့သောအသံဖြင့် . . .

'ဒီအကြောင်းအားလုံးကို လီဆတ်စတာအမတ်ကြီး သိပါ တယ်'

ဟု နောက်ဆုံးဖွင့်မိတ်၍ ပြောလိုက်လေသည်။

(များစွာ အံ့အားသင့်သောအသံဖြင့် . .)

'လီဆတ်စတာအမတ်ကြီး ဟုတ်လားဟင်၊ ဒါ သူ့ကို မယ်မင်း မတရားသက်သက် စွပ်စွဲတာ၊ မယ်မင်းလိုဟာကို သူက ဂရုတောင် မစိုက်ဘူး၊ အင်္ဂလန်ပြည်မှာ စိတ်သဘောထား အဖြောင့်မတ်ဆုံး ဂုဏ်အကြီးမြင့်ဆုံး အမတ်ကြီးကို တမင်နာမည်ပျက်အောင် မယ်မင်း ရောက်လာတာပဲ။ သို့ပေမယ့် သူဟာ ကျွန်ုပ်တို့ရဲ့ ရင်နှီးတဲ့လူ လည်းဖြစ်တဲ့အတွက် မယ်မင်းအမှုကို သူ့ရှေ့မှာပဲ ကြားနာရလိမ့်မယ်၊





ကိုင်း ကျွန်ုပ်နဲ့ လိုက်ခဲ့ ချက်ချင်းပဲ ကျွန်ုပ်နဲ့ လိုက်ခဲ့ပေတော့'

အေမီသည် ကြောက်အားဖြင့် နောက်တွန့်သွားသည်ကို အမျက်ထွက်နေသော ဘုရင်မကြီးက အပြစ်ရှိနေသောကြောင့်သာလျှင် ယင်းကဲ့သို့ ပြုမူခြင်းဖြစ်သည်ဟု ယူဆကာ၊ ရှေ့သို့တိုး၍ အေမီ၏ လက်ကို ကိုင်ဆွဲပြီးလျှင် လိုဏ်ဂူထဲမှ ခပ်သုတ်သုတ် ထွက်သွားလေ သည်။ 'ပလဲဆင့်' ဥယျာဉ်လမ်းတစ်လျှောက်လုံးပင် အေမီ၏လက်ကို မလွှတ်ဘဲ တန်းတန်းဆွဲခေါ်သွားရကား၊ ကြောက်သွေးမွှန်လျက်ရှိ သော အမတ်ကတော်လေးမှာ ဘုရင်မကြီး၏ သွက်လက်သော ခြေ လှမ်းများကို မီအောင် အတော်ပင်ကြိုးစား၍ လိုက်ပါသွားရရှိလေ သည်။

ထိုအချိန်၌ လီဆတ်စတာသည် ဥယျာဉ်လမ်းကလေးထိပ်ရှိ ဆင်ဝင်အောက်တွင် မှူးကြီးမတ်ကြီးများနှင့် ကတော်များအလယ်သို့ ရောက်ရှိနေရာ၊ သူတို့သည် လက်တစ်ဘက်တည်းဖြင့် ဘုရင်မကြီးဆွဲ ခေါ်လာသော မိန်းကလေးကို တအံ့တဩ ဝိုင်းဝန်းကြည့်ရှုနေမိကြလေ သည်။ မိန်းကလေးမှာ အသားများဖြူလျော်နေသည့်တိုင်အောင် ချော မောလျက်ရှိသေး၏။ ဘုရင်မကြီးသည် ကျန်လက်တစ်ဘက်ဖြင့် ရှေ့ သို့တိုးလာကြသော မင်းပရိသတ်များအား နံဘေးသို့ ဖယ်ပစ်ရင်း . . .

'လီဆတ်စတာအမတ်ကြီး ဘယ်မှာလဲ'

မေးလိုက်ရာ မင်းပရိသတ်အားလုံးမှာ အံ့အားအသင့်ကြီးသင့် ၍ သွားကြရလေ၏။

'ရှေ့ကိုထွက်ခဲ့စမ်း၊ လီဆတ်စတာ၊ မောင်မင်း ဒီမိန်းကလေး ကို သိတယ် မဟုတ်လား'

အမတ်ကြီးသည် အဲလစ်ဧဘက် ဘုရင်မကြီး ရှေ့သို့ တော ရောက် ဒူးထောက်ကာ၊ ဘုရင်မကြီးရပ်လျက်ရှိသော ကျောက်တုံးနှင့်



www.burmeseclassic.com

www.burmeseclassic.com



သူ၏ နဖူးဆိုထိလုမတတ် ဦးခေါင်းကိုငုံ့လျက်ရှိလေသည်။

(တုန်လှုပ်လျက်ရှိသော ချစ်ဒေါသသံဖြင့် . .)

'လီဆတ်စတာ မောင်မင်းကို ဒီလောက် မြှောက်စားအရေးပေးလာခဲ့တဲ့ ကျွန်ုပ်လို ဘုရင်မရင့်မကြီးတစ်ယောက်အပေါ်မှာ ကျေးဇူးထန်းတဲ့အနေနဲ့ ဒီအထိ ပြောင်တိုက်ပြီး လိမ်လည်လှည့်ဖျားနေတဲ့ အမှုကို ခုလိုပြုကျင့်လိမ့်မယ်လို့ ကျွန်ုပ်ဘယ်လိုထင်နိုင်ပါမလဲဟင်၊ ဒီအမှုတစ်မှုတည်းနဲ့ပဲ မောင်မင်းဦးခေါင်းဟာ မောင်းမင်းဖခင် * လို ဓားနဲ့နီးနေပြီဆိုတာ တွေးမိရဲ့လား အမတ်လိမ်ကြီးရဲ့'

အေမီသည် ဘုရင်မကြီးရှေ့၌ သူ့ကိုယ်ကိုပစ်လှဲကာ ဘုရင်မကြီး၏ ဒူးနှစ်ဘက်ကို သိမ်းကြုံးပွေ့ဖက်ထားရင်း . . .

'သူ့မှာ အပြစ်မရှိပါဘူး သခင်မကြီး၊ သူ့မှာ အပြစ်မရှိပါဘူး။ မြင့်မြတ်လှတဲ့ အမတ်ကြီး လီဆတ်စတာအပေါ်မှာ မတရားစွပ်စွဲနိုင်မယ့်သူ ဘယ်သူမှ မရှိပါဘူး'

'ဘယ့်နှယ့်လဲ သူငယ်မရဲ့။ ခုတင်တုန်းကတော့ မယ်မင်းအကြောင်းအားလုံးကို လီဆတ်စတာအမတ်ကြီး သိပါတယ်လို့ မယ်မင်းပဲ ပြောတယ်မဟုတ်လား'

အေမီသည် သူ့ကိုယ်ကျိုးကိုလည်းကောင်း၊ ရှေ့နောက်ညီမညီ ကိုလည်းကောင်း မကြည့်ဘဲ . . .

'ကျွန်တော်မ ဒီလိုပဲ ပြောမိသလား၊ ဒီလိုပြောမိတာမှန်ရင်တော့ ကျွန်တော်မ သူ့ကို သက်သက် မတရားစွပ်စွဲမိတာပါပဲ၊ ကျွန်တော်မကို အန္တရာယ်ဖြစ်စေမယ့် အကြံမျိုးကို သူဘယ်တော့မှ စိတ်ကူးမိ

---

* လီဆတ်စတာအမတ်ကြီး ရောဗတ်ဒတ်(ဒ)လေ၏ဖခင် 'ဂျွန်ဒတ်(ဒ)လေ' (နော့သံဗာလင်မြို့စား)မှာ ၁၅၃၃ ခု၊ မေရီဘုရင်မကိစ္စ၌ သစ္စာဖောက်မှုဖြင့် ခေါင်းဖြတ်အသတ်ခံရသည်။





မယ် မဟုတ်ဘူးလို့ ကျွန်တော်မက ယုံကြည်တာ ဘုရားသခင်သိမြင်တော်မူပါစေ'

'ဘယ့်နှယ့်လဲ ဒီမိန်းမဟာ မယ်မင်းကို ဘယ်သူက စေနိုင်းတယ်ဆိုတာ ကျွန်ုပ်သိရမှဖြစ်မယ်။ ဒီလိုမှမဟုတ်ရင်တော့ ဘုရင်တို့ရဲ့ ဒေါသဟာ မီးနဲ့အတူတူပဲ၊ သင့်ကိုယ်ကလေး ပြာကျသွားလိမ့်မယ်'

လီဆတ်စတာသည် သူ၏ လက်ထပ်ထိမ်းမြားခဲ့ခြင်းကို ထုတ်ဖော်လျှောက်ထား၍ အမတ်ကတော်လေးအား ကာကွယ်သူအဖြစ်ဖြင့် ယောကျ်ားကောင်းတစ်ယောက်ပီပီ ကျေညာရန် သူ၏ဦးခေါင်းကို ခဲ့ညားစွာ မော့လိုက်သည့်ခဏ၌ မျက်နှာတွင် အညိုအမဲများစွဲလျက်ရှိသော ဗားနေးသည် ရှေ့မှောက်သို့ရုတ်တရက် ပြေးဝင်ရောက်ရှိလာခဲ့လေသည်။

'အခွင့်မရှိဘဲ ဒီလို ရိုင်းရိုင်းပျပျဝင်လာရတာ ဘာအဓိပ္ပါယ်တဲ့လဲ'

(ဗားနေးက သူ့ခြေရင်းတွင် ရှိသေစွာ ဦးခိုက်ရင်း . .)

'ခွင့်လွှတ်တော်မူပါ သခင်မ၊ ကျွန်တော်မျိုးကို ခွင့်လွှတ်တော်မူပါ၊ နို့မဟုတ်ရင်လည်း သခင်မကြီးပေးမယ့် အပြစ်ဒဏ်ကို တာဝန်ရှိတဲ့ ကျွန်တော်မျိုးအပေါ်မှာသာ ချမှတ်တော်မူပါ၊ အပြစ်ကင်းမဲ့တဲ့ ကျွန်ုပ်ရဲ့သခင်ကိုတော့ ချမ်းသာပေးတော်မူပါ သခင်မကြီး'

အေမီသည် သူစက်ဆုပ်ရွံရှာလှသောရန်သူကို ရုတ်တရက်အနီးတွင်ကပ်၍ တွေ့မြင်လိုက်ရသဖြင့် အထူးပင်တုန်လှုပ်ချောက်ချားသွားပြီးလျှင် ဒူးထောက်နေရာမှ လီဆတ်စတာရှိရာသို့ ထပြေးမည်ပြုသေး၏။ သို့ရာတွင် တစ်စခန်းသွားလိုဟန်ဖြင့် မရေမရာရှိနေသော လီဆတ်စတာ၏ ရွံ့တွန့်တွန့်မျက်နှာထားကို မြင်လိုက်ရသဖြင့်၊ ခပ်တိုးတိုးမျှ တစ်ချက်အော်လိုက်ရင်း နောက်သို့တွန့်သွားပြီးလျှင် ဓမ်မီအား



www.burmeseclassic.com

www.burmeseclassic.com



ရဲတိုက်ကြီး၏ အောက်ဆုံးအကျဉ်းခန်းထဲ၌ ကြီးလေးသောရာဇဝတ်သင့်သူအနေဖြင့် ချုပ်နှောင်ထားပါရန် ဘုရင်မကြီးအား လျှောက်ထားလိုက်လေသည်။

နို့ပေမယ့် ကျွန်တော်မကို တစ်ခုတော့ ခွင့်ပေးတော်မူပါ၊ အရှက်တင်းမဲ့တဲ့ ဟောဒီလူယုတ်မာကိုတော့ မျက်နှာကိုလည်း မတွေ့ပါရစေနဲ့ . . သူ့အသံကိုလည်း မကြားပါရစေနဲ့'

(ဘုရင်မကြီးက စိတ်တစ်မျိုးပြောင်းလဲကာ ကရုဏာသက်လာသဖြင့် . .)

'ဘာကြောင့်လဲ ကလေးမရယ်၊ ဒီလောက် သူ့ကို စိတ်နာနေရအောင် မယ်မင်းကို ဒီသူရဲကောင်းကြီးက ဘာများနစ်နာအောင် ပြုလုပ်ခဲ့လို့လဲ'

'အို စိတ်ဆင်းရဲအောင် အနာတရဖြစ်အောင်လုပ်တာထက်တောင် ဆိုးဝါးပါသေးတယ် သခင်မကြီးရယ်၊ သူက အေးအေးချမ်းချမ်း ရှိရမယ့် နေရာမှန်သမျှကို အငြင်းပွားစေပြီး ဝိဝါဒကွဲပြားအောင်လိုက်ပြီး ဖန်တီးနေတဲ့လူပါ၊ သူ့မျက်နှာကို ဆက်လက်ပြီး မြင်နေရမယ်ဆိုရင် ကျွန်တော်မ ရူးသွားပါလိမ့်မယ်'

'မယ်မင်းစိတ်တွေဟာ ဂယောင်ချောက်ချားဖြစ်နေပြီထင်တယ်၊ ဒီမှာ လော့ဒ်ဟန်းဆဒမ်း သနားစရာဖြစ်နေရှာတဲ့ ဟောဒီကလေးမလေး ကိုခေါ်သွားပြီးတော့ ကျွန်ုပ်တို့အလိုရှိမယ့်အချိန်အထိ သူ့ကိုလုံခြုံစိတ်ချရမယ့်နေရာမှာ ကောင်းကောင်းမွန်မွန် စောင့်ရှောက်ထားလိုက်စမ်းပါ'

'ကောင်းပါပြီ သခင်မ'

ဟုပြောကာ လော့ဒ်ဟန်းဆဒမ်းသည် သတိမေ့လျော့လုမတတ် ရှိနေသော အေမီအား သူ၏သန်မာသောလက်မောင်းကြီးများ





ဖြင့် ကောက်ယူပွေ့ချီလိုက်လျက် . . .

'ကလေးမလေးက တော်တော်ချစ်စရာကောင်းတဲ့ ကလေးမလေးပဲ၊ လူကြမ်းပေမယ့် စိတ်မကြမ်းတဲ့အထိန်းကို သခင်မက သူ့ကိုပေးလိုက်တာပဲ၊ သူဟာ ကျွန်တော်မျိုးရဲ့ သမီးအရင်းကလေးတစ်ယောက်နဲ့မခြား ကျွန်တော်မျိုးနဲ့အတူ လုံခြုံစွာနေပါစေ့မယ် သခင်မကြီး'

ယင်းသို့ ပြောဆိုရင်းဖြင့် သူသည် အေမီအား ပွေ့ချီယူဆောင်သွားလေရာ၊ ဦးခေါင်းမှာ သူ၏ကျယ်ပြန့်သော လေးဒေါင့်စပ်စပ်ပုခုံးကြီးပေါ်သို့ကျလျက်၊ ဖားလျားကျနေသော သူ၏နီကြောင်ကြောင်မုတ်ဆိတ်ကြီးမှာ အေမီ၏ ညိုနုနု ဆံပင်ခွေကလေးများနှင့် ရောနှောကာပါသွား၏။ ထို့နောက် ဘုရင်မကြီးက ဗားနေးဘက်သို့လှည့်၍ . . .

'ကိုင်း ဆာရစ်ချတ်ဗားနေး၊ ဒီပြဿနာကို ရှင်းလင်းအောင်လျှောက်ထားစမ်းပါဦး'

ဟု မန့်တော်မူလိုက်လေသည်။

'ကျွန်တော်မျိုးရဲ့ ရက်ကြောက်တဲ့စိတ်ကြောင့် ဖုံးကွယ်လိုတဲ့သဘောနဲ့ သမားတော်ကြီး သက်သေခံစာထဲမှာ ကျွန်တော်မျိုး မဖော်ပြစေခဲ့တဲ့ ကျွန်တော်မျိုးဇနီးသည်ရဲ့ ဆိုးဝါးတဲ့ရောဂါကို စူးရှထက်မြက်တော်မူလှသော သခင်မကြီးရဲ့ စက္ခုတော်အစုံကြောင့် ယခုမျက်ဝါးထင်ထင်ပင် တွေ့မြင်တော်မူပြီးပါပြီ၊ သခင်မကြီး . .'

'ဒါဖြင့် သူ သတိချို့ယွင်းနေတာပေါ့၊ စင်စစ်တော့ ကျွန်ုပ်တို့ကလည်း ဒီရောဂါကို သံသယမဖြစ်ပါဘူး၊ သူ့အမူအရာ ပုံပန်းတွေကပဲ သူ့ရောဂါလက္ခဏာကို ဖော်ပြနေတာပဲ၊ နို့ပေမယ့် သူက ဘယ်လိုနည်းနဲ့ ဒီရောက်နေတာတဲ့လဲ မောင်မင်းကကော ဘာကြောင့် သူ့ကိုလုံခြုံတဲ့နေရာမှာ စောင့်ရှောက်မထားရတာတဲ့လဲ'



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပါ သခင်မကြီး ကျွန်တော်မျိုး သူ့ကိုစောင့်ရှောက်ဖို့ထား ခဲ့တဲ့ လူကြီးမင်း မစ္စတာအန်တော်နီဖော်စတာဟာ ဒီလိုရောဂါသည် မျိုးတွေက သူတို့ထက်တဲ့ နည်းပရိယာယ်ကိုသုံးပြီး ထွက်ပြေးသွားတဲ့ အကြောင်း ကျွန်တော်မျိုးထံ သတင်းပေးရအောင် အခုပဲ မြင်းနဲ့ဒီကို ခရီးပြင်းဆိုက်ရောက်လာပါတယ်၊ အစစ်အဆေးခံရန် သူ အဆင်သင့် ရှိနေပါတယ်'

'ဒီကိစ္စကို နောက်မှ စစ်ဆေးကြတာပေါ့၊ နို့ပေမယ့် ဆာရစ် ချတ်တားနေးရဲ့ မောင်မင်းရဲ့အိမ်ထောင်ရေးသုခကိုတော့ ကျွန်ုပ်တို့ မနာ လိုစရာဖြစ်စရာ မရှိပါဘူး၊ ဘာကြောင့်လဲဆိုတော့ မောင်မင်းရဲ့ဇနီး သည်က မောင်မင်းအပေါ်မှာ ခါးခါးသီးသီး မုန်းတီးနေပေတာကိုး'

'သူတို့ ရောဂါရနေချိန်မှာ သူတို့နဲ့ အရင်းနီးဆုံးလူတွေကို ဆန့်ကျင်ဘက် ပြုမူပြောဆိုတတ်ကြတာဟာ၊ ဒီလိုရောဂါသည်တွေရဲ့ ဓမ္မတာပါပဲ သခင်မကြီး'

'ဪ . . ဒီလိုကိုး . . မောင်မင်း လျှောက်ထားမှပဲ ဒီ အကြောင်းကို သိရတော့တယ်'

'ဒီလိုဆိုရင် ကျွန်တော်မျိုးရဲ့ဇနီး စိတ္တဇဝေဒနာသည်ကလေး ကို သူ့မိတ်ဆွေများရဲ့ အုပ်ထိန်းမှုခံယူရန် လွှဲအပ်ပေးဖို့ သခင်မကြီး အမိန့် ထုတ်တော်မူပါ့မလား'

ထိုစကားကြောင့် လီဆတ်စတာမှာ ဆတ်ခနဲဖြစ်သွားသေး ၏။ သို့ရာတွင် သူသည် သူ၏ဂဏှာမငြိမ်မှုကိုကြိုးစား၍ ပြန်လည် ထိန်းသိမ်းလိုက်လေသည်။ အဲလစ်ဇဘက်ကမူ ထက်မြက်သောအသံ ဖြင့် . . .

'မောင်မင်းက တယ်လည်း ရှေ့လောနေတာကိုး၊ မစ္စတာဗား နေးရဲ့၊ မိန်းကလေးရဲ့ ကျန်းမာရေးစိတ်နေစိတ်ထား အခြေအနေနဲ့ပတ်





သက်တဲ့ အစီရင်ခံစာကို ကျွန်ုပ်တို့သမားတော်ကြီးဆီက ပထမကြည့်ရှု ပြီးတော့မှ ကျွန်ုပ်တို့ ဘယ်လိုစီမံသင့်တယ်ဆိုတာကို စဉ်းစားရမယ်၊ နို့ပေမယ့် သူ့ဆီကို ဝင်ထွက်သွားလာ တွေ့ဆုံခွင့်ကိုတော့ မောင်မင်းရ ပါလိမ့်မယ်၊ အဲ မောင်မင်းတို့အိမ်ထောင်ရေးနဲ့ပတ်သတ်ပြီး ကျွန်ုပ်တို့ ကြားသိပြီးတဲ့အတိုင်း မောင်မင်းတို့ချစ်ဇနီးမောင်နှံ ခိုက်ရန်ဖြစ်ပွားကြ သို့ရှိရင်သာ ကျွန်ုပ်တို့ကို ထပ်မံဒုက္ခမပေးရအောင် မောင်မင်းက ဂရု စိုက်ပေတော့'

ဟု အမိန့်ရှိလိုက်လေသည်။

ဗားနေးသည် ပြန်လည်အဖြေမပေးတော့ဘဲ ခေါင်းကိုသာ တွင်တွင်ကြီး ငုံ့နေလေသည်။

ထိုအခါမှပင် အဲလစ်ဇဘက်ဘုရင်မကြီးသည် လီဆတ်စတာ အား လှမ်းကြည့်လျက် မိမိကိုယ်ကိုနှိမ့်ချကာ အသည်းနှလုံးမှ ယိုစိမ့် ထွက်လာသော ယုယသံဖြင့် . . .

'လီဆတ်စတာ ကျွန်ုပ်တို့တော့ မောင်မင်းကို စိတ်အနှောင့် အယှက်ပြုမိတဲ့အတွက် မောင်မင်းရဲ့အပြစ်တင်ခြင်းကို ခံထိုက်နေပြီ၊ ဒါကြောင့် ကျွန်ုပ်တို့အပေါ်မှာ ကျရောက်နေတဲ့ တာဝန်ကိုခံယူပြီးတော့ မောင်မင်းကို ခွင့်လွှတ်ဖို့ တောင်းပန်ရတော့မှာပဲ'

လီဆတ်စတာသည် ထိုအခါမှ စိတ်သက်သာရာ ရသွားဘိ သကဲ့သို့ နဖူးကိုသပ်လိုက်၏။ သို့ရာတွင် အတွင်း၌တောက်လောင် နေသော အပူမီးမှာ ကြီးမားပြင်းထန်လှသည်ဖြစ်ရကား၊ အပြင်သို့ပင် ပေါက်ချင်းကွဲပေါက်လာတော့မည်ကဲ့သို့ ရှိနေလေသည်။ သို့ပင်ဖြစ်လင့် ကစား အခြေအနေအရ 'ချော်လဲရာ ရောထိုင်' လိုက်ရတော့လျက် . . .

'ကျွန်တော်မျိုးကို အမိန့်ပေးတဲ့ သခင်မဟာ ကျွန်တော်မျိုးရဲ့ ဇာတ်ကို ထိခိုက်နာကျင်အောင် မပြုလုပ်နိုင်တဲ့အတွက် ခွင့်လွှတ်ရဖို့လဲ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်မျိုးအဖို့မှာ ပိုမိုထူးခြားသွားမယ်မဟုတ်ပါဘူး သခင်မကြီး'

ဟု လျှောက်တင်လိုက်လေသည်။

အဲလစ်ဇဘက်ဘုရင်မကြီးမှာ ယင်းအဖြေနှင့်ပင် ကျေနပ်နှစ်သိမ့်သွားပြီးသော်၊ အမဲလိုက်မည့်အစီအစဉ်ကို ဆက်လက်ပြုလုပ်ရန် အမိန့်ပေးလိုက်လေသည်။ ရူးရှသော ခရာသံများထွက်ပေါ်လာကြ၏။ အမဲလိုက်ခွေးများက အူကြ ဟောင်ကြကာ မြင်းများကလည်း ခုန်ပေါက် မြူးထူးလျက် ရှိကြလေသည်။ သို့ရာတွင် မှူးမတ် ဗိုလ်ပါများနှင့် မင်းစိုးရာဇကတော်များကမူ နံနက်ခင်း ခရာမှုတ်ချိန်ကနှင့်မတူဘဲ လွန်စွာခြားနားလျက်ရှိကြသော စိတ်နှလုံးများဖြင့် သူတို့အား ဆင့်ခေါ်ထားသော အမဲလိုက်ပွဲကြီးသို့ အသီးသီးလိုက်ပါသွားကြလေတော့၏။

*



( ၁၄ )

အောင်မြင်စွာ ပြီးဆုံးသွားသော နံနက်ခင်း အမဲလိုက်ပွဲကြီးနှင့် ရဲတိုက်သို့ ဘုရင်မကြီးပြန်အရောက်တွင် ဆက်လက်ကျင်းပရသော စားသောက်ပွဲကြီး ပြီးဆုံးတော့မှပင်၊ လီဆတ်စတာသည် ဗားနေးနှင့် နှစ်ယောက်ချင်းတွေ့ဆုံခွင့်ကို ရရှိတော့၏။ ထိုအခါမှ ကီနဝါသို့ဖော်စတာ ယူဆောင်လာခဲ့သော အမတ်ကတော်လေး ထွက်ပြေးသည့် အကြောင်းအရာ အစုံအလင်ကို ဗားနေးထံမှ ရရှိလေသည်။

'သခင်မလေးကသာ အခြေအနေအရ ပြောင်းလဲထားရတဲ့ အမည်ကိုလက်ခံပြီး၊ ကျွန်တော်တို့စီမံရာကို လိုက်နာမယ်ဆိုရင်တော့ ပြေလည်အောင် ဆောင်ရွက်နိုင်ကြပါတယ်'

'မှန်တယ် ဆာရစ်ချတ် . . စင်စစ်မှာလည်း ဒီလိုလုပ်ဖို့ကလွဲပြီး တခြားလမ်းလည်း မရှိတော့ဘူး၊ ကျုပ်မျက်မှောက်မှာ သူ့ကိုမောင်မင်းရဲ့ မိန်းမအနေနဲ့ ဝေးတဲ့နေရာကို မရောက်မချင်း သူဒီနာမည်ကို ခံရမှာပဲ၊ ကျုပ်လည်း ဘယ်လိုစီစဉ်ရမယ်ဆိုတာ စဉ်းစားပြီးပါပြီ။ ဒါကြောင့် အေမီကို ကျုပ်ကိုယ်တိုင်တွေ့ပြီး စကားပြောရလိမ့်မယ်'



www.burmeseclassic.com

www.burmeseclassic.com



ဗားနေးက ထိတ်လန့်သော အမူအရာဖြင့် . . .

'အရှင်ကိုယ်တိုင် သခင်မလေးနဲ့ စကားပြောဖို့ ဖြစ်ပါ့မလား'

'ဒါ ကျုပ်ဆုံးဖြတ်ပြီးတဲ့ အကြံပဲ၊ ကိုင်း ကျုပ်ဖို့ အစေခံတွေ ဝတ်တဲ့ ဝတ်ရုံကြမ်းတစ်ထည် ယူခဲ့စမ်းပါ၊ မောင်မင်းရဲ့ အစေခံအဖြစ်နဲ့ ကျုပ် ကင်းစောင့်တပ်တွေကို ဖြတ်သွားမယ်၊ မောင်မင်းကတော့ သူ့ဆီကို ဝင်နိုင်ထွက်နိုင်တဲ့လူပဲ'

'နို့ပေမယ့် အရှင် . .'

'ကျုပ် ဘာ နို့ပေမယ့်တွေကိုမှ မလိုချင်ဘူး . . ဒီအတိုင်းပဲ လုပ်ရလိမ့်မယ်၊ ကိုင်း ဝတ်ရုံကိုသာ ခပ်ချက်ချင်း ကျုပ်ဆီကို ယူခဲ့စမ်းပါ'

ဗားနေးသည် အမိန့်ကိုနာခံရန်မှတစ်ပါး အခြားမည်သို့မျှ ပြုလုပ်ရန် မတတ်နိုင်တော့ပေ၊ မိနစ်အနည်းငယ်အတွင်းမှာပင် လီဆတ်စတာသည် ဝတ်ရုံကြမ်းကြီးကိုဝတ်ဆင်ကာ ခေါင်းအုပ်ကို နဖူး အုပ်ဆောင်းပြီးလျှင် 'ဟန်းဆဒမ်'၏ အခန်းများနှင့်ဆက်သွယ်လျက်ရှိ သော ရဲတိုက်ကြီး၏ လျှို့ဝှက်သော လမ်းကြောင်းကလေးတစ်လျှောက် ဗားနေး နောက်မှ ရပ်ဖျောက်လိုက်ပါသွားလေ၏။ ထိုလမ်းကြား ကလေးအတွင်း၌ကား စပ်စပ်စုစုလုပ်လိုသည့် သူစိမ်းတစ်ရုံဆံ လူတစ် ယောက်ယောက် ကို တွေ့ရှိရန် ခဲယဉ်းလေသည်။ သို့နှင့် သူတို့သည် လေဒီဟန်းဆဒမ်း နေသည့်တံခါးဝသို့ ရောက်ရှိလာကြသည်တွင် အစောင့်အဖြစ်ချထားသော သူ၏ငယ်သားတစ်ယောက်ဖြစ်သူက ဆာ ရစ်ချတ်ဗားနေးနှင့် သူ၏နောက်လိုက်အား တံခါးဖွင့်ပေးရင်း . . .

'အရှင် စိတ်မနှံ့တဲ့ သခင်မလေးကို ငြိမ်အောင် လုပ်ပေးစေချင် ပါတယ် . . ဘာကြောင့်လဲဆိုတော့ တစ်ချိန်လုံး သူ့ညည်းညူဆူပူသံ တွေကြောင့် ခေါင်းနောက်လွန်းလို့ ကျွန်တော်ဖြင့် သူ့အစား နှင်းခံ





ကြီးတစ်ပုံသာ စောင့်ကြည့်နေချင်တော့တာပဲ . .'

သူတို့သည် အခန်းတွင်းသို့ လျှင်မြန်စွာဝင်လိုက်ပြီးနောက် နောက်ဘက်မှ တံခါးကို ပိတ်လိုက်ကြလေသည်။

အေမီသည် ဆံပင်နှင့် အဝတ်အစားများ ဖရိုဖရဲဖြင့် ကုတင် တစ်လုံးပေါ်တွင် စိတ်မချမ်းသာလှသော အမူအရာနှင့် ထိုင်လျက်ရှိရာမှ တံခါးဖွင့်သံကြောင့် ရုတ်တရက်လန့်သွားဟန်တူလေသည်။ သူသည် နောက်သို့လှည့်ကာ ဗားနေးအား စိုက်ကြည့်ရင်း . . .

'လူယုတ်မာ ရှင်က ကျွန်မဆီကို တစ်နည်းတစ်လမ်းထပ်ပြီး ကလိမ်ဉာဏ်ဆင်ရအောင်လို့ လာပြန်တာလား'

ဟု မေးလိုက်၏။

လီဆတ်စတာက ရှေ့သို့ရောက်အောင် လှမ်း၍ကျော်တက် ကာ သူ၏ ဝတ်ရုံကြီးကို ချွတ်ချလိုက်ပြီးနောက် . . .

'ကျုပ်နဲ့ ဆွေးနွေးဖို့ပါ မဒမ်၊ ဆာရစ်ချတ်ဗားနေးနဲ့ မဟုတ် ပါဘူး'

ဟု ကြားဖြတ်၍ ပြောလိုက်လေသည်။ ထိုအခါ အမတ် ကတော်လေး၏ အမူအရာမှာ မျက်လှည့်ပြလိုက်သကဲ့သို့ ရုတ်တရက် ပြောင်းလဲသွားပြီးနောက် . . .

'ဒတ်(ဒ)လေ . . ဒတ်(ဒ)လေ . . မောင် ရောက်လာပြီနော်'

ဟု ပြောရင်း သူ၏ယောကျ်ားရှိရာသို့ ပြေးလာကာ လည်ပင်း ကို လှမ်းဖက်လိုက်ပြီးလျှင်၊ ဗားနေးရှိနေသည်ကို အလျဉ်း ဂရုမစိုက် ဘဲ လီဆတ်စတာအား အထပ်ထပ် နမ်းရှုံ့နှုတ်ဆက်လိုက်လေသည်။

လီဆတ်စတာကလည်း ချစ်သူ၏အနမ်းများကို ယုယမြတ် နိုးလှစွာ တုန့်ပြန်လိုက်သော်လည်း သူ၏ ယုယမြတ်နိုးခြင်းအတွင် မသာယာသော စိတ်နှလုံးမှာ ရောစွက်လျက်ရှိနေသည်။ ပီတိဟုန် လွှမ်း



www.burmeseclassic.com

www.burmeseclassic.com



မိုးလျှက်ရှိသော အေမီက ထိုအချင်းအရာကို နောက်မှ သတိထားမိသဖြင့် ရုတ်နှာကို စိတ်အားထက်သန်စွာကြည့်ရှုရင်း . . .

'မောင်တော် နေမကောင်းလို့လား ဟင် . .'

'ကိုယ်ကြီးက မမာမကျန်းဖြစ်တာတော့ မဟုတ်ပါဘူး အေမီ'

'ဒီလိုဆိုရင် ကျွန်မလည်း ပြန်ကျန်းမာလာတော့မှာပဲ၊ အိုဒတ်(ဒ)လေ ကျွန်မလေ မမာမကျန်းဖြစ်ခဲ့သေးတယ်၊ သိပ်ကို မမာမကျန်းဖြစ်တာမှ ကျွန်မတို့ နောက်ဆုံးတွေ့ပြီးကတည်းကပဲ . . ဒီနေ့မနက်တွေ့ရတဲ့အဖြစ်ကိုတော့ ကျွန်မက 'တွေ့တယ်' လို့ မခေါ်ပါဘူး။ ကျွန်မဖြင့် လူကလည်း မကျန်းမာ စိတ်ကလည်း မချမ်းသာ၊ ဘေးအန္တရာယ်တွေကလည်းပတ်ပတ်လည်ဝိုင်းနေ၊ နို့ပေမယ့် ခုတော့ မောင်ရောက်လာလို့ စိတ်လည်းချမ်းသာ၊ လူလည်းကျန်းမာ၊ ဘေးရန်ဟူသမျှလည်း ပပျောက်ကုန်ပါပြီ'

'နို့ပေမယ့် အေမီရယ် . . မင့်က မောင့်အကျိုးပျက်အောင်လုပ်တယ်ကွယ်'

(ဝမ်းသာရွှင်လန်းနေသော အရောင်အသွေးကလေးများ မျက်နှာပေါ်မှ ပြန်၍ ပျောက်သွားလျက် . .)

'ဟင် ကျွန်မကိုယ်ထက်ချစ်တဲ့ လူကို ဘယ်နှင့်လုပ်ပြီး ကျွန်မက အကျိုးပျက်အောင် လုပ်ပါ့မတဲ့လဲ'

'ကျုပ် မင့်ကို အပြစ်မတင်ပါဘူး အေမီ၊ နို့ပေမယ့် မင်းဟာ မင်းရောကျုပ်ပါ နှစ်ယောက်စလုံး ဒုက္ခတွေ့အောင် ကျုပ်အမိန့်ကိုလွန်ဆန်ပြီး ဒီကိုရောက်လာခဲ့တယ် မဟုတ်လား'

'တကယ် ဒီအတိုင်းပဲလားဟင် . . ဒီလိုဆိုရင် ကျွန်မဒီမှာဘာလို့ ဆက်ပြီးနေတော့မလဲ အို တကယ်လို့ 'ကူးနားပလေ့'က ဘယ်လိုကြောက်လန့်စိတ်တွေကြောင့် ကျွန်မထွက်ပြေးလာရတယ်ဆိုတဲ့





အကြောင်းကိုသာ မောင်သိရရင်တော့ နို့ပေမယ့်လေ ကျွန်မရဲ့အကြောင်းတွေကို ဘာမှမပြောချင်တော့ပါဘူး၊ တခြားအကြောင်းနဲ့သာဆိုရင်တော့ ကျွန်မအဲဒီကို ပြန်မယ်မဟုတ်ဘူး၊ နို့ပေမယ့် မောင့်ရဲ့လုံခြုံချမ်းသာရေးနဲ့ ပတ်သက်တယ်ဆိုရင်တော့ . .'

'ကျုပ်တို့ တခြားတစ်နေရာကို စဉ်းစားရတာပေါ့ အေမီ၊ မြောက်ပိုင်းက ကျုပ်ရဲ့ ရဲတိုက်တစ်ခုခုရှိရာကို ဗားနေးရဲ့ ဇနီးသည်အဖြစ်နဲ့ (ဒါကတော့ မလုပ်မဖြစ်လို့ လုပ်ရတာပဲ) ရက်အနည်းငယ်လောက် မင်းသွားနေရလိမ့်မယ်'

(လီဆတ်စတာ၏ ရင်ခွင်ထဲမှ ရုန်းထွက်ပြီးနောက် . .)

'ဘယ့်နှယ့်လီဆတ်စတာ၊ ကိုယ့်ကိုယ်ကို တခြားလူတစ်ယောက်ရဲ့မိန်းမအဖြစ်၊ ဒီ ဗားနေးရဲ့မိန်းမအဖြစ် အသိအမှတ်ပြုရမယ်ဆိုတဲ့ ရက်စရာကောင်းလှတဲ့ အကြံဉာဏ်ကိုများ မောင်က မောင့်ဇနီးသည်ကို ပေးရသတဲ့လား'

(အေမီ၏ ဖီလာစကားကြောင့် အနည်းငယ် စိတ်ထွက်လာလျက် . .)

'ဒါကတော့ မိန်းမတွေရဲ့ စိတ်အပြောင်းအလဲ မြန်တတ်တဲ့သဘာဝအလျောက်၊ မင်း ဖန်တီးမယ့် ဘေးရန်တွေက ကျုပ်တို့နှစ်ယောက်စလုံး လုံခြုံစိတ်ချရအောင် ယာယီစီမံရတဲ့ ကိစ္စတစ်ခုပဲ၊ ဒီနည်းကလွဲပြီး တခြားနည်း လုပ်စရာလမ်း မရှိတော့ဘူး၊ မင်းရဲ့ သည်းမခံနိုင်တဲ့ မိုက်မဲမှုကြောင့် ဖြစ်လာရတဲ့ အစီအစဉ်ကို မင်းမလိုက်နာလို့ မဖြစ်ဘူး၊ လိုက်နာဖို့ ကျုပ်မင့်ကို အမိန့်ပေးတယ်'

'ဂုဏ်သရေနဲ့ ကိုယ်ကျင့်တရားကို ထောက်ထားတဲ့အနေနဲ့ မောင့်ရဲ့အမိန့်ကို ကျွန်မ မလိုက်နာနိုင်ဘူး . . ခု အစီအစဉ်တိုင်း ဘယ်နည်းနဲ့မှ ကျွန်မ မလိုက်နိုင်ဘူး၊ မောင်ကတော့ ကိုယ့်ဂုဏ်သရေကို



www.burmeseclassic.com

www.burmeseclassic.com



ပျက်ပြားစေမယ့် ကွေ့ကောက်ဆန်းပြားတဲ့ လမ်းစဉ်တွေကို အောင်မြင်အထမြောက်အောင် ပြုလုပ်ချင်ပြုလုပ်ပေမှာပဲ၊ နို့ပေမယ့် ကျွန်မကတော့ ကျွန်မရဲ့ ဂုဏ်သရေကိုထိခိုက်မယ့် အမှုမျိုးကို ဘယ်တော့မှ မတွေးလွန်ဘူးမှတ်ပါ၊ ဒါနဲ့ မေးပါရစေ ကြောက်ရွံ့အားငယ်တတ်တဲ့ မိန်းမသားကလေးတစ်ယောက်မျှသာဖြစ်တဲ့၊ မောင်ရဲ့ ဇနီးသည်က ခုလောလောဆယ် ဖြစ်ပေါ်နေတဲ့၊ ပြဿနာအတွက် ပေးနိုင်မယ့်အကြံဉာဏ်ကို အရှင်အမတ်မင်းက နားထောင်လိုတဲ့ ဆန္ဒများရှိတော်မူပါသလား'

လီဆတ်စတာသည် အမတ်ကတော်လေးအား ဆက်လက်၍ ပြောဆိုခွင့်ပေးထားသကဲ့သို့ ဦးခေါင်းကိုငုံ့ကာ ငြိမ်သက်၍ နေလေသည်။

(အေမီက ဆက်လက်၍ . .)

'ဒီပြဿနာဆိုးတွေ ပြေလည်ပပျောက်အောင်လုပ်ဖို့ရာ နည်းလမ်းတစ်လမ်းတည်းပဲ ရှိပါတယ်မောင် . . ဒီနည်းကတော့ မောင့်ကိုယ်မောင် ဘေးကြပ်နံကြပ်ဖြစ်အောင် စကားနှစ်ခွပြောထားမိလို့ ရှုပ်ရှုပ်ထွေးထွေးဖြစ်နေတဲ့ ကိစ္စတွေဟာ သူ့အလိုလို ဖြေရှင်းပြီးသားဖြစ်နေတာပဲ။ မောင့်ကိုယ်မောင် ဂုဏ်ကျက်သရေကင်းမဲ့စေတဲ့ ဒီအချုပ်အချယ်ထဲက ခုချက်ချင်း ရုန်းထွက်လိုက်စမ်းပါ . . ပြီးတော့ မောင့်ဇနီးရဲ့လက်ကို အဲလစ်ဇဘက်ဘုရင်မကြီးရဲ့ ရာဇပလ္လင်ခြေတော်ရင်းရောက်တဲ့အထိ ဆွဲခေါ်သွားပြီး ဟောဒီ အေမီရိုဗတ်ရဲ့ရုပါကို မြင်မြင်ချင်း အရှုးအမူးတပ်မက် ယိမ်းယိုင်မိတဲ့အတွက် ကျွန်တော်မျိုးတော့ လက်ထပ်မိပါပြီလို့ လျှောက်တင်လိုက်တာပေါ့၊ ဘယ်သူကမှလည်း နောက်ကြောင်းတွေကို ခြေရာလိုက်ကောက်နေနိုင်မှာ မဟုတ်ပါဘူး၊ အဲဒီလိုဆိုရင် ကျွန်မအပေါ်မှာလည်း တရားသဖြင့် ပြုရာရောက်ရော





မောင့်ရဲ့ဂုဏ်ကိုလည်း ဆယ်နိုင်ရော၊ ပြီးတော့ ကျွန်မက ငြင်းဆန်မှာမဟုတ်ဘဲ မောင်နဲ့ ကျွန်မကို ဘယ်ဥပဒေ ဘယ်အာဏာကလာပြီး ခွဲနိုင်ဦးမှာတဲ့လဲ'

အမတ်ကတော်လေး၏ အကျိုးသင့်အကြောင်းသင့် ပြောကြားပုံမှ တည်ကြည်ခဲ့ညားလှသည့်အပြင် သနားဖွယ် နူးညံ့သိမ်မွေ့လှသည်ဖြစ်ရကား၊ စိတ်ထားမြင့်မြတ်၍ ကြင်နာခြင်းရှိတတ်သော သူ့ခင်ပွန်းသည်၏ နှလုံးသားမှာ အရည်ပျော်ကျလုမတတ်ရှိနေတော့၏။ ပစ်ပစ်ခါခါပြုမိသော သူ၏အပြစ်များကြောင့်လည်း ရှက်ရွံ့နောင်တရမိဟန် တူလေသည်။

'ဂုဏ်ဒြပ်ရဲ့နောက်ကို မစူးစမ်း လိုက်ပါမိတဲ့ ကျုပ်လိုလူနဲ့၊ မင့်လိုစိတ်ထားမျိုးရှိတဲ့သူနဲ့ နည်းနည်းမှတောင် မထိုက်တန်ပါဘူး အေမီ၊ ကိုင်း ကိုင်း မင့်ကို ကျုပ်ပိုင်တဲ့သူအဖြစ်နဲ့ အပြစ်လွတ်အောင် မင်းတစ်ယောက်တည်းနဲ့သာ ထိုက်တန်တဲ့ စွန့်စားမှုကြီးကို စွန့်စားဆောင်ရွက်စရာ ကိစ္စရှိနေသေးလို့ သွားလိုက်ဦးမယ် အေမီရယ် . . . မင်း ကျုပ်ဆီက မကြာခင် နောက်ထပ်သတင်းကြားရပါလိမ့်မယ်'

သို့နှင့် သူသည် အေမီအား 'စိတ်ပါလက်ပါ ဖက်ယမ်းပိုက်ပွေ့ နှုတ်ဆက်ပြီးနောက် ယခင်အတိုင်း ဝတ်ရုံကြီးကို လွှမ်းကာ လာခဲ့သောလမ်းအတိုင်း သူ့အခန်းရှိရာသို့ ဗားနေးနှင့်အတူ ပြန်လည်ထွက်ခွာ သွားလေ၏။။

*



www.burmeseclassic.com

www.burmeseclassic.com

## ( ၁၅ )

လီဆတ်စတာသည် အမတ်ကတော်လေး၏အကြံကို လုံး၀ လိုက်နာဆောင်ရွက်ရန် သန္နိဋ္ဌာန်ချထားလေသည်။ သို့ရာတွင် ဗားနေးကား အမတ်ကြီး နိမ့်ပါးလျော့ကျတော့မည်ကို ကောင်းစွာသိ၏။ သို့ဖြစ်၍ သူ၏ကိုယ်ကျိုးအတွက် ဗားနေးသည် အမတ်ကတော်လေးနှင့် ထရက်ဆီးလီးယန်းတို့၏ အဆက်အသွယ်ရှိပုံများကို မတားရားကုန်းချောခြင်း ပြုလေသည်။ ထိုစကားကို ကြားသိရသောအခါ လီဆတ်စတာမှာ ဒေါသမီး ဟုန်းကနဲတောက်လောင်ကာ ၀န်တိုမိစ္ဆာစိတ်များ ဖြစ်ပေါ်လာလျက်၊ ၎င်းတို့နှစ်ယောက်စလုံး သေရမည်ဟု စိတ်ကို ဆုံးဖြတ်လိုက်၏။ သို့နှင့် ဗားနေးက အမတ်ကတော်လေးအား 'ကူးနား'သို့ ပြန်လည်စောင့်ရှောက်ခေါ်ဆောင်သွားရန်နှင့် မည်သည့်ကိစ္စမဆို ဆောင်ရွက်နိုင်ရန် အာဏာလွှဲအပ်ခြင်းခံရသည့်အနေဖြင့် အမတ်ကြီး၏ တံဆိပ်လက်စွပ်ကို သက်သေအဖြစ် ယူဆောင်ထားရန် အစီအစဉ်များ ပြုလုပ်ကြလေသည်။

ယင်းကဲ့သို့ ဖြစ်ပျက်သည့်နေ့ ညဥ့်အချိန်သို့ ရောက်လတ်





သော် နန်းတွင်းသားများသည် ညစာခန်းမကြီးထဲမှ ထွက်ခွာလာကြပြီးလျှင် ထိုနေ့ည ပျော်ရွှင်ပွဲအစီအစဉ်ဖြစ်သည့် မျက်နှာဖုံးစွပ်ကပွဲကြီးအတွက် မဟာခန်းမဆောင်ကြီးထဲတွင်စုရုံးလျက်ရှိကြသည်။ ထိုအချိန်၌ ဘုရင်မကြီးရောက်လာ၍ 'ဝစ်လိုဗီအမတ်ကြီး' 'ရလေးအမတ်ကြီး' နှင့် အခြားနန်းတွင်းသားအချို့အား လီဆတ်စတာအမတ်ကြီးက မလိမ့်တပတ်ပြု လုပ်သည့်အကြံကို အောက်ပါအတိုင်းမိန့်ဆို၍ ဖျက်ပစ်လိုက်၏။

'ဒီမှာ အမတ်ကြီးရဲ့ . . ကျွန်ုပ်တို့ကို အူတက်မတတ် ရယ်မောရအောင် ကြံတဲ့အကြံကို လက်မလျှော့ရင်တော့ အမတ်ကြီးကို ကျွန်ုပ်တို့က သစ္စာဖောက်မှုကြီးနဲ့ စွပ်စွဲရလိမ့်မယ်၊ ဟောဟိုမှာ ကျွန်ုပ်တို့ဆေးဆရာကြီး 'မတ်စတာ' လာနေပြီ မဟုတ်လား . . လေဒီဗားနေးရဲ့သတင်း ပါလာတယ်နဲ့တူတယ်၊ ဘယ့်နှယ့်လဲ မတ်စတာ လက်ထပ်မယ့် သတို့သမီးထွက်ပြေးတာ သင်ကဘယ်လို သဘောရသလဲ'

'လေဒီဗားနေးဟာ စိတ်မကြည်မလင် သုန်သုန်မှုန်မှုန်နဲ့ စစ်ဆေးမေးမြန်းချက်တွေကို အဖြေမပေးဘဲ ငြင်းဆန်နေပါတယ်၊ ဒီလိုပြုမူနေတာဟာ သမားတော်ရဲ့ ထောက်ခံချက်ကို ဝန်ခံရာရောက်နေပါတယ်။ ကျွန်တော်မျိုးကတော့ သူဟာ စိတ်မနှံ့တဲ့ရောဂါထက် စိတ္တဇရောဂါခံစားနေရခြင်းမျှသာဖြစ်တယ်လို့ ထင်မြင်မိပါတယ်။ ဒါကြောင့် သူ့ကို သူ့ယောကျ်ားကိုယ်တိုင်ပဲ သူ့အိမ်မှာ ဂရုတစိုက် စောင့်ရှောက်ထားတာဟာ အကောင်းဆုံးပဲလို့ သဘောရမိပါတယ်'

'ဒီလိုဖြင့် သူ့ကို မြန်မြန်ခေါ်သွားနိုင်အောင် စီမံကြပေတော့၊ ဗားနေးက သူ့ကို ၀တ္တရားကျေပွန်စွာနဲ့ ကြင်ကြင်နာနာ ဂရုစိုက်စောင့်ရှောက်ပါစေ၊ နို့ပေမယ့် သူတို့ကိုတော့ ရဲတိုက်နဲ့လွတ်ကင်းတဲ့နေရာကို သွားကြပေစေနော်၊ ဒီလို လုပတဲ့ ရုပ်ရည်ကလေးနဲ့ ဒီလောက်



www.burmeseclassic.com

www.burmeseclassic.com



အသိဉာဏ်တင်းမဲ့တဲ့အဖြစ်ကို ရောက်နေတာဟာ တစ်နည်းအားဖြင့်တော့ သနားစရာ အတော်ကောင်းနေတာပဲ၊ ဘယ့်နှယ့်လဲ အမတ်ကြီးရဲ့ မောင်မင်းတကော ဘယ်လိုသဘောရသလဲ'

'မိန့်တော်မူတဲ့အတိုင်း အမှန်ပဲ သနားစရာကောင်းလှပါတယ်'

ဟု လီဆတ်စတာ အမတ်ကြီးက ဘုရင်မကြီး၏ စကားအတိုင်း လိုက်၍ ပြောလိုက်လေသည်။

ထိုခဏ၌ မျက်နှာဖုံးသမားများအား စတင်ဝင်ရောက်ကကြရန် ကြေညာသည့် ဘင်ခရာသံများသည် ခန်းမဆောင်ကြီးကိုစီး၍ ကြည့်ရှုနိုင်သော အထပ်ထပ် စင်္ကြံဆောင်ဆီမှ သာယာငြိမ့်ညောင်းစွာ ပေါ်လာလေသည်။

ကပွဲသဘင် အခမ်းအနားကြီးသည် အစေခံများနှင့်တကွ ရဲတိုက်အတွင်းမှ အခြားသော အောက်တန်းစားလူများကိုပါ များစွာစိတ်ပါဝင်စားလာစေသည်ဖြစ်ရကား။ ၎င်းတို့အနက်မှ များစွာကုန်သောသူတို့သည် ဘုရင်မကြီး၏ရှေ့တော်၌ ရှိသေလေးစားစွာ နေကြရမည့်အဖြစ်ကိုပင် မေ့လျော့သွားကြပြီးလျှင် ခန်းမဆောင်ကြီး၏အောက်ပိုင်းကျသောနေရာသို့ တိုးဝှေ့ဝင်ရောက်ကြည့်ရှုလျက် ရှိကြလေ၏။ လီဆတ် စတာအမတ်ကြီးလည်း အခွင့်မပေးဘဲ ဝင်ရောက်လာကြသောသူများအား ဘုရင်မကြီးရှေ့တော်တွင် အနှောင့်အယှက်မရှိစေရန် ဖယ်ရှား နှင်ထုတ်ရာ၌ သူ၏လက်အောက်ခံအရာရှိများမှာ အခက်အခဲတွေ့လျက်ရှိသည်ကို သိမြင်ရသဖြင့်၊ ခန်းမဆောင်အောက်ပိုင်းဘက်သို့ သူကိုယ်တိုင်ရောက်သွားလေသည်။ ထိုအခါတွင် အဲလစ်ဇဘက်သည် သာမန်လူများအပေါ်၌ ကြင်နာတတ်သည့်အတိုင်း ထိုသူများအား နှောင့်ယှက်ခြင်းမပြုဘဲ၊ ကပွဲသဘင်အခမ်းအနားကြီးကို ကြည့်ရှုရန် ထိုနေရာ၌ နေခွင့်ပေးသင့်ကြောင်းနှင့် တောင်း ပန်လေသည်။ သို့နှင့်





အမတ်ကြီးမှာ တိတ်ဆိတ်စွာနေလိုက်ရမှ ခန်းမဆောင်အောက်ပိုင်းမှ လူအုပ်ကြီးအား ခြေဟန်လက်ဟန်ဖြင့် အရိပ်ပြရလေတော့၏။ သို့ရာတွင် သူသည် ဘုရင်မကြီးအနီးသို့ ပြန်လည်သွားရောက်ကာ စောင့်ရောက်ရမည့်အစား သူ၏ဝတ်ရုံကြီးကို ကိုယ်ပေါ်သို့ရစ်ပတ်သိုင်းခြုံလိုက်ပြီးလျှင် မထင်မရှားသော ပွဲကြည့်သူတစ်ယောက်အနေနှင့် လူအုပ်ကြီးအတွင်းသို့ ဝင်ရောက်ရောနှောကာ ရပ်နေလိုက်လေသည်။

ကပွဲကြီး ပြီးဆုံးသွား၍ ခန်းမဆောင်ကြီးအတွင်းမှ မျက်နှာဖုံးသမားများ တရွေ့ရွေ့ထွက်ခွာစပြုခိုက်တွင် လီဆက်စတာသည် သူ၏ဝတ်ရုံကြီးကို နောက်ဘက်မှ တစ်ယောက်ယောက်က ဆွဲလိုက်ခြင်းခံရပြီးနောက် သူ့နားနားသို့ကပ်၍ . . .

'အမတ်ကြီး ကျွန်တော် ခင်ဗျားနဲ့ စကားနည်းနည်းလောက် ပြောချင်ပါတယ်'

ဟု တီးတိုးပြောလိုက်သောအသံတစ်သံကို ကြားလိုက်ရလေသည်။

မည်းနက်သော ဝတ်ရုံနှင့် မျက်နှာပေါ်မှ မျက်နှာဖုံးကြောင့် စကားပြောသူ၏ ပုံပန်းသဏ္ဌာန်ကို မမှန်းတတ်အောင်ရှိနေရကား၊ လီဆတ်စတာက . . .

'ခင်ဗျား ဘယ်သူလဲ၊ ကျုပ်နဲ့ ဘာကိစ္စရှိလို့လဲ၊ ကျုပ် ခင်ဗျားနာမည်ကိုသိချင်တယ်'

ဟု ပြောလိုက်လေသည်။

'ကျွန်ဝေါလ်နယ်က အီမန်ထရက်ဆီးလီးယန်းပါတဲ့၊ ကျွန်တော့်မှာ (၂၄)နာရီ တာဝန်ခံထားရတဲ့ ကတိတစ်ခုကြောင့် ပါးစပ်အချုပ်မိနေခဲ့ပါတယ်၊ ခုတော့ အဲဒီအချိန်က လွန်လာခဲ့လို့ ကျွန်တော် စကား ပြောနိုင်ပါပြီ၊ ဒါကြောင့် ကျွန်တော့်ကိုယ်ကို ကျွန်တော် ခုလို



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ဆော်ပြီး အမတ်ကြီးနဲ့ ဆက်သွယ်ရပါတယ်'

အခိုက်အတန့်အတွင်း၌ ထရက်ဆီးလီးယန်း၏အကြံအစည်ကိစ္စအဘို့ကို တစ်စမကျန် ရိပ်မိသိရှိစေရန်လည်းတစ်ကြောင်း၊ မိမိ၏ သက်အားချေလိုမှုကို တစ်ဘက်သားမရိပ်မိ မသိရှိစေဘဲ လုံခြုံသိပ်သည်းစွာ ရှိစေလိုသည်တစ်ကြောင်းတို့ကြောင့် အမတ်ကြီးသည် မိမိအသံကို တတ်နိုင်သမျှ ဒေါသသံမပါအောင် သတိထားလျက် . . .

'ကျုပ်ဆီက ဘယ်လိုအကူအညီမျိုးကို မစ္စတာထရက်ဆီးလီးယန်း လိုချင်လို့ပါလဲ'

ဟု ပြန်မေးလိုက်၏။

(အေးဆေးလေးနက်သော အသံဖြင့် . .)

'တရားမျှတမှုကို လိုချင်လို့ပါပဲ အမတ်ကြီး'

'တရားမျှတမှု ဒါကိုတော့ အားလုံးလူတွေ ရထိုက်ပေတာပဲ၊ အထူးသဖြင့် မစ္စတာထရက်ဆီးလီးယန်းဆိုရင် မုချ ရရပေမှာပေါ့၊ စိတ် သာချပါလေ ရပါစေ့မယ်'

'ခင်ဗျားရဲ့ မြင့်မြတ်တဲ့စိတ်သဘောထားကြောင့် နည်းနည်းကလေးမှ လျော့ပါးပြီး ရလိမ့်မယ်လို့ ကျွန်တော်မမျှော်လင့်ပါဘူး၊ နို့ပေမယ့် အချိန်ကမရှိလေတော့ ခုညပဲ ခင်ဗျားနဲ့ကျွန်တော် စကားပြောလိုပါတယ်၊ ကျွန်တော် ခင်ဗျားအခန်းထဲကနေပြီး စောင့်နေရမလား'

(တင်းမာသောအသံဖြင့် . .)

'မစောင့်ပါနဲ့၊ နေအိမ်ထဲမှာ မဖြစ်ပါဘူး၊ ပြီးတော့ ဒီအိမ်ကလည်း ကျုပ်ပိုင်တဲ့ အိမ်ဖြစ်နေတယ်၊ လွတ်လပ်တဲ့ လေဟာပြင်မှာ ကျုပ်တို့ချင်းတွေ့ကြမယ်'

'ခင်ဗျားကြည့်ရတာ နားမရှင်းသေးဘူးနဲ့ တူတယ်၊ ဒါမှမဟုတ်ရင်လည်း သဘောမကျဘူးထင်တယ်၊ နို့ပေမယ့် ခုကိစ္စက





ဒေါသထွက်စရာအကြောင်း ဘာမှမရှိပါဘူး၊ နေရာကတော့ ကျွန်တော့်အဖို့ ဘယ်နေရာပဲဖြစ်ဖြစ် အတူတူချည့်ပါပဲ၊ ဒါဖြင့်ရင်လည်း အချိန်ထဲက နာရီဝက်လောက်တော့ ကျွန်တော့်ကို ခွင့်ပြုမှာပေါ့နော်'

'အချိန် ဒီထက်နည်းနည်းနဲ့ပဲ လုံလောက်လိမ်မယ်လို့ ကျုပ်ယုံကြည်တယ်၊ သူ့အဆောင်တော်ကို ဘုရင်မကြီး ပြန်ကြွသွားတဲ့အချိန်မှာ ကျုပ်ကို 'ပလဲဆင့်' ဥယျာဉ်ထဲမှာ လာတွေ့ပါ'

'ကောင်းပါပြီ ခင်ဗျာ'

ဟုပြောကာ ထရက်ဆီးလီးယန်းသည် နောက်သို့ဆုတ်ကာ ထွက်ခွာသွားသည်တွင် လီဆက်စတာလည်း သူ့အား လမ်းဖယ်ပေးကြသော လူအုပ်ကြားမှဖြတ်ပြီးလျှင် မနာလိုမုန်းတီးစိတ် ချီးမွမ်းအံ့ဩစိတ်များဖြင့် သူ၏နေရာဖြစ်သော ဘုရင်မကြီးနံဘေးသို့ ပြန်သွားလေ၏။

ထို့နောက် သူသည် စိတ်ထဲကပင်မပါသော်လည်း စကားများကို ဟန်မပျက် ဆက်လက်ပြောဆိုလျက်ရှိလေ၏။ ဘုရင်မကြီးအဖို့ကား တိတ်ဆိတ်ငြိမ်သက်စွာ အချိန်အပိုင်းအခြားနှင့် နေလေ့ရှိသော သူ၏ဓလေ့နှင့်ဆန့်ကျင်လျက်ရှိသော ပတ်ဝန်းကျင်ကိုပင် များစွာ ကျေနပ်နှစ်သိမ့်ဟန်ဖြင့် ရဲတိုက်မှ သန်းခေါင်းယံခေါင်းလောင်းထိုးပြီးမှပင် လူအုပ်ထဲမှဖဲ့ထွက်ကာ ကြွသွားတော်မူသည်။ ဘုရင်မကြီးထွက်ခွာကြွမြန်းတော်မူခြင်းမှာ လူစုခွဲရန် အချက်ပေးခြင်းပင်ဖြစ်ရကား ပရိသတ်များလည်း အသီးသီးထွက်ခွာသွားကြလေ၏။

စိတ်လက်မချမ်းမြေ့ရှာသော ရဲတိုက်ပိုင်ရှင် အမတ်ကြီးမှုကား သူ့အတွေးနှင့်သူ အခန်းထဲသို့ ပြန်လည်ရောက်ရှိနေပြီးလျှင်၊ သူ့ထံသို့ ဗားနေးချက်ချင်း လာရောက်ရန် အစေခံတစ်ယောက်အား အခေါ်လွှတ်လိုက်လေသည်။ အချိန်အတန်ကြာမှ အစေခံပြန်ရောက်လာ၍ အာရစ်



www.burmeseclassic.com

www.burmeseclassic.com



ချတ်ဗားနေးသည် အခြားသူသုံးယောက်နှင့်အတူ ရဲတိုက်နောက်ဖေး ခင်းပေါက်မှ ထွက်သွားသည်မှာ တစ်နာရီခန့်ကြာရှိပြီဖြစ်ကြောင်း၊ ၎င်းတို့အနက်မှ တစ်ယောက်မှာ မြင်းထမ်းစင်တစ်ခုထဲတွင် လိုက်ပါသွားကြောင်းနှင့် အစေခံက ပြောကြားလေသည်။

'အစောင့်တွေ ချထားရက်နဲ့ သူဘယ်လိုလုပ်ပြီး ရဲတိုက်ထဲက ထွက်သွားသတဲ့လဲ၊ အလင်းရောင်မလာခင် သူထွက်သွားလိမ့်မယ်လို့ ကျွန်ုပ်တော့ မထင်မိဘူး'

'သူ အစောင့်တွေကို လုံလောက်တဲ့ အကြောင်းပြပြီးတော့ ထွက်သွားတယ်လို့ ကျွန်တော်သိရတယ်၊ ကျွန်တော်ကြားရတာတော့ ဖြင့် အရှင့်ရဲ့ တံဆိပ်လက်စွပ်ကိုပြပြီး . .'

'မှန်တယ် . . မှန်တယ်၊ နို့ပေမယ့် သူသွားတာ စောလွန်းတယ်၊ နေပါဦး သူ့လူထဲက တစ်ယောက်ယောက် မကျန်ရစ်ခဲ့ဘူးလား'

'မိုက်ကယ်လင်းဘုန်း တစ်ယောက်တော့ ကျန်ရစ်ခဲ့ပါတယ် အရှင် . . ဆာရစ်ချတ်ဗားနေး ထွက်ခွာသွားခါနီးတုန်းက သူ့ကိုရှာမတွေ့တာနဲ့ အတော်စိတ်ဆိုးသွားတယ်လို့ ကြားရပါတယ်။ အခု သူ့သခင်နောက်ကို လိုက်မလို့ မြင်းပြင်နေတာကို တွေ့ရပါတယ်'

'ဒါဖြင့် သူ့ကိုခုချက်ချင်း ဒီလာဖို့ သွားပြောချေစမ်း၊ သူ့သခင်ကို ကျွန်ုပ်စာတစ်စောင်ပေးလိုက်စရာရှိနေတယ်'

အစေခံ ထွက်သွားသောအခါ လီဆက်စတာသည် အောက်ပါအတိုင်း စာတစ်စောင်ကို လျင်မြန်စွာရေးသား၏။

'ဆာရစ်ချတ်ဗားနေး . . သင့်အား ယုံကြည်စွာလွှဲအပ်လိုက်သော ကိစ္စကို ကျွန်ုပ်တို့ပြောင်းလွှဲရန် ဆုံးဖြတ်လိုက်သည်ဖြစ်၍ အမတ်ကတော်လေးနှင့်ပတ်သက်သည့် ကိစ္စများကို ကျွန်ုပ်တို့ထံမှ နောက်ထပ် အမိန့်မရမချင်း မည်သို့မျှ ဆက်လက်ဆောင်ရွက်ခြင်းမပြုရန် ကြပ်တည်းစွာ အမိန့်ပေးလိုက်သည်။ ထို့ပြင်လည်း သင့်အား ယုံမှတ်လွှဲအပ်လိုက်သောအရာကို လုံခြုံစွာနေရာချထားပြီးသည်နှင့် တစ်ပြိုင်နက် ကီနဝါရဲတိုက်သို့ လျင်မြန်စွာ ပြန်လာခဲ့စေလိုပါသည်။ သို့ရာတွင် သင်စောင့်ကြပ်ထိန်းသိမ်းလျက်ရှိသည့်အရာကို လုံခြုံစွာနေရာချထား ရမည့်ကိစ္စသည် သင့်အား ကျွန်ုပ်တို့မျှော်မှန်းသည်ထက်ပိုမို အချိန်ဆွဲထားမည်ဆိုပါက သင့်အား ကျွန်ုပ်တို့၏တံဆိပ်လက်စွပ်ကို ယခုလောလောဆယ် အလိုရှိနေသည်ဖြစ်၍ ယုံကြည်ရသော တမန်တစ်ယောက်ဖြင့် အလျင်အမြန်အပို့လွှတ်လိုက်စေလိုသည်။ မှာကြားလိုက်သော အမိန့်အတိုင်း မပျက်မကွက် လိုက်နာစေလိုသည်။ သင့်အား ဘုရားသခင် စောင်မပါစေ . .'



သင်၏မိတ်ဆွေဟောင်းနှင့်သခင်ဖြစ်သူ

အာ-လီဆတ်စတာ

ဤစာကို တစ်ထောင့်ငါးရာခုနစ်ဆယ့်ငါးခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့၌ ကျွန်ုပ်တို့၏ကီနဝါရဲတိုက်ကြီးတွင် ရေးသားသည်။

လီဆတ်စတာသည် အထက်ပါစာကို ရေးသားချိတ်တံဆိပ်များ ခပ်နှိပ်ပြီးသောအခါ မိုက်ကယ်လင်းဘုန်းသည် မြင်းစီးဘိနပ်၊ မြင်းစီး ဝတ်ရုံနှင့် သက္ကလပ်ပျော့ဦးထုပ် တစ်လုံးကိုဆောင်းကာ မြင်းသည်ကျော် တစ်ယောက်အသွင်ဖြင့် အစေခံ၏နောက်မှ အခန်းထဲသို့ ဝင်ရောက် လာလေသည်။

'အမြန်ဆုံး လိုက်သွားပြီးတော့ ဒီစာကို ဗားနေးလက်ထဲကို သေသေချာချာ ပေးလိုက်ပါ'

'ဒီထက်ပိုပြီး ကျွန်တော်ဆောင်ရွက်စရာ မရှိတော့ဘူးလား အရှင်'



Quality Publishing House

www.burmeseclassic.com

www.burmeseclassic.com



'မရှိတော့ပါဘူး၊ နို့ပေမယ့် ဒီကိစ္စကိုတော့ အထူးသတိထားပြီး အလျှင်အမြန် ပြီးစီးအောင် ဆောင်ရွက်စေချင်တယ်'

'မြင်းရောလူပါ ပတနမထားဘဲ ကျွန်တော်ဆောင်ရွက်ပါ့မယ်'

ဟု ပြောပြီးနောက် ထွက်ခဲ့၍ လင်းဘုန်းသည် ချက်ချင်းမြင်းဆေါ်သို့တက်ကာ ဗားနေးမှာကြားထားချက်အရ၊ သူ့အား လွှတ်လပ်စွာ ဝင်ထွက်ခွင့်ပြုသော ရဲတိုက်နောက်ဖေးဝင်းပေါက်မှ အလျင်အမြန်ထွက်ခွာသွားလေသည်။

လင်းဘုန်းနှင့် အစေခံတို့ အခန်းထဲမှ ထွက်သွားသည်နှင့်တစ်ပြိုင်နက်၊ လီဆတ်စတာသည် သူ့ကိုယ်မှ အဝတ်ကိုသာမန် ရိုးရိုးအဝတ်အထည်နှင့် လဲလှယ်ဝတ်ဆင်ကာ ခြုံထည်တစ်ခုနှင့် ကိုယ်ကိုရစ်ပတ်သိုင်းခြုံပြီးလျှင် လက်တစ်ဘက်ဖြင့် မီးအိမ်တစ်ခုကို ကိုင်ဆွဲလျက် 'ပလဲဆင့်' ဥယျာဉ်အဝင်ဝအနီး ဝင်းခြံထဲသို့ ထွက်သည့်နောက်ဘေးဘက် မလွယ်ပေါက်တံခါးကလေးသို့ရောက်သော လျှို့ဝှက်သည့်လမ်းကြားကလေးအတိုင်း လျှောက်သွားလေသည်။

ရဲတိုက်အပြင် ဥပစာသို့ ရောက်သောအခါ လမင်းကြီးမှာ ထိန်ထိန်သာလျက်ရှိသဖြင့်၊ အမတ်ကြီးသည် ဝတ်ရုံအောက်တွင် ဓားကို ချိုင်းညှပ်ရင်း စကြိလမ်းတစ်ခုမှတစ်ခုသို့ ဖြည်းညင်းစွာကူးပြောင်းသွားလျက်ရှိရာ လူနှင့်တူသော သဏ္ဍာန်ဟူ၍ တစ်စုံတစ်ရာ မတွေ့မမြင်ရပေ၊ သို့နှင့်သူသည် 'ဟိုလူယုတ်မာသာ လွတ်သွားရင်တော့ ကိုယ့်အတတ်နဲ့ကိုယ် အရူးဖြစ်နေတော့မှာပဲ' ဟု ရေရွတ်လိုက်မိ၏။ သို့သော် ၎င်းမှာ သူ၏အတွေးမျှသာဖြစ်၍ ထိုအတွေးမှာလည်း ဥယျာဉ်တံခါးဝကို လှမ်း၍ကြည့်လိုက်မိသည်နှင့်တစ်ပြိုင်နက် လွင့်စင်ပျောက်ကွယ်သွားလေသည်။ အကြောင်းသော်ကား ဆင်ဝင်အောက်မှ သူရှိရာ





သို့ တရွေ့ရွေ့လာနေသော လူတစ်ယောက်၏သဏ္ဍာန်ကို မြင်လိုက်ရသောကြောင့်ပေတည်း။ သူသည် စိတ်ကိုတင်းနိုင်သမျှတင်းကာ တစ်ယောက်နှင့်တစ်ယောက် ရင်ဆိုင်မိသည့်တိုင်အောင် ထရက်ဆီးလီးယန်းလာရာသို့ တိုးသွားလေသည်။

ထရက်ဆီးလီးယန်းက ကိုယ်ကိုညွှတ်၍ အရိုအသေပေးလိုက်သည်ကို အမတ်ကြီးက ဦးခေါင်းကိုညိတ်ကာ ပြန်လည်တုန့်ပြန်လိုက်ရင်း . . .

'ခင်ဗျားက ကျုပ်နဲ့ တိတ်တဆိတ်တွေ့ဖို့ကြိုးစားခဲ့တဲ့အတိုင်းပဲ ကျုပ်အခုရောက်လာပြီ၊ ကိုင်း ပြောစရာရှိတာကိုသာ မြန်မြန်ပြောပေတော့'

'အမတ်ကြီးခင်ဗျာ၊ ကျွန်တော့်မှာ ယခုပြောရမယ့်ကိစ္စအတွက် အလွန်တရာ စိတ်အားထက်သန်နေပြီး လိုက်လိုက်လျောလျော နားထောင်စေချင်လွန်းလှတဲ့ဆန္ဒကြောင့် အမတ်ကြီးက ကျွန်တော့်ကို ဘယ်လိုပဲသဘောထားထား၊ ကျွန်တော့်ကိုယ်ကျွန်တော် နှိမ့်ချပြီး အပြစ်လွတ်အောင် ဖြေရှင်းမယ်လို့ ကြံစည်ထားပါတယ်။ ကျွန်တော့်ကို ခင်ဗျားရဲ့ရန်သူလို့ ထင်ပါသလားခင်ဗျာ'

'ကျုပ်မှာ ထင်ရှားတဲ့အကြောင်း မရှိဘူးတဲ့လား'

ဟု ထရက်ဆီးလီးယန်းက ရုတ်တရက် စကားတန့်သွားသဖြင့် လီဆတ်စတာက ဝင်၍ထောက်လိုက်သည်။

'ခင်ဗျား ကျွန်တော့်ကို အထင်မှားနေပြီ အမတ်ကြီး၊ စင်စစ်တော့ ကျွန်တော်ဟာ နန်းတွင်းသားတွေက ခင်ဗျားရဲ့ရန်သူတော်လို့ခေါ်နေကြတဲ့ ဆတ်ဆက်အမတ်ကြီးကို မှီခိုနေတဲ့ ဘက်တော်သားတစ်ယောက် မဟုတ်ပါဘူး၊ သူ့မိတ်ဆွေတစ်ယောက်မျှသာဖြစ်ပါတယ်။ ကျွန်တော် နိဒါန်းကိုလည်း အရှည်ကြီး ချီးမနေလိုတော့ပါဘူး၊ အမတ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးရဲ့ ဂုဏ်သရေနဲ့ပတ်သတ်ပြီး ပြောရမှာဖြစ်တဲ့အတွက် အချိန်ကုန်တယ်လို့ သဘောမထားဘဲ ကျွန်တော်ပြောတာကို နားထောင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ အမတ်ကြီးထံက ကျွန်တော်တောင်းပန်လိုတဲ့အချက်တစ်ခုကတော့ ခင်ဗျားကောင်းကောင်းကြီးအကြောင်းသိဖြစ်နေတဲ့ ဒုက္ခသည် အေမီရိုဗတ် အတွက်ပါပဲ၊ မထင်မရှားဖြစ်နေတဲ့ ဒီလက်ထပ်မင်္ဂလာကို ဘုရင်မကြီးရှေ့တော်မှာ ထုတ်ဖော်တင်လျှောက်ပြီးတော့ မိန်းကလေးကိုလည်း အတားအဆီး အနှောင့်အယှက်မရှိစေဘဲ၊ သူ့သဘောအတိုင်း အပြင်ဘက်မှာ လွတ်လွတ်လပ်လပ်နေခွင့်ပြုစေလိုပါတယ်။ ယခုလို ကျွန်တော်တောင်းဆိုရတာတွေဟာ အခြားဘယ်သူ့ဂုဏ်သရေနဲ့မှ မသက်ဆိုင်ဘဲ အမတ်ကြီးတစ်ဦးတည်းရဲ့ ဂုဏ်သရေနဲ့သာ သက်ဆိုင်ပါတယ် ဆိုတဲ့အကြောင်းကိုလည်း ကျွန်တော်ထပ်လောင်းပြီး ပြောကြားပါရစေ'

'ခင်ဗျားပြောတာတွေကို တစ်လုံးမကျန် ကျုပ်ကြားရပြီ၊ မစ္စတာ ထရက်ဆီးလီးယန်း၊ ဒီလောက် မျက်နှာပြောင်တိုက်ပြီးပြောတဲ့လူ ယုတ်မာတစ်ယောက်ရဲ့ စကားမျိုးတွေကို ကျုပ်နားဟာ တစ်ခါမှနားမထောင်ခဲ့ဖူးသေးလို့ ဘုရားသခင်ကို ကျုပ်ကျေးဇူးတင်မိပါသေးတယ်၊ ခင်ဗျားကို အပြစ်ဒဏ်ပေးရမယ့်အလုပ်ဟာ ကျုပ်လို ဂုဏ်သရေရှိလူတစ်ယောက်ရဲ့ဓားထက် ပါးကွက်သားရဲ့ကြာပွတ်က ပိုပြီးသင့်လျော်တယ်၊ နို့ပေမယ့် ခုတော့ . . ကိုင်း လူယုတ်မာ . . ဓားကိုသာဆွဲထုတ်ပြီး ခင်ဗျားကိုယ်ခင်ဗျား ကာကွယ်ပေတော့'

နောက်ဆုံးစကားများကိုပြောရင်း သူသည် ကိုယ်ပေါ်မှ ခြုံထည်ကြီးကို မြေပေါ်သို့ ခွာချလိုက်ပြီးနောက် ဓားအိမ်နှင့်စွပ်ထားသော သူ့ဓားဖြင့် ထရက်ဆီးလီးယန်းအား ရိုက်လိုက်ပြီးလျှင် ဓား ကိုဆွဲနှုတ်ကာ တိုက်တော့မည်ဟန် ပြင်လိုက်လေသည်။ ထရက်ဆီးလီးယန်းက





လည်း ဓားကိုချက်ချင်းပင် ဆွဲထုတ်လိုက်၏။ လီဆတ်စတာအား လက်နက်ချင်း ယှဉ်ပြိုင်တိုက်ခိုက်ရန် ရှံ့တွန့်တွန့်ဖြစ်မိသော်လည်း ခုခံတိုက်ခိုက်ရမည့်တိုက်ပွဲကိုမူ စိတ်ဓာတ်ကြံခိုင်စွာတိုက်ရမည်ကို ကောင်းစွာနားလည်ထားလေသည်။ ထို့ပြင် သူတို့နှစ်ယောက်အနက် သူကပို၍ သွေးအေးနေသည့်အချက်ကလည်း သူ့အဖို့တစ်နည်းအားဖြင့် အရေးသာ၍ နေလေသည်။

တိုက်ပွဲသည် မည်သူတစ်စုံတစ်ယောက်မျှ ဒဏ်ရာမရရှိစေဘဲ ရှိနေခိုက်တွင် စကြံလမ်းပေါက်ဝရှိ ဆင်ဝင်အောက်မှ ဆူညံသောအသံများနှင့်ရောနှောကာ အနီးသို့လျှင်မြန်စွာချဉ်းကပ်လာသောလူများ၏ခြေသံများကို ရုတ်တရက်ကြားလိုက်ရလေသည်။ ထိုအခါ လီဆတ်စတာက သူနှင့်ယှဉ်ပြိုင်တိုက်ခိုက်နေသူအား . . .

'ကျုပ်တို့တော့ အနှောင့်အယှက်တွေ့နေပြီ၊ လာ ကျုပ်နောက်ကိုလိုက်ခဲ့'

ဟု ပြောလိုက်လေသည်။

ထိုအခိုက်တွင် ဆင်ဝင်အောက်မှ အသံတစ်သံက . . .

'ဟို လူရှုပ်ပြောတာ အမှန်သားပဲ သူတို့ ဒီမှာတိုက်နေကြတယ်' ဟု ပြောလိုက်လေသည်။

ထိုခဏ၌ လီဆတ်စတာသည် ထရက်ဆီးလီးယန်းအား သူတို့ကို မမြင်နိုင်သည့် ရေပန်းတစ်ခု၏နောက် အကွေ့ကလေးတစ်ခုထဲသို့ ဆွဲခေါ်သွားသည်တွင် ဘုရင်မကြီး၏ ကိုယ်ရံတော်တပ်သား ၆ ယောက်တို့သည် ပေါ့ပေါ့ဆဆရှာဖွေကြရင်းဖြင့် 'ပလဲဆင့်' အလယ်လမ်းမကြီးကို ဖြတ်သန်းကျော်လွန်သွားကြလေသည်။ ထိုသူများလွန်သွားသည်နှင့်တစ်ပြိုင်နက် လီဆတ်စတာသည် ထရက်ဆီးလီးယန်းအား သူ့နောက်သို့လိုက်ခဲ့ရန် အချက်ပြရင်း စစ်သားများလာခဲ့သည့်



www.burmeseclassic.com

www.burmeseclassic.com



လမ်းအတိုင်း လျှင်မြန်စွာထွက်သွားလေရာ မည်သူမျှမတွေ့ရဘဲ ဆင်ဝင်အောက်မှ တျော်လွှန်ကာ လွတ်မြောက်သွားလေသည်။ သူသည် ထံရုံးဆီးလီးယန်းအား သူ့အခန်းထဲသို့ ခေါ်ဆောင်သွားရင်း လီဆတ်စတာက . . .

'အခု မလုပ်ဖြစ်တဲ့ကိစ္စကို လမ်းဆုံးထိအောင် ဆက်လက်ပြုလုပ်ဝံ့တဲ့သတ္တိ ခင်ဗျားမှာရှိတယ်ဆိုရင် နက်ဖြန်ညီလာခံတဲ့အချိန်မှာ ကျုပ်နဲ့မလှမ်းမကမ်းမှာနေပါ၊ သင့်လျော်တဲ့အချိန်ကျတော့ ခင်ဗျားကို ကျုပ် အချက်ပေးလိုက်မယ်'

ဟု ပြောလိုက်၏။

ထိုအခါ ထရက်ဆီးလီးယန်းက . . .

'အမတ်ကြီး . . တခြားအချိန်မှာသာဆိုရင် ဒီလောက်ဒေါသတကြီးနဲ့ ကျွန်တော့်အပေါ် ထူးထူးဆန်းဆန်း စွပ်စွဲတဲ့အချိန်ကို မသိသိအောင်လုပ်မိမှာပဲ၊ နို့ပေမယ့် အခုတော့ သွေးနဲ့သာဆေးလို့ရမယ့် အစွန်းကြီးကို ခင်ဗျားက ကျုပ်ခေါင်းပေါ်တင်ပေးလိုက်မှကိုးဗျ . . ဒီတော့ ဘဝင်မြင့်လှတဲ့ခင်ဗျားရဲ့ဆန္ဒကို လိုက်လျောတဲ့အနေနဲ့ ကျွန်တော် နှစ်နာနေတဲ့ ဂုဏ်သရေကိုဆယ်ရင်း၊ ကျွန်တော်ကတော့ တိုက်ခိုက်ဖို့ အသင့်ပါပဲ'

ဟု ပြန်ပြောလိုက်လေသည်။

*



( ၁၆ )

နောက်တစ်နေ့၌ အဲလက်ဇဘက်ဘုရင်မကြီးနှင့် သူ၏နန်းတွင်း ဧည့်သည်တော်များအား ဧည့်ခံမည့် ပျော်ပွဲအစီအစဉ်မှာ 'ကိုဗင့်ထရီမြို့မှ သစ္စာတော်ခံမြို့သားများက အင်္ဂလိပ်နှင့် ဒိန်းလူမျိုးတို့တိုက်သည့် တိုက်ပွဲအကြောင်းကို သရုပ်ဖော်ခင်းကျင်းပြသမည့် ပြပွဲတစ်ခုပင် ဖြစ်လေသည်။

ဘုရင်မကြီးသည် ဆတ်ဆက်အမတ်ကြီးနှင့် လော့ဒ်ဟန်စဒမ်းတို့အား သူ၏အပါးတော်သို့ ခေါ်ထား၏။ သို့ပြုလုပ်ခြင်းမှာ လီဆတ်စတာ အမတ်ကြီးအား မိမိရှေ့တော်သို့ သီးသန့်အခစားဝင်ရောက်စေခြင်းဖြင့် အခွင့်အရေးပေးခဲ့သည်ကို ဆတ်ဆက်အမတ်ကြီးက ကျေနပ်စေရန် ရှေးဟောင်းပစ္စည်းများ ပြသခြင်းထက် ပို၍ သူနှစ်ခြိုက်သော ပျော်ပွဲရှင်ပွဲအကြောင်းကို စကားလက်ဆုံကျအောင် ပြောနေခြင်းဖြစ်လေသည်။ ဤသို့ဖြင့် ဘုရင်မကြီးသည် သူ၏စစ်ခေါင်းဆောင်များနှင့်အတူ ရယ်မောပြောဆိုနေခိုက်တွင် အချက်ကောင်းကိုစောင့်နေသော လီဆတ်စတာသည် အခွင့်အရေးရရှိသွား၏။



www.burmeseclassic.com

www.burmeseclassic.com



ဘုရင်ခံကြီး စကားလက်ဆုံကျနေသည်ကို မြင်ရသည်နှင့် တစ် ပြိုင်နက် လီဆက်စတာသည် စည်းဝါးရိုက်ထားသည့်အတိုင်း ခလှမ်းမကမ်းမှ မိမိ၏အရိပ်အကဲကို စောင့်ကြည့်နေသော ထရက်ဆီး လီးယန်းအား အချက်ပြကာ ရှေ့တော်မှ အမှတ်တမဲ့မသိမသာ ထွက် လာခဲ့ပြီးလျှင် အင်္ဂလိပ်နှင့် ဒိန်းများ၏တိုက်ပွဲကို ပါးစပ်အဟောင်းသား နှင့် သည်းသည်းမည်းမည်းကြည့်နေကြသော သာမန်ပွဲကြည့်ပရိသတ် များထဲမှ ဖြတ်သန်းထွက်လာခဲ့လေ၏။ သူကိုယ်တိုင် အပြင်သို့ရောက် အောင် အတော်ခဲယဉ်းစွာထွက်လာခဲ့ရသည်ဖြစ်ရကား ထရက်ဆီးလီး ယန်းလည်း သူကဲ့သို့ပင် ထွက်နိုင်ခဲ့လေသလောဟု သိလိုသဖြင့် နောက်သို့လှည့်ကြည့်မိ၏။ လူအုပ်ထဲမှ ထရက်ဆီးလီးယန်းထွက်လာ သည်ကိုမြင်ရသောအခါ သူသည် ကုန်းနှီးအသင့်တင်ထားသော မြင်း နှစ်စီးနှင့် အသင့်စောင့်နေသည့် မင်းစေလုလင်တစ်ယောက်ရှိရာ ချုံ ကွယ်တစ်ခုနောက်သို့ ထရက်ဆီးလီးယန်းအား လမ်းပြခေါ်ဆောင် သွားလေသည်။ သူကိုယ်တိုင် မြင်းတစ်စီးကို တက်စီးပြီးနောက်၊ ကျန် မြင်းကို ထရက်ဆီးလီးယန်းအား တက်စီးရန်အချက်ပြလိုက်ရာ ထရက် ဆီးလီးယန်းလည်း စကားတစ်လုံးမျှမပြောဘဲ တက်စီးလိုက်လေ သည်။

လီဆက်စတာသည် ရဲတိုက်နှင့် တစ်မိုင်ခန့်ဝေး၍ သစ်ရွက် ထူသော ဝက်သစ်ချပင်များ ဝိုင်းရံပေါက်နေသည့် တိတ်ဆိတ်သော နေရာကလေးတစ်ခုကို ရောက်သည့်တိုင်အောင် သူ့မြင်းကို သံဖနောင့် နှင့်တို့ကာ ဒုံးဆိုင်းသွားလေသည်။ ထိုနေရာမှာ လူတိုင်းအာရုံဝင်စားနေ သော ပွဲခင်းနှင့်လည်း ဆန့်ကျင်ဘက်နေရာဖြစ်လေသည်။ ထိုနေရာသို့ ရောက်သောအခါ သူသည် မြင်းပေါ်မှဆင်း၍ မြင်းကိုသစ်ပင်တစ်ပင် တွင် ချည်နှောင်လျက် . . .





'ဒီနေရာမှာတော့ အနှောင့်အယှက် မတွေ့နိုင်တော့ပါဘူး'၊

ဟု ပြောကာ သူ၏ဝတ်ရုံကြီးကို မြင်းကုန်းနှီးပေါ်သို့ ချွတ် တင်လိုက်ပြီးနောက် ဓားကို ဆွဲထုတ်လိုက်လေသည်။

သူတို့သည် အတန်ကြာအောင် လက်ညီစွာတိုက်ခိုက်နေကြ သေး၏။ နောက်ဆုံးတွင်မူ အားသွန်ကာတိုက်ခိုက်လိုက်သော လီ ဆက်စတာ၏ဓားချက်များကြောင့် ထရက်ဆီးလီးယန်းမှာ အရေးနိမ့် သော အခြေအနေသို့ ရောက်ရှိနေလေသည်။ နောက်တစ်ကြိမ်ထပ်မံ၍ အနီးသို့ချဉ်းကပ်ရန် ကြိုးစားရာ၌ အချိန်မှာနှောင်းခဲ့ပြီဖြစ်ရကား၊ လီဆက်စတာသည် သူ့အားဓားကိုလက်မှလွတ်ထွက်ကာ မြေပေါ်သို့ လဲကျသွားအောင် ဖိနှိပ်တိုက်ခိုက်လိုက်လေသည်။

အမတ်ကြီးသည် ရန်သူကို နောက်ဆုံး အသေထိုးသတ်ရန် အားယူကာ လွှဲလိုက်သည့်ခဏ၌ သူ၏လက်မှာ နောက်မှရုတ်တရက် ဆွဲယူခြင်းခံလိုက်ရလေသည်။ သူသည် မမျှော်လင့်ဘဲ အနှောင့်အယှက် ပေးလာသူအား ခါထွက်ပစ်လိုက်ရန် ဒေါသတကြီးဖြင့် လှည့်ကြည့် လိုက်ရာ၌ သူ၏ဓားကိုင်ထားသောလက်မောင်းကို ထူးခြားသောလူ ငယ်တစ်ယောက်က ဖမ်းကိုင်ထားသည်ကို အံ့သြစွာတွေ့ရှိရသည့်ပြင် အင်အား ရှိသမျှ ဖျစ်ညှစ်ဆုပ်ကိုင်သည်ဖြစ်သောကြောင့် တော်ရုံမျှဖြင့် ရုန်းကန်၍မရနိုင်သည်ကိုလည်း တွေ့ရှိရလေသည်။ ထိုအခိုက်၌ ထရက်ဆီးလီးယန်းမှာ လဲနေရာကထကာ သူ့ဓားကိုပြန်၍ကောက်ခွင့် ရသွားလေသည်။ လီဆက်စတာသည် အခဲမကျေနိုင်သေးသော မျက် နှာထားဖြင့် သူ့အားထပ်မံကြည့်ရှုလိုက်သေး၏။ အကယ်၍ သူငယ် ကလေးကသာ လော့လီဆက်စတာ၏ ဒူးကိုဖက်၍ ထိုတိုက်ပွဲကိုပြန်၍ မစမီ သူပြောသည့်စကားများကို တစ်ခဏမျှ နားထောင်ပါရန် ထူးရှ သောအသံကလေးဖြင့် လှိုက်လှိုက်လှဲလှဲ တောင်းပန်ခြင်းမပြုက နှစ်



www.burmeseclassic.com

www.burmeseclassic.com



ဘက်စလုံးအား ထိခိုက်နစ်နာစေမည့် တိုက်ပွဲကြီးဖြစ်ရမည်ကား မလွဲ တည်း။

'ငါ့ကိုလွှတ်စမ်း ထစမ်း . . နို့မဟုတ်ရင် မင့်ကိုငါ့ဓားနဲ့ အသေထိုးသတ်လိုက်လိမ့်မယ်၊ မင်း ဘာကြောင့် ငါ့အလုပ်ကို ဝင် နှောင့်ယှက်ရတာလဲ'

'အကြောင်းတွေ အများကြီးရှိပါတယ် အရှင်'

ဟု သူငယ်ကလေးက မကြောက်မလန့်ပြန်၍ ဖြေကြားလျှင် ဆက်လက်၍ . . .

'အရှင့်ရဲ့ ဒေါသတွေ ကင်းစင်လွင့်ပျောက်ပြီး အေးအေးချမ်း ချမ်း စိတ်နှလုံးငြိမ်ငြိမ်သက်သက်နဲ့ စိတ်ပျော်လိုတဲ့ဆန္ဒရှိတယ်ဆိုရင် တစ်ဆိတ် ဒီစာကိုအချိန်ယူပြီး ဖတ်ရှုတော်မူပါ၊ ပြီးတော့မှ အရှင့် သဘောကျ စီမံတော်မူပါ'

ထူးခြားသော သူ၏အသွင်အပြင် လေသံဖြင့် စိတ်အားထက် သန်စွာပြောဆိုရင်း သူသည် မိန်းမတစ်ယောက်၏ လှပသော ညိုနု ရောင်ဆံပင်ခွေကလေးနှင့် ချည်နှောင်ရစ်ပတ်ထားသော အထုပ် ကလေးတစ်ထုပ်ကို လီဆာတ်စတာအား လှမ်း၍ပေးလိုက်လေသည်။ လက်စားချေရန် တင်ကြိုစိတ်ကူးထားသော မိမိ၏အကြံအစည်မှာ ထူး ထူးခြားခြား ဝင်ရောက်နှောင့်ယှက်ခြင်းခံရသဖြင့် အပြင်းအထန် ဒေါသ ထွက်နေသကဲ့သို့ လီဆတ်စတာအမတ်ကြီးသည် ထိုသူငယ်ကလေး၏ အသ နားခံချက်ကို တော့်လှန်ငြင်းပယ်ခြင်းမပြုနိုင်ဘဲ၊ သူ့လက်ထဲမှ စာကို ဆတ်ခနဲ ဆွဲယူလိုက်လေသည်။ ထိုသူငယ်ကား အခြားသူ မဟုတ်၊ ဒစ်ကီစလပ်ပင်တည်း။ ထို့နောက် အပေါ်မှရေးထားသော လက်ရေးကို ကြည့်ရင်း သူ၏မျက်နှာထားမှာ ရုတ်ချည်းပြောင်းလဲသွား ပြီးလျှင် စာ ထုပ်ပေါ်မှ ချည်နှောင်ထားသော ကြိုးထုံးကလေးကို တုန်ရီ





သောလက် များဖြင့်ဖြေပြီး အတွင်း၌ရေးသားပါရှိသော စာများကို အလောတကြီး ဖတ်ရှုလေသည်။

ထိုစာကား ဒုက္ခနှင့်ရင်ဆိုင်တွေ့ကြုံနေရရှာသော အေမီက သူသည် 'ကူးနားပလေ့'မှ မည်သည့်အကြောင်းကြောင့် ထွက်ပြေးလာ ခဲ့ရသည့်အကြောင်းများကို ဖော်ပြကာ အမတ်ကြီး၏ အကာအကွယ်ကို နှစ်သိမ့်စွာခံယူရန် ကီနဝါရဲတိုက်ကြီးသို့ အရောက်လာခဲ့ရခြင်းများနှင့် တကွ သူ့မှာ အကြောင်းကြောင်းတို့ကြောင့် ထရက်ဆီးလီးယန်း၏ အခန်းတွင်းသို့ မလွှဲမရှောင်သာဘဲ ဝင်ရောက်နေထိုင်ရသည်ဖြစ်၍ အမတ်ကြီးသည် နှောင့်နှေးခြင်းမရှိဘဲ သူ့အားပိုမိုသင့်လျော်သည့်နေရာ သို့ ပြောင်းရွှေ့ပေးရန်အကြောင်းများ ပါရှိလေသည်။

ဖတ်၍ပြီးဆုံးသွားသောအခါ စာသည် လီဆတ်စတာ၏ လက်ထဲမှ လွတ်ကျသွားလေသည်။ ထို့နောက် . . .

'ထရက်ဆီးလီးယန်း ကျုပ်ဓားကိုယူပြီး ခုတွင်တုန်းက ခင် ဗျားရဲ့အသည်းနှလုံးထဲကို ထိုးသွင်းဖို့ ကျုပ်ကြံစည်ခဲ့ဖူးသလို ခု ကျုပ် အသည်းနှလုံးထဲကို ထိုးသွင်းလိုက်စမ်းပါ'

'အမတ်ကြီးဟာ ကျွန်တော့်အပေါ်မှာ အကြီးအကျယ်အထင် လွဲ ပြီး ပြုမူမိတာပါ၊ နို့ပေမယ့် ဒီလိုအထင်လွဲပြီး မှားယွင်းမိတယ်ဆိုတဲ့ အကြောင်းကိုတော့ ကျွန်တော့်ရင်ထဲမှာ တစ်ယောက်ယောက်က ကပ် ပြီး သတိပေးနေသလို ကြားနေမိပါတယ်'

လီဆတ်စတာက သူ့အား စာကိုလှမ်းပေးရင်း . . .

'မှားတာမှ အမှားကြီးကိုမှားမိတာပါပဲဗျာ၊ ကျုပ်က လူယုတ် မာ တစ်ယောက်ကိုတော့ လူဟုတ်ကြီးလို့ ထင်မိပြီး၊ အင်မတန်မှ သန့် ရှင်းဖြူစင်တဲ့ လူကောင်းတစ်ယောက်ကိုတော့ လူယုတ်မာလို့ အထင်လွဲ ခဲ့မိတယ်။ ဟဲ့ လူဖျင်းကလေးရဲ့ ဒီစာ ဘာကြောင့် ခုမှ ဒီကိုရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



ရသတဲ့လဲ ပြီးတော့ ဒီစာကို ယူလာတဲ့လူကကော ဘယ်ကိုသွား ပြီး ဒီလောက် ဇင့်နဲ့ ကြန့်ကြာနေရသတဲ့လဲ'

သုံ့ငယ်ကလေးသည် သူနှင့်လက်လှမ်းမမီအောင် နောက်သို့ ဆုတ်သွားလျက် . . .

'ဒါကိုတော့ ကျွန်တော်ဖွင့်မပြောရဲပါအရှင် နို့ပေမယ့် စာပေး သွားတဲ့လူတော့ ဟောဟိုမှာ လာနေပါပြီ'

ထိုအခိုက်တွင် ဝေလန်ရောက်ရှိလာလေသည်။ လီဆတ် စတာက မေးမြန်းစုံစမ်းရာ အေမီမှာ ထွက်မပြေးလျှင် မဖြစ်နိုင်လောက် အောင် အကြောင်းအမျိုးမျိုးပေါ်ပေါက်လာပုံ၊ သူနှင့်အတူ အေမီတို့မည် ကဲ့သို့ ထွက်ပြေးလွတ်မြောက်လာခဲ့ကြပုံ၊ အေမီ၏ ပြင်းပြသောလိုအင် ဆန္ဒမှာ လင်ယောကျ်ားဖြစ်သူ၏ အကာအကွယ်အတွင်းသို့ ဝင်ရောက် ခိုလှုံ လိုခြင်းပင်ဖြစ်ပုံ စသည်တို့ကို ဝေလန်သည်တစ်လုံးမကျန် ခရေ စေ့တွင်းကျ ရှင်းလင်းပြောပြလေသည်။

'အင်း လူယုတ်မာတွေ၊ လူယုတ်မာတွေ အို အယုတ်တကာ့ အယုတ်မာဆုံးကတော့ ဗားနေးပါပဲလေ၊ ပြီးတော့လည်း သူ့ခမျာမှာ ခု ထက်ထိ သူ့လက်ထဲမှာပဲ ရှိနေရှာသေးတယ်'

ဟု လီဆတ်စတာက ညည်းတွားလိုက်လေသည်။

'နို့ပေမယ့် ဘုရားမလို့ အသက်ဘေးကို ယိခိုက်လောက်တဲ့ အမိန့်မျိုးနဲ့တော့ မဟုတ်တန်ကောင်းဘူး ထင်ပါရဲ့'

'မဟုတ်ဘူး မဟုတ်ဘူး၊ ကျုပ်က စိတ်ရှုးပေါက်ပြီး အမိန့် တစ်ခုကို ပေးလိုက်မိတယ်၊ နို့ပေမယ့် အဲဒီအမိန့်ကို ပြန်ပြီးရုတ်သိမ်း လိုက်ပါပြီ၊ မြင်းစေကျော်တစ်ယောက်ကိုစေလွှတ်ပြီး လုံးဝရုတ်သိမ်း လိုက်ပါပြီ၊ ခုလောက်ဆိုရင် ဘေးအန္တရာယ်က သူ ကင်းဝေးနေပါပြီ'

'ဟုတ်တယ် သူ ဘေးအန္တရာယ်က လွတ်ကင်းရမယ်၊ ဘေး





ရန် ကင်းရှင်းမှုအတွက် ကျွန်တော်တာဝန်ယူရလိမ့်မယ်'

(အမတ်ကြီးက မိုးခြိမ်းသံကဲ့သို့သော အသံကြီးဖြင့် . .)

'ကျုပ်ဟာ လီဆတ်စတာအမတ်ကြီးဖြစ်တာ သေချာသလို၊ သူဟာ လီဆတ်စတာအမတ်ကြီးကတော်ဖြစ်တာ သေချာပါတယ်၊ အဲ ဒီတော့ ကျုပ်ဟာ လွှဲအုပ်ပြီးမပေးနိုင်တဲ့ သူ့အတွက် တရားမျှတမှုဖြစ်တဲ့ ဒီတာဝန်အကြောင်းကို ခင်ဗျားက လမ်းညွှန်နေလို့မဖြစ်နိုင်ဘူး၊ အတင်း ရော အဓမ္မရော ခင်ဗျားပြုလုပ်မှာကို ကျုပ်ကြောက်မယ်မဟုတ်ဘူးဆို တာလည်း ပြောနေစရာလိုမယ် မထင်ဘူး'

စိတ်သဘောထား ကြီးမားစွာထားလေ့ရှိသော ထရက်ဆီးလီး ယန်းမှာ မိမိ၏ကိုယ်ရေးကိုယ်တာကိစ္စဟူသမျှကို မေ့လျော့သွားပြီး လျှင် အေမီ၏ကောင်းစားချမ်းသာရေးကိုသာ လုံးဝအာရုံစူးစိုက်လျက်ရှိ လေသည်။ သို့ဖြစ်၍ သူသည် အေးဆေးငြိမ်သက်သောအသံဖြင့် . .

'အမတ်ကြီး ကျွန်တော်ခင်ဗျားကို အတိုက်အခံပြောနေတာ မဟုတ်ပါဘူး၊ ခိုက်ရန်ဖြစ်ပွားဖို့ဆိုတာလည်း အဝေးကြီးပါ၊ နို့ပေမယ့် ဆာဟူးရီဗတ်ဆီမှာ ကတိခံထားတဲ့ ကျွန်တော့်ရဲ့ဝတ္တရားကြောင့် ဒီကိစ္စ ကို ဘုရင်မကြီးရှေ့တော် အလျင်အမြန်ရောက်အောင် ကြိုးဆောင်ပြီး အမတ်ကတော်လေးရဲ့ အဆင့်အတန်းကို သူကိုယ်တော်တိုင် အသိ အမှတ်ပြုအောင် ကြိုးစားရပါလိမ့်မယ်'

ဟု ပြန်ပြောလိုက်လေသည်။

'ဒီကိစ္စကို ခင်ဗျား ဆောင်ရွက်စရာမလိုပါဘူး၊ မိတ်ဆွေ၊ ဒီ အထဲမှာ ခင်ဗျားဝင်ပြီး မပါချင်စမ်းပါနဲ့၊ ဒတ်(ဒ)လေရဲ့ ကိုယ်ရေးကိုယ် တာကိစ္စကို ဒတ်(ဒ)လေ ဆောင်ရွက်ပါလိမ့်မယ် အဲလစ်ဇဘက်ရဲ့ရှေ့ တော်ကို ကျုပ်ကိုယ်တိုင်ဝင်ပြီး လျှောက်ထားမယ်၊ လျှောက်ပြီးတာနဲ့ တစ်ပြိုင်နက် လမ်းမှာ ဘုံးဘုံးလဲပြီး သေချင်သေပစေ ကူးနားမှလေ့ကို



www.burmeseclassic.com

www.burmeseclassic.com



ဆော့ အကြွန့်ဆုံးရောက်အောင် မြင်းကိုဒုန်းစိုင်းပြီး ပြေးရမှာပဲ’

ယင်းသို့ပြောဆိုရင်းဖြင့် အမတ်ကြီးသည် မြင်းကိုသစ်ပင်မှ ကြွတ်သွလိုက်ပြီးလျှင် ရဲတိုက်ရှိရာသို့ ကဆုန်ချကာ စီးနှင်းသွားလေ၏။

သို့နှင့် ထရက်ဆီးလီးယန်းကလည်း ထိုနည်းတူပင် မြင်းပေါ်သို့ အလျင်စလို တက်ရောက်သည်ကို မြင်သောအခါ ယခင်လူငယ်ကလေးက . . .

‘ကျွန်တော့်ကို ခင်ဗျားရှေ့တင်ပြီး သွားစမ်းပါ မစ္စတာထရက်ဆီးလီးယန်း ကျွန်တော်ပြောစရာရှိတာတွေကို အကုန်မပြောရသေးပါဘူး၊ ဒါကြောင့်ခင်ဗျားကို ကျွန်တော်အားကိုးပြီး လိုက်ခဲ့ပါရစေ ခင်ဗျား’

ဟု တောင်းပန်ရှာ၏။

ထရက်ဆီးလီးယန်းလည်း တောင်း ပန်သည့်အတိုင်း သူငယ်ကလေးအား မြင်းပေါ်သို့တင်ပြီးလျှင် အမတ်ကြီးနောက်သို့ ကဆုန်စိုင်း၍ လိုက်သွားလေသည်။ လမ်းတွင် သူငယ်ကလေးက အမတ်ကတော်လေးနှင့်ပတ်သတ်၍ မိမိမေးမြန်းစုံစမ်းသည်ကို ဝေလန်သည် ရှောင်ဖယ်ဖယ်လုပ်နေခြင်းအတွက် မခံချင်စိတ်ဖြစ်လာကာ လက်စားချေသည့်အနေဖြင့် အေမီက လီဆတ်စတာအမတ်ကြီးသို့ ပေးသည့်စာကို ဝေလန်လက်ထဲမှ မိမိတိတ်တဆိတ် ခိုးယူလာမိကြောင်း ထိုအတွက် နောင်တရမိကြောင်း ထုတ်ဖော်ဝန်ခံတော့၏။

ကွန်ဗင့်ထရီမြို့သားများ ကပွဲကျင်းပနေသည့်အချိန်၌ သူသည် ရုပ်ဖျက်ထားသော ဝေလန်အား လူအုပ်ကြီးအကြား၌ အံ့ဩစွာတွေ့မြင်ရ၍ သူတို့သည် လူအုပ်ထဲမှထွက်လာခဲ့ကြပြီးလျှင် တစ်ဦးကိုတစ်ဦး မိမိတို့အဖြစ်အပျက်ကို ရှင်းလင်းပြောပြကြလေသည်။ သူငယ်ကလေးက ဝေလန်အား မိမိကျူးလွန်ခဲ့သည့်အပြစ်ကို ထုတ်ဖော်ဝန်ခံ





ကာ တောင်းပန်ခြင်းပြုလေသည်။ ဝေလန်ကလည်း ကုသိုလ်ကံနိမ့်ပါးနေရှာသော အမတ်ကတော်လေးအား စိတ်မချနိုင်သဖြင့် သူသည် ယခုကဲ့သို့ ရဲတိုက်ကြီးအနီးသို့ ပြန်ရောက်ရှိလာခဲ့ရခြင်းဖြစ်ကြောင်း၊ ထို့ပြင် ထိုနေ့နံနက်က (၁၀)မိုင်ခန့်ဝေးသော ရွာငယ်တစ်ခု၌ ဗားနေးနှင့် လင်းဘုန်း တို့ကိုတွေ့ခဲ့ကြောင်း၊ အေမီအတွက် သူတို့ကိုကြောက်ရွံ့စိုးရိမ်မိကြောင်း၊ သူစုံစမ်းကြည့်ရာတွင် လွန်ခဲ့သည့်ညက ကီနဝါရဲတိုက်မှ သူတို့နှစ်ယောက်စလုံး ထွက်ခွာသွားကြသည်ကို သိရှိရကြောင်း ပြန်လည်ပြောကြားလေသည်။

ယင်းကဲ့သို့ ပြောဆိုနေခိုက် လူအုပ်ကြီးထဲမှ ထွက်လာသော လီဆတ်စတာနှင့် ထရက်ဆီးလီးယန်းတို့ကိုမြင်လိုက်ရသဖြင့် သူတို့နောက်သို့ နောက်ယောင်ခံ၍လိုက်ကာ အပြေးကောင်းလှသော သူငယ်ကလေးသည် ကျွန်ုပ်တို့အထက်က ရေးသားဖော်ပြခဲ့သည့်အတိုင်း ထရက်ဆီးလီးယန်း၏အသက်ကို အချိန်မီလာရောက်ကယ်ဆယ်နိုင်ခဲ့ခြင်း ဖြစ်ပေသတည်း။

*



www.burmeseclassic.com

www.burmeseclassic.com

## ( ၁၇ )

ထရက်ဆီးလီးယန်းသည် သူငယ်ကလေးနှင့်အတူ မြင်းစီးလာခဲ့၍ ရဲတိုက်အနီးသို့ရောက်သောအခါ သူမရှိခိုက် ထူးခြားစွာပြောင်းလဲသွားပုံကို သတိပြုမိ၏။ သရုပ်ပြတိုက်ပွဲမှာ ပြီးဆုံးသွားပြီဖြစ်ရာ လူများသည် သတင်းဆိုးတစ်ခုကြောင့် နေရာအနှံ့အပြားတွင် စုရုံးကာ အရာရှိများ၊ နောက်လိုက်ငယ်သားများနှင့် အစေခံများသည် တီးတိုးဝိုင်းဖွဲ့ပြောရင်း ထိတ်လန့်ကြောက်ရွံ့သောအမူအယာဖြင့် ရှိနေကြလေသည်။ သူတို့သည် ခန်းမဆောင်ပြတင်းပေါက်များရှိရာသို့ ငေးမော ကြည့်ရှုလျက်ရှိရာ ထရက်ဆီးလီးယန်းသည် သူ၏မိတ်ဆွေ 'ဘလောင့်' ဆိုသူနှင့် တွေ့ဆုံမိလေသည်။

ထရက်ဆီးလီးယန်းသည် သူငယ်ကလေးအား မြင်းပေါ်မှ ရှေးဦးစွာဆင်းစေ၍ သူကနောက်မှလိုက်၍ ဆင်းပြီးလျှင် . . .

'ဘယ့်နှယ်လဲ ဘာဖြစ်ကြတာလဲဗျာ့ . . .'

ဟု ဘလောင့်အား လှမ်း၍ မေးလိုက်၏။

'ဘာဖြစ်တယ်ဆိုတာ ဘယ်သူမှမသိကြဘူးဗျ . . ကျွန်တော်





ကိုယ်တိုင်လည်း တခြားနန်းတွင်းသားတွေလို နှာခေါင်းရှိပေမယ့်ဟို့ ဘာကြောင့်လဲဆိုတာကို အနံ့ခံလို့မရပါဘူးဗျာ၊ အဲ အကြောင်းရင်းက တော့ဖြင့် လီဆတ်စတာအမတ်ကြီးဟာ မြင်းကိုဒုန်းစိုင်းစီးဝင်လာပြီး တော့ ဘုရင်မကြီးရှေ့တော်ကို အခန်းတံခါးအလုံပိတ်ပြီး အခစားဝင် နေတာ ခုထက်ထိပဲ၊ ပြီးတော့ အတွင်းဝန် 'ဗာလေး'၊ နန်းရင်းဝန်ကြီး 'ဝေါလ်ဆင်ဂမ်' နဲ့ ခင်ဗျားကိုလည်း ဆင့်ခေါ်တော်မူထားတယ် ဒါပေ မယ့် ဒီကိစ္စဟာ သစ္စာတော်ကိုဖောက်ဖျက်မှုပဲလား၊ ဒါမှမဟုတ် ဒီ ထက်ဆိုးတဲ့ ကိစ္စလားဆိုတာတော့ ဘယ်သူမှ မသိကြသေးဘူး'

ထိုအခိုက်တွင် 'ရလေး' ရောက်လာ၍ . . .

'ကိုင်း . . ဘုရင်မကြီးရှေ့တော်ကို ခင်ဗျား ခုချက်ချင်းဝင်ပေ တော့'

ဟု ဝင်ရောက်ပြောဆိုလိုက်လေသည်။

ထရက်ဆီးလီးယန်းလည်း ခန်းမဆောင်ကြီး တစ်လျှောက် အပြေးအလွှား ဝင်ရောက်သွားရာတွင် ခန်းမဆောင်ကြီး၏ အထက် ပိုင်းဘက်မှ ဘုရင်မကြီး၏ အဆောင်တော်ကိုဝင်ရသော တံခါးမကြီးရှိ ရာသို့ တအံ့တသြ လှမ်းမျှော်ကြည့်ရှုကြရင်း တီးတိုးဝိုင်းဖွဲ့ကာ စကား ပြောဆိုနေကြသည့် နန်းတွင်းသားများကို တွေ့ရှိရ၏။ ရလေးက တံခါးဘက်သို့ ညွှန်ပြသဖြင့် ထရက်ဆီးလီးယန်းသည် တံခါးကို ခေါက်လိုက်ရာ သူ့အား ချက်ချင်းပင် အတွင်းတော်သို့ ဝင်ခွင့်ပြုလိုက် လေသည်။

အဲလစ်ဇဘက်ရှေ့တော်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် အသည်းရော အူပါ တုန်လှုပ်ချောက်ချားသွားမိ၏။ အကြောင်းသော် ကား ဘုရင်မကြီးသည် အမျက်ပြင်းထန်စွာ ထွက်လျက်ရှိသည့်အမူ အရာဖြင့် အခန်းထဲတွင် ခေါက်တုန့်ခေါက်ပြန် စကြံလျှောက်နေသည်



www.burmeseclassic.com

www.burmeseclassic.com



ကို တွေ့လိုက်ရသောကြောင့်ပေတည်း။ အပါးတော်မှ အတိုင်ပင်ခံ အမတ်ကြီး နှစ်ပါး သုံးပါးတို့မှုကား တစ်ဦးမျက်နှာတစ်ဦး ကြည့်ရင်း ဘုရင်မကြီး အမျက်တော်ပြေသည့်တိုင်အောင် မည်သို့မျှ လျှောက်ထားခြင်းမပြုနိုင်ဘဲ နှုတ်ဆိတ်နေကြလေသည်။ အမျက်တော်ပွားစအချိန်က နေရာမှ ထကာ ရာဇမာန်ဖြင့် ဘုရင်မကြီး ဆွဲယမ်းဖယ်ရှားပစ်ခဲ့သော ရာဇ ကုလားထိုင်အနီး၌ကား လီဆတ်စတာသည် ကျောက်ရုပ်ကဲ့သို့ မတုန်မလှုပ်ဘဲ ဦးခေါင်းကိုငုံ့ကာ ဒူးထောက်လျက်ရှိနေ၏။ သူ၏နံဘေး၌ စစ်ဗိုလ်ချုပ်ကြီး လော့ဒ်ရှရူဗာရီသည် ရပ်လျက်ရှိ၏။ အမတ်ကြီး၏ ဓားကိုမူကား ခါးမှဖြုတ်ပြီးလျှင် သူ့ရှေ့ကြမ်းပြင်ပေါ်၌ ချထားလေသည်။

'မောင်မင်း ရောက်လာမှကိုး . .'

ဟုပြောကာ ဘုရင်မကြီးသည် ထရက်ဆီးလီးယန်း၏အနီးသို့ လာရောက်ပြီးလျှင် ဟင်နရီဘုရင်မကြီး၏အမူအရာမျိုးဖြင့် ခြေကို ဆောင့်လျက် . . .

'မောင်မင်း ဒီကိစ္စကို သိတယ်၊ ထင်ယောင်ထင်မှားဖြစ်အောင် လိမ်လည်လှည့်ဖြားတဲ့ ဒီပြစ်မှုကြီးထဲမှာ မောင်မင်းဟာ ကြံရာပါတစ်ယောက်ပဲ မဟုတ်လား မဟုတ်သေးဘူး မောင်မင်းဟာ ကျွန်ုပ်တို့ မတရားဆုံးဖြတ်ချက်ချမိအောင် ကြံဆောင်ခဲ့တဲ့ မူလတရားခံပဲမဟုတ်လားဟင်'

ဟု မေးမြန်းလိုက်လေသည်။ ထရက်ဆီးလီးယန်းလည်း ဘုရင် မကြီးရှေ့တော်၌ ဒူးထောက်ခစားရင်း ရာဇမာန်ရှနေသည့် ထိုအတွင်း၌ ထုချေချက်သွင်းကာ ရှင်းလင်းလျှောက်ထားခြင်းသည် အသက်ဘေး နှင့် နီးကပ်လှကြောင်းကို တွေး၍နေမိ၏။ သို့နှင့် ဘုရင်မကြီးက . . .





'ဘယ့်နှယ့်လဲ အ များနေသလား မင်းဘုရားရဲ့ ဒီကိစ္စကို မောင်မင်း အစအဆုံး သိတယ်မဟုတ်လား'

ဟု မေးမြန်းလိုက်ပြန်လေသည်။

'ဒီမိန်းကလေး လီဆတ်စတာအမတ်ကြီးကတော်ဖြစ်တယ်ဆိုတာ ကျွန်တော်မျိုး မသိပါဘူး သခင်မကြီး'

'ဒီနာမည်ကို ဘယ်သူမှလည်း မသိစေရပါဘူး ကျွန်ုပ်အသက်ကို အသေခံရင်ခံမယ် လီဆတ်စတာအမတ်ကြီးကတော်လို့တော့ မထွင်စေဘူး၊ အဲ့လေ သူ့မှာ သစ္စာဖောက် ရောဘတ်ဒတ်(ဒ)လေရဲ့ မုဆိုးမလို့ ခေါ်စရာအကြောင်း မပေါ်ပေါက်ခဲ့လို့ရှိရင်တောင် သူ့ကို ကျွန်ုပ်က 'ဒတ်(ဒ)လေကတော်အေမီ' လို့ ခေါ်ရမှာပေါ့'

'သခင်မကြီး . . သခင်မကြီး အမျက်တော်ရှိတယ်ဆိုရင် ကျွန်တော်မျိုးကိုသာ သခင်မကြီး သဘောတော်အတိုင်း စီရင်တော်မူပါ၊ ဒီလူကိုတော့ ချမ်းသာပေးတော်မူပါ၊ သူ့မှာ ဒီကိစ္စနဲ့ပတ်သတ်ပြီး ဘာအပြစ်မှ မရှိပါဘူး'

'ဒါဖြင့် မောင်မင်းရဲ့ဖြန့်ဖြေမှုကြောင့် သူသက်သာရာ ရသွားတော့မှာပေါ့လေ'

ဟုပြောကာ ဘုရင်မကြီးသည် ဖြည်းညင်းစွာနေရာမှ ထနေသော ထရက်ဆီးလီးယန်း၏အနီးမှ ဒူးထောက်လျက်သားပင်ရှိနေသေးသော လီဆတ်စတာအနီးသို့ ခပ်ဆတ်ဆတ်လျှောက်လာပြီးလျှင်

'ဒီလို မောင်မင်းရဲ့ ဖြန့်ဖြေချက်အတိုင်းဆိုရင် မောင်မင်းဟာ ပြစ်မှုကို နှစ်ခါထပ်ပြီး ကျူးလွန်တာပေါ့၊ မောင်မင်းဟာ နှစ်ထပ်ကွမ်း လိမ်လည်လှည့်ဖြားခဲ့တာ မဟုတ်လားဟင်၊ မောင်မင်းရဲ့လျှောက်တင်ချက်အတိုင်းဆိုရင်ဖြင့် ကျွန်ုပ်ကို တိုင်းသူပြည်သားတွေရဲ့ ရယ်စရာ ပြောင်လှောင်စရာဖြစ်အောင် ကျွန်ုပ်ကို စက်ဆုပ်စရာဖြစ်အောင် ဖန်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ မှုလသက်သည်ဟာ ဘယ်သူလဲ၊ အို . . ဒီလောက်တောင် ကန်းလွန်းလှတဲ့ ကျွန်ုပ်ရဲ့မျက်စိတွေကိုသာ ဆွဲထုတ်ပစ်လိုက်ချင်ပါတော့လေ ဟင်း . . .'

ထိုအခါ အတွင်းဝန်ကြီး 'ဗာလေး' က အရဲစွန့်လျက် . . .

'သခင်မကြီး သခင်မကြီးဟာ ဘုရင်မကြီးတစ်ပါးဖြစ်တယ်ဆို အထူးသတိထားတော်မူပါ ဘုရင်မကြီးမှာ တိုင်းသူပြည်သားတို့ရဲ့မိခင် အင်္ဂလန်ပြည့်ရှင် ဘုရင်မကြီး ဖြစ်တော်မူပါတယ်၊ ပြင်းထန်တဲ့ဒေါသ လှုံ့ဆော်မှုကို လမ်းဖွင့်ပေးတော်မမူပါနဲ့'

ဟု ကြားဖြတ်လျှောက်ထားလိုက်လေသည်။

အဲလစ်ဇဘက်ဘုရင်မကြီးသည် သူ့ဘက်သို့လှည့်လိုက်ရာတွင် ရာဇမာန်ဖြင့် တင်းမာခက်ထန်လျက်ရှိသော သူ၏မျက်လုံးအိမ်ထဲတွင် ငွေမျက်ရည်ဥကလေးတစ်ဥသည် တွဲလွဲခိုလျက် ရှိနေလေသည်။

'ဗာလေး မောင်မင်းက နိုင်ငံရေးမှာသာ ကျွမ်းကျင်တဲ့ လူတစ်ယောက်ဖြစ်လေတော့ သူတစ်ပါး မလေးမခန့်ပြောစရာဖြစ်အောင် စိတ်မချမ်းမသာဖြစ်အောင် ဒီလူက ကျွန်ုပ်အပေါ်ပုံချလိုက်တဲ့ဒုက္ခတွေရဲ့ထက်ဝက်လောက်ကိုတောင် မောင်မင်းနားလည်နိုင်မယ်မဟုတ်ဘူး'

သတိကို အထူးရှေ့ဆောင်လျက် ဗာလေးသည် ဘုရင်မကြီးစိတ်နှလုံး နူးညံ့သိမ်မွေ့လာခိုက်တွင် ရွှေလက်တော်ကို ရိုသေစွာကိုင်စွဲပြီးလျှင် အခြားသူများနှင့်ဝေးသော ပြတင်းပေါက်တစ်ခုရှိရာသို့ ဘုရင်မကြီးအား ဖေးမခေါ်ဆောင်သွားလေသည်။

'ကျွန်တော်မျိုးဟာ နိုင်ငံရေးသမားတစ်ယောက်မျှသာ ဖြစ်တယ်ဆိုတာ မှန်ပါတယ်၊ နို့ပေမယ့် ကျွန်တော်မျိုးဟာ ယောကျ်ားတစ်ယောက်ပါ သခင်မကြီးရယ်၊ ယောကျ်ားတစ်ယောက်မှ သခင်မကြီးရဲ့အတိုင်ပင်ခံအဖြစ်နဲ့ ကြီးပြင်းအိုမင်းလာခဲ့တဲ့ သူတစ်ယောက်ဖြစ်လေ





တော့ သခင်မကြီးရဲ့ ဘုန်းကျက်သရေတိုးတက်မှုနဲ့ စိတ်ပျော်ရွှင်မှုကလွဲပြီး ကျွန်တော်မျိုး ဘာကိုမှအလိုမရှိနိုင်ပါဘူး၊ ဒါကြောင့် သခင်မကြီးရဲ့ ရာဇပလ္လင်ကိုဆယ်တော်မူဖို့ ကျွန်တော်မျိုးတောင်းပန်ပါတယ်'

'ဩော် ဗာလေးရယ် မောင်မင်းသိတာ နည်းနည်းနော်'

ဟု မိန့်တော်မူရင်း မျက်ရည်ဥများသည် ဘုရင်မကြီး၏ ပါးပြင်ပေါ်သို့ တလိမ့်လိမ့်ကျဆင်းလာသည်။

'ကျွန်တော်မျိုး သိ သိပါတယ် သခင်မကြီး၊ အို တခြားလူတွေ မသိသေးတဲ့အရာကို သိသွားအောင် လမ်းညွှန်မပြမိဖို့ အထူးသတိ ပြုတော်မူပါ သခင်မကြီး'

(အသိဉာဏ်တစ်ခု ရုတ်တရက်ဝင်လာသကဲ့သို့ ခေတ္တစကားပြတ်သွားပြီးမှ ဆက်၍ . . .)

'ဟုတ်တယ် ဗာလေး၊ မောင်မင်းပြောတာမှန်တယ်၊ ကိုယ့်ဂုဏ်သရေ ယုတ်လျော့စေဖို့ရယ်၊ စိတ်ဓာတ်အင်အား နုနယ်တာကို ထုတ်ဖော် ဝန်ခံရာရောက်တာရယ်၊ အရေးမထားသင့်တဲ့ ကိစ္စကလေးကို အရေးထားမိလို့ စိတ်ဆင်းရဲရတာရယ်ကလွဲလို့ ဘာမှအကျိုးထူးစရာလမ်း မမြင်ဘူး'

'အဲဒါကြောင့် ရာဇပလ္လင်ကို ထိန်းသိမ်းတော်မူပြီး ဘယ်အင်္ဂလိပ် လူမျိုးကမှ သူတို့ဘုရင်မကြီးရဲ့ ရင်ထဲမှာ လက်ခံထားလိမ့်မယ်လို့ မထင်ကြတဲ့ စိတ်အားငယ်မှုကိုပယ်ဖျောက်ပြီး သခင်မကြီးရဲ့စိတ်ဓာတ်ကို အထက်ရောက်အောင်မြှင့်တင်တော်မူပါ'

'ဘာစိတ်အားငယ်မှုလဲ ဝန်မင်း၊ ဟို သစ္စာဖောက်ကို ကျွန်ုပ်က ပေးသနားတော်မူတဲ့ အခွင့်အရေးကစပြီး ဒီကိစ္စပေါ်ပေါက်လာရတယ်လို့ မောင်မေင်းက သွယ်ဝိုက်လှည့်ပတ်ပြီး ပြောမလို့လား'

ဟု ခက်ထန်သောအသံဖြင့် ပြန်လည်မိန့်ကြားရာမှ ဘုရင်မ



www.burmeseclassic.com

www.burmeseclassic.com



ကြီးသည် အသံကိုနိမ့်ကာ တစ်ဖန် နူးညံ့သိမ်မွေ့လာပြန်လျက် . . .

'နို့ပေမယ့်လေ သစ္စာရှိလှတဲ့မောင်မင်းလို ကျွန်ုပ်ရဲ့ ကျွန်ယုံတော် ဗညာရှိကြီးတစ်ယောက်ကိုတော့ ကျွန်ုပ်က ဘာလိမ်လည်လှည့်ဖျားနေဖို့ လိုတော့သလဲ'

ဗာလေးသည် ရိုသေမြတ်နိုးလှသော အမူအရာဖြင့် ဘုရင်မကြီး၏ ရွှေလက်တော်ကို နမ်းရှုံ့၍ ရန် ဦးခေါင်းကိုအငုံ့လိုက်တွင် ဖြောင့်မှန်သော ကရုဏာတရားနှင့်ပြည့်ဝလျက် ရာဇဝင်မှတ်တမ်းတစ်လျှောက်တွင် ကြုံတောင့်ကြုံခဲလှသော မျက်ရည်တစ်ပေါက်သည် အတွင်းဝန်မင်းကြီး၏ မျက်လုံးအိမ်တွင်းမှ သူ၏ရွှေနန်းရှင်ဘုရင်မကြီး၏လက်ပေါ်သို့ ပေါက်ခနဲ ကျဆင်းသွားလေ၏။

ဗာလေးထံမှလှည့်၍ ခန်းမဆောင်ဘက်သို့ ပြန်ခဲ့သောအခါ ဘုရင်မကြီး၏အမူအရာတို့သည် ယခင်ကအတိုင်း ပြန်လည်ခန့်ညားခြင်းသို့ ရောက်ရှိလာခဲ့လေ၏။

'ကျုပ်တို့ ဘုရင်မကြီးတော့ တကယ့် ရွှေနန်းရှင်ဘုရင်မကြီးအဖြစ်ကို ပြန်ရောက်လာခဲ့ပြီ၊ သူ့ရွှေစိတ်တော်နဲ့ မဆန့်ကျင်အောင်သာ သတိထားပြီး ခစားပေတော့ ဝန်မင်း'

ဟု ဗာလေးက နန်းရင်းဝန်ကြီးအား တီးတိုးသတိပေးလိုက်လေသည်။

ဘုရင်မကြီးက တည်ငြိမ်လေးနက်သောအသံဖြင့် . . .

'စစ်ဗိုလ်ချုပ်ကြီး မောင်မင်းရဲ့အကျဉ်းသားကို လွှတ်လိုက်ဖို့ ကျွန်ုပ်အမိန့်ပေးတယ်၊ ကိုင်း လီဆတ်စတာ အမတ်ကြီး မောင်မင်းဓားကို ပြန်ယူပေတော့၊ ကျွန်ုပ်တို့အပေါ်မှာ လိမ်လည်လှည့်ဖျားခဲ့တဲ့ မောင်မင်းရဲ့အပြစ်နဲ့စာရင် ကျွန်ုပ်တို့စစ်ဗိုလ်ချုပ်ကြီးရဲ့ အစောင့်အရှောက်နဲ့ (၁၅)မိနစ်လောက် နေလိုက်ရတာ မဖြစ်လောက်ပါဘူး ထင်ပါရဲ့၊ ဒီအမှု ကို ကျွန်ုပ်တို့ဆက်လက်ကြားနာကြမယ်'





ဟု အမိန့်ရှိပြီးနောက်၊ ကုလားထိုင်ပေါ်သို့ပြန်ထိုင်ကာ . .

'ကဲ ထရက်ဆီးလီးယန်း ရှေ့တိုးပြီး မောင်မင်းသိသမျှ တင်လျှောက်စမ်း'

ထရက်ဆီးလီးယန်းသည် လီဆတ်စတာနှင့် နှစ်ကြိမ်တိုင်တိုင် ဓားချင်းယှဉ်ပြိုင်ခုတ်ခဲ့သည့်အကြောင်းကို ချန်လှပ်လျက်၊ သူသိသမျှကို သဘောထားကြီးစွာဖြင့် လီဆတ်စတာဘက်မှ ဖေးမနိုင်သမျှ ဖေးမကာ လျှောက်ထားလေ၏။ စကားအဆုံးတွင် ဘုရင်မကြီးက

'ထရက်ဆီးလီးယန်း မောင်မင်း ကျွန်ုပ်တို့ကို အမှန်အတိုင်းအားလုံးဖွင့်ပြီးမပြောတာဟာ မောင်မင်းရဲ့အမှားပဲ၊ ပြီးတော့ မဟုတ်တဲ့နေရာမှာ ကတိတည်မိတာဟာလည်း မောင်မင်း သတိချို့ယွင်းရာရောက်တယ်၊ တာဝန်ကို မသိတတ်ရာလည်းရောက်တယ်၊ နို့ပေမယ့် ဒီ ဒုက္ခသည်မိန်းမပျိုကလေးအပေါ်မှာ မောင်မင်းထားခဲ့မိတဲ့ ကတိကို မကျိုးမပျက်အောင် ထိန်းသိမ်းဖို့ကတော့ ယောကျ်ားကောင်းတို့ရဲ့ ဝတ္တရားပဲ၊ အဲဒီတော့ အားလုံးခြုံကြည့်ရင် ဒီကိစ္စထဲမှာ ပါဝင်ဆောင်ရွက်ခဲ့တဲ့ မောင်မင်းရဲ့ ဂုဏ်သိက္ခာကို ကျွန်ုပ်တို့လေးစားချီးကျူးပါတယ်၊ ကိုင်း လီဆတ်စတာ အမှန်အတိုင်း ဖွင့်ဟပြီးပြောဖို့ အခုမောင်မင်းရဲ့ အလှည့်ရောက်ပြီ'

ဘုရင်မကြီးက သူ့အား အေမီရိုဗတ်နှင့် မည်ကဲ့သို့ စတင်တွေ့ရှိပုံ၊ မနာလို ဝန်တိုစိတ်များ မည်ကဲ့သို့ပေါ်ပေါက်လာပုံတို့ကို တစ်ခုစီ အသေးစိတ် စုံစမ်းမေးမြန်းလေသည်။ သူ၏ထွက်ချက်ကို ပေါင်းစပ် ကြည့်လိုက်သောအခါ အမတ်ကတော်လေး၏အသက်ကို လုပ်ကြံရန် ဗားနေး၏ အကြံအစည်ကို သူသဘောတူလိုက်မိသည့် အချက်ကို ထိန့် ဝှက်ချန်လှပ်ခဲ့သည်မှတစ်ပါး တိကျမှန်ကန်ပေ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထိုအချက်ပင် သူ၏နှလုံးသားကို အထိခိုက်ဆုံးဖြစ်လေသည်။ သို့ဖြင့် လင်းဘုန်းကို မိမိစေလွှတ်၍ ကြပ်တည်းစွာ အမိန့်ပေးလိုက်သည်မှန်သော်လည်း ဘုရင်မကြီးရှေ့တော်မှ လွတ်မြောက်သည်နှင့် တစ်ပြိုင်နက် 'ကူးနားပလေ့' သို့ မိမိကိုယ်တိုင် အမြန်ဆုံး လိုက်တော့မည်ဟု စိတ်ပိုင်းဖြတ်လိုက်လေသည်။ သို့သော် အပြင်ခန်းမဆောင်သို့ လိုက်ခဲ့ရန် ဘုရင်မကြီး အမိန့်ပေးသဖြင့် လိုက်ပါသွားရ၏။

ခန်းမဆောင်အတွင်းသို့ ရောက်သောအခါ စိတ်အားထက်သန်စွာ စောင့်မျှော်နေသော ပရိသတ်အား . . . 'ကီနဝါရဲတိုက်ရှင်ရဲ့ ပျော်ပွဲရွှင်ပွဲဟာ မပြီးဆုံးသေးဘူး၊ ရဲတိုက်ရဲ့ လက်ထပ်မင်္ဂလာပွဲကို ခမ်းခမ်းနားနား ကျွန်ုပ်တို့ဆောင်ရွက်ပေးဖို့ ကျန်သေးတယ်' -

ဟု မိန့်ကြားလိုက်သဖြင့် 'ဟာ' ခနဲ ပရိသတ်၏ အံ့သြသွားသောအသံကို ကြားရလေ၏။ ဘုရင်မကြီးက ဆက်၍ . . .

'ဒါဟာ အမှန်အတိုင်း ကျွန်ုပ် အမိန့်ရှိခြင်း ဖြစ်တယ်၊ အကြောင်းက တမင်သက်သက် ကျွန်ုပ်တို့ကို အံ့အားသင့်အောင်လုပ်ပြီး ကျွန်ုပ်ကိုတောင် မပြောဘဲ လျှို့ဝှက်ထားတာကိုး၊ သင်တို့ကတော့ ဒီမိန်းကလေးဟာ ဘယ်သူပါလိမ့်မလဲလို့ သိချင်လှရောပေါ့၊ တခြားသူ ဟုတ်ပါရိုးလား၊ မနေ့က ပျော်ပွဲမှာ ကျွန်ုပ်ယုံတော် ဗားနေးရဲ့မိန်းမအဖြစ်နဲ့ သရုပ်ဖော်သွားတဲ့ 'အေမီရီဗတ်'ပေါ့။

'ကျွန်တော်မျိုး လျှောက်ထားစရာ ကျန်ပါသေးတယ် သခင်မကြီး . .'

'ကျယ်ကျယ်လျှောက်ပါ အမတ်ကြီးရဲ့၊ ကျယ်နိုင်သမျှ ကျယ်ကျယ်သာလျှောက်ထားစမ်းပါ၊ ဘယ့်နှယ် မောင်မင်း ကျွန်ုပ်ကို ဘာများ လျှောက်စရာရှိသေးလဲ'

'ကူးနားပလေ့ကို ကျွန်တော်မျိုးအား သွားခွင့်ပြုတော်မူဖို့ပါ'





'ဘယ်နှယ့် မောင်မင်းဇနီးသည် အသစ်စက်စက်ကလေးကို ကိုယ်တိုင်သွားခေါ်မလို့လား၊ မိန်းကလေးကို တစ်မျိုးတစ်ဖုံထားကြတယ်လို့ ကျွန်ုပ်တို့ကြားရတော့ ဒီလို သွားခေါ်မယ်ဆိုတာလည်း မှန်တာပေါ့လေ၊ နို့ပေမယ့် အမတ်ကြီးရဲ့ . . မောင်မင်းကိုယ်တိုင်သွားလို့ မဖြစ်သေးပါဘူး၊ ဒီရဲတိုက်ကြီးမှာ ကျွန်ုပ်တို့ ရက်နည်းနည်းဆက်ပြီး နေထိုင်ဖို့ ဆုံးဖြတ်ထားလေတော့၊ အိမ်ရှင်မရှိဘဲ ကျွန်ုပ်တို့ကို ဒီမှာ ပစ်ထားခဲ့တယ်ဆိုလို့ရှိရင် မောင်မင်းအဖို့ အရှိအသေတန်ရာရောက်သွားတော့မှာပေါ့ . . တိုင်းသူပြည်သားတွေရဲ့အမြင်မှာ ဒီလိုမောင်မင်းရဲ့ ဂုဏ်ပျက်စေမယ့် ကိစ္စမျိုးလည်း မဖြစ်စေချင်ပါဘူး၊ အဲဒီတော့ ကူးနားပလေ့ကို မောင်မင်းအစား ထရက်ဆီးလီးယန်းသွားလိမ့်မယ်၊ ပြီးတော့ ကိုယ့်ရဲ့ပြိုင်ဘက်ဟောင်းအပေါ်မှာ မယုံမကြည်မဖြစ်ရအောင် ကျွန်ုပ်တို့ဆီက စိတ်ချရတဲ့လူတစ်ယောက်လည်း သူနဲ့အတူ လိုက်ပါသွားလိမ့်မယ်၊ ထရက်ဆီးလီးယန်းက ဘယ်သူ့ကို လိုက်စေချင်သလဲ'

ထရက်ဆီးလီးယန်းက 'ရလေး' ၏အမည်ကို ထုတ်ဖော်လျှောက်ထားလိုက်လေသည်။

'မောင်မင်းက လူရွေးတော်ပေသားပဲ၊ ကိုင်း အတွင်းဝန်မင်းက ရစ်ချတ်ဗားနေးရဲ့ကိုယ်ကို တွေ့ရာနေရာမှာ အသေရရ အရှင်ရရ ဖမ်းဆီးနိုင်တဲ့အမိန့်စာ သူတို့ကို ထုတ်ပေးလိုက်ပေတော့။ ဒါနဲ့ မောင်မင်းတို့ လူအလုံအလောက်ခေါ်သွားကြနော်၊ ပြီးတော့ မိန်းကလေးကို တတ်နိုင်သမျှ ခမ်းခမ်းနားနား ခေါ်လာခဲ့ကြပါ။ ကိုင်း ကိုင်း အချိန်မကုန်စေနဲ့ . . သင်တို့ကို ဘုရားသခင် စောင့်မပါစေ'

သူတို့သည် ဦးညွှတ်ကာ ရှေ့တော်မှ ထွက်ခွာသွားကြလေ၏။

*



www.burmeseclassic.com

www.burmeseclassic.com

## ( ၁၈ )

ယခု ကျွန်ုပ်တို့၏ဓာတ်လမ်းသည် လီဆတ်စတာအမတ်ကြီး၏ အာဏာကုန်လွှဲအပ်ခြင်းနှင့် ဘုရင်မကြီး၏ ခွင့်ပြုချက်ကို ရရှိထားသော ဗားနေးသည် အမတ်ကတော်လေးအား ကီနဝါရဲတိုက်ကြီး၏ လှည့်ထုတ်သွားခြင်းအားဖြင့် သူ၏ သစ္စာဖောက်မှုကြီးကို အခြားသူများ မရိပ်မိစေဘဲ လုံခြုံစွာရှိစေရန် ကတိုက်ကရိုက် စီမံလျက်ရှိသည့် နေရာသို့ ဦးလှည့်ရောက်ရှိလာပြန်၏။

အေမီမှာ စိတ်မနှံ့သကဲ့သို့ရှိသည်ဟု အများက ယုံကြည်နေကြသော အချက်သည်ပင် ယင်းကိစ္စအတွက် လုံလောက်သော အချက်ဖြစ်နေရကား အကယ်၍ အေမီက အော်လားဟစ်လားလုပ်ကာ ငြင်းဆန်နေကာ ထိုအချက်နှင့်ပင် အခွင့်ကောင်းယူရန် ကြံစည်ထားလေသည်။ သို့သော် အန်ထော်နီဖော်စတာ၏ အကူအညီမပါလျှင်လည်း မပြီးသေးပေ။ သို့ဖြစ်၍ အေမီအား နေရာချထားသည့်အခန်းသို့ နှစ်ယောက်သား အတူတကွသွားရောက်ကြလေသည်။

အေမီသည် ငိုမြည်းလျက်ရှိနေရာမှ ကမ္ဘာပေါ်တွင် မိမိအကြောက်ရွံ့ဆုံးအမုန်းတီးဆုံးဖြစ်သည့် ဗားနေးအား ရုတ်တရက် မိမိနံဘေးတွင် တွေ့လိုက်ရသောအခါ ထိတ်လန့်အံ့သြသွားပုံမှာ ပြောဖွယ်ရာ မရှိပါပေ။ သို့ရာတွင် သူ့တစ်ယောက်တည်းမဟုတ်သည်ကို တစ်ဖန်တွေ့ရသဖြင့် အတန်ငယ် စိတ်သက်သာရာရသွားလေတော့၏။



'ကဲ မဒမ်၊ အကျိုးအကြောင်းကို အကျယ်ချဲ့ပြောဖို့ အချိန်လည်း မရှိဘူး၊ မလွှဲသာတဲ့အကြောင်းကိစ္စတွေကြောင့် ကျုပ်တို့နဲ့ ကူးနားပလေ့ကို ခုချက်ချင်းပြန်လိုက်သွားဖို့ ကျုပ်သခင်လီဆတ်စတာ အမတ်ကြီးက ခင်ဗျားကို အမိန့်ပေးလိုက်တယ် . . ဟော့ဒီမှာ ချက်ချင်းချမှတ်လိုက် တဲ့ အမိန့်နဲ့ အထိမ်းအမှတ်အဖြစ်နဲ့ သူပေးလိုက်တဲ့ တံဆိပ်လက်စွပ်ကိုပဲ ကြည့်ပေတော့'

'ဒါဟာ လိမ်တာပဲ၊ ဒီလက်စွပ်ကိုလည်း ရှင်ပဲ ညာဏ်များပြီး ခိုးယူလာတာဖြစ်မှာပေါ့'

'မဟုတ်ဘူး မဒမ် . . ဒီဟာ အမှန်ပါပဲ၊ ကျုပ်တို့ပြောတဲ့အတိုင်း ချက်ချင်းမလိုက်ခဲ့လို့ရှိရင်၊ ကျုပ်တို့အမိန့်ကိုလိုက်နာအောင် ခင်ဗျားကို ကျုပ်တို့ အကြမ်းကိုင်ရလိမ့်မယ်'

'အကြမ်းကိုင်မယ် ဟုတ်စ . . ရှင်ဒီလိုတော့ မလုပ်ရဲပါဘူး'

'ဒါကတော့ စမ်းကြည့်ရင် သိရမှာပေါ့ မဒမ်၊ ခင်ဗျားက ကျုပ်ကို ဒီလိုဖြစ်အောင်လုပ်ရင် ကျုပ်ကလည်း ခင်ဗျားကို လူကြမ်းတစ်ယောက်အဖြစ်နဲ့ ကိုင်ရုံပေါ့'

ထိုစကားကိုကြားရသောအခါ အေမီသည် ကြောက်အားလန့်အားဖြင့် ငယ်သံပါအောင် အော်လိုက်မိလေသည်။ သူ့အား စိတ်မနှံ့ဟူ၍သာ ယူဆထားခြင်းမရှိပါက သူသည် 'လော့ဒ်ဟန်းဆဒမ်း' နှင့် အခြားသူများ၏ အကူအညီကို ချက်ချင်းရရှိမည်ဖြစ်၏။ ယခုသော်ကား အော်ရသည်မှာ အချည်းနှီးဖြစ်နေသဖြင့် မိမိအပေါ်၌ မိန့်မသား

www.burmeseclassic.com



တစ်ယောက်အနေနှင့် မလျော်ညီသော အကြမ်းဖက်မှုမပြုလုပ်ပါရန် ဖော်စတာအား သနားစဖွယ် လှည့်၍ တောင်းပန်ပြန်လေသည်။

'မိန်းမဆိုတာဟာ ကိုယ့်ယောကျ်ားရဲ့သြဇာကို နာခံရစမြဲပဲ မဒမ်၊ ဒီမှာလည်း အမိန့်ပါလာတဲ့ဟာပဲ၊ အဲဒီတော့ ခင်ဗျားအဝတ်အစားလဲပြီး ကျုပ်တို့နဲ့ ကောင်းကောင်းမွန်မွန်လိုက်လာမယ်ဆိုရင် ခင်ဗျားကို ဘယ်သူကမှ လက်ဖျားနဲ့ တို့မှာမဟုတ်ဘူး'

အမေမီသည် အကူအညီရရန် လမ်းမမြင်တော့သဖြင့် အဝတ်အစားလဲရန် ကတိပေးလိုက်ရပြီးနောက် ငိုကာယိုကာ၊ ဆုတောင်းကာဖြင့် နေရာမှထ၍ သွားပြီးလျှင် အဝတ်အစားများ လဲလှယ်နေရာမှ ဗားနေးက သည်းမခံနိုင်တော့သဖြင့် နောက်ဆုံးတွင် အသင့်ရှိပြီဖြစ်ကြောင်း ပြောကြားလိုက်ရလေသည်။

အမတ်ကတော်လေးသည် ဖော်စတာအား တွဲမှီကာလိုက်ပါသွားလေရာ နောက်ဖေးဝင်တံခါးဝတွင် ယောကျ်ားအစေခံတစ်ယောက်က ထမ်းစင်တစ်ခုအပြင် မြင်းများနှင့် စောင့်ဆိုင်းနေသည်ကို တွေ့ရ၏။ အမေမီမှာ မိမိထမ်းစင်အနီးတွင်ကပ်၍ ဖော်စတာနှင့် အစေခံတို့က မြင်းများစီးကာ လိုက်ပါလာရုံနှင့် ကျေနပ်မိရှာ၏။ ဗားနေးကမူ တဖြည်းဖြည်း နောက်ချန်၍ နေရစ်ခဲ့ပြီးလျှင် မကြာမီ မှောင်ထဲ၌ ပျောက်ကွယ်သွားလေသည်။

ဗားနေးသည် အမတ်ကတော်လေးအား ငြိမ်သက်စွာ သွားစေလိုသည့်ပြင်၊ လင်းဘုန်းကိုလည်း အချိန်မရွေး သူ့ထံလာရောက်တွေ့ဆုံလိမ့်မည်ဟု မျှော်လင့်သည့်အတိုင်း မည်သူမျှ မမြင်စေဘဲ နှစ်ယောက်ချင်းတွေ့လိုသော ဆန္ဒလည်းရှိ၏။ ခရီးထွက်မိ၍ ၁၀ မိနစ်ခန့်မျှရောက်လျှင်ပင် နောက်မှ မြင်းခွာသံများကိုကြားရပြီးလျှင် 'မိုက်ကယ်လင်းဘုန်း' မီလာသည်ကို တွေ့ရလေသည်။ ဗားနေးသည် လင်းဘုန်း-





အား ချက်ကောင်းတွင် ပျောက်သွားသဖြင့် အလွန်အမင်းဒေါသထွက်ကာ . . .

'ဘယ့်နှယ့်လဲ အရက်သမား လူရှုပ်ရဲ့၊ မင်း ဖျင်းပုံ လျှောက်ပွေနေပုံမျိုးနဲ့ဆိုရင် မကြာခင် စက်တိုင်တက်ရလိမ့်မယ်'

ဟု ဆီးပြီး အပြစ်တင်ကာ ဆူပူလိုက်၏။ လင်းဘုန်းမှာ အသောက်ရေချိန် လွန်နေသဖြင့်တစ်ကြောင်း၊ မကြာမီကပင် အမတ်ကြီးနှင့် တွေ့ခဲ့ရသဖြင့် သွေးကြွနေသောကြောင့် ဗားနေး၏ပြောစကားများကို မခံတော့ဘဲ . . .

'လင်းဘုန်းဟာ ဒီစကားမျိုးကို ခြေထောက်မှာ သံဖနောင့်အမြဲတပ်ထားရတဲ့ သူ့ရဲကောင်းကြီးကိုတောင်မခံဘူး၊ ဗားနေးရော လင်းဘုန်းရောဟာ ကျွန်ချည်းပဲ မဟုတ်လား'

ဟု ပြောဆိုလိုက်လေသည်။

လင်းဘုန်း၏ ပြောနေကြမဟုတ်သော ရိုင်းစိုင်းသည့်စကားအသုံးအနှုန်းများကို ဗားနေးကြားရသောအခါ ယင်းတို့မှာ အရက်တန်ခိုးကြောင့်ဖြစ်သည်ဟု အမှတ်မဲ့နေလိုက်၏။ ထိုနောက်မှ လီဆတ်စတာ အမတ်ကြီး၏တက်လမ်းတွင် အနှောင့်အယှက်ဖြစ်နေသောအရာကို ဖယ်ရှားသုတ်သင်ရမည့်ကိစ္စ၌ လင်းဘုန်းအား သွေးဆောင်ရန် စကားစ၍ကြည့်လေသည်။ သို့သော် မိမိဆိုလိုသည့် စကားအဓိပ္ပါယ်ကို လင်းဘုန်း ကောင်းစွာမသိဟန်ရှိသဖြင့်။ မိမိ ဖယ်ရှားဖျက်ပစ်လိုသောအရာမှာ 'ထမ်းစင်အတွင်းမှအရာ' ဖြစ်ကြောင်း ဗားနေးက ခပ်ရှင်းရှင်းပင် ဖွင့်ပြောလိုက်လေသည်။

'ဆာရစ်ချတ်ဗားနေးရဲ့ လူဆိုတာ တချို့က တချို့ထက် ဉာဏ်ပညာရှိပြီး၊ တချို့ဟာ တချို့ထက် ဖျင်းကြတယ်၊ ဒီနေရာမှာ ကျုပ်ဟာ အမတ်ကြီးစိတ်သဘောကို ခင်ဗျားထက်ပိုသိတယ်၊ အဲဒါဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လို့ဆည်းဆိုဆော့ သူက ကျုပ်ကိုယုံကြည်စိတ်ချလို့ တာဝန်လွှဲလိုက်တာတို့၊ ယောဒီမှာ သူ့စာချွန်ပဲ၊ ခင်ဗျားနဲ့ ကျုပ် စိတ်သဘောထားချင်း မတွဲခင် ကျုပ်ကို မိတ်ဆွေလုပ်ရင် ကောင်းလိမ့်မယ် ထင်တယ်'

'ဘာလဲ မင့်ကို ဒီလိုနေရာမျိုးရောက်အောင် အစစအရာရာ သွန်သင်ပြသပြီး လူရာသွင်းလာခဲ့တဲ့ မင့်ဆရာကို မင်းက ကာပြန်တာလား မိုက်ကယ်'

'ကျုပ်အရင်က မိုက်ကယ်မဟုတ်တော့ဘူး၊ ပြီးတော့ တကယ်လို့ ကျုပ်ဟာ တပည့်ဖြစ်ခဲ့ဖူးတယ်ဆိုရင်လည်း ဒီစာချုပ်ကို ဖျက်လိုက်ပြီး၊ ကျုပ်ကိုယ်ကျုပ်ပဲ လုံးလုံးအားကိုးဖို့ ဆုံးဖြတ်လိုက်ပြီ'

'ဒီလိုဆိုရင် ဒါကိုပဲ အရင်ယူပေတော့၊ ခွေးမသား'

ဟု ပြောပြောဆိုဆိုနှင့် ဗားနေးသည် အသင့်ကိုင်ဆောင်လာသော ပစ္စတိုနှင့် လင်းဘုန်း၏ ကိုယ်ထဲသို့ တည့်တည့်ကြီးပစ်သွင်းလိုက်လေသည်။

လူမိုက်ကြီးကား တစ်ခွန်းမျှပင် အော်ဟစ်ခြင်းမပြုနိုင်ဘဲ မြင်းပေါ်မှ ထိုးကျသွားလေ၏။ ဗားနေးသည် မြင်းပေါ်မှဆင်းသက်ပြီးလျှင် လင်းဘုန်းအား ဓားပြများနှင့်တွေ့၍ တိုက်ခိုက်ခြင်းကိုခံရသည်ဟု ထင်မှတ်စေရန် အကျီအိတ်များကို လှန်လှောမွှေနှောက်ထားလေသည်။ ထို့နောက်မှ ပစ္စတိုမှ ယမ်းစယမ်းနများကို ကောင်းစွာသုတ်သင်ပွတ်တိုက်ကာ၊ ယမ်းတောင့်အသစ် ဖြည့်ထည့်ပြီးလျှင်၊ ထမ်းစင်နောက်သို့ အေးဆေးစွာ ဆက်လက်လိုက်ပါသွားလေသည်။ ကျန်ခရီးကို သူတို့သည် အပြင်းနှင်ခဲ့ကြရာ နောက်တစ်နေ့ညတွင် ကူးနားပလေ့ကို သူတို့သည် ချဉ်းကပ်မိကြလေတော့၏။

ဗားနေးသည် ထမ်းစင်အနီးသို့ရောက်လာ၍ အေမီမည်သို့ရှိလေသနည်းဟု မေးမြန်းစုံစမ်းရာတွင် ဖော်စတာက အေမီအိပ်ပျော်နေ





ကြောင်း ခရီးပန်းလှပြီဖြစ်၍ အိမ်သို့အမြန်ရောက်လိုကြောင်း ပြန်ပြောလေသည်။

'အနားရရင် သူ ပြန်ပြီး လန်းဆန်းလာပါလိမ့်မယ်၊ ပြီးတော့လည်း မကြာခင် တစ်ခါတည်း နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်ရတော့မှာပါ၊ တစ်ခုရှိတာက သူ့ကို လုံလုံခြုံခြုံနဲ့စိတ်ချရအောင် ဘယ်မှာထားမယ်ဆိုတာ ကျုပ်တို့ စဉ်းစားရလိမ့်မယ်'

'စိတ်ချရအောင် သူ့အခန်းမှာပဲ ထားတာပေါ့၊ ဂျေးနက်ကိုတော့ မြည်တွန်ဆုံးမပြီး သူ့အဒေါ်ဆီပို့လိုက်ပြီ၊ အစေခံမိန်းမကြီးတွေက စိတ်ချရပါတယ်၊ သူတို့က ဒီမိန်းမကို အလိုလိုမုန်းနေကြတာပဲ'

'ဘယ်လိုပဲဖြစ်ဖြစ် သူတို့ကိုတော့ ကျုပ်တို့ ယုံလို့မဖြစ်ပေဘူး အန်တော်နီ၊ ထူးထူးဆန်းဆန်းအကာအကွယ်တွေလုပ်ထားတဲ့ ခင်ဗျားအိပ်ခန်းကိုပဲ သူ့အတွက် သီးခြားထားရမယ်။ ခမ်းခမ်းနားနား ပြင်ဆင်ထားတဲ့ ဟိုအခန်းကြီးလေးခန်းကိုတော့ အထားခိုင်းမယ်မဟုတ်ဘူးဆိုတာ ကျုပ်ရဲရဲကြီးပြောဝံ့တယ်'

ကူးနားပလေ့သို့ ရောက်သောအခါ အမတ်ကတော်လေးသည် ဂျေးနက်အား အရေးတကြီး မေးမြန်းလေရာ ချစ်စဖွယ်ကောင်းသော သူငယ်မလေး၏ ပြုစုစောင့်ရှောက်ခြင်းကို ဆက်လက်ရရှိတော့မည် မဟုတ်ကြောင်း သိရှိရသောအခါ ထိတ်လန့်သွားမိ၏။

'ကျုပ်သမီးဟာ ကျုပ်အသက်ပဲ မဒမ်၊ အဲဒီတော့ ရှုပ်ရှုပ်ယှက်ယှက်အလုပ်မျိုးတွေ သူတတ်သွားမှာကို ကျုပ် မလိုလားဘူး၊ ဒါ့အောင်မှ အသိမ်အကောက်တွေ သူတော်တော်တတ်သွားလိုက်သေးတယ် မဟုတ်လား'

အမတ်ကတော်လေးမှာ ခရီးပန်းကာ ပင်ပန်းနွမ်းနယ်လှပြီဖြစ်၍ ဖော်စတာ၏ ရိုင်းပျစော်ကားသော စကားများကို ပြန်လှန်ချေပခြင်း



www.burmeseclassic.com

www.burmeseclassic.com



မပြန်နိုင်ဘဲ သူ၏အခန်းသို့သာ သွားရောက်အနားယူလိုသော ဆန္ဒရှိလေ၏။

ထိုအခါ ဖော်စတာက . . .

'ခင်ဗျား အရင်ကအခန်းကိုတော့ ပြန်သွားလို့ မဖြစ်တော့ဘူး၊ ဒီထက် လုံခြုံစိတ်ချရတဲ့အခန်းကို ခင်ဗျားသွားရလိမ့်မယ်'

ဟု ပြောလိုက်လေသည်။

ထို့နောက် မီးခွက်တစ်ခုကိုယူကာ အေမီအား ယခင်အထက်က တစ်ကြိမ်မျှမရောက်ခဲ့ဖူးသော အိမ်ကြီး၏တစ်နေရာသို့ ခေါ်ဆောင်သွားပြီးလျှင် မြင့်မားလှသော လှေကားကြီးတစ်ခုရှိရာသို့ ရောက်သောအခါ အစေခံမိန်းမအိုကြီးတစ်ယောက်ကို ရှေ့မှမီးပြစေလျက် အေမီအား လှေကားပေါ်သို့တက်စေ၏။ လှေကားကြီးထိပ်သို့ရောက်သောအခါ သူတို့သည် ကျဉ်းမြောင်းသော အဆောင်ကြားလမ်းတိုကလေးတစ်ခုကို ဖြတ်ကျော်ကာ တစ်ဘက်စွန်းတွင်ရှိသည့် ဝက်သစ်ချတံခါးပေါက်ကြီးရှိရာသို့ ရောက်သွားကြလေသည်။ တံခါးကိုဖွင့်၍ အခန်းတွင်းသို့ ဝင်ရောက်မိသောအခါ၌ကား ဖော်စတာ ထာဝစဉ်နေလေ့ရှိသော အဆိုပါအခန်းကလေးမှာ နာမည်အားဖြင့်သာ အခန်းဟုခေါ်ဆိုရလျက် စင်စစ်သော်ကား အကျဉ်းထောင်နှင့် တစ်စုံတစ်ရာခြားနားခြင်း မရှိချေ။

ဖော်စတာသည် တံခါးဝတွင်ရပ်လျက် မီးခွက်ကိုင်လာသော အစေခံမကြီးအား အတွင်းသို့လိုက်မပြစေတော့ဘဲ မီးခွက်ကိုသာ အမတ်ကတော်လေးအား လှမ်းပေးလိုက်လေသည်။ အေမီလည်း မီးခွက်ကို ချက်ချင်းလှမ်းယူလိုက်ပြီးနောက် တံခါးကို အတွင်းမှ မင်းတုန်းချ၍ ပိတ်လိုက်လေ၏။

ထိုအချိန်၌ ဗားနေးသည် လှေခါးပေါ်တွင် တိတ်တဆိတ်ရပ်





နေခဲ့ရာမှ တံခါးမင်းတုန်းချသံကိုကြားရသောအခါ အပေါ်သို့ အသာခြေဖျားထောက်ကာ တက်လာခဲ့လေ၏။ ဖော်စတာက ဗားနေးအား မျက်စိမှိတ်ပြလိုက်ပြီးလျှင် ကျေနပ်သောအမူအယာဖြင့် နံရံတွင်း၌ မြုပ်သွင်းတပ်ဆင်ထားသော စက်ကိရိယာတစ်ခုကိုညွှန်ပြရင်း ထိုစက်မှ ခလုတ်တစ်ခုကို အသံမထွက်စေဘဲ နှိပ်လိုက်ရာတွင် အဆောင်ကြားလမ်း ကြမ်းပြင်တစ်နေရာသည် ကြိုးဆွဲတံတားတစ်ခုကဲ့သို့ အောက်သို့ လျှောခနဲ နိမ့်ဆင်းသွားလေသည်။ ဤသို့ဖြင့် လှေကားထိပ်နှင့် အိပ်ခန်းတံခါးဝသို့ ကူးသည့်လမ်းကြားကလေးမှာ လုံးဝအဆက်ပြတ်သွားတော့၏။ ထိုစက်၌ တပ်ဆင်ထားသောကြိုးကို ဖော်စတာသည် ပြင်ပမှရန်သူများ အတွင်းသို့ဝင်ရောက်မလာနိုင်စေရန် မူလက အတွင်းအိပ်ခန်းနှင့် ဆက်သွယ်ထားခဲ့သော်လည်း ယခုမူကား အခန်းတွင်းမှ အကျဉ်းသားကို အပြင်သို့ထွက်မလာနိုင်စေရန် ကြိုးကို လှေကားဦးဘက်သို့ ထုတ်ယူ၍ ချည်နှောင်ထားလိုက်လေသည်။

ဗားနေးသည် စက်ကိရိယာကို များစွာစိတ်ဝင်စားသည့်ဟန်ဖြင့် သေချာစွာကြည့်ရှုပြီးနောက် ထောင်ချောက်တံခါး ပွင့်သွားသဖြင့် ဖြစ်ပေါ်လာသောတွင်းကြီးကို အကြိမ်ကြိမ်ငုံ့ကြည့်လျက်ရှိ၏။ တွင်းကြီးကား မည်းမှောင်လျက် အသူတရာနက်သည့်ချောက်ကြီးနှင့် တူနေလေသည်။ ဗားနေးသည် တွင်းကြီးကို အတန်ကြာ ငုံ့ကြည့်ပြီးနောက် အိမ်ကြီး၏ လူနေသောအပိုင်းဘက်သို့ ဖော်စတာနောက်မှ ပြန်၍လိုက်လာခဲ့လေသည်။

ဧည့်ခန်းထဲသို့ ပြန်၍ရောက်လာကြသောအခါ ဗားနေးက

'ဒီမှာ ကိုလူအကြီးရဲ့ စင်ရော်ငှက်ကလေးတစ်ကောင်ကို အမိဖမ်းတဲ့နည်း ခင်ဗျားကို ကျုပ်ပြပေးမယ်၊ ဟိုမှာ ထောင်ချောက်တံခါးရယ် ခင်ဗျား ကစားစရာအရုပ်ကလေးရယ်ရှိတယ်နော်၊ အဲဒီ ထောင်ချောက်



www.burmeseclassic.com

www.burmeseclassic.com



တံခါးဟာ အောက်ကခံထားတဲ့ဟာတွေအားလုံးကို ဖြတ်လိုက်လို့ရှိရင် သူ့အတိုင်း ဒီလိုပဲနေပါ့မလား'

'ဟာ . . နေပြီလားဗျာ ဒီအပေါ်ကိုတက်မနင်းမချင်း ဒီအတိုင်းပဲ နေတာပေါ့'

'တကယ်လို့ အမတ်ကတော်လေးဟာ ဒီအပေါ်က ဖြတ်ပြီး ပြေးမယ်ဆိုရင် သူ့ကိုယ်အလေးချိန်ကြောင့် တံခါးဟာ အောက်ကို လျှောကျသွားနိုင်ပါ့မလား'

'လူကို မဆိုထားနဲ့၊ ကြွက်ကလေးတစ်ကောင်ရဲ့အလေးချိန်ဆိုတောင် တံခါးဟာ ကျသွားလေရဲ့'

'ဒီလိုဆို သူ့ဘာသာ ထွက်ပြေးဖို့ကြံစည်ရင်းနဲ့ သေရတယ်ဆိုရင် ခင်ဗျားရော ကျုပ်ရော ဘာတတ်နိုင်သေးသလဲ ဟုတ်တယ်မဟုတ်လား ဦးရွှေရိုးကြီးရဲ့၊ ကိုင်း . . ကိုင်း . . ကျုပ်တို့ရဲ့စီမံကိန်းကြီးကို နက်ဖြန်ကျမှ ထပ်ပြီးညှိနှိုင်းဆွေးနွေးကြသေးတာပေါ့ ခုတော့ဖြင့် အိပ်ချေကြဦးစို့ရဲ့'

နောက်တစ်နေ့ညနေ၌ ဗားနေးသည် ဖော်စတာအား မိမိတို့အကြံကို အတည်ပြုရန် အမိန့်ပေးလိုက်လေသည်။ ဖော်စတာသည် အစေခံများအား ရွာထဲသို့ တစ်ဘက်လှည့်နှင့် စေလွှတ်လိုက်ပြီးလျှင် သူကိုယ်တိုင်မူကား အမတ်ကတော်လေး၏နေထိုင်ရပုံကို ဂရုတစိုက် လေ့လာကြည့်ရှုသည့်အနေနှင့် အေမီ၏အခန်းသို့ သွားရောက်လေသည်။ အေမီမှာ သူ့အား ထည့်သွင်းလှောင်ပိတ်ထားသောနေရာတို့၌ စိတ်ရှည်လက်ရှည် သည်းခံနေရှာသည်ကို မြင်ရသောအခါ ဖော်စတာသည် ကရုဏာမသက်ဘဲ မနေနိုင်အောင်ဖြစ်လာသဖြင့် သူ့အား လီဆတ်စတာအမတ်ကြီး ရောက်မလာမချင်း မည်သည့်အကြောင်းနှင့်မျှ အခန်းတံခါးအပြင်ဘက်သို့ ကျော်ထွက်ခြင်းမပြုရန်အကြောင်း မည်





သည့်နည်းနဲ့မဆို အမတ်ကြီးသည် မကြာမီ ရောက်လာလိမ့်မည်ဖြစ်ကြောင်း အားပေးစကားပြောကြားလေသည်။ အေမီကမူ မိမိသည် ကံစီမံရာကိုသာ လိုက်နာတော့မည်ဖြစ်ကြောင်း ပြန်၍ပြောရှာသည်။ သို့နှင့်ခေါင်းမာလှသော သူ၏အဖော်ထံသို့ပြန်လာခဲ့ရာ သူ့ကိုယ်ပေါ်တွင် လေးလံစွာ ဖိစီးလျက်ရှိသည့် ဘေးရန်များလှသော ဝန်ထုပ်ကြီးမှာ တစ်ဝက်တစ်ပျက်မျှ လျှော့ပါးသွားသကဲ့သို့ ထင်မှတ်မိ၏။ 'ငါ သူ့ကို သတိပေးခဲ့တာပဲ နို့ပေမယ့် ဘယ်ငှက်ရဲ့မျက်စိအောက်မှာမဆို ထောင်ချောက်ကို ချထားတာ အလကားပါပဲလေ' ဟု တစ်ကိုယ်တည်း ပြောဆိုမိလေသည်။

သို့ဖြစ်၍ သူသည် အမတ်ကတော်လေး၏တံခါးကို အပြင်မှ လုံခြုံအောင်မပြုလုပ်ဘဲ ထားခဲ့ပြီးလျှင် ဗားနေး၏ မျက်စိအောက်မှာပင် ထောင်ချောက်အောက်မှခံထားသော အရာမှန်သမျှကို ဖယ်ရှားပစ်လိုက်လေသည်။ သို့ဖြင့် ထောင်ချောက်မျက်နှာပြင်မှ ကြမ်းပြင်နှင့် မသိမသာကလေးမျှသာ ကွာခြားလျက်ရှိနေလေတော့၏။ သူတို့သည် ဖြစ်ပေါ်လာမည့်အခြေအနေကို စောင့်ဆိုင်းကြည့်ရှုရန် ထိုနေရာနှင့် တစ်ဆက်တည်းရှိနေသော အောက်ဆုံးထပ်သို့သွားရောက်ကြရာ အတန်ကြာ စောင့်ဆိုင်းနေသည့်တိုင်အောင် တစ်စုံတစ်ရာ အကြောင်းမထူးဘဲရှိနေ၏။ နောက်ဆုံး၌ ဗားနေးသည် မျက်နှာကို သူ၏ဝတ်ရုံကြီးနှင့်သိုင်းခြုံကာ အခန်းထဲတွင် ခေါက်တုန့်ခေါက်ပြန် စင်္ကြံလျှောက်လျက်ရှိရာမှ အဝတ်ကြီးကို ရုတ်တရက် နောက်သို့လှန်ပစ်လိုက်ပြီးလျှင် . . .

'မိန်းမတစ်ယောက်ဟာ ဘယ်နည်းနဲ့မှ ဒီအခွင့်အရေးကို လက်လွှတ်ခံပြီး ထွက်မပြေးဘဲမနေလောက်အောင် မိုက်မဲမယ် မဟုတ်ဘူး' ဟု ပြောလိုက်လေသည်။

'သူ့ယောကျ်ား ပြန်ရောက်လာတဲ့အထိစောင့်ဖို့ သူ ဆုံးဖြတ်



www.burmeseclassic.com

ထားချင် ထားစေတော့ပေါ့'

'ဟာ ဟုတ်တယ် . . ဟုတ်တယ် . . အဲဒီစကားသိပ်မှန်တယ် ကျော်ထ ဒီအကြောင်းကို နည်းနည်းလေးမှ မတွေးမိဘူးဗျာ'

ဟု ပြောရင်း ဗားနေသည် အပြင်ဘက်သို့ အပြေးကလေး ထွက် သွားလေသည်။

နောက် ၂ မိနစ်ခန့်မျှ မကြာသေးမီပင် အခန်းတွင်း၌ နေရစ်ခဲ့သော ဖော်စတာသည် ခြံဝင်းအတွင်းမှ မြင်းတစ်ကောင်၏ခွာသံ ထွက်ပေါ်သံနှင့်တူသည့် လေချွန်သံတစ်ခုကို ကြားလိုက်ရလေသည်။ ထိုခဏ၌ အမတ်ကတော်လေး၏ အိပ်ခန်းတံခါးသည် ပွင့်လာပြီးနောက် တစ်ချိန်တည်းလိုပင် ထောင်ချောက်တံခါးလည်းပွင့်ကျသွားလေရာ လေးလံသော အရာတစ်ခု အောက်သို့ကျလာဘိသကဲ့သို့ ဝုန်းခနဲ မြည်သွားသော အသံကြီးနှင့် တစ်ဆက်တည်း သဲ့သဲ့မျှညည်းတွားသောအသံ တစ်ခုကို ကြားလိုက်ရပြီးနောက် လုံးဝငြိမ်သက်သွားလေတော့၏။

'ကျုပ်တို့ဒုက္ခတွေ အားလုံးငြိမ်းကုန်ပြီ' ဟု ဗားနေးက အခန်းတွင်းသို့ ပြန်ဝင်လာပြီး လှမ်းပြောလိုက်လေသည်။

'ကျုပ်က အမတ်ကြီးရဲ့ အချက်ပေးလေချွန်ပုံကို ဒီလောက်တူအောင် အတုယူပြီး လိုက်လုပ်နိုင်လိမ့်မယ်လို့ မထင်မိဘူး'

သို့သော် သူတို့၏ ယုတ်မာညစ်ပတ်မှုများကို တာရှည်ဆက်လက်ပြသခွင့် မရကြတော့ပေ။ အကြောင်းသော်ကား ထိုခဏတွင် ထရက်ဆီးလီးယန်းနှင့် ရှုလေးတို့သည် ရွာထဲ၌ စေလွှတ်ထားခဲ့သော အစေခံများ၏ အကူအညီဖြင့် သူတို့ရှိရာသို့ ချဉ်းနင်းဝင်ရောက်လာကြသောကြောင့်ပေတည်း။

အန်ထော်နီဖော်စတာကား သူတို့ဝင်ရောက်လာကြသည်နှင့် တစ်ပြိုင်နက် အခန်းတွင်းမှ ထွက်ပြေးလေရာ အခန်းခန်းအဆောင်





ဆောင်ရှိနေသော အိမ်အိုကြီး၏ ထောင့်ကြိုထောင့်ကြားမကျန် နှံ့စပ်အောင် သိထားသူဖြစ်သဖြင့် ၊ မည်သူမျှ ရှာ၍မတွေ့ဘဲ လွတ်မြောက်သွားလေသည်။ သို့ရာတွင် ဗားနေးကိုမူ နေရာ၌ပင် လက်ရဖမ်းဆီးမိကြလေသည်။ သို့သော်ငြားလည်း ဗားနေးမှာ ရှေးခေတ်သူရဲကောင်းများနည်းတူ ပြင်းထန်သောအဆိပ်တစ်မျိုးကို ကိုယ်တွင်အမြဲဆောင်ထားလေ့ရှိသူဖြစ်ရကား နောက်တစ်နေ့နံနက်၌ သူ့အား အဆိုပါအဆိပ်ကို ညဉ့်ဦးက သောက်မျိုလိုက်သောကြောင့် သူ၏အကျဉ်းခန်းထဲတွင် သေဆုံးလျက်ရှိသည်ကို တွေ့ရှိကြရတော့၏။

ဆိုးဝါးယုတ်မာလှသော ပြစ်မှုကြီးကို ကျူးလွန်ရာ၌ ကြံဖော်ကြံဘက်ဖြစ်သော မိတ်ဆွေ၏ကံကြမ္မာကိုကား နှစ်ပေါင်းများစွာကြာသည်တိုင်အောင် မည်သူမျှ မသိရဘဲရှိလေသည်။ 'ကူးနားပလေ့စံအိမ်ကြီး' ကား သတ်ဖြတ်လုပ်ကြံမှုကြီးပြီးသည့်နောက် သုသာန်တစ်စပြင်ကဲ့သို့ သေ့ခြောက်တိတ်ဆိတ်လျက်ရှိတော့၏။ အကြောင်းသော်ကား 'လေဒီဒတ်(ဒ)လေ၏အိပ်ခန်းဆောင်' ဟု အမည်တွင်နေသော အခန်းကြီး၏ ပတ်ဝန်းကျင်မှ ညည်းညူသံများ အော်ဟစ်သံများနှင့် အခြားကြားနေကျမဟုတ်သော အသံများကို အစေခံများကြားရသည်ဟု သတင်းဖြစ်ပွားနေသောကြောင့် ဖြစ်လေသည်။ ထို့ပြင် ဈေးနက်မှာအခင်ကြီး၏သတင်းကို အစအနမျှ မကြားသိရသည့်နောက်ဆုံး၌ အားကိုးရာမရှိတော့လည်း အဲလစ်ဇဘက်၏စံနန်းတော်မှ ရာထူးတစ်ခုကို ကောင်းမွန်စွာ ဝင်ရောက်လုပ်ကိုင်နေပြီဖြစ်သော ဝေလန်နှင့် လက်ဆက်လိုက်၏။ သို့ရာတွင် သူတို့၏ အမွေစားအမွေခံဖြစ်သော သားအကြီးဆုံးဖြစ်သူသည် 'ကူးနားပလေ့စံအိမ်ကြီး' ၏ အကြောင်းကို ရှာဖွေလေ့လာကြည့်ရာ သံတံခါးကြီးတစ်ခုဖြင့် ကာဆီးပိတ်ဆို့ထားသည့် ချိုင့်ခွက်သောလမ်းကြားကလေးတစ်ခုကို အမှတ်မထင် သူ၏တွေ့ရ

www.burmeseclassic.com



ၵ်။ ထိုအချိန်မှာ ဈေးနက်တို့လင်မယားနှစ်ယောက်စလုံး သေဆုံးကြပြီးနောက် နှစ်ပေါင်းအတော်ကြာမှဖြစ်လေသည်။ ထိုတံခါးဝက်မှာ 'လေဒီဒတ်(ဒ)လေ၏အိပ်ခန်းဆောင်' နောက်ဘက်နှင့် ဆက်နေလျက် မြေတိုက်တစ်ခုထဲသို့ ဆင်းသက်ရောက်ရှိသွားသော လမ်းဖြစ်လေသည်။ သူတို့သည် အဆိုပါမြေတိုက်အတွင်း၌ ရွှေအတော်များများပါရှိသော သံသေတ္တာကြီးတစ်လုံးနှင့် ၎င်းသေတ္တာပေါ်တွင် ပြန့်ကျဲလျက်ရှိနေသော လူ၏အရိုးစုတစ်ခုကို တွေ့ရှိကြရလေသည်။ ပျောက်ဆုံးနေသော အန်ထော်နီဖော်စတာ၏ဇာတ်ကြောင်းကား ထိုအခါမှပင် ထင်ရှားစွာ ပေါ်ပေါက်လာပေတော့၏။ သူသည် သူ့အလိုလိုပြန်ကန်၍ ပိတ်သွားတတ်သော တံခါးသော့ကို မေ့လျော့ကာ ယူဆောင်မလာမိဘဲ ထိုလျှို့ဝှက်သောအခန်းထဲသို့ လာရောက်ပုန်းအောင်နေမိခြင်းဖြစ်လေသည်။

သို့ဖြင့် သူ၏ရွှေများကို သိုဝှက်ထားရာ၌ သူအသုံးပြုလေ့ရှိသော တံခါးကြီးသည် သူ့အားအပြင်သို့ထွက်မပြေးနိုင်အောင် ပိတ်ထားပြီးဖြစ်လေရာ၊ သူသည် ထိုမြေတိုက်အတွင်း၌ ဒုက္ခကြီးစွာခံစား၍ နေရလေတော့၏။ အစေခံများ ကြားကြရသည်ဆိုသော ညည်းသူသံ၊ အော်ဟစ်သံများသည် စိတ်ထင်မဟုတ်ဘဲ၊ ဝဋ်ဒုက္ခကြီးကို ကြီးစွာခံစားနေရသော ဤလူ့လောက ငရဲသားကြီး၏ လွတ်မြောက်ရာ လွတ်မြောက်ကြောင်းအော်ဟစ်အကူအညီတောင်းနေသည့် အသံဖြစ်ကြောင်းကား ထုတ်ဖော်ရေးသားရန် မလိုတော့ချေ။ အမတ်ကတော်လေး၏ ကြေကွဲဖွယ်ကောင်းလှသော သတင်းသည် ကီနဝါရဲတိုက်ကြီးမှ ပျော်ပွဲရွှင်ပွဲများကို ရုတ်တရက် ရပ်တန့်သွားစေတော့၏။ လီဆတ်စတာကား နန်းတွင်း၌ ခစားနေရသော ရာထူးမှနုတ်ထွက်ပြီးလျှင်၊ စိတ်နောက်ကိုယ်ပါ ထင်ရာစိုင်းလျက် မိမိအပြစ်ကိုမိမိ နောင်တရ၍မဆုံး





နိုင်အောင် ရှိတော့၏။

စင်စစ်သော်ကား လီဆတ်စတာအမတ်ကြီးမှာ အပြစ်တင်ရမည်ထက် ကရုဏာသက်ဖွယ်ကောင်းလှပေသည်။ နောက်ဆုံး၌ ဘုရင်မကြီးသည် သူ့အား နန်းတော်သို့ပြန်လည်ခေါ်ငင်တော်မူလေ၏။ သို့ဖြင့် အမတ်ကြီးသည် ဘုရင်မ၏အချစ်တော် မှူးကြီး၊ မတ်ကြီးတစ်ယောက်အဖြစ်ဖြင့် ပြန်လည်ထင်ရှားခဲ့ပြီးလျှင် သူ၏ဘဝလမ်းစဉ်တစ်လျှောက်လုံး၌ ရာဇဝင်တွင်အောင် နာမည်ကြီး၍သွားခဲ့ရလေသည်။

ဆာဟူးရိုဗတ်ကား သူ့သမီးသေဆုံးပြီးနောက် မကြာမီပင် ကွယ်လွန်လေရာ သူ၏မြေယာများကို ထရက်ဆီးလီးယန်းအား အမွေပေးခဲ့လေသည်။ သို့ရာတွင် လွတ်လပ်ပျော်ရွှင်စွာ နေထိုင်နိုင်သောတောနယ်၏ သဘာဝအခြေအနေသည်လည်းကောင်း၊ အဲလစ်ဇဘက်ဘုရင်မကြီးက ကရုဏာရှေ့ထားကာ ချီးမြှင့်မြှောက်စားတော်မူသည့် ရာထူးဌာနန္တရသည်လည်းကောင်း၊ ဆွေးမြေ့ကြေကွဲနေပြီဖြစ်သော သူ၏နှလုံးအိမ်ကို လှုပ်ရှားစွဲဆောင်ခြင်းငှာ မတတ်နိုင်ဘဲရှိလေတော့၏။ နောက်ဆုံး၌သူသည် 'လစ္စကုတ်ဟော' မှ ဆာဟူးရိုဗတ်၏အိမ်သားများထဲတွင်ပါဝင်ကြသော မိတ်ဟောင်းဆွေဟောင်းများနှင့်အစေခံဟောင်းများအတွက် ငွေကြေးအထောက်အပံ့များရရှိစေရန် အစီအစဉ်များပြုလုပ်ပြီး၊ မိတ်ဆွေဖြစ်သူ 'ရလေး' နှင့်အတူ 'ဗာဂျီးနီးယား' နယ်သို့ ခရီးရှည်ထွက်သွားလေရာ၊ အသက်အားဖြင့် ငယ်ရွယ်နုပျိုသေးသည်မှန်သော်လည်းခံစားလျက်ရှိသည့် စိတ်သောကအပူမီးမှာ အသက် အရွယ်နှင့်မလိုက်အောင် ကြီးမားပြင်းထန်လှသည်ဖြစ်ရကား အရွယ် မရောက်မီပင် ထိုနိုင်ငံမြို့ငယ်ခြား၌ ကွယ်လွန်အနိစ္စရောက်သွားရရှာ လေတော့သတည်း။

ဒဂုန်ရွှေမျှား



www.burmeseclassic.com

www.burmeseclassic.com

**ထုတ်ဝေပြီးစာအုပ်များ**

| | | |
|---|---|---|
| ၁။ ဒဂုန်ရွှေမျှား | ရော်ဘင်ဆင်ကရူးဆိုး | ၂၅၀ ကျပ် |
| ၂။ ״ | သစ္စာရွှေရည် | ၂၅၀ ကျပ် |
| ၃။ ״ | အဏ္ဏဝါရေအောက်ခရီး | ၂၅၀ ကျပ် |
| ၄။ ״ | ကမ္ဘာမြေအောက်ခရီး | ၃၀၀ ကျပ် |
| ၅။ ״ | လူဖြူဘုရင်မ | ၂၅၀ ကျပ် |
| ၆။ ״ | အတ္တလန္တာဘုရင်မ | ၂၅၀ ကျပ် |
| ၇။ ״ | လျှို့ဝှက်ဆန်းကြယ်ဝတ္ထုများ | ၂၅၀ ကျပ် |
| ၈။ ״ | ပင်ကိုဝတ္ထုတိုများ | ၃၀၀ ကျပ် |
| ၉။ ״ | ရွှေမြို့တော် | ၂၅၀ ကျပ် |
| ၁၀။ ״ | ရှီဗာဘုရင်မ၏လက်စွပ် | ၃၀၀ ကျပ် |
| ၁၁။ ״ | ပန်းမြတ်မာလာ | ၄၅၀ ကျပ် |
| ၁၂။ ״ | ဂါလီးဗားခရီးစဉ် | ၂၅၀ ကျပ် |
| ၁၃။ ״ | တန်ခိုးရှင်မ ... ရှီ | ၄၀၀ ကျပ် |
| ၁၄။ ״ | ရှီ . . ပြန်လာပြီ | ၄၀၀ ကျပ် |
| ၁၅။ ״ | ကျောက်စိမ်းနတ်လက်စွပ် | ၂၅၀ ကျပ် |
| ၁၆။ ״ | သွေးသောက်ပတ္တမြား | ၂၅၀ ကျပ် |
| ၁၇။ ״ | အံ့မခန်းသေတမ်းစာ | ၂၅၀ ကျပ် |
| ၁၈။ ״ | ချစ်ပင်လယ် | ၂၅၀ ကျပ် |
| ၁၉။ ״ | ကြိုပြာမွှေတဲ့ စာ | ၂၅၀ ကျပ် |
| ၂၀။ ရဲမြလွင် | တောတိုးကျန် | ၃၀၀ ကျပ် |
| ၂၁။ ״ | ထမင်းစားရေသောက်ဂျပန်စကားပြော | ၁၅၀ ကျပ် |
| ၂၂။ ״ | သိပ္ပံပညာရှင်တို့၏ထူးရှုသောမျက်ဝန်းများ | ၂၀၀ ကျပ် |
| ၂၃။ မြသန်းတင့် | ခေတ်ပြိုင်ရုပ်ပုံလွှာများ | ၆၀၀ ကျပ် |
| ၂၄။ ״ | တကိုးဝတ္ထုတိုများ | ၃၅၀ ကျပ် |
| ၂၅။ ״ | လမင်းကို ထရံပေါက်မှ ကြည့်ခြင်း | ၄၀၀ ကျပ် |
| ၂၆။ မဟာဆွေ | စာရေးကြီး | ၂၀၀ ကျပ် |
| ၂၇။ ״ | အကျီပါး | ၂၅၀ ကျပ် |
| ၂၈။ ရွှေဥဒေါင်း | ဆုကြိုးပန် | ၄၅၀ ကျပ် |
| ၂၉။ ״ | လူစွန့်စားဇော်ဟိတ် | ၅၀၀ ကျပ် |
| ၃၀။ မောင်ပေါ်ထွန်း | ကမ္ဘာ့အအောင်မြင်ဆုံးစီးပွါးရေးသူ့ရဲကောင်းများ | ၇၀၀ ကျပ် |
| ၃၁။ ״ | ကမ္ဘာရန် | ၁၂၀၀ ကျပ် |
| ၃၂။ ״ | သားကောင်နှင့် မုဆိုး | ၂၅၀ ကျပ |
| ၃၃။ ״ | မိုးစွန်တမွတ် | ၆၀၀ ကျပ် |
| ၃၃။ ချစ်ဦးညို | ငြိမ်းချမ်းရေးမဟာတမန် | ၄၅၀ ကျပ် |
| ၃၄။ ״ | ရွှေတိုက်စိုး | ၄၀၀ ကျပ် |
| ၃၅။ ကလောင်စုံ | စိတ်ကြိုက်လက်ရွေးစင်ရသစာတမ်းများ | ၂၅၀ ကျပ် |
| ၃၆။ ကလောင်စုံ | စာသမားတိုက်စိုး | ၅၀၀ ကျပ် |
| ၃၇။ လေးကိုတင် | မြန်မာဝတ္ထုတိုဆရာများ | ၃၅၀ ကျပ် |
| ၃၈။ ဂီတနက်သန် ကိုစောညိန်း | မရဏာမောင်းသံ | ၂၀၀ ကျပ် |
| ၃၉။ သော်တာဆွေ | ပတ္တမြားဝင်းထိန်ဟာသဝတ္ထုများ | ၃၅၀ ကျပ် |

www.burmeseclassic.com